# မြန်မာ့အလင်း

၁၉၁၄ ခုနှစ်က တည်ထောင်သည်။ Established in 1914

Myanma Alinn Daily


**မိတ်ဆွေကောင်းနှင့်ပေါင်းသင်း**

မိတ်ဆွေဟူသည် မိတ်ဆွေကောင်း၊ မိတ်ဆွေညံ့ဟူ၍ နှစ်မျိုးရှိရာ မိတ်ဆွေကောင်းတို့ကို ပေါင်းသင်းဆက်ဆံ ဆည်းကပ်ရာ၏။ ထိုမိတ်ဆွေကောင်းတို့အား ပေါင်းသင်း ဆက်ဆံ မှီဝဲဆည်းကပ်ခြင်းဖြင့် မိမိအတွက် အကျိုးများရာ၏။ မိတ်ဆွေကောင်းအပေါ် ယုတ်ညံ့သောစိတ်ဖြင့် မပြစ်မှားရာ။

ပဏ္ဍိတဝဂ် (ဓမ္မပဒ – ၇၈)


၁၃၈၂ ခုနှစ်၊ နတ်တော်လဆန်း ၁၂ ရက် ၂၀၂၀ ပြည့်နှစ်၊ ဒီဇင်ဘာ ၂၆ ရက်၊ စနေနေ့ အတွဲ (၆၀)၊ အမှတ် (၀၈၇)


# ကိုဗစ် – ၁၉ ကျန်းမာရေးနှင့်အညီ ကန့်သတ်ဦးရေဖြင့် ရန်ကုန်မြစ်အတွင်း အပျော်စီးသင်္ဘောခရီးစဉ်ပြေးဆွဲ



ဒီဇင်ဘာ ၂၅ ရက်က ရန်ကုန်မြစ်အတွင်း အပျော်စီးသင်္ဘောခရီးစဉ်မှ လိုက်ပါစီးနင်းသူများကို တွေ့ရစဉ်။

ရန်ကုန် ဒီဇင်ဘာ ၂၅

မြန်မာနိုင်ငံ၏ စီးပွားရေးအချက်အချာကျရာ ရန်ကုန်မြို့တွင် ကိုဗစ်–၁၉ ရောဂါကို ရင်ဆိုင်ရာ၌ မြို့ပြစီးပွားရေး ပြန်လည်ဦးမော့ရန် ခြေလှမ်းတစ်ရပ်ဖြစ်သော ရန်ကုန်မြစ်အတွင်း အပျော်စီးသင်္ဘော ခရီးသွားဝန်ဆောင်မှုကို ဒီဇင်ဘာ ၂၅ ရက်တွင် ကိုဗစ်–၁၉ ရောဂါ ကာကွယ်ရေးစည်းကမ်းနှင့်အညီ ကန့်သတ်ဦးရေဖြင့် အပန်းဖြေခရီးစဉ်ကို ပြေးဆွဲလျက်ရှိကြောင်း သိရသည်။

ယနေ့ ခရီးစဉ်ပြေးဆွဲရာ၌ နံနက် ၈ နာရီမှ ၁၀ နာရီအထိ တစ်ကြိမ်၊ ညနေ ၄ နာရီမှ ၇ နာရီအထိ တစ်ကြိမ် တစ်ရက် နှစ်ကြိမ်ဖြင့် တစ်ကြိမ်လျှင် ခရီးသည် ၃၀ တင်ဆောင်ကာ ပြေးဆွဲခြင်းဖြစ်သည်။


စာမျက်နှာ ၇ ကော်လံ ၁ ❑


**မာတိကာ**

ဓာတ်ပုံများကပြောသော နှစ်တစ်ရာခရီး


စာ - ၂၁


ရာပြည့်တက္ကသိုလ်နှင့် ဘဝတစ်ကွေ့ အမှတ်တရများ


စာ - ၂၂


ရန်ကုန်တက္ကသိုလ်နှစ်တစ်ရာပြည့် အထိမ်းအမှတ်ဆောင်းပါးများ

**ကုန်အမှတ်တံဆိပ် မူပိုင်ခွင့်ချိုးဖောက်ခြင်းဆိုင်ရာ တရားမကြောင်း စွဲဆိုမှုများ**


ဆောင်းပါး စာ - ၆


**ကိုဗစ် –၁၉ ကူးစက်မှု ဖြစ်စဉ်များ လျင်မြန်စွာ တိုးလာသည့်အပေါ် တောင်အာဖရိက ကျန်းမာရေး အာဏာပိုင်များ သတိပေး**


စာ - ၁၃


## တွံတေးတူးမြောင်း ဖွံ့ဖြိုးတိုးတက်ရေးစီမံကိန်းလုပ်ငန်းများကို ၂၀၂၁ ခုနှစ်အတွင်း စတင်အကောင်အထည်ဖော်မည်

ရန်ကုန် ဒီဇင်ဘာ ၂၅

ရန်ကုန်တိုင်းဒေသကြီး ဒလမြို့နယ် တွံတေးတူးမြောင်းကို ရေရှည်ဖွံ့ဖြိုးတိုးတက်စေရေး၊ စနစ်တကျ ထိန်းသိမ်းရေး၊ ကမ်းပါးတိုက်စားခြင်းနှင့် ရေလွှမ်းမှုကြောင့် ပျက်စီးဆုံးရှုံးမှုများမှ ကာကွယ်နိုင်ရန် ရည်ရွယ်၍ တွံတေးတူးမြောင်း ဖွံ့ဖြိုးတိုးတက်ရေးစီမံကိန်းကို လာမည့် ၂၀၂၁ ခုနှစ်အတွင်း စတင်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း၊ အဆိုပါစီမံကိန်းကို ကိုရီးယားနိုင်ငံ EDCF ချေးငွေ


စာမျက်နှာ ၇ ကော်လံ ၄ ❖




တွံတေးတူးမြောင်း။




မြန်မာ့အလင်း

# နိုင်ငံ့တာဝန် ဝိုင်းဝန်းထမ်းရွက်ကြစို့

လူ့ဘုံလောက၊ လူ့ဘဝဟူသည် ဆန့်ကျင်ဘက်များနှင့် ယှဉ်တွဲနေရလေ့ရှိသည့် လောကဟု ဆိုရပါမည်။ စိတ်ညစ်စရာများ၊ မှောင်မိုက်မှုများ ရှိနေသလို ပျော်ရွှင်စရာများ၊ လင်းလက်တောက်ပမှုများကလည်း ရှိနေမည်သာ။ လက်တွေ့ဘဝ လူ့လောကသည် လူ့ဘဝ ရပ်တည်ရှင်သန်ရေးအတွက် မလွဲမသွေ ရင်ဆိုင်စရာများက ဝန်းရံနေသည်ဖြစ်သော်လည်း လူ၏သဘာဝအရ လောကတာဝန်များကိုလည်း ကိုယ်တတ်နိုင်သမျှ သို့မဟုတ် ကိုယ်စွမ်းဆောင်နိုင်သရွေ့ ထမ်းပိုးလုပ်ဆောင်ကြရသည်များ ရှိနေမည်ဖြစ်ပါသည်။

လူဖြစ်လာသည်နှင့် သဘာဝတရားက ဖန်တီးဖြန့်ဝေထားသော ရေမြေသဘာဝနှင့် မိမိတို့၏ ဘိုးဘေးတို့က ထွန်ယက်စိုက်ပျိုး အမွေပေးခဲ့သော အသီးအပွင့်တို့ကို ခူးဆွတ်စားသုံးရင်း မိမိတို့ကလည်း အနာဂတ်ကို တာဝန်ယူကာ အသစ်စိုက်ပျိုးကြရမည် ဖြစ်ချေသည်။

အချို့သူတို့က အသီးအပွင့်မှန်သမျှကို များများစားသုံးကာ မိမိက စိုက်ပျိုးရမည့်တာဝန်ကို မသိကျိုးကျွန်ပြုကာ နေကြသည်တို့ရှိ၏။ အချို့က လောက၏ အသီးအပွင့်တို့ကို အနည်းငယ်သာ ခူးဆွတ်သုံးစွဲသော်လည်း များစွာစိုက်ပျိုးရစ်ခဲ့သူတို့လည်းရှိ၏။ မည်သူက ပို၍ တန်ဖိုးရှိသည်နည်း။ မည်သူတို့က လူ့လောက၊ လူ့သမိုင်းတွင် မော်ကွန်းတင်ကျန်ရစ်ခဲ့မည်နည်း။

မိမိတို့ အနာဂတ်အတွက် များများစိုက်ပျိုးမည်ဆိုသည့် မြင့်မြတ်သော စိတ်ဓာတ်ကိုထားကာ ထမ်းပိုးဆောင်ရွက်ကြသူတို့ကား သူရဲကောင်းများအဖြစ် မော်ကွန်းထိုးရသူတို့တည်း။

မည်သို့ဆိုစေ လူဟူ၍ဖြစ်လာရသည်အခါ လောက၏ အသီး အပွင့်တို့ကိုလည်း စားသုံး၊ နောင်လာနောက်သားတို့အတွက်လည်း ထွန်ယက်စိုက်ပျိုးခဲ့ရန် တာဝန်ရှိသည်မှာ အမှန်ပင်ဖြစ်ပါသည်။

လူ့ဘဝသက်တမ်းဟူသည် များစွာ ရှည်ကြာလှသည်မဟုတ်။ ရှင်သန်ဆဲကာလတွင် လောကတာဝန်ကို နိုင်သလောက်တာဝန်ယူထမ်းဆောင်ခြင်းကသာ လူ၏တန်ဖိုးကို မြင့်တက်စေမည် မဟုတ်ပါလား။

ထင်ရှားကျော်ကြားကာ မြန်မာနိုင်ငံသားတို့ လေးစားကြရသော စာရေးဆရာကြီး ဇန်းမော်တင်အောင် (၉ ဇွန်၊ ၁၉၂၀ – ၂၃ အောက်တိုဘာ၊ ၁၉၇၈) က –

"အချို့ဟာ သမိုင်းရဲ့ တာဝန်တွေကို ရဲရဲရင့်ရင့် ထမ်းဆောင်ခဲ့ကြတယ်။ အချို့ကျတော့ သမိုင်းတာဝန်ကို မကျေပွန်ကြဘူး။

လူတစ်ယောက်ရဲ့ တန်ဖိုးဟာ သူဖြတ်သန်းကျော်လွှားနေတဲ့ ခေတ်ကြီးက သူ့ပခုံးပေါ်တင်ပေးလိုက်တဲ့ သမိုင်းတာဝန်ကို သူဘယ်လောက်သယ်ပိုးထမ်းဆောင်ခဲ့တယ်ဆိုတဲ့အချက်နဲ့ တိုင်းတာရမှာပဲ" ဟု ဆိုခဲ့သည်။

ဤစကားသည် လူ့လောကအတွက် လွန်စွာထိရောက် တန်ဖိုးရှိသော စကားရပ်ဟု ယုံကြည်ပါသည်။ မြန်မာနိုင်ငံသည် လွန်စွာဆိုးရွားသော ခေတ်စနစ်တို့ကို ဖြတ်သန်းခဲ့ရလေရာ အစစအရာရာနိမ့်ကျချို့တဲ့သည့် နိုင်ငံတစ်ခုအနေဖြင့် ရပ်တည်နေခဲ့ရပါသည်။ ရပ်တည်နေရဆဲလည်း ဖြစ်ပါသည်။ ယခုအချိန်သည် ယင်းသို့သော နိမ့်ကျချို့တဲ့သည့်အခြေအနေက ရုန်းထွက်နိုင်ရန် အပြင်းအထန်အားထုတ်ကြိုးပမ်းနေရသည့် ကာလလည်းဖြစ်ပါသည်။

ဤလို ကာလတွင် နိုင်ငံ့တာဝန်၊ အများပြည်သူလူထု၏ တာဝန်၊ သမိုင်းတာဝန်တို့သည် ကြီးလေးစွာ အထုပ်အထည်နှင့် ရှိနေပါသည်။ ဤတာဝန်တို့ကို နိုင်ရာနိုင်ရာ ဝင်ရောက်ထမ်းရွက်ကြရန် လိုပါသည်။ ဤမျှ အဆမတန်လေးလံနေပြီဖြစ်သော ဝန်ထုပ်များသာမက ပြည်တွင်းပဋိပက္ခ ဝန်ထုပ်များ၊ ကိုဗစ်ကပ်ရောဂါ ဝန်ထုပ်များက ဆင့်ကဲဆင့်ကဲ ရှိနေသေးပါသည်။ ယခုအခါ ဆင်းရဲ နွမ်းပါးမှုပေါ်တွင် ထိုသို့ ထပ်တိုးနေသော ဝန်ထုပ်ဝန်ပိုးများကို တတ်နိုင်သူတို့ ဝိုင်းကာဝန်းကာ ထမ်းပိုးနေကြသည်မှာလည်း အားရဖွယ်ဖြစ်ပါသည်။

ကိုယ်နိုင်ရာနိုင်ရာ ဝန်ထုပ်ကို တတ်နိုင်သမျှအင်အားဖြင့် ထမ်းပိုးနေကြသည့် သမိုင်းတာဝန်ကျေပွန်ရန် ကြိုးပမ်းနေသူများကို ဂုဏ်ပြုအပ်ပါသည်။ အနိမ့်ဆုံးအားဖြင့် မိမိကြောင့် ရောဂါပိုးကူးစက်မှုတိုးပွားမှုနှုန်း မြင့်မသွားစေရန် ကျန်းမာရေးအခြေခံစည်းမျဉ်းကို လိုက်နာခြင်းဖြင့် ကူညီထမ်းရွက်သင့်ကြပါသည်။

ထို့ထက်ပို၍ဆိုရလျှင် တာဝန်လည်းရှိ၊ ဝန်ထုပ်ဝန်ပိုးကို သယ်ပိုးရွက်ဆောင်နိုင်သူများလည်းဖြစ်သူတို့သည် သမိုင်းတာဝန်ကို ရှောင်လွှဲမနေကြဘဲ၊ ထို့ပြင်တစ်ဖ သမိုင်းဝန်ထုပ်ဝန်ပိုးများကို ပိုမိုလေးလံအောင် ထပ်ဆင့်မနေကြဘဲ ဝိုင်းဝန်းထမ်းရွက်ခွဲဝေယူကြခြင်းဖြင့် လူ့သမိုင်းတွင် တန်ဖိုးရှိသူများဖြစ်ကြပါစေရန် တိုက်တွန်းလိုက်ရပါသည်။ ။

## ၂၀၂၁ ခုနှစ်၊ (၇၃) နှစ်မြောက် လွတ်လပ်ရေးနေ့ အမျိုးသားရေးဦးတည်ချက်များ

(၁) ပြည်ထောင်စုမပြိုကွဲရေး၊ တိုင်းရင်းသားစည်းလုံးညီညွတ်မှုမပြိုကွဲရေးနှင့် အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေးတို့အတွက် တိုင်းရင်းသားအားလုံး "စုပေါင်းအင်အား"ဖြင့် ကာကွယ်စောင့်ရှောက်ရေး၊

(၂) လူမှုဆက်ဆံရေးတရားမျှတမှု၊ စီးပွားရေးတရားမျှတမှု၊ နိုင်ငံရေးတရားမျှတမှု၊ အဆင့်အတန်းညီမျှမှု၊ အခွင့်အလမ်းညီမျှမှု၊ တရားဥပဒေရေးရာညီမျှမှုတို့ကို နိုင်ငံသားအားလုံး တန်းတူရည်တူ ရရှိခံစားရေး၊

(၃) စစ်မှန်သော ဒီမိုကရေစီဖက်ဒရယ်ပြည်ထောင်စုဖြစ်စေရေးအတွက် ဖွဲ့စည်းပုံအခြေခံဥပဒေပြင်ဆင်ရေးကို ဦးတည်ကြိုးပမ်းဆောင်ရွက်ရေး၊

(၄) ပြည်ထောင်စုကြီး ထာဝရတည်တံ့ရေးအတွက် ပြည်ထောင်စုစိတ်ဓာတ်မွေးမြူ၍ ခေတ်မီဖွံ့ဖြိုးတိုးတက်သော ဒီမိုကရေစီဖက်ဒရယ်ပြည်ထောင်စု တည်ဆောက်ရေး၊

(၅) နိုင်ငံဘက်စုံဖွံ့ဖြိုးတိုးတက်စေရန် အရှိန်အဟုန်မြင့် ကြိုးပမ်းဆောင်ရွက်၍ ပြည်သူတစ်ရပ်လုံး ကြုံတွေ့နေရသည့် စိန်ခေါ်မှုများကို အစိုးရ၊ ပြည်သူလူထုအားလုံးပါဝင်ပြီး စုပေါင်းအားဖြင့် ရင်ဆိုင်ကျော်လွှားရေး၊




ဒီဇင်ဘာ ၂၅ ရက် (ခရစ္စမတ်နေ့) တွင် နေပြည်တော် ပျဉ်းမနားရှိ စိန့်မိုက်ကယ် ကက်သလစ်ဘုရားကျောင်း၌ ရောင်စုံမီးများ ထွန်းညှိထားစဉ်။
ဓာတ်ပုံ – သတင်းစဉ်

## ပြည်သူများသိရှိစေရန် ပန်ကြားချက်

၁။ ပြည်ထောင်စုနယ်မြေ၊ နေပြည်တော်အတွင်း ၂၀၂၀ ပြည့်နှစ်၊ ဒီဇင်ဘာလ ၂၂ ရက်နေ့အထိ COVID-19 ရောဂါပိုးတွေ့ရှိသူ ၆၅၄ ဦးရှိပြီး ရောဂါပိုးတွေ့ရှိမှုအပေါ် ဆန်းစစ်ရာတွင် ဒီဇင်ဘာလအတွင်း၌ ရောဂါပိုးတွေ့ရှိရမှု များပြားခဲ့ကြောင်း စိစစ်တွေ့ရှိရပြီး ရောဂါပိုးတွေ့ရှိသူအများစုမှာ အခြားအရပ်ဒေသမှ ပြန်လည်ဝင်ရောက်လာသူများ၊ ကုန်တင်ယာဉ်မောင်း/ ယာဉ်နောက်လိုက်များဖြစ်သော်လည်း ဒေသတွင်းကူးစက်မှုအချို့ ပါဝင်နေသည်ကို တွေ့ရှိရပါသည်။

၂။ သို့ဖြစ်ရာ ပြည်ထောင်စုနယ်မြေ၊ နေပြည်တော်အတွင်း၌ ၂၀၂၀ ပြည့်နှစ်၊ ဒီဇင်ဘာလအတွင်း ခရစ်စမတ်ကာလနှင့် နိုင်ငံတကာနှစ်သစ်ကူး ရုံးပိတ်ရက်ကာလများတွင် COVID-19 ရောဂါပိုးဒေသတွင်း ကူးစက်မှုမဖြစ်ပွားစေရေးနှင့် ထိရောက်စွာ ကာကွယ်ဟန့်တားနိုင်ရန်အတွက် အများပြည်သူသွားလာလည်ပတ်၍ လူစုလူဝေးဖြစ်ပေါ်နိုင်ဖွယ်ရှိသော အောက်ပါနေရာဒေသများတွင် အများပြည်သူ သွားလာဝင်ထွက်ခွင့်အား ယာယီပိတ်ထားမည် ဖြစ်ပါသည်–

(က) ပေါင်းလောင်းချောင်း အပန်းဖြေစခန်း (ဇေယျာသီရိမြို့နယ်)
(ခ) ပုစွန်ဆိတ်ရေတံခွန် (ပျဉ်းမနားမြို့နယ်)
(ဂ) ဖလောင်းရေတံခွန် (ပျဉ်းမနားမြို့နယ်)
(ဃ) အဝေရာဆည် အပန်းဖြေနေရာ (ပျဉ်းမနားမြို့နယ်)
(င) မြသီတာရေတံခွန် (ပျဉ်းမနားမြို့နယ်)
( စ) ကိုးတစ်ရေပူစမ်း (ပျဉ်းမနားမြို့နယ်)
(ဆ) မင်္ဂလာကန်တော် (ဇမ္ဗူသီရိမြို့နယ်)

၃။ သို့ဖြစ်ပါ၍ ပြည်ထောင်စုနယ်မြေ၊ နေပြည်တော်အတွင်း COVID-19 ရောဂါပိုးကူးစက်မှုထိရောက်စွာ ကာကွယ်ဟန့်တားနိုင်ရန်အတွက် အများပြည်သူများမှ မလိုအပ်ဘဲ လူစုလူဝေးရှိရာနေရာ ဒေသများသို့ သွားလာခြင်းမှရှောင်ကြဉ်ပြီး ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနမှ ထုတ်ပြန်ထားသော အမိန့်ညွှန်ကြားချက်များနှင့်အညီ နေထိုင်၍ COVID-19 ရောဂါပိုးကူးစက်မှုအား ကာကွယ်ထိန်းချုပ်ရာတွင် ပူးပေါင်းပါဝင်လိုက်နာဆောင်ရွက်ပေးနိုင်ပါရန် အသိပေးပန်ကြားအပ်ပါသည်။

**နေပြည်တော်ကောင်စီ Coronavirus Disease 2019 (COVID-19)**
**ထိန်းချုပ်ရေးနှင့် အရေးပေါ်တုံ့ပြန်ရေးကော်မတီ**

**ဒီမိုကရေစီအမြစ်တွယ်ခိုင်မာရေးနှင့် ရေရှည်တည်တံ့ခိုင်မြဲစွာ ဖွံ့ဖြိုးတိုးတက်ရေးတို့အတွက် ကြိုးပမ်းဆောင်ရွက်သွားကြ**

**တိုင်းရင်းသား ညီအစ်ကိုမောင်နှမများအားလုံးက လွတ်လပ်ရေးကြိုးပမ်းစဉ် ကာလကဲ့သို့ပင် အမျိုးသားညီညွတ်ရေးကို အခြေခံသည့် စုပေါင်းအင်အားဖြင့် ငြိမ်းချမ်းရေးလုပ်ငန်းစဉ်ကြီး အောင်မြင်ရေး၊ ဒီမိုကရေစီအသွင်ကူးပြောင်းရေး လုပ်ငန်းအဆင့်ဆင့်ကို အောင်မြင်စွာ ကျော်ဖြတ်ပြီး ဒီမိုကရေစီ အမြစ်တွယ်ခိုင်မာရေးနှင့် ရေရှည်တည်တံ့ခိုင်မြဲစွာ ဖွံ့ဖြိုးတိုးတက်ရေးတို့အတွက် ကြိုးပမ်းဆောင်ရွက်သွားကြရမည် ဖြစ်ပါသည်။**

**[နိုင်ငံတော်သမ္မတ ဦးဝင်းမြင့်၏ ၄-၁-၂၀၂၀ ရက်နေ့တွင် (၇၂) နှစ်မြောက် လွတ်လပ်ရေးနေ့အထိမ်းအမှတ်အခမ်းအနားသို့ ပေးပို့သည့် သဝဏ်လွှာမှ ကောက်နုတ်ချက်]**



ပုဂံရှေးဟောင်းယဉ်ကျေးမှုနယ်မြေရှုခင်း — ဓာတ်ပုံ - ထွန်းထွန်းသိန်း

# ကိုရီးယားသမ္မတနိုင်ငံ သမ္မတရုံး စီးပွားရေးအကြံပေး Mr. Park Bokyeong ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့ မြန်မာ-ကိုရီးယား ချစ်ကြည်ရေး (ဒလတံတား) စီမံကိန်း သွားရောက်ကြည့်ရှု



**ရန်ကုန် ဒီဇင်ဘာ ၂၅**

မြန်မာနိုင်ငံ၌ ချစ်ကြည်ရေးခရီး ရောက်ရှိနေသော ကိုရီးယားသမ္မတနိုင်ငံ သမ္မတရုံး စီးပွားရေးအကြံပေး Mr. Park Bokyeong ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့သည် ယနေ့ နံနက် ၁၀ နာရီက မြန်မာ-ကိုရီးယား ချစ်ကြည်ရေး (ဒလတံတား) စီမံကိန်းသို့ သွားရောက်ကြည့်ရှုသည်။

ရှေးဦးစွာ တံတားရှင်းလင်းဆောင်တွင် တံတားတည်ဆောက်ရေး Consultant ကုမ္ပဏီ Soosung Engineering မှ ဒုတိယစီမံကိန်းမန်နေဂျာ Mr. Park Andrew က စီမံကိန်းပြီးစီးမှုအခြေအနေကို Video Clip ဖြင့်တင်ပြပြီး စီမံကိန်းဆိုင်ရာ အချက်အလက်များ၊ စီမံကိန်း၏ အရေးပါမှုနှင့် ရန်ကုန်မြို့အတွက် ဖွံ့ဖြိုးတိုးတက်လာမည့် အလားအလာများကို ရှင်းလင်းတင်ပြသည်။

ရှင်းလင်းတင်ပြမှုအပေါ် ကိုရီးယားသမ္မတနိုင်ငံ သမ္မတရုံး စီးပွားရေးအကြံပေး Mr. Park Bokyeong က ဒလတံတားစီမံကိန်းသည် သာမန်အားဖြင့် ရန်ကုန်နှင့်ဒလ ဆက်သွယ်သော တံတားဖြစ်သော်လည်း ပို၍ ကျယ်ကျယ်ပြန့်ပြန့် စဉ်းစားပါက ကိုရီးယားနိုင်ငံနှင့် မြန်မာနိုင်ငံကို ဆက်သွယ်ချိတ်ဆက်သည့် တံတားဟု ပြောနိုင်ကြောင်း၊ ၂၀၂၂ ခုနှစ်တွင် တံတားကြီးပြီးစီးပါက ဖြတ်သန်းသွားလာသည့် ပြည်သူများအနေဖြင့်လည်း နှစ်နိုင်ငံရင်းနှီးမှုကို ခံစားရမည်ဖြစ်ပြီး ယခင်က ရန်ကုန်နှင့် ဒလကို သင်္ဘောဖြင့်သွားရပြီး ကားဖြင့်သွားပါက နှစ်နာရီခန့်ကြာရာမှ တံတားပြီးပါက ငါးမိနစ်ခန့်သာ ကြာမည်ဖြစ်ကြောင်း၊ ဒလဘက်တွင် နေထိုင်သည့် ပြည်သူများနေထိုင်မှုဘဝ တိုးတက်လာမည်ဖြစ်ကြောင်း၊ ကိုရီးယားနိုင်ငံ၏ လှုပအဆင့်မြင့်သည့်တံတားကြီး ရရှိလာမည်ဖြစ်ပြီး အင်ဂျင်နီယာပိုင်းဆိုင်ရာ နည်းပညာများလည်း ရရှိမည်ဖြစ်ကြောင်းနှင့် သတ်မှတ်ချိန်အတွင်း ပြီးစီးရေး ကြိုးစားဆောင်ရွက်သွားရန် ပြောကြားသည်။

ယင်းနောက် ဆောက်လုပ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာကျော်လင်းက တံတားကြီးပြီးစီးသွားပါက ဒလဘက်ကမ်းမှ ပြည်သူများ လူနေမှုအဆင့်မြင့်လာပြီး ဖွံ့ဖြိုးလာမည်ဖြစ်ကြောင်း၊ ရေဝတီတိုင်းဒေသကြီး၏ ဝင်ပေါက်တစ်ခုလည်း ဖြစ်လာမည်ဖြစ်ကြောင်း ပြောကြားသည်။

ထို့နောက် ကိုရီးယားသမ္မတနိုင်ငံ သမ္မတရုံး စီးပွားရေးအကြံပေးနှင့် ဒုတိယဝန်ကြီးတို့သည် ရန်ကုန်ဘက်ကမ်း ယာယီတံတားနှင့် Working Platform ပေါ်ရှိ စီမံကိန်းလုပ်ငန်းခွင်ကို လှည့်လည်ကြည့်ရှုသည်။ **(အပေါ်ဝဲပုံ)**

ဒလတံတားစီမံကိန်းကို ကိုရီးယားနိုင်ငံ EDCF ချေးငွေဖြင့် တည်ဆောက်နေခြင်းဖြစ်ပြီး တံတားစုစုပေါင်း အရှည်မှာ ၆၁၂၈ ပေရှိပြီး လေးလမ်းသွား Cable Stayed Bridge အမျိုးအစားဖြစ်ကြောင်း၊ ချဉ်းကပ်တံတားမှာ ဒလဘက်ကမ်း၌ လေးလမ်းသွားဖြင့် နာရီစင်ဘက်သို့ တည့်တည့်သွားမည်ဖြစ်ပြီး ရန်ကုန်ဘက်ကမ်းတွင် ဘုန်းကြီးလမ်းဘက်သို့ နှစ်လမ်းသွားဖြင့်လည်းကောင်း၊ ကမ်းနားလမ်းအတိုင်း ဝါးတန်းဘက်နှင့်ပန်းဆိုးတန်းဘက်သို့ တစ်လမ်းသွားစီ မီတာ ၅၀၀ အရှည် (Ramp) တံတားများဖြင့်လည်းကောင်း ဆောင်ရွက်မည်ဖြစ်ပြီး စီမံကိန်းတည်ဆောက်ချိန် ၄၁ လ ကြာမြင့်မည်ဖြစ်ကာ ယခုအခါ တံတားတစ်စင်းလုံး၏ ၂၁ ရာခိုင်နှုန်း ပြီးစီးနေပြီဖြစ်ကြောင်း သိရသည်။

မွန်းလွဲပိုင်းတွင် ကိုရီးယားသမ္မတနိုင်ငံ သမ္မတရုံး စီးပွားရေးအကြံပေး ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့သည် Lottle ဟိုတယ်တွင် ပြုလုပ်သည့် Korean Association၊ ကိုရီးယားနိုင်ငံအစိုးနှင့် UNHCR တို့မှ ကိုဗစ်-၁၉ ကာကွယ်ရေးဆိုင်ရာ အထောက်အကူပြုပစ္စည်းများ ပေးအပ်လှူဒါန်းပွဲအခမ်းအနားသို့ တက်ရောက်သည်။

**သတင်းစဉ်**

■ *ကျောဖုံးမှ*

RT-PCR Test အသုံးပြု၍စစ်ဆေးပြီး ပိုးမတွေ့ရှိသူများကိုသာ တာဝန်ပေးအပ်ကာ လေယာဉ်မှူးများနှင့် လေယာဉ်မောင်မယ်များအားလုံး ခရီးစဉ်တစ်ခုမစတင်မီ လေကြောင်းလိုင်းမှ တာဝန်ယူ၍ ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနက ထုတ်ပြန်သော COVID-19 Infrared (Non-touch) အပူချိန်တိုင်းကိရိယာကို အသုံးပြုပြီး အပူချိန်တိုင်းတာခြင်းလုပ်ငန်းလမ်းညွှန်ချက်များအတိုင်း တိကျစွာလိုက်နာဆောင်ရွက်လျက်ရှိသည်။

"လေယာဉ်မောင်မယ်တွေကို လေယာဉ်မထွက်ခွာမီ ကိုဗစ်-၁၉ ရောဂါ ကာကွယ်ရေး လမ်းညွှန်ချက်တွေကို အသိပေးကြေညာခိုင်းတယ်။ ခရီးသည်အားလုံးကလည်း ခွဲစိတ်ခန်းသုံး နှာခေါင်းစည်း၊ မျက်နှာအကာတွေကို လေယာဉ်ခရီးစဉ်တစ်လျှောက် သေချာစွာဝတ်ဆင်ထားတယ်။ နောက်ပြီး လေယာဉ်ပေါ်မှာ သတိပေးတာတွေ ပြုလုပ်ပါတယ်။ လေယာဉ်ပေါ်မှာ အစားအသောက်ကျွေးတာတွေကိုလည်း ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာနက ထုတ်ပြန်ထားတဲ့ လမ်းညွှန်ချက်တွေကို လိုက်နာဆောင်ရွက်နေပါတယ်"ဟု မြန်မာအမျိုးသားလေကြောင်းလိုင်းမှ စီးပွားရေးအရာရှိချုပ် ဦးနိုင်စောလွင်က ပြောသည်။

ထို့ပြင် လေယာဉ်ပေါ်၌ တာဝန်ထမ်းဆောင်မည့် လေယာဉ်ဝန်ထမ်းများသည် ကိုဗစ်-၁၉ သံသယဖြစ်ဖွယ်လက္ခဏာများဖြစ်သည့် ဖျားနာခြင်း၊ ချောင်းဆိုးခြင်း၊ ရုတ်တရက် အနံ့အရသာပျောက်ဆုံးခြင်း အစရှိသည့် ရောဂါလက္ခဏာများ အားလုံးကင်းစင်မှသာ သတ်မှတ်ခရီးစဉ်တွင်လိုက်ပါ၍ တာဝန်ထမ်းဆောင်နိုင်မည်ဖြစ်သည်။

ခရီးစဉ်တစ်ခုမစတင်မီ လေယာဉ်မှူးများနှင့် လေယာဉ်မောင်မယ်များအားလုံးကို သတ်မှတ်ထားသည့် KN 95 နှာခေါင်းစည်း၊ မျက်နှာအကာ Level 2 PPE နှင့် သတ်မှတ် PPE များ ဝတ်ဆင်ရန်၊ အသုံးပြုနေစဉ်ကာလတစ်လျှောက်လုံး PPE ဝတ်စုံများ ချို့ယွင်းချက်မဖြစ်စေရန် ဝတ်ဆင်သူကိုယ်တိုင်နှင့် လေယာဉ်အမှုထမ်းအချင်းချင်း စဉ်ဆက်မပြတ် PPE ဝတ်စုံများ ချို့ယွင်းချက်ဖြစ်ပေါ်ခဲ့ပါက ချက်ချင်းပြင်ဆင်ဆောင်ရွက်လျက်ရှိသည်။

ထို့နောက် ခရီးစဉ်တစ်ခုပြီးဆုံးတိုင်းတွင် လေယာဉ်မှူးများနှင့် လေယာဉ်မောင်မယ်များ ဝတ်ဆင်ထားသော PPE ဝတ်စုံများကို စနစ်တကျစွန့်ပစ်ရန် ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနမှ ညွှန်ကြားထားသည့်အတိုင်း လိုက်နာဆောင်ရွက်လျက်ရှိသည်။

ခရီးသည်များအနေဖြင့် သတ်မှတ်ထားသော နေရာများတွင် ဝယ်ယူထားသော လေယာဉ်လက်မှတ်ပြ၍ဖြစ်စေ၊ လေယာဉ်ခရီးစဉ်အတွက် ကြိုတင်စာရင်းသွင်းထားကြောင်း အတည်ပြုချက်ပြ၍ဖြစ်စေ Rapid Test Kit ဖြင့် ကိုဗစ်-၁၉ ရောဂါကင်းစင်ကြောင်း ကျန်းမာရေးစစ်ဆေးမှု ပြုလုပ်ပေးရမည်ဖြစ်ပြီး စစ်ဆေးမှုပြုလုပ်ရာတွင် ၃၆ နာရီအတွင်း စစ်ဆေးထားသော ရောဂါကင်းသည့် အဖြေဖြစ်မှသာ ခရီးစဉ်များကို လိုက်ပါခွင့် ရရှိမည်ဖြစ်သည်။

မြန်မာအမျိုးသားလေကြောင်းလိုင်းမှ ဒီဇင်ဘာလအတွင်း ပျံသန်းပြေးဆွဲမည့် ခရီးစဉ်နှင့်ရက်များကို ဖော်ပြပေးထားပြီး မိမိသွားလိုသော ခရီးစဉ်၏ အချိန်ဇယားများကို **(https://www.flymna.com/plan-a-trip/flight-schedule)** တွင်လည်း ဝင်ရောက်ကြည့်ရှုနိုင်ကြောင်း သိရသည်။

**အေကေလင်း**

# ပြည်ထောင်စုဝန်ကြီး ဒေါက်တာမြင့်ထွေး ကိုရီးယားသမ္မတနိုင်ငံနှင့် ကုလသမဂ္ဂ ဒုက္ခသည်များဆိုင်ရာ မဟာမင်းကြီးရုံးတို့မှ KF94 ပါးစပ်နှင့်နှာခေါင်းစည်းများနှင့် လူနာတင်ယာဉ်များ လှူဒါန်းမှုအခမ်းအနားသို့ တက်ရောက်



**နေပြည်တော် ဒီဇင်ဘာ ၂၅**

ကိုရီးယားသမ္မတနိုင်ငံနှင့် ကုလသမဂ္ဂ ဒုက္ခသည်များဆိုင်ရာ မဟာမင်းကြီးရုံးတို့မှ ပါးစပ်နှင့်နှာခေါင်းစည်း (mask) များနှင့် လူနာတင်ယာဉ်များ လှူဒါန်းမှုအခမ်းအနားကို ယနေ့ ညနေပိုင်းတွင် ကျင်းပရာ ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာမြင့်ထွေး နေပြည်တော်မှ ဗီဒီယိုကွန်ဖရင့်စနစ်ဖြင့် တက်ရောက်သည်။ (ယာပုံ)

အခမ်းအနား၌ ပြည်ထောင်စုဝန်ကြီးက ကျေးဇူးတင်ဝမ်းမြောက်စကားပြောကြားရာတွင် ယခုကဲ့သို့ လှူဒါန်းမှုများအား ကိုဗစ်-၁၉ ကုသရေးဌာနများနှင့် ဆေးရုံများတွင် တာဝန်ထမ်းဆောင်နေသော ကျန်းမာရေးဝန်ထမ်းများ၊ ရောဂါကာကွယ်ထိန်းချုပ်ရေးအတွက် ကွင်းဆင်းလုပ်ငန်းများ ဆောင်ရွက်နေသော ပြည်သူ့ကျန်းမာရေးပညာရှင်များ၏ ကိုယ်စားလက်ခံခြင်းဖြစ်ပြီး ကိုဗစ်-၁၉ ကူးစက်ခံရသူလူနာများအပါအဝင် အားလုံး၏ကိုယ်စား ကျေးဇူးတင်စကား ပြောကြားလိုပါကြောင်း၊ လှူဒါန်းမှုများသည် ကုသရေးလုပ်ငန်းများအတွက်သာမက ရောဂါကာကွယ်ထိန်းချုပ်ရေး လုပ်ငန်းများအတွက်ပါ အကျိုးရှိစေမည်ဖြစ်ပြီး မြန်မာနိုင်ငံနှင့် ကိုရီးယားသမ္မတနိုင်ငံတို့၏ နှစ်နိုင်ငံချစ်ကြည်ရင်းနှီးမှု အတိုင်းအတာကို ပိုမိုမြင့်မားစေမည်ဖြစ်ပါကြောင်း။

ကိုရီးယားသမ္မတ နိုင်ငံ၏ တောင်ဘက်ပိုင်း မူဝါဒအသစ်ကို ထပ်ဆောင်းမြှင့်တင်ထားသည့် new southern policy plus နည်းဗျူဟာနှင့်အညီ မိမိတို့နိုင်ငံအနေဖြင့် ကိုရီးယားသမ္မတနိုင်ငံနှင့် ပူးပေါင်းလက်တွဲကာ ကိုဗစ်-၁၉ ကပ်ရောဂါကြောင့် ထိခိုက်ဆုံးရှုံးမှု လျော့ပါးစေရေး၊ လူမှုစီးပွားရေးကဏ္ဍများ ပုံမှန်ပြန်လည်လည်ပတ်ရေးနှင့် မူဝါဒ၏ အဓိကအချက်ဖြစ်သော ကိုဗစ်-၁၉ ကပ်ရောဂါအလွန်ကာလတွင် ကျန်းမာရေးဆိုင်ရာ ဘက်စုံပူးပေါင်းဆောင်ရွက်ရေးတို့ကို လုပ်ဆောင်သွားမည်ဖြစ်ပါကြောင်း၊ နိုင်ငံ၏ စီးပွားရေးတောင့်တင်းခိုင်မာပါက ကျန်းမာရေးအပါအဝင် ကဏ္ဍအသီးသီးလည်း တစ်ပါတည်း မြင့်မားလာမည်ဖြစ်ပါကြောင်း။

## ဆက်လက်လိုက်နာကြရမည်

နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ်က Coronavirus Disease 2019 (COVID-19) ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးအမျိုးသားအဆင့် ဗဟိုကော်မတီဥက္ကဋ္ဌအဖြစ် တာဝန်ယူ၍ ကိုဗစ် - ၁၉ ကာကွယ်ထိန်းချုပ်ရေးဆိုင်ရာ မူဝါဒနှင့် လမ်းညွှန်ချက်များပေးအပ်ကာ ဝန်ကြီးဌာနအသီးသီးက လုပ်ငန်းများ ဆောင်ရွက်လျက်ရှိပါကြောင်း၊ ကိုဗစ်-၁၉ သည် ကမ္ဘာတွင် အပြီးသတ် ပျောက်ကွယ်သွားမည် မဟုတ်ဘဲ ကူးစက်မှုပမာဏ၊ ကူးစက်မှုကာလအတိုင်းအတာ အနည်းအများနှင့် ရောဂါအပြင်းအပျော့တို့သာ ကွာခြားပြီး လများစွာ ရှိနေဦးမည်ဖြစ်သဖြင့် မိမိတို့အနေဖြင့် ရောဂါကာကွယ်ထိန်းချုပ်မှုလုပ်ငန်းများကို အရှိန် လျှော့ချမည်မဟုတ်ဘဲ ရောဂါကာကွယ်ရေး စည်းကမ်းများကိုလည်း ဆက်လက်လိုက်နာကြရမည် ဖြစ်ပါကြောင်း။

ယခင်ကလည်း ကိုရီးယားသမ္မတနိုင်ငံအစိုးရ၊ KOICA၊ KOFIH၊ ASEAN-Korea Fund၊ ကိုရီးယားနိုင်ငံမှ အဖွဲ့အစည်းများ၊ ကုမ္ပဏီများ၊ မြန်မာနိုင်ငံတွင် နေထိုင်သည့် ကိုရီးယားနိုင်ငံသားများ စသည်တို့က မြန်မာနိုင်ငံ ကိုဗစ်-၁၉ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေး လုပ်ငန်းများအတွက် လှူဒါန်းမှုများ ပြုလုပ်ခဲ့ရာ စုစုပေါင်း တန်ဖိုး အမေရိကန်ဒေါ်လာ (၃ ဒသမ ၂) သန်းကျော်ရှိပြီး ဖြစ်ပါကြောင်း၊ နိုင်ငံတော်အစိုးရ၏ ထောက်ပံ့မှု၊ ပြည်တွင်း/ ပြည်ပ အလှူရှင်များ ယခုကဲ့သို့ လှူဒါန်းမှုများကြောင့် ကိုဗစ်-၁၉ လူနာများအား ဓာတ်ခွဲစစ်ဆေးခြင်း၊ ဆေးရုံများ၌ကုသမှုပေးခြင်းနှင့် အသွားအလာကန့်သတ်နေရာများ၌ ကျန်းမာရေးစောင့်ရှောက်မှုပေးခြင်းတို့ကို အခမဲ့ ဆောင်ရွက်ပေးနိုင်ခြင်း ဖြစ်ပါကြောင်း။

ကိုဗစ်-၁၉ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးလုပ်ငန်းများအတွက် ဘက်စုံမှ ပံ့ပိုးပေးလျက်ရှိသည့် ရန်ကုန်တိုင်းဒေသကြီး အစိုးရအဖွဲ့ကိုလည်း ကျေးဇူးတင်ရှိပါကြောင်း ပြောကြားသည်။

ထို့နောက် ကိုရီးယားသမ္မတနိုင်ငံသမ္မတ၏ စီးပွားရေးဆိုင်ရာ အကြံပေးနှင့် တောင်ဘက်ပိုင်းဆိုင်ရာ မူဝါဒဆိုင်ရာ သမ္မတ၏ ကော်မတီ (Presidential Committee on New Southern Policy) ဥက္ကဋ္ဌ Mr. Park Bokyeong က ဂုဏ်ယူဝမ်းမြောက်ကြောင်း ပြောကြားရာတွင် ကိုဗစ်-၁၉ ကပ်ရောဂါသည် ကမ္ဘာတစ်ဝန်း နေထိုင်သူများ၏ လူနေမှုဘဝကို များစွာ ပြောင်းလဲစေခဲ့ပါကြောင်း၊ ကိုရီးယားသမ္မတနိုင်ငံ အနေဖြင့် ကိုဗစ်-၁၉ ကပ်ရောဂါကို ရင်ဆိုင်တိုက်ရာတွင် (၁) ပြည်သူများနှင့်အတူ ကျော်လွှားခြင်း၊ (၂) အသွားအလာ ပိတ်ပင်တားမြစ်ခြင်း မပြုလုပ်ဘဲ သတ်မှတ်စည်းကမ်းများနှင့်အတူ သွားလာလုပ်ကိုင်ခွင့်ပြုခြင်း၊ ပွင့်လင်းမှုရှိ စွာဆောင်ရွက်ခြင်း၊ (၃) ရောဂါဖြစ်ပွားမှုအခြေအနေကို ပွင့်လင်းမြင်သာစွာချပြပြီး အစိုးရ၏ လုပ်ဆောင်မှုကို ယုံကြည်မှုရအောင် ဆောင်ရွက်ခြင်း အချက် (၃) ချဖြင့် ဆောင်ရွက်လျက်ရှိပါကြောင်း။

မိမိအနေဖြင့် ပြည်သူများ၏ ပူးပေါင်းဆောင်ရွက်မှုဖြင့် ကိုဗစ်-၁၉ ကပ်ရောဂါကို ကျော်လွှားနိုင်မည်ဟု ယုံကြည်ပါကြောင်း၊ မြန်မာနိုင်ငံသည်လည်း နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ်၏ဦးဆောင်လမ်းညွှန်မှုအောက်တွင် ကိုဗစ် - ၁၉ ကပ်ရောဂါကို အောင်မြင်စွာ ကျော်လွှားနိုင်မည်ဟု ယုံကြည်ပါကြောင်း၊ ၂၀၁၇ ခုနှစ်တွင် ကိုရီးယားသမ္မတနိုင်ငံ သမ္မတကြီး Mr Moon-Jae-in က မြန်မာနိုင်ငံအပါအဝင် အရှေ့တောင်အာရှနိုင်ငံများအသင်းနှင့် ပူးပေါင်းဆောင်ရွက်မှုများ မြှင့်တင်နိုင်ရန်အတွက် New Southern Policy ကို ထုတ်ပြန်ဆောင်ရွက်ခဲ့ပါကြောင်း။

## လုပ်ငန်းကဏ္ဍ (၇) ရပ်ပါဝင်

ထို့ပြင် ယခုနှစ်တွင် အရှေ့တောင်အာရှနိုင်ငံများအသင်းနှင့် ရေရှည်ပူးပေါင်းဆောင်ရွက်မှုကို မြှင့်တင်ရန်အတွက် လုပ်ငန်းကဏ္ဍ (၇) ရပ်ပါဝင်သော New Southern Policy Plus ကို ထုတ်ပြန်ခဲ့ပါကြောင်း၊ အဆိုပါမူဝါဒသစ်၌ ကျန်းမာရေးကဏ္ဍတွင် ကျယ်ပြန့်စွာ ပူးပေါင်းဆောင်ရွက်ရန်ဟု ပါရှိပြီး ကိုရီးယားအစိုးရအနေဖြင့် ကိုဗစ် - ၁၉ ကာကွယ်၊ ကုသရေးလုပ်ငန်း အထောက်အကူပြုပစ္စည်း Rapid Antigen test များကို ယခုကဲ့သို့ ထောက်ပံ့ပေးခြင်းဖြစ်ပါကြောင်း။

ထို့ပြင် ကျန်းမာရေးဝန်ထမ်းများ၏ စွမ်းဆောင်ရည် မြှင့်တင်ရေးဆိုင်ရာ အထောက်အပံ့များကိုလည်း ပေးအပ်သွားရန်ရှိပါကြောင်း၊ ကိုဗစ်-၁၉ ကပ်ရောဂါကာလအတွင်း ကိုရီးယား-မြန်မာ နှစ်နိုင်ငံဆက်ဆံရေး ပိုမိုခိုင်မာအားကောင်းလာခဲ့ပါကြောင်း၊ ကိုဗစ်-၁၉ ကပ်ရောဂါအစပိုင်းတွင် မြန်မာနိုင်ငံရှိ စက်မှုဇုန်တွင် ထုတ်လုပ်နေသော တစ်ကိုယ်ရေသုံး ရောဂါကာကွယ်ရေးပစ္စည်း (PPE) များကို ကိုရီးယားသမ္မတနိုင်ငံသို့ တင်ပို့သယ်ဆောင်နိုင်ခဲ့ပါကြောင်း။

ထို့ပြင် မြန်မာနိုင်ငံသို့ ရောက်ရှိနေသော ကိုရီးယားနိုင်ငံသားများ ကိုရီးယားနိုင်ငံသို့ ဘေးကင်းစွာပြန်နိုင်ရေးအတွက် မြန်မာနိုင်ငံအစိုးရမှ ကူညီပေးခဲ့ပါကြောင်း၊ ကိုရီးယားသမ္မတနိုင်ငံ အစိုးရအဖွဲ့၊ ကုမ္ပဏီများနှင့် မြန်မာနိုင်ငံတွင် စီးပွားရေးလုပ်ကိုင်နေသော ကိုရီးယားလူမျိုးများက စေတနာအလျောက် ကိုဗစ်-၁၉ ကာကွယ်၊ ကုသရေး အထောက်အကူပြုပစ္စည်းများကို ယခုလို လှူဒါန်းရခြင်းကို ဝမ်းမြောက်ဂုဏ်ယူပါကြောင်းနှင့် မြန်မာစကားပုံတစ်ခုဖြစ်သည့် ''တစ်လှေတည်းစီး၊ တစ်ခရီးတည်းသွား'' ဆိုသည်နှင့်အညီ ကိုရီးယားသမ္မတနိုင်ငံနှင့် မြန်မာနိုင်ငံတို့သည် ကိုဗစ်-၁၉ ကပ်ရောဂါကို အတူတကွ ကျော်ဖြတ်ကြပါစို့ဟု ပြောကြားသည်။

ဆက်လက်၍ ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့ ဝန်ကြီးချုပ် ဦးဖြိုးမင်းသိန်းက ကျေးဇူးတင်စကားပြောကြားရာတွင် ယခုကဲ့သို့ လှူဒါန်းမှုများ၊ အားပေးထောက်ပံ့မှုများသည် မိမိတို့နိုင်ငံအတွက် များစွာအကျိုးရှိပါကြောင်း၊ ကိုဗစ်-၁၉ ကပ်ရောဂါကြောင့် ကမ္ဘာတစ်ဝန်းလုံးတွင် စီးပွားရေးကျဆင်းမှုများ ဖြစ်ပေါ်လျက်ရှိပါကြောင်း၊ မိမိတို့အနေဖြင့် ကိုဗစ် - ၁၉ ကာကွယ်ထိန်းချုပ်ရေး လုပ်ငန်းများ ဆောင်ရွက်နေချိန်တွင် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုကို မထိခိုက်စေရေးအတွက်လည်း အလေးထားကာ ကြိုးပမ်းဆောင်ရွက်လျက်ရှိပါကြောင်း။

ယခုကဲ့သို့ ကိုဗစ်-၁၉ ကပ်ရောဂါကြုံတွေ့နေသည့် အချိန်ကာလတွင် ကိုရီးယားသမ္မတနိုင်ငံ၏ ချစ်ကြည်ရင်းနှီးစွာ ပံ့ပိုးမှုများအတွက် မိမိတို့နိုင်ငံသားများအားလုံး၏ ရင်ထဲတွင် အမှတ်ရ ကျေးဇူးတင်ရှိနေမည်ဖြစ်ပါကြောင်း ပြောကြားသည်။

ယင်းနောက် ကုလသမဂ္ဂဒုက္ခသည်များဆိုင်ရာ မဟာမင်းကြီးရုံး (UNHCR) မြန်မာနိုင်ငံဆိုင်ရာ ကိုယ်စားလှယ် Ms. Hai Kyung Jun က ပြောကြားရာတွင် ယခုကဲ့သို့ မြန်မာနိုင်ငံ ကိုဗစ်-၁၉ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးလုပ်ငန်းများအတွက် ကုလသမဂ္ဂဒုက္ခသည်များဆိုင်ရာ မဟာမင်းကြီးရုံးမှ KF94 ပါးစပ်နှင့်နှာခေါင်းစည်း (KF94 mask) များ ပါဝင်လှူဒါန်းခွင့်ရရှိသည့်အပေါ် ဝမ်းမြောက်မိပါကြောင်း၊ ကုလသမဂ္ဂဒုက္ခသည်များဆိုင်ရာ မဟာမင်းကြီးရုံးအနေဖြင့် မြန်မာနိုင်ငံ၊ ကိုရီးယားသမ္မတနိုင်ငံနှင့် ကမ္ဘာတစ်ဝန်းလုံးတွင် စုပေါင်းအင်အားများဖြင့် စုစည်းပူးပေါင်းကာ လုပ်ငန်းများ ဆောင်ရွက်လျက်ရှိပါကြောင်း၊ မြန်မာနိုင်ငံနှင့် ကိုရီးယားသမ္မတနိုင်ငံတို့၏ COVID-19 ကာကွယ်၊ ထိန်းချုပ်၊ ကုသရေး လုပ်ငန်းများတွင်လည်း သက်ဆိုင်ရာကဏ္ဍမှ ဆက်လက်၍ ပါဝင်ဆောင်ရွက်သွားမည် ဖြစ်ပါကြောင်း ပြောကြားသည်။

ယင်းနောက် Mr. Park Bokyeong၊ မြန်မာနိုင်ငံဆိုင်ရာ ကိုရီးယားနိုင်ငံသံအမတ်ကြီး မစ္စတာလီဆန်းဟွာနှင့် Ms. Hai Kyung Jun တို့က တန်ဖိုး အမေရိကန်ဒေါ်လာ ၂၇၉,၃၆၁ ရှိ KF94 ပါးစပ်နှင့်နှာခေါင်းစည်း (KF94 mask) ၄၁၆,၉၅၈ ခုအား ရန်ကုန်တိုင်းဒေသကြီး ပြည်သူ့ကျန်းမာရေးနှင့် ကုသရေးဦးစီးဌာနမှူး ဒုတိယညွှန်ကြားရေးမှူးချုပ် ဒေါက်တာထွန်းမြင့်ထံသို့ လွှဲပြောင်းပေးအပ်လှူဒါန်းသည်။

ဆက်လက်၍ မြန်မာနိုင်ငံဆိုင်ရာ Korean Association ၏ ကိုယ်စားလှယ် Mr. Chun Sung Ho နှင့် တာဝန်ရှိသူများက အရေးပေါ်လူနာတင်ယာဉ်ငါးစီးကို ရန်ကုန်တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးဖြိုးမင်းသိန်းထံသို့ လွှဲပြောင်းပေးအပ်လှူဒါန်းခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

# လေးမျက်နှာမြို့နယ်စက်ဘီးချစ်သူများက ကိုဗစ် - ၁၉ လမ်းညွှန်ချက်နှင့်အညီ ပြည်သူများ ကျန်းမာကြံ့ခိုင်စေရန် အသိပညာပေးစက်ဘီးစီးလှုပ်ရှားမှုပြုလုပ်

**လေးမျက်နှာ ဒီဇင်ဘာ ၂၅**

ဧရာဝတီတိုင်းဒေသကြီး ဟင်္သာတခရိုင် လေးမျက်နှာမြို့နယ်တွင် စက်ဘီးချစ်သူများက ဌာနဆိုင်ရာများနှင့် ပူးပေါင်း၍ ကိုဗစ်-၁၉ လမ်းညွှန်ချက်နှင့်အညီ ပြည်သူများ ကျန်းမာကြံ့ခိုင်စေရန် အသိပညာပေးစက်ဘီးစီးလှုပ်ရှားမှုကို ယနေ့နံနက်ပိုင်းတွင် ကျင်းပသည်။

ရှေးဦးစွာ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးကျော်ထွန်းနှင့် မြို့နယ်အားကစားမှူး ဦးတေဇာမျိုးတို့က စက်ဘီးစီးနင်းရာလမ်းတစ်လျှောက်တွင် လိုက်နာရမည့်စည်းကမ်းချက်များ၊ အသိပညာပေးစက်ဘီးစီးနင်းမှုကို အများပြည်သူများ ကျန်းမာကြံ့ခိုင်စေရန်ရည်ရွယ်၍ ဖိတ်ခေါ်ကျင်းပခြင်းဖြစ်ပြီး 'လူတိုင်းကျန်းမာကြံ့ခိုင်ဖို့စက်ဘီးစီးကြစို့' ဆောင်ပုဒ်နှင့် အသိပညာပေးစက်ဘီးစီးနင်းမှုဖြစ်ကြောင်း ရှင်းလင်းပြောကြားသည်။

အဆိုပါအသိပညာပေးစက်ဘီးစီးနင်းမှုကို လေးမျက်နှာမြို့ ဗိုလ်ချုပ်လမ်းဆုံမှစ၍ ငါးသိုင်းချောင်း၊ ရေနံသာ၊ ပန်းတောကြီး၊ လေးမျက်နှာ-ပန်းတောကြီး မြစ်ကူးတံတားအထိ ငါးယောက်တစ်ဖွဲ့ခွဲ၍ စီးနင်းခဲ့ကြောင်း သိရသည်။

စက်ဘီးစီးလှုပ်ရှားမှုတွင် စက်ဘီးချစ်သူ ၂၄ ဦး ဝင်ရောက်ဆင်နွှဲကြပြီး ကိုဗစ်-၁၉လမ်းညွှန်ချက်များနှင့်အညီ လူဦးရေကန့်သတ်ကာ ကျင်းပပြုလုပ်ခဲ့ကြောင်း သိရသည်။

**ကျော်ဟိန်း(မြန်/ဆက်)**



# ပြည်သူသာလျှင် အဓိက

## မွန်ပြည်နယ်ဝန်ကြီးချုပ် ခေါဇာမြို့အတွင်းရှိ ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများဆောင်ရွက်နေမှု ကွင်းဆင်းကြည့်ရှုစစ်ဆေး



**ခေါဇာ ဒီဇင်ဘာ ၂၅**

မွန်ပြည်နယ်ဝန်ကြီးချုပ် ဒေါက်တာ အေးဇံနှင့် ပြည်နယ်လုံခြုံရေးနှင့် နယ်စပ်ရေးရာဝန်ကြီး ဗိုလ်မှူးကြီး နေထွဋ်ဦး၊ သယံဇာတနှင့် သဘာဝ ပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီး ဒေါက်တာ မင်းကြည်ဝင်း၊ လူဝင်မှု ကြီးကြပ်ရေးနှင့် လူ့စွမ်းအားအရင်း အမြစ်ဝန်ကြီး ဦးထွန်းမင်းအောင်နှင့် ဌာနဆိုင်ရာ တာဝန်ရှိသူများသည် ယမန်နေ့ မွန်းလွဲပိုင်းက ခေါဇာမြို့သို့ ရောက်ရှိလာကာ မကျီး-ခနိဂျာ ကျေးရွာချင်းဆက်လမ်း ဖောက်လုပ်မည့် အခြေအနေများကို ကွင်းဆင်း ကြည့်ရှုပြီး ခနိဂျာကျေးရွာဘုန်းတော်ကြီးကျောင်းသို့ သွားရောက်၍ ဆရာတော်အား လှူဖွယ်ဝတ္ထုပစ္စည်းများ ဆက်ကပ်လှူဒါန်းခဲ့သည်။

ထို့နောက် မွန်ပြည်နယ်အစိုးရအဖွဲ့က လှူဒါန်းသော ဆန်အိတ် ၈၀၊ ဆီ ၁၃ ပုံးတို့ကို ဒေသခံပြည်သူများအား ထောက်ပံ့ပေးအပ်ခဲ့သည်။ (ဓာတ်ပုံ)

ဆက်လက်၍ ဝန်ကြီးချုပ်နှင့် အဖွဲ့ဝင်များသည် ၂၀၂၀ - ၂၀၂၁ ဘဏ္ဍာနှစ်၊ နယ်စပ်ဒေသဖွံ့ဖြိုးရေးရန်ပုံငွေဖြင့် ဆောင်ရွက်လျက်ရှိသော ခေါဇာ-ကျောက်အိုင်-တရုတ်ထောက် ကျေးရွာချင်းဆက်လမ်း ကတ္တရာခင်းခြင်း လုပ်ငန်းဆောင်ရွက်နေမှုကို ကြည့်ရှုစစ်ဆေးပြီး တရုတ်ထောက်ကျေးရွာဘုန်းတော်ကြီးကျောင်းသို့ သွားရောက်ကာ ဆရာတော်အားလှူဖွယ်ဝတ္ထုပစ္စည်းများ ဆက်ကပ်လှူဒါန်းပေးခဲ့ပြီး ဒေသခံပြည်သူများအား မွန်ပြည်နယ်အစိုးရအဖွဲ့မှ လှူဒါန်းသော ဆန်အိတ်ငါးအိတ် ထောက်ပံ့ပေးအပ်ခဲ့သည်။ အလားတူ တိုးတက်-သဲခုံ လမ်းပိုင်းအားကြည့်ရှုစစ်ဆေးပြီး သဲခုံဘုန်းတော်ကြီးကျောင်း ဆရာတော်အား လှူဖွယ်ဝတ္ထုပစ္စည်းများ ဆက်ကပ်လှူဒါန်းပေးအပ်ခဲ့ကြောင်း သိရသည်။

**ညီညီချမ်း(ပြန်/ဆက်)**

## ဘားအံမြို့ အထက သံလှယ် ကိုယ့်အားကိုယ်ကိုးကျောင်းဆောင်သစ် လွှဲပြောင်းပေးအပ်ပွဲနှင့် ဖွင့်ပွဲကျင်းပ

**ဘားအံ ဒီဇင်ဘာ ၂၅**

ကရင်ပြည်နယ် ဘားအံမြို့နယ် အထကသံလှယ်ကျောင်း၏ကိုယ့်အားကိုယ်ကိုး ကျောင်းဆောင်သစ်နှင့် ခန်းမဆောင် လွှဲပြောင်းပေးအပ်ပွဲနှင့် ဖွင့်ပွဲအခမ်းအနားကို ယနေ့ နံနက်ပိုင်းက သံလှယ်ကျေးရွာရှိ အဆိုပါကျောင်းဆောင်သစ်၌ ကျင်းပရာ ကရင်ပြည်နယ် ဝန်ကြီးချုပ် ဒေါ်နန်းခင်ထွေးမြင့်နှင့် အစိုးရအဖွဲ့ဝင်ဝန်ကြီးများ တက်ရောက်ဖွင့်လှစ်ပေးသည်။ **(ယာပုံ)**

ရှေ့ဦးစွာ ပြည်နယ်ဝန်ကြီးချုပ် ဒေါ်နန်းခင်ထွေးမြင့်၊ ပြည်နယ် စီမံကိန်း၊ ဘဏ္ဍာရေးနှင့်စည်ပင်သာယာရေးဝန်ကြီး ဦးသန်းနိုင်၊ လူမှုရေးဝန်ကြီး ဦးဘိုဘိုဝေမောင်၊ ပြည်နယ်အစိုးရအဖွဲ့အတွင်းရေးမှူး ဦးကျော်စိုးနှင့် တာဝန်ရှိသူများက ကိုယ့်အားကိုယ်ကိုး ကျောင်းဆောင်သစ်နှင့် ခန်းမဆောင်သစ်အား ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးသည်။

ထို့နောက် ကျောင်းဆောင်သစ် လွှဲပြောင်းပေးအပ်ပွဲအခမ်းအနားကို ဆက်လက်ကျင်းပရာ ပြည်နယ်ဝန်ကြီးချုပ်က အမှာစကား ပြောကြားပြီး အထက သံလှယ် ကျောင်းအုပ်ဆရာမကြီးက ကျေးဇူးတင်စကား ပြန်လည်ပြောကြားသည်။

သံလှယ်အထက်တန်းကျောင်း၏ ကိုယ့်အားကိုယ်ကိုး ကျောင်းဆောင်သစ်နှင့်ခန်းမဆောင် (သဇင်ခန်းမဆောင်)ကို ၂၀၁၉ - ၂၀၂၀ ပညာသင်နှစ်တွင် ကရင်ပြည်နယ်အစိုးရအဖွဲ့၏ ပံ့ပိုးကူညီမှု၊ သံလှယ်ရွာသူ၊ ရွာသားများ၊ ကျောင်းသား၊ ကျောင်းသူဟောင်းများ၊ အလှူရှင်၊ စေတနာရှင်များ၊ ဆရာ၊ ဆရာမများနှင့် ကျေးရွာရန်ပုံငွေ ထည့်ဝင်ငွေ ငွေကျပ် ၁၂၇၃၁၈၈၀၀ ဖြင့် (၁၄၀x၄၀) ပေ နှစ်ထပ် RC အမျိုးအစား အဆောက်အအုံကို ဆောက်လုပ်ခြင်းဖြစ်ကြောင်း သိရသည်။

**စောမျိုးမင်းသိန်း(ပြန်/ဆက်)**





ဒီဇင်ဘာ ၂၅ ရက်တွင် ရန်ကုန်မြို့ မဟာဗန္ဓုလပန်းခြံ၌ နှစ်သစ်ကူးအကြိုရောင်စုံမီးများ ထွန်းထားမှုကို တွေ့ရစဉ်။

ဓာတ်ပုံ-တင်စိုး(မြန်မာ့အလင်း)

## အသိပေးနှိုးဆော်ချက်

ရန်ကုန်တိုင်းဒေသကြီးအတွင်း နိုင်ငံတကာ နှစ်သစ်ကူးအကြိုကာလနှင့်နှစ်သစ်ကူးနေ့ရက်တို့တွင် ပြောက်အိုး၊ မီးရှူးနှင့် မီးဒုံး (ရှူးဒိုင်း)များကို ပစ်ဖောက်မှုများကြောင့် ပြည်သူများ အထိတ်တလန့်ဖြစ်စေခြင်း၊ မသမာသူများမှ ရပ်ရွာအေးချမ်းသာယာရေးနှင့် လုံခြုံရေးကို ထိခိုက်အောင် ပြုလုပ်လာနိုင်ခြင်းတို့ကြောင့် ပြောက်အိုး၊ မီးရှူးနှင့် မီးဒုံး (ရှူးဒိုင်း) များကို ရောင်းချခြင်း၊ ဖြန့်ဖြူးခြင်း၊ ပစ်ဖောက်ခြင်းများ မပြုလုပ်ကြရန်နှင့် လိုက်နာခြင်းမရှိပါက တည်ဆဲဥပဒေအရ ထိရောက်စွာ အရေးယူသွားမည်ဖြစ်ကြောင်း အသိပေးနှိုးဆော်အပ်ပါသည်။

ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့

## ညအပူချိန်များ အနည်းငယ် တိုးလာနိုင်

**နေပြည်တော် ဒီဇင်ဘာ ၂၅**

နေပြည်တော်နှင့် မန္တလေးမြို့တို့ အနီးတစ်ဝိုက်တွင် ယနေ့သာယာမည်။ ရန်ကုန်မြို့နှင့်အနီးတစ်ဝိုက်တွင် ယနေ့ အများအားဖြင့် သာယာမည်။

မနက်ဖြန်အတွက် ခန့်မှန်းချက်မှာ ပဲခူးတိုင်းဒေသကြီး၊ ရန်ကုန်တိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ ကယားပြည်နယ်၊ ကရင်ပြည်နယ်နှင့် မွန်ပြည်နယ် တို့တွင် ညအပူချိန်များ အနည်းငယ်တိုးလာနိုင်သည်။

**မိုး/ဇလ**

# ကုန်အမှတ်တံဆိပ် မူပိုင်ခွင့်ချိုးဖောက်ခြင်းဆိုင်ရာ တရားမကြောင်း စွဲဆိုမှုများ

ဦးကျော်ကျော် (တရားရေး)

**ပြည်ထောင်စုမြန်မာနိုင်ငံတော်တွင် ကုန်အမှတ်တံဆိပ် မူပိုင်ခွင့်ဥပဒေကို ၃၀-၁-၂၀၁၉ ရက်နေ့တွင် ပြဋ္ဌာန်းခဲ့သည်။ ယင်းဥပဒေပုဒ်မ ၃၄ တွင် မှတ်ပုံတင်ထားသော ကုန်အမှတ်တံဆိပ်၏ မှတ်ပုံတင်သက်တမ်းနှင့် မှတ်ပုံတင်သက်တမ်းတိုးနိုင်ခြင်းကို ဖော်ပြသည်။ ယင်းဥပဒေပုဒ်မ ၁(ခ)အရ နိုင်ငံတော်သမ္မတက အမိန့်ကြော်ငြာစာဖြင့် သတ်မှတ်သည့်နေ့ရက်တွင်မှ စတင်အာဏာတည်မည်ဖြစ်သည်။**

ယခင်က မြန်မာနိုင်ငံတွင် ကုန်အမှတ်တံဆိပ်ကို မှတ်ပုံတင်နိုင်သည့် နည်းလမ်းမရှိသည်မှာ အတည်တကျဖြစ်လျက်ရှိသော ဥပဒေဖြစ်သော်လည်း အသုံးပြုခြင်းဖြင့် တံဆိပ်နှင့်စပ်လျဉ်း၍ ပိုင်ဆိုင်ခွင့် အခွင့်အရေးရရှိနိုင်သည်ဟု ထုံးဖွဲ့ခဲ့သည်။[1]

ကုန်အမှတ်တံဆိပ်ဆိုသည်မှာ ကုန်သွယ်မှုလုပ်ငန်းဆောင်ရွက်ရာတွင် လုပ်ငန်းတစ်ခု၏ ကုန်ပစ္စည်းများကို အခြားသော လုပ်ငန်းများ၏ ကုန်ပစ္စည်းများမှ ခွဲခြားသိရှိစေနိုင်သော အမှတ်တံဆိပ်တစ်ခုခုကို ဆိုလိုသည်။[2]

ကျော်ကြားသောအမှတ်တံဆိပ်ဆိုသည်မှာ သတ်မှတ်ထားသော စံနှင့်အညီ နိုင်ငံတော်တွင် လူသိများပြီး ကျော်ကြားသော အမှတ်တံဆိပ်တစ်ခုခုကို ဆိုသည်။[3]

အမှတ်တံဆိပ်ပိုင်ရှင်သည် ပုဒ်မ ၃၉ နှင့် ၄၀ ပါ ပြဋ္ဌာန်းချက်များကို မထိခိုက်စေဘဲ သီးသန့်အခွင့်အရေးအဖြစ် (၁) ယင်း၏ သဘောတူညီချက်မရှိဘဲ အခြားသူတစ်ဦးက ထပ်တူ သို့မဟုတ် အလားတူသော ကုန်ပစ္စည်း သို့မဟုတ် ဝန်ဆောင်မှုတွင် အသုံးပြု၍ ကုန်သွယ်မှုပြုရာတွင် အများပြည်သူကို ထင်ယောင်ထင်မှားဖြစ်စေပါက ဤဥပဒေနှင့်အညီ ကာကွယ်တားဆီးခွင့်ရှိသည်။ (၂) မှတ်ပုံတင်ထားသော အမှတ်တံဆိပ်မူပိုင်ခွင့်ဆိုင်ရာ အခွင့်အရေးများကို ချိုးဖောက်သူအား ပြစ်မှုကြောင်းအရဖြစ်စေ၊ တရားမကြောင်းအရဖြစ်စေ၊ နစ်ရပ်လုံးအရဖြစ်စေ တရားစွဲဆိုခွင့်ရှိသည်။ (၃)(ကက) မှတ်ပုံတင်ထားသည့် ကျော်ကြားသော အမှတ်တံဆိပ်ပိုင်ရှင်နှင့် အသုံးပြုထားသော ကုန်ပစ္စည်း သို့မဟုတ် ဝန်ဆောင်မှုများအကြား ဆက်နွှယ်မှုရှိသည်ဟု ညွှန်ပြသကဲ့သို့ ဖြစ်နေခြင်း၊ (ခခ) ယင်းအမှတ်တံဆိပ်ပိုင်ရှင်၏ အကျိုးစီးပွားကို ထိခိုက်စေနိုင်ခြင်းစသည့်အခြေအနေများနှင့် ကိုက်ညီလျှင် မှတ်ပုံတင်ထားသည့် ကျော်ကြားသော အမှတ်တံဆိပ်နှင့် ထပ်တူ သို့မဟုတ် အလားတူသော အမှတ်တံဆိပ်ကို မတူညီသော ကုန်ပစ္စည်း သို့မဟုတ် ဝန်ဆောင်မှုများတွင် ယင်း၏သဘောတူညီချက်မရှိဘဲ ကုန်သွယ်မှုပြုရာတွင် အသုံးပြုခြင်းကို ကာကွယ်တားဆီးခွင့်ရှိသည်။ မှတ်ပုံတင်ထားသော အမှတ်တံဆိပ်မူပိုင်ခွင့်ဆိုင်ရာ အခွင့်အရေးများကို အခြားသူတစ်ဦးဦးသို့ လွှဲပြောင်းခြင်း သို့မဟုတ် ခွင့်ပြုချက်ဖြင့် လုပ်ကိုင်ခွင့်ပေးခြင်းတို့ကို အခန်း (၁၃) နှင့် (၁၄)ပါ ပြဋ္ဌာန်းချက်များနှင့်အညီ လွှဲပြောင်းခြင်း၊ လုပ်ပိုင်ခွင့်ပေးခြင်းပြုနိုင်သည်။[4]

ကုန်အမှတ်တံဆိပ်ဟူသည် ဈေးကွက်တွင် ရောင်းချသော ကုန်စည်များကို အခြားအလားတူ ကုန်စည်များနှင့် ခွဲခြားနိုင်ရန်လည်းကောင်း၊ တစ်ဦးတစ်ယောက်သော ပိုင်ရှင်နှင့် ဆက်စပ်မိစေရန် လည်းကောင်း၊ ထိုရောင်းသော ကုန်စည်များအတွက် အသုံးပြုသည့် သို့မဟုတ် ကုန်စည်များ အပေါ်တွင် ကပ်ထားသော သင်္ကေတအထိမ်းအမှတ်ဖြစ်သည်။ ကုန်အမှတ်တံဆိပ်က ပုံအမှတ် (device)၊ အမှတ်တံဆိပ် (brand)၊ ခေါင်းစီး (heading) အစရှိသည်များ ၎င်းတို့အား စုပေါင်းထားချက်များ ပါဝင်သည်။

ကုန်အမှတ်တံဆိပ် သုံးစွဲသောကာလနှင့် မိမိကုန်သွယ်မှု၏ အတိုင်းအတာအပေါ်မတည်ဘဲ ကုန်သည်တစ်ဦးသည် မိမိကုန်စည်များအပေါ်တွင် ဖြစ်စေ၊ ကုန်စည်များနှင့် စပ်လျဉ်း၍ဖြစ်စေ အသုံးပြုရုံမျှဖြင့် သိသာကွဲပြားသော ကုန်အမှတ်တံဆိပ် ပိုင်ဆိုင်ခွင့် ရရှိသည်။[5]

ကုန်အမှတ်တံဆိပ်ကို ပိုင်ဆိုင်သူထံမှ ၎င်း၏ အမွေစား အမွေခံတစ်ဦးက ယင်းတံဆိပ်ပိုင်ဆိုင်သုံးစွဲခွင့်ကို အမွေဆက်ခံနိုင်ကြောင်း၊ မူလပိုင်ရှင်သေဆုံးသည့်အခါ ယင်းကုန်အမှတ်တံဆိပ်ကို ၎င်း၏ အမွေဆက်ခံသော သားသမီးအားလုံးက ရယူသုံးစွဲနိုင်ခွင့်ရှိကြောင်း၊ အမွေဆက်ခံသူတစ်ဦး၏ ဝေပုံကျသုံးစွဲနိုင်ခွင့်မဟုတ်ဘဲ ညီတူညီမျှသာဖြစ်ကြောင်း အဆိုပါ ကုန်အမှတ်တံဆိပ်ဖြင့် ပြုလုပ်ရောင်းချခြင်းကို ကုန်ထုတ်သူအမည်နှင့် နေရပ်ခွဲခြားလျက် ပိုင်းခြားဝေငှပြီး အသုံးပြုလိုပါက အမွေဆိုင်အချင်းချင်းပဋိညာဉ်ပြု၍ စီမံခန့်ခွဲနိုင်ကြောင်း၊ ကုန်တံဆိပ်နှင့် လုပ်ငန်းကို အချို့သောအမွေဆိုင်များက တခြားအမွေဆိုင်တစ်ဦးအား စာချုပ်ဖြင့် အပိုင်ရောင်းချခြင်းဖြင့် ဝယ်သူမှာ ယင်းကုန်အမှတ်တံဆိပ်နှင့် စပ်လျဉ်း၍ မိမိတစ်ဦးတည်း ပိုင်ဆိုင်ခွင့်မရနိုင်ကြောင်း၊ ဦးစွာမှတ်ပုံတင်သုံးစွဲခြင်းဖြင့်လည်း ပိုင်ဆိုင်ခွင့်မရနိုင်ဟု **မသန်းပါ၃၊ မအမာ(ခ)မအမာထွေးနှင့် ဦးချစ်ဆွေအမှု**[6] တွင် ထုံးပြုထားသည်။

တစ်ဦးတစ်ယောက်သောသူသည် မိမိဆပ်ပြာလုပ်ငန်း၌ ကုန်တံဆိပ်ကို အသုံးပြုလာရာမှ မိမိ၏သဘောတူညီချက်အရ မိမိပါဝင်သော အစုစပ်ကုမ္ပဏီအား အသုံးပြုခွင့်ပေးလျှင် မိမိရရှိပြီးဖြစ်သော အခွင့်အရေးကို စွန့်လွှတ်ခဲ့သည်ဟု ယူဆရမည်ဖြစ်သည်။ ကုန်စည်ကူးသန်းရောင်းဝယ်သည့် ထုံးထမ်းဓလေ့အရ အဆိုပါကုမ္ပဏီသည် ထိုကုန်တံဆိပ်ကို အသုံးပြုခွင့်ရှိသည့် ပိုင်ရှင်ဖြစ်သည်။[7]

အစုစပ်လုပ်ငန်းမှ နုတ်ထွက်သွားသူသည် လုပ်ငန်းအမည်ကို သုံးစွဲခြင်း မပြုရန် သဘောတူဝန်ခံခြင်းဖြစ်သည်။[8]

ထင်ယောင်ထင်မှား ဖြစ်စေခြင်းနှင့် စပ်လျဉ်း၍ Canon v. Cannon, European Court of Justice, 29 September 1998 တွင် Confusion likely when public encounters different places of production, but not when public can believe the undertakings are not economically-linked there may be a likelihood of confusion within the meaning of Article 4(1)(b) of the Directive even where the public perception is that the goods or services have different places of production. By contrast, there can be no such likelihood where it does not appear that the public could believe that the goods or services come from the same undertaking or, as the case may be, from economically-linked undertakings.

ကုန်အမှတ်တံဆိပ်ကိုအတုပြုလုပ်ရာ၌ ကုန်အမှတ်တံဆိပ်အချင်းချင်းသည် ထပ်တူထပ်မျှ တူညီရန်မလို၊ အမှတ်တံဆိပ် နှစ်ခုကို ယှဉ်၍ကြည့်ရှုလျှင် အနည်းငယ်ကွဲပြားချက်များရှိသော်လည်း တစ်ခုနှင့်တစ်ခု ဆင်တူယိုးမှားဖြစ်လောက်အောင် ဆင်တူမှုရှိလျှင် အတုပြုလုပ်ခြင်းမြောက်သည်။[9]

တုပမှုဖြစ်စေရန်အတွက် တံဆိပ်အစစ်နှင့် အတုသည် အသေးစိတ်အချက်အလက်အားလုံး ထပ်တူတူညီရန်မလို၊ အဆိုပါ တံဆိပ်နှစ်ခုတူနေခြင်းသည် အချင်းဖြစ် ကုန်ပစ္စည်းများကို ရောင်းချရန် ရည်စူးသော လူများအား လှည့်ဖြားရန် စီမံပြုလုပ်ထားသည်ဟု သဘောရရှိလျှင် တုပမှုဖြစ်ရန် ဥပဒေအရ လုံလောက်သည်။[10]

ကုန်အမှတ်တံဆိပ်အား အသုံးပြုခြင်းကို တားဆီးပိတ်ပင်သော ယာယီတားဝရမ်းရရှိနိုင်ရန် တရားလိုက ထိုသို့ အရေးတကြီးဆောင်ရွက်ရန် လိုအပ်သောအမှုဖြစ်ကြောင်း၊ တရားလိုတွင် အခြေအမြစ်ရှိသည့် ဆိုင်ရာဆိုင်ခွင့်ရှိကြောင်းနှင့် နောက်ပိုင်းတွင် တရားပြိုင်၌ အခွင့်အရေးရှိကြောင်း တွေ့ရှိရသည့်တိုင်အောင် တားဝရမ်းထုတ်ဆင့်ခြင်းကြောင့် တရားပြိုင်အား ပြုပြင်၍ မရနိုင်လောက်သည့် ထိခိုက်နစ်နာမှု မရှိကြောင်းကို တရားလိုက ပြသရမည်။[11]

မူလရုံးတရားပြိုင်များ၏ မိခင်ဒေါ်အေးကျော့နုသည် ROLEX HAIR DRESSING ကုန်အမှတ်တံဆိပ်ကို တစ်ဦးတည်းမူပိုင်အဖြစ် ရန်ကုန်မြို့စာချုပ်စာတမ်းရုံးတွင် မှတ်ပုံတင်ခဲ့သည်။ ၎င်း၏ ကုန်အမှတ်တံဆိပ်ကို မှတ်ပုံတင်သွင်းချိန်က ကုန်အမှတ်တံဆိပ်များ၏ မူပိုင်ခွင့်သက်တမ်း သတ်မှတ်ထားခြင်း မရှိသကဲ့သို့ အမှုစွဲဆိုချိန်တွင်လည်း ကုန်အမှတ်တံဆိပ်များ၏ မူပိုင်ခွင့်သက်တမ်းကို သတ်မှတ်ခြင်းမရှိသေးသည့်အတွက် အယူခံတရားလိုများ၏ မိခင်ဒေါ်အေးကျော့နုမှ မှတ်ပုံတင်သွင်းထားသည့် ROLEX HAIR DRESSING ကုန်အမှတ်တံဆိပ်မူပိုင်ခွင့်မှာ အမှုစွဲဆိုချိန်ထိ ဆက်လက်တည်ရှိနေကြောင်း၊ ဒေါ်အေးကျော့နုက "ROLEX" အလှကုန်ပစ္စည်းထုတ်ခွင့်ပြုသည့် အိမ်တွင်းစက်မှုလက်မှုလုပ်ငန်း မှတ်ပုံတင်လက်မှတ်သက်တမ်းတိုးရန် ပျက်ကွက်ခြင်းသည် ဒေါ်အေးကျော့နုမှ မှတ်ပုံတင်ထားသော ROLEX HAIR DRESSING ကုန်အမှတ်တံဆိပ်မူပိုင်ခွင့်ကို ထိခိုက်စေကြောင်း၊ အလှကုန်ပစ္စည်းထုတ်လုပ်ရန် အသေးစားစက်မှုလုပ်ငန်းမှတ်ပုံတင်လက်မှတ်ကို သက်တမ်းတိုးရန် ပျက်ကွက်ခဲ့ခြင်းသည် ယင်းအလှကုန်ပစ္စည်း၏ ကုန်အမှတ်တံဆိပ် မူပိုင်ခွင့်ကို ထိခိုက်ပျက်ပြယ်စေခြင်းမရှိကြောင်း၊ တရားပြိုင်များသည် တရားလို၏ ကုန်အမှတ်တံဆိပ်ကို အသုံးပြုပြီး ဖြန့်ဖြူးရောင်းချသဖြင့် တရားလို၏ အကျိုးစီးပွားနစ်နာမှုရှိကြောင်း သုံးသပ်၍ သီးခြားသက်သာခွင့် အက်ဥပဒေပုဒ်မ ၅၄ အရ ထာဝရတားဝရမ်းခွင့်ပြုခဲ့ခြင်းမှာ ဥပဒေအရလည်းကောင်း၊ အကြောင်းခြင်းရာအရ လည်းကောင်း မှားယွင်းခြင်း မရှိကြောင်း ဆုံးဖြတ်ထားသည်ကို တင်ပြအပ်ပါသည်။[12]

ကုန်အမှတ်တံဆိပ်ကို အတုပြုလုပ်ခြင်းကြောင့် စွဲဆိုသည့် အမှုအတောအတွင်း ယာယီအားဖြင့် အမိန့်ကို လျှောက်ထားသူအား ထုတ်မပေးခြင်းကြောင့် ၎င်းအတွက် နစ်နာဆုံးရှုံးမှုမှာ ငွေကြေးဖြင့် တွက်ချက်လျော်ကြေးပေးရန် မဖြစ်နိုင်သည့်နစ်နာမှုမျိုး ဖြစ်စေနိုင်ကြောင်း၊ ယာယီတားမြစ်မိန့်ကို ထုတ်ပေးမှသာလျှင် တရားမျှတမှုရှိနိုင်မည်ဖြစ်သည်။[13]

ယာယီတားဝရမ်းထုတ်ပေးရန် စဉ်းစားရာတွင် ဥပဒေသ ၃ ရပ်ကို မူတည်၍ စဉ်းစားခဲ့သည်။ ၎င်းတို့မှာ (၁)တရားစွဲဆိုသော အမှုသည် သာမန်အမြင်အားဖြင့် အခြေခံရှိ မရှိ၊ (၂) အမှုဖြစ်သည့် ပဋိညာဉ်ကို တရားခံက ဖောက်ဖျက်သောကြောင့် တရားလိုတွင် ကျရောက်အပ်သော ဆုံးရှုံးနစ်နာမှုသည် ငွေကြေးဖြင့် ပေးလျော်၍ မရကောင်းသော အကျိုးဆုံးရှုံးနစ်နာမှုဟုတ် မဟုတ်၊ (၃) ယာယီတားဝရမ်းကို ထုတ်ပေးသောကြောင့်လည်းကောင်း၊ ထုတ်မပေးသောကြောင့်လည်းကောင်း၊ တရားလို တရားခံတို့အနက် မည်သူ့အား ပိုမို၍ နစ်နာဆုံးရှုံးစေမည်ကို ချိန်ဆရခြင်းတို့ပင် ဖြစ်သည်။[14]

တရားလိုစွဲဆိုသော အမှုသည် အခြေအမြစ်ရှိပါက ထာဝရတားဝရမ်း မထုတ်ပေးမီ အမှုအတောအတွင်း ယာယီတားဝရမ်းကို ထုတ်ပေးသည့် သာဓကရှိသည်။ ယာယီတားဝရမ်း ထုတ်ပေး သင့်၊ မသင့် စဉ်းစားရာ၌ မူပိုင်တံဆိပ်ကိစ္စ၊ ဆင်တူယိုးမှားတုပခြင်းတို့ကို ကြိုတင်၍ ဆုံးဖြတ်ရန် မလိုအပ်ပေ။ တရားလိုစွဲဆိုသည့်အမှုသည် အခြေအမြစ် ရှိ မရှိကိုသာ စဉ်းစားဆင်ခြင်ရန် လိုပေသည်။ အမှုတွင် တရားပြိုင်သည် ဆင်တူယိုးမှားကုန်အမှတ်တံဆိပ်ဖြင့် တရားလို၏ ကုန်အမှတ်ကိုတုပပြီး ဆေးသနပ်ခါးများ ထုတ်လုပ်ရောင်းချနေသည်ဟု အမြင်အားဖြင့် ယူဆနိုင်အောင် တရားပြိုင်အသုံးပြုသည့် ဆေးညွှန်းစာရွက်၊ ဆေးသနပ်ခါးထည့်၍ရောင်းချသော ဂျပ်ဘူးပါ ကုန်အမှတ်တံဆိပ် ပလတ်စတစ်ဘူးတို့ကို တရားလို အသုံးပြုသည့်ပစ္စည်းများနှင့် နှိုင်းယှဉ်တင်ပြထားသည်ဖြစ်ရာ တရားလိုတို့စွဲဆိုသောအမှုသည် အခြေအမြစ်ရှိကြောင်း ပေါ်ပေါက်၍ ယာယီတားဝရမ်းထုတ်ဆင့်ပေးသင့်ပေသည်။[15]

လေ့ကျင့်ခန်းစာအုပ်များနှင့်စပ်လျဉ်း၍ ကုန်တံဆိပ်ကိုအသုံးပြုရန် တသီးတခြားရရှိသော အခွင့်အရေးသည် အရပ်ရပ်သော စာရေးကိရိယာအမျိုးမျိုးနှင့်စပ်လျဉ်း၍ ထိုတံဆိပ်ကို တစ်ဦးတည်း သုံးစွဲခွင့်ရရှိစေခြင်းမရှိ။ ကုန်စည်အမျိုးအစား သို့မဟုတ် အတန်းအစားကို ပဓာနမထားဘဲ တစ်ဦးတစ်ယောက်သည် ကုန်အမည်တစ်ခုခုကို တစ်ဦးတည်း သုံးစွဲခွင့် မရရှိနိုင်။ တစ်စုံတစ်ခုသော ကုန်စည်နှင့် စပ်လျဉ်းသည့် ကုန်တံဆိပ်ပိုင်ရှင်သည် အမျိုးအစားအားဖြင့် လုံးဝကွဲခြားသော ကုန်စည်နှင့် စပ်လျဉ်း၍ အဆိုပါ ကုန်တံဆိပ်ကို အသုံးမပြုရန် တားဆီးပိတ်ပင်ခွင့်မရှိ။ သို့ဖြစ်ရာ ဝီစကီများကို "Johnnie Walker" စာလုံးများနှင့် လမ်းလျှောက်နေသော လူပုံပါသော တံဆိပ်ဖြင့် ရောင်းချသူသည် အားတိုးဆေးပုလင်းများတွင် အလားတူလမ်းလျှောက်နေသော လူပုံနှင့် "Burmese Johnnie Walker" အမည်ဖြင့် ရောင်းချခြင်းကို တားဆီးပိတ်ပင်ခြင်းမပြုနိုင်။[16]

ပထဝီဆိုင်ရာအမည်များသည် ကုန်စည်များ၏ မူလဇာစ်မြစ်နှင့် အဆက်အစပ်မရှိသဖြင့် ထုတ်လုပ်ရာအရပ်ကို ညွှန်ပြခြင်းမပြုလျှင် အမှန်စင်စစ်သိသာကွဲပြားသော အမည်ဖြစ်သည်။ သို့ဖြစ်ရာ "Rangoon Optical Works" ကုန်တံဆိပ်ကို ပိုင်ဆိုင်ခွင့် ရရှိသည်။[17]

တရားစီရင်ထုံးဟူသည် မှန်ကန်မျှတ၍ တရားဥပဒေနှင့်ညီညွတ်မှသာလျှင် လမ်းညွှန်မှုတစ်ရပ်ဖြစ်နိုင်သဖြင့်[18] တည်ဆဲဥပဒေများနှင့် ညီညွတ်သမျှ အသုံးပြုနိုင်စေရန် စီရင်ထုံးများပါ လမ်းညွှန်ဆုံးဖြတ်ချက်များကို ထည့်သွင်းဖော်ပြထားပါသည်။

အမှတ်တံဆိပ်မူပိုင်ခွင့်ဆိုင်ရာအခွင့်အရေးကို ထိပါးချိုးဖောက်မှုများသည် အစိုးရဌာနနှင့် တရားဝင်ဖွဲ့စည်းထားသော အဖွဲ့အစည်းတစ်ခုခုက စီးပွားရေးအလို့ငှာမဟုတ်ဘဲ နိုင်ငံတော်၏ အရေးပေါ်အခြေအနေနှင့် အများပြည်သူ ဘေးအန္တရာယ်ကိစ္စများတွင် အမှတ်တံဆိပ်ပါရှိသည့် ကုန်ပစ္စည်းတစ်ခုခုကို အများပြည်သူအကျိုးငှာ အသုံးပြုခြင်းနှင့် သက်ဆိုင်ခြင်း မရှိစေရကြောင်း ခြွင်းချက်ပြုထားသည်ကို တွေ့ရပါသည်။[19]

အမှတ်တံဆိပ်ပိုင်ရှင်မဟုတ်သော အခြားသူတစ်ဦးက ယင်းအမှတ်တံဆိပ်ပိုင်ရှင်၏ သဘောတူခွင့်ပြုချက်မပါဘဲ ပုဒ်မ ၃၈ ပါ အခွင့်အရေးတစ်ရပ်ရပ်ကို နိုင်ငံတော်တွင် ကျင့်သုံးဆောင်ရွက်ပါက ဤဥပဒေအရ အကာအကွယ်ပေးထားသော အမှတ်တံဆိပ်ကို ချိုးဖောက်သည်ဟု မှတ်ယူရမည်ဖြစ်သည်။[20]

ထပ်တူ သို့မဟုတ် အလားတူသော ကုန်ပစ္စည်းများ သို့မဟုတ် ဝန်ဆောင်မှုများအတွက် ထပ်တူ သို့မဟုတ် အလားတူ မှတ်ပုံမတင်ထားသည့် ကျော်ကြားသောအမှတ်တံဆိပ်သင်္ကေတတစ်ခုအား ခွင့်ပြုချက်မရဘဲ အသုံးပြုခြင်းသည် အများပြည်သူကို ထင်ယောင်ထင်မှားဖြစ်စေနိုင်သည်ဟု မှတ်ယူရမည်လည်း ဖြစ်သည်။[21]

ကုန်အမှတ်တံဆိပ်မူပိုင်ခွင့် အခွင့်အရေးရှိသူသည် နစ်နာမှုအတွက် တရားမကြောင်းအရ ကုန်အမှတ်တံဆိပ်မူပိုင်ခွင့် ဥပဒေပုဒ်မ-၇၉ နှင့် ၈၀ တို့ပါ ပြဋ္ဌာန်းချက်နှင့်အညီ ယာယီအရေးယူဆောင်ရွက်သည့် အမိန့်ချမှတ်ပေးရန်

- ❖ **တုပမှုဖြစ်စေရန်အတွက် တံဆိပ်အစစ်နှင့် အတုသည် အသေးစိတ်အချက်အလက်အားလုံး ထပ်တူတူညီရန်မလို၊ အဆိုပါ တံဆိပ်နှစ်ခုတူနေခြင်းသည် အချင်းဖြစ် ကုန်ပစ္စည်းများကို ရောင်းချရန် ရည်စူးသောလူများအား လှည့်ဖြားရန် စီမံပြုလုပ်ထားသည်ဟု သဘောရရှိလျှင် တုပမှုဖြစ်ရန် ဥပဒေအရ လုံလောက်**
- ❖ **ထပ်တူ သို့မဟုတ် အလားတူသော ကုန်ပစ္စည်းများ သို့မဟုတ် ဝန်ဆောင်မှုများအတွက် ထပ်တူ သို့မဟုတ် အလားတူ မှတ်ပုံမတင်ထားသည့် ကျော်ကြားသောအမှတ် တံဆိပ်သင်္ကေတတစ်ခုအား ခွင့်ပြုချက်မရဘဲ အသုံးပြုခြင်းသည် အများပြည်သူကို ထင်ယောင်ထင်မှားဖြစ်စေနိုင်သည်ဟု မှတ်ယူရမည်လည်းဖြစ်**

*စာမျက်နှာ ၇ သို့*

❑ *ရှေ့ဖုံးမှ*

"အခုလို ခရီးသွားရာသီမှာ ကိုဗစ်-၁၉ ရောဂါကိုလည်း သတိပြုပြီးသွားလာရမှာပါ။ စည်းကမ်းရှိရှိ တာဝန်သိသိနဲ့ မိမိကြောင့် ရောဂါကူးစက်မှုမဖြစ်ရဘူးဆိုတဲ့ အသိစိတ်နဲ့ မိမိကိုယ်တိုင်လည်းကာကွယ်ရင်း ခရီးသွားရမှာပါ။ အဲဒီလိုသွားမယ်ဆိုရင် ထိန်းချုပ်မှုရှိပြီး ပြည်တွင်းခရီးသွား ပြန်လည်ဦးမော့လာမှာပါ။ မိမိနေချင်သလိုနေပြီး ရောဂါကူးစက်မှုဖြစ်ခဲ့ရင် ခရီးသွားလုပ်ငန်း ပြန်လည်ရပ်တန့်သွားနိုင်ပါတယ်။ အားလုံးရဲ့ အကျိုးစီးပွားလည်း ထိခိုက်နိုင်တယ်။ စည်းကမ်းလိုက်နာပြီး ခရီးသွားလာမှုကို ဖော်ဆောင်လိုတဲ့အတွက် အခုလို စီစဉ်တာပါ။ မကြာခင်ကာလမှာ ကုန်းလမ်းခရီးစဉ်တွေကိုလည်း စနစ်တကျဆောင်ရွက်သွားဖို့ရှိပါတယ်" ဟု မြန်မာနိုင်ငံခရီးသွားလုပ်ငန်းရှင်များအသင်း ဥက္ကဋ္ဌ ဦးနောင်းနောင်း က ပြောသည်။

"ကိုဗစ်ရောဂါကြောင့် နေအိမ်အတွင်းမှာ နေထိုင်နေရတဲ့ ရန်ကုန်မြို့ခံပြည်သူတွေ အခုလိုကန့်သတ်ဦးရေနဲ့ လေကောင်းလေသန့်ကိုရှူပြီး မြစ်ပြင်အလှကို ကြည့်ရှုခံစားနိုင်တဲ့အတွက် ကိုးလတာမွန်းကျပ်မှုတွေ ပြေပျောက်သွားမှုအပေါ် ဝမ်းသာမိပါတယ်။ အပျော်စီးခရီးစဉ်တွေ ရပ်နားထားတာ ရောဂါစဖြစ်ကတည်းကဆိုတော့ အခုလိုအများပြည်သူ ပျော်ရွှင်ကြည်နူးတာကို တွေ့မြင်ရတာ ကျွန်တော်တို့လည်း ပီတိဖြစ်မိပါတယ် "ဟု ပြည်တွင်းရေကြောင်းပို့ဆောင်ရေး (ရန်ကုန်) ၊ ALEXANDEA CRUISE နှစ်ထပ်သင်္ဘောမှ ကပ္ပတိန်ဦးဇော်မင်းနိုင် က ပြောသည်။

လက်ရှိတွင် ရောဂါအခြေအနေကြောင့် ရန်ကုန်မြစ်အတွင်းအပန်းဖြေခရီးစဉ်များကို ရပ်နားထားရာ မြို့ပြနေပြည်သူများမွန်းကျပ်မှုကို ဖြေလျှော့နိုင်စေရန်နှင့် ကိုဗစ်နှင့်ယှဉ်၍ ခရီးသွားလုပ်ငန်းများတွင် ပြည်သူတို့အနေဖြင့် တစ်ကိုယ်ရေရောဂါ ကာကွယ်ထိန်းချုပ်ရေးကို လိုက်နာခြင်းဖြင့် ခရီးသွားလုပ်ငန်းများ ပြန်လည်အသက်ဝင်ရန် စမ်းသပ်ဆောင်ရွက်ခြင်းဖြစ်သည်။ မြစ်တွင်းအပန်းဖြေခရီးစဉ်အပြင် တွံတေးမြို့အထိ မြစ်ပြင်အလှကို ကြည့်ရှုနိုင်မည့် ခရီးစဉ်ကိုလည်း နှစ်သစ်ကူးအမီ စီမံဆောင်ရွက်လျက်ရှိပြီး ရောဂါကာကွယ်ထိန်းချုပ်ရေးကို ခရီးသွားများ လိုက်နာမှုရှိပါက ကုန်းလမ်းအပန်းဖြေခရီးစဉ်များကိုလည်း တိုးချဲ့ဆောင်ရွက်ရန်ပြင်ဆင်လျက်ရှိကြောင်း၊ ရန်ကုန်မြို့၏ ခရီးသွားလုပ်ငန်း ပြန်လည်ရှင်သန်ရန် အသင်းအဖွဲ့များ ဝိုင်းဝန်းလက်တွဲမှုနှင့်အတူ ခရီးသွားပြည်သူများအနေဖြင့် ကျန်းမာရေးသတ်မှတ်စည်းကမ်းများကို လိုက်နာမှသာ ပြည်တွင်းခရီးသွားလုပ်ငန်းများ ပြန်လည်ရှင်သန်မည်ဖြစ်ရာ ထိုလမ်းကြောင်းပေါ်သို့ ရောက်ရှိရန် မြန်မာနိုင်ငံခရီးသွားလုပ်ငန်းရှင်များ အသင်းက ဆောင်ရွက်ခြင်းဖြစ်ကြောင်း သိရသည်။

"အိမ်ထဲမှာနေတာကြာတော့ အခုလို လေကောင်းလေသန့်ရှူရတာ စိတ်ပေါ့ပါးမှုကို ခံစားရတယ်။ ကိုဗစ်ရောဂါ မကျသေးဘူးဆိုတော့ သတိတော့ထားရတယ်။ တစ်ဦးနဲ့တစ်ဦး လေးစားတဲ့အနေနဲ့ နှာခေါင်းစည်းတွေတပ်ဖို့လိုမယ်။ မိမိကိုယ်ကိုယ် သံသယရှိရင် အပြင်မထွက်ဘဲ ကာကွယ်မှုလုပ်မယ်ဆိုရင် ပတ်ဝန်းကျင်အတွက်လည်း ကောင်းသွားတာပေ့ါ။ မွန်းကျပ်မှုတွေ လျော့သွားတာတော့ အမှန်ပဲ။ ကန့်သတ်ဦးရေနဲ့ သွားလာတာဆိုတော့ ပိုပြီး စိတ်လက်ပေ့ါပါးမှုကို ခံစားရပါတယ်" ဟု ခရီးသွား ဦးမျိုးကို က ပြောသည်။

ဒီဇင်ဘာ ၂၅ ရက်မှ ၂၇ရက်အထိ တစ်ရက်လျှင် နှစ်ကြိမ် ပြေးဆွဲလျက်ရှိပြီး သင်္ဘောတစ်စင်းလျှင် ခရီးသည် ၃၀ သာ လက်ခံမည်ဖြစ်ရာ လူဦးရေနည်းသည့်အတွက် အကျိုးအမြတ်ထက် ပြည်တွင်းခရီးသွား ပြန်လည်ဦးမော့ရန်ကြိုးစားခြင်းဖြစ်၍ လူဦးရေ ကန့်သတ်ပြေးဆွဲခြင်းဖြစ်သည်။ လက်ရှိပြေးဆွဲမှု အောင်မြင်ပါက အခြားသော အပျော်စီးသင်္ဘောများလည်း ပြေးဆွဲနိုင်ရန် စောင့်ဆိုင်းလျက်ရှိပြီး တွံတေးတူးမြောင်းကျော်ပါက ဧရာဝတီတိုင်းဒေသကြီး ဧရိယာသို့ ဝင်ရောက်ခြင်းဖြစ်ရာ ကမ်းပေါ်တက်၍မရသော်လည်း မြစ်ပြင်အလှကို ကြည့်ရှုခံစားနိုင်သော နာရီပိုင်းအပန်းဖြေခရီးစဉ်အပြင် ညအိပ်ခရီးစဉ်များကို တိုးချဲ့ပြေးဆွဲနိုင်ရန် မြန်မာနိုင်ငံခရီးသွားလုပ်ငန်းရှင်များအသင်းမှ ကြိုးပမ်းလျက်ရှိကြောင်း သိရသည်။

**သန်းထိုက်၊ ဓာတ်ပုံ – သန်းစိုး**

*စာမျက်နှာ ၆ မှ*

မူပိုင်ခွင့်တရားရုံးတွင် တရားမအထွေထွေမှု လျှောက်ထားနိုင်သည်။[22]

ကုန်အမှတ်တံဆိပ် မူပိုင်ခွင့် အခွင့်အရေးရရှိသူသည် ပြစ်မှုကြောင်းအရဖြစ်စေ၊ တရားမကြောင်းအရဖြစ်စေ၊ အရေးယူပေးရန် မူပိုင်ခွင့်တရားရုံးသို့ လျှောက်ထားနိုင်သည်။[23]

မှတ်ပုံတင်အရာရှိသည် (က) အကျိုးသက်ဆိုင်သူတစ်ဦးဦး၏ လျှောက်ထားချက်အရ ပုဒ်မ-၂၊ ပုဒ်မခွဲ(ည) ပါ အဓိပ္ပာယ်ဖွင့်ဆိုချက်နှင့် မကိုက်ညီသော အမှတ်တံဆိပ်ဖြစ်ကြောင်း သို့မဟုတ် ပုဒ်မ ၁၃ ပါ ငြင်းပယ်ရန်ခိုင်လုံသည့် အကြောင်းပြချက်တစ်ရပ်ရပ်ကြောင့် မှတ်ပုံတင်ခွင့်မရရှိသင့်သည့် အမှတ်တံဆိပ်ဖြစ်ကြောင်း အထောက်အထားခိုင်လုံလျှင် (ခ) အကျိုးသက်ဆိုင်သူတစ်ဦးဦး၏ လျှောက်ထားချက်အရ ပုဒ်မ ၁၄ ပါ ငြင်းပယ်ရန် ဆက်စပ်သော အကြောင်းပြချက်တစ်ရပ်ရပ်ကြောင့် မှတ်ပုံတင်ခွင့်မရရှိသင့်သည့် အမှတ်တံဆိပ်ဖြစ်ကြောင်း အထောက်အထားခိုင်လုံလျှင် (ဂ) အမှတ်တံဆိပ်မှတ်ပုံတင်ခြင်းကို တရားမဝင်ကြောင်း ကြေညာပေးရန် လျှောက်ထားခြင်းနှင့်စပ်လျဉ်း၍ တရားရုံး၏ အပြီးသတ်ဆုံးဖြတ်ချက် သို့မဟုတ် စီရင်ချက်တို့ကို လက်ခံရရှိလျှင် ကုန်အမှတ်တံဆိပ်ဥပဒေပုဒ်မ-၅၀(က)/(ခ)/(ဂ) တို့အရ တရားမဝင်ကြောင်း ကြေညာရမည်ဖြစ်သည်။

ကုန်အမှတ်တံဆိပ်မူပိုင်ခွင့်ဥပဒေပါ ပြဋ္ဌာန်းချက်များကို သိရှိလိုက်နာခြင်းဖြင့် အမှတ်တံဆိပ်ကို အကာအကွယ်ပေးခြင်းအားဖြင့် ရင်းနှီးမြှုပ်နှံမှု၊ ကုန်သွယ်ရေးနှင့် ကူးသန်းရောင်းဝယ်ရေးလုပ်ငန်းများ ပိုမိုဖွံ့ဖြိုးတိုးတက်လာစေရန်၊ အမှတ်တံဆိပ်ပိုင်ရှင်နှင့် အခွင့်အရေးရရှိသူတို့၏ အကျိုးစီးပွားကို အကာအကွယ်ပေးနိုင်ရန်၊ အမှတ်တံဆိပ်တုပမှုနှင့် ကုန်ပစ္စည်းအတုများဈေးကွက်သို့ ဝင်ရောက်လာမှုကို ဟန့်တားနိုင်ခြင်းအားဖြင့် မျှတသော ဈေးကွက်ယှဉ်ပြိုင်မှုစနစ်ကို တည်ဆောက်ရန်နှင့် အများပြည်သူအတွက် ဘေးကင်းလုံခြုံသော ပတ်ဝန်းကျင် တစ်ရပ်ကို ဖန်တီးနိုင်ရန်၊ ဒေသဆိုင်ရာ အညွှန်းကို အကာအကွယ်ပေးခြင်းဖြင့် နိုင်ငံတော်မှထွက်ရှိသော ဒေသထုတ်ကုန်များ၏ အရည်အသွေးများကို မြှင့်တင်နိုင်ရန်နှင့် နိုင်ငံတကာဈေးကွက်သို့ ထိုးဖောက်ဝင်ရောက်နိုင်ခြင်းဖြင့် ဒေသတွင်းရှိ ပြည်သူများ၏ လူမှုစီးပွားဘဝ ပိုမိုဖွံ့ဖြိုးတိုးတက်လာစေရန်ဟူသော ဥပဒေ၏ ရည်ရွယ်ချက်ကို အကောင်အထည်ဖော် ဆောင်ရွက်ရာတွင် အလွယ်တကူ လေ့လာမှုပြုနိုင်စေရန် ကောက်နုတ်တင်ပြအပ်ပါသည်။


၁။ ဦးကျော်နှင့် ဦးဘအေးအမှု၊ ၁၉၆၂ ခုနှစ်၊ မြန်မာနိုင်ငံတရားစီရင်ထုံး၊ စာ-၁၈၇ (ရုံးချုပ်)
၂။ ကုန်အမှတ်တံဆိပ် မူပိုင်ခွင့်ဥပဒေပုဒ်မ - ၂(ဋ္ဌ)
၃။ ကုန်အမှတ်တံဆိပ် မူပိုင်ခွင့်ဥပဒေပုဒ်မ - ၂(တ)
၄။ ကုန်အမှတ်တံဆိပ် မူပိုင်ခွင့်ဥပဒေပုဒ်မ - ၃၈
၅။ ဦးချစ်ဆွေနှင့်မသန်းပါ ၄၊ ၁၉၅၈ ခုနှစ်၊ မြန်မာ နိုင်ငံတရားစီရင်ထုံး (တရားလွှတ်တော်)စာမျက်နှာ-၃၇၇၊ ဂေါ်ကန်လိုင်းနှင့် စောကျုံ ဆိုင်း၊ ၁၉၃၉ ခုနှစ်၊ ရန်ကုန် ၄၈၈ (စုံညီ)
၆။ ၁၉၆၁ ခုနှစ်၊ မြန်မာနိုင်ငံတရားစီရင်ထုံး စာမျက်နှာ-၁၃၆
၇။ အောင်ဂွမ်းချွမ်း(ခ)အောင်ချွမ်းပါ၂ နှင့် ဘီ၊ ဝိုင်၊ စီ ဆပ်ပြာအလုပ်ရုံ၊ ၁၉၆၆ ခုနှစ်၊ မြန်မာနိုင်ငံတရားစီရင်ထုံး၊ စာမျက်နှာ- ၁၀၃၈
၈။ မောင်ထွန်းလှိုင်နှင့် ဒေါ်ခင်သန်း၊ ၁၉၆၉ ခုနှစ်၊ မြန်မာနိုင်ငံတရားစီရင်ထုံး၊ စာမျက် နှာ-၁၆၈
၉။ ဦးမောင်မောင်(ခ)အလီဘိုင်နှင့် ဒေါ်ခင်သန်းမြင့် အမှု၊ ၁၉၇၅ ခုနှစ်၊ မြန်မာနိုင်ငံ တရားစီရင်ထုံး၊ စာမျက်နှာ-၇၂
၁၀။ ဂေါ်ရွမ်းဆွတ်နှင့် အီး၊ စီ၊ မဒါး ဘရားသား(စ်)အမှု၊ ၁၉၅၂ ခုနှစ်၊ မြန်မာနိုင်ငံတရားစီရင်ထုံး(တရားလွှတ်တော်)၊ စာမျက်နှာ-၁၃၆
၁၁။ ဆရာဦးညိုစိမ့်နှင့် ဆရာရှိန်အမှု၊ ၁၉၄၈ ခုနှစ်၊ မြန်မာနိုင်ငံ တရားစီရင်ထုံး၊ စာမျက်နှာ-၁၃၄
၁၂။ ဦးကျော်ကျော်ဝင်းပါ ၃ နှင့် ဦးမျိုးသန်းဝင်းအမှု (ပြည်ထောင်စုတရားလွှတ်တော်ချုပ်)၊ ၂၀၁၉ ခုနှစ်၊ တရားမအထူးအယူခံမှုအမှတ် ၉၁
၁၃။ ဦးမောင်မောင်(ခ)အလီဘိုင်နှင့် ဒေါ်ခင်သန်း မြင့်အမှု၊ ၁၉၇၅ ခုနှစ်၊ မြန်မာနိုင်ငံ တရားစီရင်ထုံး၊ စာမျက်နှာ-၇၂
၁၄။ ဦးအောင်နှင့် သာခုဖလင်ပရိုဒတ်ရှင်းအမှု၊ ၁၉၆၆ ခုနှစ်၊ မြန်မာနိုင်ငံတရားစီရင်ထုံး၊ စာမျက်နှာ-၁၁၂၂
၁၅။ ဦးတင်လတ်(ခ) ဦးစိုင်းလတ်ပါ ၂ နှင့် ဦးကျော်ငြိမ်း၊ ၂၀၀၁ ခုနှစ်၊ မြန်မာနိုင်ငံ တရားစီရင်ထုံး၊ စာမျက်နှာ-၂၁၆
၁၆။ ဂျွန်နီဝါကားနှင့် သားများလီမိတက်နှင့် ဦးသန်း ရွှေ၊ ၁၉၆၈ ခုနှစ်၊ မြန်မာနိုင်ငံ တရားစီရင်ထုံး၊ စာမျက်နှာ-၇၃
၁၇။ ကိုမောင်ငွေနှင့် မစ္စတာ ဘီ၊ လား(လ်)၊ ၁၉၆၂ ခုနှစ်၊ မြန်မာနိုင်ငံ တရားစီရင်ထုံး (တရား ရုံးချုပ်) စာမျက်နှာ-၉၃
၁၈။ ဦးထွန်းပါ ၂ နှင့် ဒေါ်သိန်းပါ ၂ အမှု၊ ၁၉၇၁ ခုနှစ်၊ မြန်မာနိုင်ငံ တရားစီရင်ထုံး၊ စာမျက်နှာ - ၈၃
၁၉။ ကုန်အမှတ်တံဆိပ် မူပိုင်ခွင့်ဥပဒေပုဒ်မ-၁၀၂
၂၀။ ကုန်အမှတ်တံဆိပ် မူပိုင်ခွင့်ဥပဒေပုဒ်မ-၇၈(က)
၂၁။ ကုန်အမှတ်တံဆိပ် မူပိုင်ခွင့်ဥပဒေပုဒ်မ-၇၈(ခ)
၂၂။ ကုန်အမှတ်တံဆိပ် မူပိုင်ခွင့်ဥပဒေပုဒ်မ-၇၇(က)
၂၃။ ကုန်အမှတ်တံဆိပ် မူပိုင်ခွင့်ဥပဒေပုဒ်မ-၇၇(ခ)


# သံဖြူဇရပ်မြို့နယ်အတွင်း ကျေးရွာဖွံ့ဖြိုးရေးလုပ်ငန်းများ ဆောင်ရွက်မှု ကွင်းဆင်းကြည့်ရှု

**နေပြည်တော် ဒီဇင်ဘာ ၂၅**

မွန်ပြည်နယ် သံဖြူဇရပ်မြို့နယ်တွင် မြစိမ်းရောင်ကျေးရွာစီမံကိန်း ဆောင်ရွက်နေသည့် ပိန္နဲတောကျေးရွာ၊ ရွာသာအေးကျေးရွာနှင့် ကျေးရွာမတည် ရန်ပုံငွေစီမံကိန်း (Type-2) ဆောင်ရွက်နေသည့် လင်မသာကျေးရွာတို့၏ လုပ်ငန်းဆောင်ရွက်နေမှုများကို မော်လမြိုင်ခရိုင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ လက်ထောက်ညွှန်ကြားရေးမှူး ဦးအောင်လွင်နှင့် တာဝန်ရှိသူများက ယနေ့တွင် ကွင်းဆင်းကြည့်ရှုစစ်ဆေးကြောင်း သိရသည်။

ကွင်းဆင်းကြည့်ရှုရာတွင် စီမံကိန်းကျေးရွာကော်မတီဝင်များနှင့် တွေ့ဆုံကာ စီမံကိန်းချေးငွေဖြင့် ကျေးရွာအလိုက် အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိသည့် စိုက်ပျိုးရေး၊ မွေးမြူရေး၊ အရောင်းအဝယ်၊ ကုန်ထုတ်လုပ်ငန်းများ၊ အသက်မွေးဝမ်းကျောင်းလုပ်ငန်းနှင့် ရေလုပ်ငန်းများ အကောင်အထည်ဖော်ဆောင်ရွက်နေမှု အခြေအနေများနှင့် ငွေစာရင်းပုံစံများ ဖြည့်သွင်းထားရှိမှု အခြေအနေများကို ကြည့်ရှုစစ်ဆေးကာ လိုအပ်ချက်များ ပေါင်းစပ်ညှိနှိုင်းပေးသည်။

ထို့ပြင် ၂၀၁၉ ခုနှစ် ဒီဇင်ဘာ ၂၇ ရက် ပြည်ထောင်စုလွှတ်တော်က အတည်ပြုပြဋ္ဌာန်းခဲ့သည့် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဥပဒေအား ကျေးရွာသူ၊ ကျေးရွာသားများ သိရှိစေရန်နှင့် ကျေးလက်ပြည်သူများ၏ ရပိုင်ခွင့်များ၊ လိုက်နာရမည့် တာဝန်များနှင့်စပ်လျဉ်း၍ ရှင်းလင်းပြောကြားကြောင်း သိရသည်။ **ဇော်ရှိန်း (ဓာတု)**

❖ *ရှေ့ဖုံးမှ*

အမေရိကန်ဒေါ်လာ ၆၁ ဒသမ ၃ သန်းနှင့် မြန်မာအစိုးရထည့်ဝင်ငွေ ၇ ဒသမ ၉၄၂ သန်း စုစုပေါင်း ၆၉ ဒသမ ၂၄၂ သန်းဖြင့် အကောင်အထည်ဖော်ဆောင်ရွက်သွားမည် ဖြစ်ကြောင်း သိရသည်။

အဆိုပါ တွံတေးတူးမြောင်း ဖွံ့ဖြိုးတိုးတက်ရေး လုပ်ငန်းများဆိုင်ရာ အသေးစိတ်ဒီဇိုင်းများ၊ နေရာများ ရှင်းလင်းတင်ပြခြင်း အခမ်းအနားကို ဒလမြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန သီရိဇေယျနော်ရထာခန်းမ၌ ယမန်နေ့က ပြုလုပ်သည်။

အခမ်းအနားတွင် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဒေါက်တာစိန်မြအေး က တွံတေးတူးမြောင်းဖွံ့ဖြိုးတိုးတက်ရေးသည် အရေးကြီးပါကြောင်း၊ စီမံကိန်းလုပ်ငန်းသည် ရေကြီးရေလျှံမှုများ ကာကွယ်နိုင်ခြင်းနှင့် ရေရှည်ဖွံ့ဖြိုးတိုးတက်မှုအတွက် များစွာအထောက်အကူပြုမည် ဖြစ်ပါကြောင်း၊ အမေရိကန်ဒေါ်လာ ၆၁ ဒသမ ၃ သန်း ကုန်ကျခံပြီး ဆောင်ရွက်မည့် စီမံကိန်းဖြစ်ပါကြောင်း၊ ခန့်မှန်း ၂၀၂၁ တွင် စပြီး ၂၀၂၆ ဧပြီလတွင် ပြီးစီးမည်ဟု လေ့လာသိရှိရပါကြောင်း၊ ထို့အပြင် ဒလမြို့နယ်၌ အင်မတန်ရှားပါးသော သောက်သုံးရေအတွက် တွံတေးတူးမြောင်းက ရေကို ဖြန့်ဝေမည့် စီမံချက်လည်း ကြိုးစားဆောင်ရွက်နေပါကြောင်း ပြောကြားသည်။

ထို့နောက် ရေအရင်းမြစ်နှင့် မြစ်ချောင်းများ ဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာန ညွှန်ကြားရေးမှူး ဦးဇော်လွင်က "တွံတေးတူးမြောင်း ဖွံ့ဖြိုးတိုးတက်ရေးစီမံကိန်းကို ကိုရီးယားနိုင်ငံ EDCF ချေးငွေဖြင့် ဆောင်ရွက်သွားမှာပါ။ သူတို့ရဲ့အဓိက ဦးစားပေးက ရေကြီးရေလျှံမှုတွေကို ကာကွယ်ပေးနိုင်ဖို့အတွက် ဖြစ်ပါတယ်။ ဒီဘက်မှာလည်း ရေကြီးရေလျှံမှုတွေ၊ မြစ်ကမ်းပါးပြိုမှုတွေ ဖြစ်ပေါ်တာတွေရှိပါတယ်၊ ဖြစ်တဲ့အနေအထားကို ဦးစားပေးပြီး ဆောင်ရွက်သွားမှာပါ။ စီမံကိန်းကာလကို အသေးစိတ်ဒီဇိုင်းရေးဆွဲပြီးတဲ့ကာလမှ စပြီးတော့ တည်ဆောက်တာ ငါးနှစ်ကြာမှာ ဖြစ်ပါတယ်။ စီမံကိန်းတန်ဖိုးက အမေရိကန်ဒေါ်လာ ၆၁ ဒသမ ၃ သန်း ဖြစ်ပါတယ်။ မြန်မာအစိုးရမှ ၇ ဒသမ ၉၄၂ သန်း ထည့်ဝင်ရပါတယ်။ စီမံခန့်ခွဲမှု မြေယာလျော်ကြေးနဲ့ ပြန်လည်နေရာချထားရေးအတွက် ဖြစ်ပါတယ်။ အဓိကရည်ရွယ်ချက်က တွံတေးတူးမြောင်းကို ရေရှည်ဖွံ့ဖြိုးတိုးတက်စေဖို့၊ စနစ်တကျ ထိန်းသိမ်းဖို့၊ ကမ်းပါးတိုက်စားခြင်းနဲ့ ရေလွှမ်းမှုကြောင့် ပျက်စီးဆုံးရှုံးမှုများကာကွယ်ရန် ဖြစ်ပါတယ်" ဟု တွံတေးတူးမြောင်းဖွံ့ဖြိုးတိုးတက် ရေးလုပ်ငန်းများဆိုင်ရာ လျာထား သောအသေးစိတ်ဒီဇိုင်းများ၊ နေရာများနှင့် ပတ်သက်၍ ရှင်းလင်းပြောကြားသည်။

တွံတေးတူးမြောင်း ဖွံ့ဖြိုးတိုးတက်ရေး စီမံကိန်းအနေဖြင့် သုည မိုင်မှစ၍ ခုနစ်မိုင် တွံတေးကြိုးတံတားအထိ မြစ်ကမ်းပါး ထိန်းသိမ်းခြင်းလုပ်ငန်းများကို ဆောင်ရွက်သွားမည်ဖြစ်ပြီး စီမံကိန်းကာလမှာ ၆၉ လ (ဒီဇိုင်းရေးဆွဲချိန် ကိုးလနှင့် တည်ဆောက်ရေးကာလ ငါးနှစ်) ဖြစ်သည်။ လက်ရှိအချိန်တွင် တွံတေးတူးမြောင်းအတွင်း တစ်နေ့လျှင် သင်္ဘောအစင်းရေ ၁၆၇ စင်းခန့် ပုံမှန်သွားလာလျက်ရှိပြီး ဒေသစက်လှေများလည်း နေ့စဉ်ဖြတ်သန်း သွားလာလျက်ရှိကြောင်း သိရသည်။

ဆက်လက်၍ Recource and Environment Myanmar Co.,Ltd မှ ဒါရိုက်တာ ဦးကျော်ဇင်ဝင်း က စီမံကိန်း သက်ရောက်မည့် နေရာများတွင် အသေးစိတ် စစ်တမ်းကောက်ယူမည့် အစီအစဉ်များကို တင်ပြခဲ့သည်။ ယင်းနောက် တက်ရောက်လာသူများက အသီးသီးဆွေးနွေးခဲ့ကြသည်။

တွံတေးတူးမြောင်းဖွံ့ဖြိုးတိုးတက်ရေး စီမံကိန်းလုပ်ငန်းများ ဆောင်ရွက်ရာတွင် တူးမြောင်းတစ်လျှောက်ရှိ မြေယာဆုံးရှုံးမှု၊ မြေယာပိုင်ဆိုင်မှု အထောက်အထား၊ အဆောက်အအုံများ ဆုံးရှုံးမှု၊ သီးနှံဆုံးရှုံးမှုနှင့် ဈေးကွက်လေ့လာခြင်းကို အသေးစိတ်တိုင်းတာ ကွင်းဆင်းခြင်းအား ၂၀၂၁ ခုနှစ် ဇန်နဝါရီလ ပထမပတ်တွင် တွံတေးမြို့နယ်၊ ဇန်နဝါရီလ နောက်ဆုံးပတ်တွင် ဒလမြို့နယ်နှင့် ဖေဖော်ဝါရီလ ပထမပတ်တွင် ဆိပ်ကြီးခနောင်တိုမြို့နယ်တို့တွင် Recource and Environment Myanmar Co.,Ltd က သဘာဝပတ်ဝန်းကျင်နှင့် လူမှုပတ်ဝန်းကျင်ထိခိုက်မှု ဆန်းစစ်လေ့လာခြင်းနှင့် ပြန်လည်နေရာချထားရေး အစီအစဉ်များကို ရေးဆွဲသွားမည်ဖြစ်ပြီး လျော်ကြေး တွက်ချက်မှု၊ မြေယာပြန်လည်နေရာချထားမှုနှင့် လျော်ကြေးငွေ၊ အသက်မွေးဝမ်းကျောင်း ပြန်လည်နေရာချထားမှု၊ အခြားထောက်ပံ့မှုများကို ရန်ကုန်တိုင်းဒေသကြီး မြေယာလျော်ကြေးနှင့် မြေနေရာချထားရေး ညှိနှိုင်းဆောင်ရွက်ရေး ကော်မတီမှ ဆောင်ရွက်သွားမည် ဖြစ်ကြောင်း သိရသည်။

**နိုင်လင်းကျော် (ဒလ)**

**မြန်မာနိုင်ငံဝိဇ္ဇာနှင့်သိပ္ပံ ပညာရှင်အဖွဲ့**

ရန်ကုန်တက္ကသိုလ်၊ ရန်ကုန်စီးပွားရေးတက္ကသိုလ်၊ ရန်ကုန်ပညာရေးတက္ကသိုလ်နှင့် ရန်ကုန်နိုင်ငံခြားဘာသာတက္ကသိုလ်တို့တွင် ၂၀၂၀ ပြည့်နှစ်၊ ဒီဇင်ဘာလ (၂၁-၂၃) ရက်အတွင်း ကျင်းပခဲ့သော အကြိမ် (၂၀) မြောက် သုတေသနညီလာခံ၌ အွန်လိုင်းစနစ်ဖြင့် တင်ပြဆွေးနွေးသွားသော တက္ကသိုလ်/ကောလိပ်များမှ စာတမ်းရှင်သုတေသီများအား အကောင်းဆုံးသုတေသနစာတမ်းဆု (Best Paper Award) နှင့် ၂၀၂၀ ပြည့်နှစ် ပါရဂူကျမ်းအတွက် ချီးမြှင့်သော ပညာရှင်အဖွဲ့ဆု (Academy Award) ဆု ရသူများစာရင်း ကြေညာခြင်း။

*(ယမန်နေ့မှအဆက်)*

## အကောင်းဆုံးသုတေသနစာတမ်းဆု (Best Paper Award) ဆု ရရှိသူများစာရင်း

တက္ကသိုလ်၊ ကောလိပ် (၆၁) ကျောင်း၊ ဘာသာရပ်ပေါင်း (၂၉) ဘာသာ၊ စာတမ်းပေါင်း (၈၆၂) စောင် တင်ပြဆွေးနွေးသည့်အနက် (၂၆ ) ဦး ဆုရရှိခဲ့ကြပါသည်။

| စဉ် | ဆုရဘာသာရပ် | အမည် | |
|---|---|---|---|
| ၁။ | မြန်မာစာ (စာပေ) |  | ဒေါက်တာ ချောစုမာဝင်း<br>တွဲဖက်ပါမောက္ခ<br>နည်းပညာတက္ကသိုလ် (မအူပင်) |
| ၂။ | မြန်မာစာ (ဘာသာ) |  | ဒေါက်တာခင်နီမော်အောင်<br>ကထိက<br>ရန်ကုန်တက္ကသိုလ် |
| ၃။ | အင်္ဂလိပ်စာ |  | ဒေါ်မြမြ<br>ကထိက<br>အင်္ဂလိပ်ဘာသာစကား<br>အမျိုးသားဗဟိုဌာန |
| ၄။ | ပထဝီဝင် |  | ဒေါက်တာ အောင်ဆွေ<br>တွဲဖက်ပါမောက္ခ<br>ရန်ကုန်တက္ကသိုလ် |
| ၅။ | သမိုင်း |  | ဒေါက်တာ ထားသက်သက်ဦး<br>တွဲဖက်ပါမောက္ခ<br>မကွေးတက္ကသိုလ် |
| ၆။ | ဒဿနိကဗေဒ |  | ဒေါက်တာလေးနွယ်<br>တွဲဖက်ပါမောက္ခ<br>မန္တလာတက္ကသိုလ် |
| ၇။ | စိတ်ပညာ |  | ဒေါက်တာနီလာကြူ<br>ပါမောက္ခ၊ ဌာနမှူး<br>ရန်ကုန်တက္ကသိုလ် |
| ၈။ | နိုင်ငံတကာ<br>ဆက်ဆံရေးပညာ |  | ဒေါက်တာ ချောချောစုဝင်း<br>ကထိက<br>ရန်ကုန်နိုင်ငံခြားဘာသာ<br>တက္ကသိုလ် |
| ၉။ | အရှေ့တိုင်းပညာ |  | ဒေါက်တာ ဇင်မာဦး<br>တွဲဖက်ပါမောက္ခ<br>မန္တလေးတက္ကသိုလ် |
| ၁၀။ | ရှေးဟောင်း<br>သုတေသနပညာ |  | ဒေါက်တာ စိုးနီထွန်း<br>တွဲဖက်ပါမောက္ခ<br>မန္တလေးတက္ကသိုလ် |
| ၁၁။ | မနုဿဗေဒ |  | ဒေါက်တာ လှမော်မော်<br>တွဲဖက်ပါမောက္ခ<br>ရန်ကုန်တက္ကသိုလ် |
| ၁၂။ | ဓာတုဗေဒ |  | ဒေါက်တာ နှင်းယုဝင်း<br>တွဲဖက်ပါမောက္ခ<br>မန္တလေးတက္ကသိုလ် |
| ၁၃။ | ရူပဗေဒ |  | မမေခင်ချော<br>၂-ပါရဂူကျောင်းသူ<br>ရန်ကုန်တက္ကသိုလ် |
| ၁၄။ | သတ္တဗေဒ |  | ဒေါက်တာ ညိုညိုလွင်<br>ပါမောက္ခ၊ ဌာနမှူး<br>ရန်ကုန်ပညာရေးတက္ကသိုလ် |
| ၁၅။ | ရုက္ခဗေဒ |  | ဒေါ်ဖူးဝင့်ရည်သော်<br>လက်ထောက်ကထိက<br>ရန်ကုန်တက္ကသိုလ် |
| ၁၆။ | ကွန်ပျူတာသိပ္ပံ |  | ဒေါက်တာ ချောစုလွင်<br>ကထိက<br>ရန်ကုန်တက္ကသိုလ် |
| ၁၇။ | ဘူမိဗေဒ |  | ဒေါက်တာ ထွန်းနိုင်ဇော်<br>တွဲဖက်ပါမောက္ခ<br>ရန်ကုန်တက္ကသိုလ် |
| ၁၈။ | အဏ္ဏဝါသိပ္ပံ |  | ဒေါက်တာ စအောင်မျိုးဌေး<br>တွဲဖက်ပါမောက္ခ<br>ပုသိမ်တက္ကသိုလ် |

*စာမျက်နှာ ၉ သို့*

# ပုဇွန်တောင်မြို့နယ်ရှိ ပြည်တော်သစ် ပြည်သူ့အိမ်ရာ ဖွင့်ပွဲအခမ်းအနားကျင်းပ



**ရန်ကုန် ဒီဇင်ဘာ ၂၅**

ရန်ကုန်တိုင်းဒေသကြီး ပုဇွန်တောင်မြို့နယ်ရှိ ပြည်တော်သစ် ပြည်သူ့အိမ်ရာ ဖွင့်ပွဲအခမ်းအနားကို ယနေ့ နံနက် ၉ နာရီက ကျင်းပသည်။

အဆိုပါပြည်တော်သစ်ပြည်သူ့အိမ်ရာ အဆောက်အအုံကို တိုင်းဒေသကြီး လျှပ်စစ်၊ စက်မှုလက်မှုနှင့် လမ်းပန်းဆက်သွယ်ရေးဝန်ကြီး ဒေါ်နီလာကျော်၊ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးမြင့်လွင်၊ တိုင်းဒေသကြီး လွှတ်တော်ကိုယ်စားလှယ် အမှတ်(၂) ဦးတင့်လွင်၊ မြို့ပြနှင့် အိမ်ရာဖွံ့ဖြိုးရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးမင်းထိန်နှင့် Yangon Metropolitan Development ကုမ္ပဏီဥက္ကဋ္ဌ ဒေါ်မေမေသွယ်တို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြသည်။

ယင်းနောက် တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးဖြိုးမင်းသိန်း၊ ဆောက်လုပ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာကျော်လင်းနှင့် တိုင်းဒေသကြီးလွှတ်တော်ဥက္ကဋ္ဌ ဦးတင်မောင်ထွန်းတို့က ကမ္ပည်းမော်ကွန်းကို စက်ခလုတ်နှိပ် ဖွင့်လှစ်ပေးသည်။ (ဓါတ်ပုံ)

ဆက်လက်၍ ပြည်တော်သစ် ပြည်သူ့အိမ်ရာ တည်ဆောက်မှုမှတ်တမ်း ဗီဒီယိုကို ပြသပြီး ဒုတိယဝန်ကြီး ဒေါက်တာကျော်လင်းနှင့် တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးဖြိုးမင်းသိန်းတို့က အမှာစကား ပြောကြားကြသည်။ ထို့နောက် တိုင်းဒေသကြီး ဝန်ကြီးချုပ်၊ ဒုတိယဝန်ကြီး၊ တိုင်းဒေသကြီးဝန်ကြီးများနှင့် တာဝန်ရှိသူများက ပြည်တော်သစ် ပြည်သူ့အိမ်ရာကို လှည့်လည်ကြည့်ရှုကြသည်။

အဆိုပါပြည်တော်သစ်ပြည်သူ့အိမ်ရာကို ဆောက်လုပ်ရေးဝန်ကြီးဌာနနှင့် ရန်ကုန်တိုင်းဒေသကြီး အစိုးရအဖွဲ့တို့၏ ဦးဆောင်မှုဖြင့် MKT ဆောက်လုပ်ရေးကုမ္ပဏီက တာဝန်ယူ တည်ဆောက်ခဲ့သည်။ အဆိုပါ အဆောက်အအုံတွင် ဓာတ်လှေကား လေးခု၊ ထရန်စဖော်မာသုံးလုံး၊ အမှိုက်စွန့်ပစ်စနစ်နှင့် မီးသတ်စနစ်များပါဝင်ပြီး စီမံကိန်းတန်ဖိုး စုစုပေါင်းမှာ ငွေကျပ် ၁၃ ဒသမ ၉ ဘီလီယံရှိသည်။ အဆိုပါ အိမ်ရာတွင် တိုက်ခန်းပေါင်း ၁၇၈ ခန်းရှိပြီး ၁၄၂ ခန်း နေရာချထားပေးပြီးဖြစ်ကြောင်း သိရသည်။

**အောင်မြင့်(ပြန်/ဆက်)**

---

*❊ ကျောဖုံးမှ*

တောင်သမန်အင်း၏ အရှေ့တောင်ဘက်ရှိ ရွာသစ်ကျေးရွာအနီးတွင် စက္ကူပန်းပင်ပေါင်း တစ်သိန်းကျော်ဖြင့် မြေယာရှုခင်းပြုပြင်ကာ စက္ကူပန်းနန်းတော် အပန်းဖြေဥယျာဉ်ကို အကောင်အထည်ဖော် ပြင်ဆင်လျက်ရှိကြောင်း ၎င်းက ပြောကြားသည်။

မန္တလေးမြို့မှာ ခရီးသွားတွေကို ဆွဲဆောင်နိုင်အောင်၊ အပန်းဖြေလည်ပတ်စရာ နေရာတစ်ခုဖြစ်အောင် တည်ဆောက်ထားကြောင်း၊ မြေကေရှစ်ကေလောက်အတွင်းမှာ စက္ကူပန်းမျိုးရင်းပေါင်း ၇၀ ကျော်၊ အရောင်ကွဲပေါင်း ၃၀ ကျော်နဲ့ စက္ကူပန်းပင်ပေါင်း တစ်သိန်းကျော်နဲ့ ပုံဖော်ဆောင်ရွက်နေတာ တော်တော်များများ ပြီးစီးနေပါပြီ။ စက္ကူပန်းက အနံ့မရှိပေမယ့် ကမ္ဘာ့နိုင်ငံတော်တော်များမှာ စက္ကူပန်းနဲ့ အလှဆင်ပုံဖော်တာတွေ တွေ့နိုင်ပါတယ်။ အရောင်အသွေးစုံပန်းတွေကို မြေယာရှုခင်းပုံတွေ ပုံဖော်နေသလိုမျိုး ခံစားနိုင်အောင်လို့ပါ။ မန္တလေးမြို့မှာ ပြည်သူလူထုအပန်းဖြေစရာနေရာတစ်ခု ဖြစ်လာအောင် ရည်ရွယ်ကာ ဆောင်ရွက်ထားပါတယ်။ ပန်းဥယျာဉ်အတွင်းမှာ ကလေးကစားကွင်းတွေ၊ ဓာတ်ပုံရိုက်စရာနေရာတွေ၊ ပန်းဝက်ပါတွေ၊ စားသောက်ဆိုင်တွေ၊ နေဝင်ဆည်းဆာ ကြည့်ရှုရမယ့် တောင်ကုန်းတွေပါ ဆောင်ရွက်ထားပါတယ်။ စက္ကူပန်းပျိုးပင် အရောင်းစင်တာလည်း ဖွင့်လှစ်ထားပါတယ်။ ကိုဗစ်အလွန်ကာလမှာ ဖွင့်လှစ်နိုင်အောင် ပြင်ဆင်နေပါတယ်”ဟု မန်နေဂျာ ဦးစိုးဝင်းအောင်က ပြောသည်။

“စက္ကူပန်းနန်းတော်ဖွင့်လှစ်ပါက လူအများ စိတ်ဝင်စားစရာ နေရာတစ်ခု ဖြစ်လာနိုင်တဲ့အပြင် ပန်းဥယျာဉ်ကြီး ထိန်းသိမ်းရေးလုပ်ငန်းများဖြစ်တဲ့ ရေလောင်းပေါင်းသင်တာတွေ၊ စက္ကူပန်းမျိုးခွဲတာတွေ၊ အရောင်ခွဲတာတွေ၊ ပုံသွင်းတာတွေ ဆောင်ရွက်ဖို့ ဒေသခံများအတွက် အလုပ်အကိုင်အခွင့်အလမ်းတွေ ဖန်တီးပေးတဲ့နေရာတစ်ခုလည်း ဖြစ်လာမယ်”ဟု ၎င်းက ဆက်လက်ပြောသည်။

ကိုဗစ်အလွန်ကာလ ခရီးသွားလာမှု ပြန်လည်မြင့်တက်လာချိန်တွင် မန္တလေးမြို့၌ ခရီးသွားများ လာရောက်လည်ပတ်စရာ ပန်းဥယျာဉ်အဖြစ် အဆင်သင့်ဖြစ်ရန် ပြင်ဆင်လျက်ရှိပြီး စက္ကူပန်းနန်းတော်ဖွင့်လှစ်ပါက လူအများ စိတ်ဝင်စားစရာနေရာတစ်ခုဖြစ်လာနိုင်သည့်အပြင် ဒေသခံများကိုလည်း အလုပ်အကိုင် အခွင့်အလမ်းများစွာ ရရှိလာနိုင်မည်ဖြစ်ကြောင်း သိရသည်။

**သန်းဇော်မင်း(ပြန်/ဆက်)**

---

## ပအိုဝ်းကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ၌ နယ်စပ်ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများဆောင်ရွက်

**ဟိုပုံး ဒီဇင်ဘာ ၂၅**

နယ်စပ်ရေးရာဝန်ကြီးဌာန နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနမှ ရှမ်းပြည်နယ် တောင်ပိုင်း ပအိုဝ်းကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ ဒေသအတွင်း (၂၀၂၀-၂၀၂၁) ဘဏ္ဍာရေးနှစ် နယ်စပ်ဒေသဖွံ့ဖြိုးရေး ပြည်ထောင်စုရန်ပုံငွေကျပ် ၉၆ ဒသမ ၉၇၄ သန်းဖြင့် ဆီဆိုင်မြို့နယ် ပါလောပါကယ်ကျေးရွာအုပ်စု ကျားတောင်-ကောင်ပန်တန်းကျောက်လမ်း (၆/၀)မိုင် အနက်(၂/၂)မိုင် ကတ္တရာထပ်ပိုးလွှာခင်းပြီးကျန် (၃/၆)မိုင်မှ (၁/၀)မိုင်အား ကတ္တရာထပ်ပိုးလွှာခင်းခြင်းလုပ်ငန်း စတင်ဆောင်ရွက်လျက်ရှိရာ ဟိုပုံးမြို့နယ် ဖွံ့ဖြိုးမှုကြီးကြပ်ရေးရုံးမှ တာဝန်ရှိသူများသည် လုပ်ငန်းအချိန်မီပြီးစီးရေးနှင့် အရည်အသွေးကောင်းမွန်ရေးအတွက် ဒီဇင်ဘာလ ပထမပတ်တွင် ကွင်းဆင်းစစ်ဆေးခဲ့ရာ ကတ္တရာထပ်ပိုးလွှာခင်းခြင်းလုပ်ငန်း(၁/၀)မိုင်အနက် (၀/၆)မိုင် ပြီးစီးပြီဖြစ်သည်။

အဆိုပါ ကျောက်လမ်း(၆/၀)မိုင်အား ကတ္တရာထပ်ပိုးလွှာခင်းခြင်းလုပ်ငန်း ပြီးစီးပါက ဆီဆိုင်မြို့နယ်တစ်ခုလုံးနှင့် ဟိုပုံးမြို့နယ်၊ ပင်လောင်းမြို့နယ်၊ တောင်ကြီးမြို့နယ်များသို့ သွားလာရန် ယခင်ကထက် ပိုမိုလွယ်ကူမှုရှိပြီး ဒေသတွင် လမ်းပန်းဆက်သွယ်ရေး ကောင်းမွန်လာကြောင်း၊ ကျေးရွာအုပ်စု နှစ်အုပ်စု၊ ကျေးရွာ ၁၀ ရွာ၊ အိမ်ခြေ ၆၅၆ အိမ်၊ အိမ်ထောင်စု ၆၇၀ ၊ လူဦးရေ ၃၀၈၂ ဦးခန့်၏ စီးပွားရေး၊ ပညာရေး၊ လူမှုရေး၊ ကျန်းမာရေးကဏ္ဍများ ယခင်ထက် ပိုမိုဖွံ့ဖြိုး တိုးတက်လာမည်ဖြစ်ကြောင်း သိရသည်။

**ဟိုပုံး(ပြန်/ဆက်)**

---

## ရေးမြို့နယ်၌ မြစိမ်းရောင်အတိုးရငွေဖြင့် ကျေးရွာဖွံ့ဖြိုးရေးလုပ်ငန်းဆောင်ရွက်

**ရေး ဒီဇင်ဘာ ၂၅**

မွန်ပြည်နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိသော မြစိမ်းရောင်ကျေးရွာ စီမံကိန်း ကျေးရွာတစ်ရွာဖြစ်သော ရေးမြို့နယ် ဘဲလမုကျေးရွာတွင် စီမံကိန်း အတိုးရငွေနှင့် ပြည်သူများထည့်ဝင်ငွေ စုစုပေါင်း ခန့်မှန်းကုန်ကျငွေကျပ် ၁၁၄ သိန်းဖြင့် ကျေးရွာဘက်စုံသုံးခန်းမ တည်ဆောက်လျက်ရှိသည်။

အဆိုပါ ဘဲလမုကျေးရွာသည် အိမ်ခြေ ၃၄၄ အိမ်၊ လူဦးရေ ၂၅၅၆ ဦးရှိပြီး မြစိမ်းရောင်ကျေးရွာ စီမံကိန်းကို ၂၀၁၆-၂၀၁၇ ဘဏ္ဍာရေးနှစ်မှစ၍ အကောင်အထည်ဖော် ဆောင်ရွက်ခဲ့ရာ အတိုးရငွေမှ ငွေကျပ် ၉၈ သိန်းနှင့် ကျေးရွာနေပြည်သူများ ထည့်ဝင်ငွေကျပ် ၁၆ သိန်းဖြင့် ကျေးရွာခန်းမ တည်ဆောက်ခြင်းလုပ်ငန်းကို တည်ဆောက်လျက်ရှိသည်။ ကျေးရွာခန်းမ တည်ဆောက်ခြင်းလုပ်ငန်းသို့ ဒီဇင်ဘာလ တတိယပတ်က ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူးနှင့်အဖွဲ့က ကွင်းဆင်းကြည့်ရှုပြီး လိုအပ်သည်များ ကူညီဆောင်ရွက်ပေးကြောင်း သိရသည်။

**မိုးဝင်း(ကျေးလက်)**

---

*စာမျက်နှာ ၈ မှ*

| စဉ် | ဆုရဘာသာရပ် | အမည် | |
|---|---|---|---|
| ၁၉။ | ကုန်ထုတ်ဓာတုဗေဒ |  | ဒေါက်တာ ကြည်သာသော်<br>ကထိက<br>ဒဂုံတက္ကသိုလ် |
| ၂၀။ | စာရင်းအင်းပညာ |  | ဒေါက်တာ မြသန္တာ<br>ပါမောက္ခ<br>ရန်ကုန်စီးပွားရေးတက္ကသိုလ် |
| ၂၁။ | စီမံခန့်ခွဲမှုပညာ |  | ဒေါက်တာ မြင့်မြင့်ကြည်<br>ပါမောက္ခ<br>ရန်ကုန်စီးပွားရေး တက္ကသိုလ် |
| ၂၂။ | ဥပဒေပညာ |  | ဒေါက်တာ ဖြူဖြူသင်း<br>ကထိက<br>ရန်ကုန်တက္ကသိုလ် |
| ၂၃။ | သင်ပြနည်း |  | ဒေါ်မို့ခက်ခက်ဦး<br>လက်ထောက်ကထိက<br>ရန်ကုန်ပညာရေးတက္ကသိုလ် |
| ၂၄။ | ပညာရေးသဘောတရား |  | ဒေါက်တာ စုချမ်းမြေ့<br>ကထိက<br>ရန်ကုန်ပညာရေးတက္ကသိုလ် |
| ၂၅။ | ပညာရေးစိတ်ပညာ |  | ဦးကျော်သက်<br>အထက်တန်းပြ<br>အထက-တင်ငုတ်ပြင်<br>ပေါက်မြို့နယ်၊ မကွေးတိုင်းဒေသကြီး |
| ၂၆။ | ခရီးသွားလုပ်ငန်းပညာ |  | ဒေါက်တာ အေးသန္တာစိုး<br>ပါမောက္ခ၊ ဌာနမှူး<br>အမျိုးသားစီမံခန့်ခွဲမှုပညာဒီဂရီကောလိပ် |

**ပညာရှင်အဖွဲ့ဆု (Academy Award) ရရှိသူများနှင့် အကောင်းဆုံးသုတေသနစာတမ်းဆု (Best Paper Award) ရရှိသူများသည် ဂုဏ်ပြုကတ်နှင့် ဆုချီးမြှင့်ငွေများ ထုတ်ယူရန် မြန်မာနိုင်ငံဝိဇ္ဇာသိပ္ပံပညာရှင်အဖွဲ့၏ Website www.maas.edu.mm သို့ ဝင်ရောက်ကြည့်ရှုနိုင်ပါကြောင်း အသိပေးအပ်ပါသည်။**

# မကွေးမြို့နယ်မှ နှမ်းကုန်ချောထုတ်စက်ရုံ လုပ်ငန်းများကို တိုင်းဒေသကြီးဝန်ကြီးချုပ် ကြည့်ရှုစစ်ဆေး

**မကွေး ဒီဇင်ဘာ ၂၅**

မကွေးမြို့နယ် ကန်ပြားကျေးရွာနှင့် ငွေးတောက်စမ်းကျေးရွာကြားတွင် စက်ရုံတည်ဆောက်၍ နှမ်းကုန်ကြမ်းမှ တစ်ဆင့် တန်ဖိုးမြှင့်ထုတ်ကုန်များအဖြစ် ထုတ်လုပ်နေသော နှမ်းကုန်ချောထုတ်စက်ရုံသို့ မကွေးတိုင်းဒေသကြီး ဝန်ကြီးချုပ် ဒေါက်တာအောင်မိုးညို၊ တိုင်းဒေသကြီး စိုက်ပျိုးမွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီး ဦးဝင်းမော်ငွေးနှင့် တာဝန်ရှိသူများက ဒီဇင်ဘာ ၂၄ ရက်တွင် ကွင်းဆင်းစစ်ဆေး ကြည့်ရှုခဲ့ကြသည်။

တိုင်းဒေသကြီး ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာန ညွှန်ကြားရေးမှူး ဦးမျိုးအောင်က ဝန်ကြီးချုပ်အား အဆိုပါစက်ရုံကို ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာန နှင့် PC Myanmar တို့ ပူးပေါင်း၍ အကောင်အထည်ဖော်ဆောင်ရွက်ထားခြင်းဖြစ်ပြီး ပဲထောပတ်နှင့် နှမ်းထောပတ်များ ထုတ်လုပ်လျက်ရှိကြောင်းနှင့် တောင်သူများအတွက် ရေရှည်တည်တံ့သည့် အကျိုးစီးပွား ဖြစ်ထွန်းလာစေရန် ရည်ရွယ်လျက် တောင်သူများကိုယ်တိုင် စီမံခန့်ခွဲနိုင်ရေး စီစဉ်ဆောင်ရွက်ပေးနေသည့် အခြေအနေများကို ရှင်းလင်းတင်ပြသည်။

ထို့နောက် နှမ်းစက်ရုံတာဝန်ခံက စက်ရုံလည်ပတ်နေမှု အခြေအနေများ၊ ပဲထောပတ်၊ နှမ်းထောပတ်များ ထုတ်လုပ်ပြီး ရန်ကုန်နှင့် မန္တလေးရှိ အရောင်းစင်တာ ၃၇ ခုနှင့် အခြားမြို့များသို့ အမှာစာပေးပို့ ရောင်းချနေမှု အခြေအနေများနှင့် EU နိုင်ငံများသို့ ဈေးကွက်ချိတ်ဆက်နိုင်အောင် စီမံဆောင်ရွက်နေမှု အခြေအနေများကို ဝန်ကြီးချုပ်အား ရှင်းလင်းတင်ပြခဲ့သည်။

ဝန်ကြီး ဦးဝင်းမော်ငွေးကလည်း စက်ရုံနှင့်ပတ်သက်၍ လိုအပ်ချက်များကို ဖြည့်စွက်ရှင်းလင်း တင်ပြခဲ့ပြီးနောက် ဝန်ကြီးချုပ်က ဒေသခံတောင်သူများအား ပညာပေးစည်းရုံးမှုများ တိုးချဲ့လုပ်ဆောင်သွားကြရန်နှင့် စက်ရုံ၏ ကုန်ချောထုတ်လုပ်မှုများ ပိုမိုတိုးတက်လာအောင် ဆောင်ရွက်ကြရန် နှမ်းကုန်ချောထုတ်စက်ရုံမှ တာဝန်ရှိသူများအား လမ်းညွှန်မှာကြားခဲ့သည်။

ဇေယျာတု(မကွေး)



နှမ်းကုန်ချောထုတ်စက်ရုံအတွင်း ဝန်ကြီးချုပ် ဒေါက်တာအောင်မိုးညို ကြည့်ရှုစစ်ဆေးနေစဉ်။

# ကိုဗစ်-၁၉ ရောဂါ ကာကွယ်၊ ထိန်းချုပ်ရေး အဝါရောင်ကမ်ပိန်းလှုပ်ရှားမှု ရန်ကုန်မြို့တွင် စတင်ပြုလုပ်

**ရန်ကုန် ဒီဇင်ဘာ ၂၅**

ကိုဗစ်-၁၉ ရောဂါ ကာကွယ်၊ ထိန်းချုပ်ရေးတွင် ပြည်သူလူထု ပူးပေါင်းပါဝင်လာစေရေးအတွက် ရန်ကုန်တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးဖြိုးမင်းသိန်း ဦးဆောင်ကာ Stop Covid-19 အဝါရောင် ကမ်ပိန်းလှုပ်ရှားမှုကို ယနေ့နံနက်ပိုင်းက ရန်ကုန်မြို့ မဟာဗန္ဓုလပန်းခြံရှေ့၌ ပြုလုပ်သည်။

ကမ်ပိန်းလှုပ်ရှားမှုတွင် ရန်ကုန်တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးဖြိုးမင်းသိန်း ဦးဆောင်ကာ YBS ယာဉ်များအား ကိုဗစ်-၁၉ အသိပေးစာတန်းပါ စတေကာများကပ်ခြင်း၊ ခရီးသွားပြည်သူများအား နှာခေါင်းစည်းများ အခမဲ့ဝေငှခြင်းတို့ကို ဆောင်ရွက်ကြသည်။ **(အောက်ပုံ)**

“အဝါရောင်ပေါ်မှာ mask တပ်ပါ။ လက်ဆေးပါ။ ခပ်ခွာခွာနေပါ။ ဒါတွေကို ရေးပြီးတော့ ပြည်သူလူထုကို အသိပေးတာပါ။ Yellow Sticker ကမ်ပိန်းဆိုရင်လည်း မမှားပါဘူး။ အဓိကရည်ရွယ်တာက ပြည်သူလူထုကို အမူအကျင့်ပြောင်းလဲသွားဖို့လိုတယ်ဆိုတာ အသိပေးလိုတဲ့အတွက် လိုက်နာဆောင်ရွက်စေလိုတဲ့အတွက် ဆောင်ရွက်တာဖြစ်ပါတယ်” ရန်ကုန်တိုင်းဒေသကြီး ပြည်သူ့ကျန်းမာရေးနှင့် ကုသရေးဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူးချုပ် ဒေါက်တာထွန်းမြင့်က ပြောသည်။

ဆက်လက်၍ ၎င်းက “ကိုဗစ်-၁၉ ကာကွယ်ဆေးရပြီးရင်လည်းပဲ ကိုဗစ်-၁၉ နဲ့အတူ နေထိုင်သွားဖို့ရှိတယ်။ အဲဒီလိုနေထိုင်သွားတဲ့အခါ ဘယ်လိုနေထိုင်သွားကြမလဲဆိုတာ အလွန်အရေးကြီးပါတယ်။ အခုဆိုရင် တော်တော်များများလည်း သိပါတယ်။ နှာခေါင်းစည်းတပ်ပါ။ လက်ဆေးပါ။ ခပ်ခွာခွာနေပါ။ ဒါတွေအားလုံး သိပြီးသားပါပဲ။ သိပေမယ့်လည်း ဒီဟာကို အမူအကျင့်ရသွားတဲ့အထိကို အလေးထား ဆောင်ရွက်သွားဖို့လိုပါတယ်။ ပြည်သူလူထုရဲ့ အမူအကျင့်ပြောင်းလဲသွားတဲ့အထိ ဆောင်ရွက်ဖို့ ရည်ရွယ်ပြီးတော့ ဒီကမ်ပိန်းကို ယနေ့စတင် ပြုလုပ်တာဖြစ်ပါတယ်”ဟု ပြောသည်။

အဆိုပါ ကမ်ပိန်းလှုပ်ရှားမှုကို ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့၊ ပြည်သူ့ကျန်းမာရေးနှင့် ကုသရေးဦးစီးဌာန၊ YRTA နှင့် ဌာနဆိုင်ရာများ ပူးပေါင်းကာ ဆောင်ရွက်ခြင်းဖြစ်ကြောင်း သိရသည်။

သတင်း-မင်းသစ်(MNA)၊ ဓာတ်ပုံ-ဆန်းကျော်ဦး



# ရေးမြို့နယ်တွင် အိမ်ထောင်စုလူဦးရေစာရင်းနှင့် နိုင်ငံသားစိစစ်ရေးကတ်ပြားများ ပေးအပ်

**ရေး ဒီဇင်ဘာ ၂၅**

မွန်ပြည်နယ် ရေးမြို့နယ် ကျောက်မိချောင်းကျေးရွာအုပ်စုအတွင်းမှ ဒေသခံပြည်သူများအား အိမ်ထောင်စု လူဦးရေစာရင်းများနှင့် နိုင်ငံသားစိစစ်ရေးကတ်ပြားများ ပေးအပ်ပွဲကို ဒီဇင်ဘာ ၂၄ ရက်က ဝယ်ပေါင်ကျေးရွာ၌ ကျင်းပခဲ့ရာ မွန်ပြည်နယ်ဝန်ကြီးချုပ် ဒေါက်တာအေးဇံနှင့် ပြည်နယ်လုံခြုံရေးနှင့် နယ်စပ်ရေးရာဝန်ကြီး ဗိုလ်မှူးကြီးနေထွဋ်ဦး၊ ပြည်နယ်လူဝင်မှုကြီးကြပ်ရေးနှင့် လူ့စွမ်းအားအရင်းအမြစ်ဝန်ကြီး ဦးထွန်းမင်းအောင်နှင့် ပြည်နယ်အဆင့် ဌာနဆိုင်ရာများ တက်ရောက်ခဲ့သည်။

အိမ်ထောင်စုစာရင်းများ ပေးအပ်ပွဲတွင် ပြည်နယ်ဝန်ကြီးချုပ်နှင့် တာဝန်ရှိသူများက ဒေသခံပြည်သူများအား အိမ်ထောင်စုစာရင်း ၁၇၅၈ စောင်နှင့် နိုင်ငံသားစိစစ်ရေးကတ်ပြား ၂၂၀၄ ကတ်ကို ပေးအပ်ခဲ့ပြီး မွန်ပြည်နယ်အစိုးရအဖွဲ့မှ ထောက်ပံ့သည့် ဆန်အိတ် ၂၀၀၊ ဆီပိဿာ ၁၀၀၀ နှင့် ကျန်းမာရေးသုံးပစ္စည်းများကိုလည်း ပေးအပ်ခဲ့သည်။

အဆိုပါဒေသတွင် အခြေချနေထိုင်သည့် နိုင်ငံသားစိစစ်ရေးကတ် မရှိသေးသော ပြည်သူများအား NRC အဖွဲ့နှင့် ရေးမြို့နယ် လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဆိုင်ရာ ဦးစီးမှူးရုံးတို့ ပူးပေါင်း၍ နိုင်ငံသားစိစစ်ရေးကတ်များကို အခမဲ့ ကွင်းဆင်းဆောင်ရွက်ပေးခဲ့ခြင်းဖြစ်ကာ ရေးချောင်းဖျားဒေသရှိ ပြည်ထဲရေးအမည်ပေါက် ကျေးရွာ ကိုးရွာနှင့် အမည်မပေါက်သေးသည့် ကျေးရွာ ၁၁ ရွာမှ ဒေသခံပြည်သူများအတွက် နိုင်ငံသားစိစစ်ရေးကတ်ပြားများ ထုတ်ပေးနိုင်ခဲ့ကြောင်း သိရသည်။

မြို့နယ်(ပြန်/ဆက်)

# ပဲခူးတိုင်းဒေသကြီး ကိုဗစ်-၁၉ ထိန်းချုပ်ရေးနှင့် အရေးပေါ်တုံ့ပြန်ရေးကော်မတီ အစည်းအဝေးပြုလုပ်

**ပဲခူး ဒီဇင်ဘာ ၂၅**

ပဲခူးတိုင်းဒေသကြီး ကိုဗစ်-၁၉ ရောဂါ ထိန်းချုပ်ရေးနှင့် အရေးပေါ်တုံ့ပြန်ရေးကော်မတီ၏ လုပ်ငန်းညှိနှိုင်း အစည်းအဝေးကို ပဲခူးတိုင်းဒေသကြီးအစိုးရအဖွဲ့ရုံး တော်ဝင်ဟံသာခန်းမ၌ ဒီဇင်ဘာ ၂၄ ရက်က အွန်လိုင်းစနစ်ဖြင့် ပြုလုပ်သည်။

အစည်းအဝေးတွင် တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးဝင်းသိန်းက တိုင်းဒေသကြီးအတွင်း၌ ကိုဗစ်-၁၉ ရောဂါဖြစ်ပွားမှုနှုန်း မြင့်မားလျက်ရှိသည်ကို တွေ့ရှိရကြောင်း၊ ပဲခူးမြို့နယ်တွင်လည်း ဖြစ်ပွားမှုမှာ ဆက်လက် မြင့်တက်လျက်ရှိကြောင်း၊ ကိုဗစ်-၁၉ ရောဂါ ကူးစက်မှုသည် ပြည်သူတစ်ဦးချင်းစီက ကျန်းမာရေးညွှန်ကြားချက်များကို လိုက်နာမှုအပိုင်းတွင် အားနည်းချက်များကြောင့်ဖြစ်ကြောင်း၊ တိုင်းဒေသကြီးအစိုးရအနေဖြင့် ပြည်သူများအား ကျန်းမာရေးညွှန်ကြားချက်များအတိုင်း လိုက်နာပြီး သွားလာနေထိုင်ကြရန် အသိပညာပေးခြင်းနှင့် Mask Campaign များ ဆောင်ရွက်နေသော်လည်း လိုက်နာမှု အားနည်းနေသည်ကို တွေ့ရှိရကြောင်း၊ ယခုနောက်ပိုင်းတွင် ပြည်သူများနှင့် တိုက်ရိုက်ထိတွေ့ရသည့် ရဲဝန်ထမ်းများ၊ ဘဏ်ဝန်ထမ်းများနှင့် အချုပ်သားများ၊ အကျဉ်းသားများတွင်လည်း ကိုဗစ်-၁၉ ပိုးတွေ့ရှိမှုများ ဖြစ်ပေါ်လာသဖြင့် အထူးဂရုပြုကြရန် လိုအပ်ကြောင်း၊ အချို့ အနောက်နိုင်ငံများ၌ ယခုရက်ပိုင်းအတွင်း ဗီဇပြောင်းလဲသည့် ကူးစက်မြန်သော ကိုဗစ်-၁၉ ရောဂါပိုးအသစ် ဖြစ်ပွားနေသည်ကိုလည်း ကြားသိနေရ၍ ယခုအချိန်ကတည်းက ပြည်သူတစ်ဦးချင်းက ကျန်းမာရေးအသိ၊ ကျန်းမာရေးသတိဖြင့် နေထိုင်ကြရန် လိုအပ်မည်ဖြစ်ကြောင်း ဆွေးနွေးပြောကြားသည်။



အစည်းအဝေးတွင် တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးဝင်းသိန်းက အွန်လိုင်းမှတစ်ဆင့် အမှာစကားပြောကြားစဉ်

ထို့နောက် တိုင်းဒေသကြီး ဝန်ကြီးများက အသိပညာပေးလုပ်ငန်းအပြင် ထိရောက်သော ဒဏ်ကြေး၊ အပြစ်ပေးသည့် ပြစ်ဒဏ်များပါ ထည့်သွင်းဆောင်ရွက်ရန် လိုအပ်မည်ဖြစ်ကြောင်း၊ ကိုဗစ်-၁၉ ဒုတိယလှိုင်း ဖြစ်ပွားစဉ်မှစ၍ ယခုအချိန်ထိ ပဲခူးမြို့တွင် ရောဂါပိုးတွေ့ရှိမှုနှုန်းမှာ နေ့စဉ်မြင့်တက်နေပြီး မြို့နယ်ကျော် ဈေးရောင်းချမှုများ မရှိအောင် အထူးဂရုပြု၍ ဆောင်ရွက်ရန်၊ ဈေးများအတွင်း ကျန်းမာရေးညွှန်ကြားချက်များကို လိုက်နာခြင်းမရှိသည့် ဈေးသည်များအား ထိရောက်စွာ အရေးယူရန်၊ စက်ရုံများကို ထပ်မံစစ်ဆေးနေမှု အခြေအနေနှင့် ကိုဗစ်-၁၉ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေး အမျိုးသားအဆင့် ဗဟိုကော်မတီသို့ တင်ပြရမည့် လုပ်ငန်းစဉ်များ စသည်တို့ကို ဆွေးနွေးကြသည်။

တိုင်းဒေသကြီး ပြည်သူ့ကျန်းမာရေးဦးစီးဌာနမှူး ဒေါက်တာရန်နိုင်မောင်ကလည်း ပဲခူးတိုင်းဒေသကြီးအတွင်း ပဲခူးမြို့နယ်တွင် ရောဂါကာကွယ်ရေးကို အထူးဂရုပြုကြပ်မတ်ဆောင်ရွက်နေသော်လည်း ရောဂါပိုးတွေ့ရှိမှုများ ဆက်လက်မြင့်တက်လျက်ရှိကြောင်း၊ ပဲခူးမြို့နယ်အတွင်း လမ်း ခုနစ်လမ်းနှင့် ကျေးရွာတစ်ခုကို သွားလာကန့်သတ်မှု တချို့ ပြုလုပ်ထားကာ ပိုးတွေ့ရှိမှုများပြားသည့် ရပ်ကွက်များ/လမ်းများကို စိစစ်မှတ်တမ်းတင်ထားပြီး စောင့်ကြည့်လျက်ရှိကြောင်း၊ ရေရှည်တွင် လိုအပ်လာနိုင်သည့် ကျန်းမာရေးဝန်ဆောင်မှု လုပ်ငန်းများအတွက် အရန်ကျန်းမာရေးဝန်ထမ်းများ အချိန်အကန့်အသတ်ဖြင့် ခန့်ထားနိုင်ရေးကို တိုင်းဒေသကြီးအစိုးရအဖွဲ့မှတစ်ဆင့် ပြည်ထောင်စုဝန်ကြီးဌာနသို့ တင်ပြပေးစေလိုပါကြောင်း ဆွေးနွေးခဲ့သည်။

ထို့နောက် ခရိုင်/မြို့နယ်များမှ အုပ်ချုပ်ရေးမှူးများက မြို့နယ်အလိုက် ကိုဗစ်-၁၉ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေး လုပ်ငန်းများ ဆောင်ရွက်နေသည့် အခြေအနေ၊ မြို့အဝင်/အထွက် ဂိတ်များတွင် စစ်ဆေးရေးဂိတ်များ ဖွင့်လှစ်ထားမှု အခြေအနေနှင့် လိုအပ်ချက်များ၊ အသွားအလာကန့်သတ်စောင့်ကြည့်သော စခန်းများတွင် လိုအပ်သည့် စက်သုံးဆီ၊ လျှပ်စစ်မီတာခနှင့် ကျွေးမွေးရေးအသုံးစရိတ် လိုအပ်ချက်များကို ထောက်ပံ့ပေးရန် စသည်တို့ကို ဆွေးနွေးခဲ့ကြကာ ပဲခူးမြို့နယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဒေါက်တာဒေါ်ရွှေပုံကလည်း ပဲခူးမြို့အတွင်း Mask Campaign များကို များများလုပ်ပေးရန်နှင့် စက်ရုံဝန်ထမ်း ကြို/ပို့ကားများကို ရှောင်တခင်စစ်ဆေးရန် စသည်တို့ကို ဆွေးနွေးတင်ပြခဲ့ကြောင်းသိရသည်။

**တင်စိုး(ပဲခူး)**

# ကွမ်းလုံမြို့နယ်တွင် ငွေကျပ်သိန်း ၃၂၀၀ တန်ဖိုးရှိ ဘိန်းညိုမှုန့်များ၊ ခဲယမ်းများဖမ်းဆီးရမိ



လောက်ဂူ(ခ)လီမင်ချန်(ခ)ကျော်ထွေး၊ ဂျူးမီ(ခ)ဆန်းသီ၊ ရန်ဖာဝမ် (ခ)ဝူသီး(ခ)ကျော်ခိုင်တို့အား သိမ်းဆည်းရမိသည့် ဘိန်းညိုမှုန့်များ၊ ခဲယမ်းများနှင့်အတူ တွေ့ရစဉ်။

**နေပြည်တော် ဒီဇင်ဘာ ၂၅**

ကွမ်းလုံမြို့နယ်တွင် ငွေကျပ်သိန်း ၃၂၀၀ တန်ဖိုးရှိ ဘိန်းညိုမှုန့်များ၊ ခဲယမ်းများ ဖမ်းဆီးရမိမှုနှင့် သိန်းနီမြို့နယ်တွင် ငွေကျပ်သိန်း ၁၁၀၀ ကျော်တန်ဖိုးရှိ ဆိုဒီယမ်ဆိုင်ရာနိုက်များ ဖမ်းဆီးရမိကြောင်း သိရသည်။

အဆိုပါ ထုတ်ပြန်ချက်တွင် မူးယစ်ဆေးဝါးတားဆီးနှိမ်နင်းရေး ရဲတပ်ဖွဲ့မှ တပ်ဖွဲ့ဝင်များ ပါဝင်သော ပူးပေါင်းအဖွဲ့သည် ဒီဇင်ဘာ ၂၄ ရက် ညနေ ၃ နာရီတွင် ကွမ်းလုံမြို့နယ် ကွမ်းလုံ-သိန်းနီသွားကားလမ်း ကန်မိန်းလမ်းဆုံအနီးတွင် ကြိုတင်သတင်းရရှိထားသော TOYOTA VIGO မော်တော်ယာဉ်ကို စစ်ဆေးရန် ရပ်တန့်ခိုင်းစဉ် ရပ်တန့်ခြင်းမရှိဘဲ နောက်ပြန်လှည့်မောင်းနှင် ထွက်ပြေးသဖြင့် လိုက်လံဖမ်းဆီးရာ ညနေ ၃ နာရီခွဲတွင် ကွမ်းလုံမြို့နယ် ကန်မိန်းကျေးရွာအနီးတွင် ယင်းမော်တော်ယာဉ်အား ဂျူးမီ(ခ)ဆန်းသီ၊ လောက်ဂူ(ခ)လီမင်ချန်(ခ)ကျော်ထွေး၊ ရန်ဖာဝမ်(ခ)ဝူသီး(ခ) ကျော်ခိုင်တို့နှင့် အတူ ဖမ်းဆီးရမိခဲ့ကြောင်း။

မော်တော်ယာဉ်အား ရှာဖွေရာ ယာဉ်၏ ရှေ့တံခါး ဝဲ/ယာအတွင်းနှင့် နောက်ကြမ်းခင်း အံဝှက်အတွင်းတို့မှ ဘိန်းညိုမှုန့် ၆၄ ကီလို၊ ၉ မမ ကျည်တောင့် ၁၀၀ နှင့် ပွိုင့် ၂၂ ကျည်တောင့် ၈၀၀ တို့ကို သိမ်းဆည်းရမိခဲ့သဖြင့် ၎င်းတို့အား သက်ဆိုင်ရာ နယ်မြေရဲစခန်းတွင် အမှုဖွင့်အရေးယူထားရှိပြီး ဖမ်းဆီးရမိ ဘိန်းညိုမှုန့်များကို ရှမ်းပြည်နယ် (တောင်ပိုင်း) နမ့်စန်မြို့နယ်မှ ရှမ်းပြည်နယ် (မြောက်ပိုင်း) ကွမ်းလုံမြို့နယ်သို့ သယ်ဆောင်ခြင်းဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**

---

## လောက်ကိုင်မြို့ ဈေးအတွင်း လျှပ်စစ်ဝိုင်ယာရှော့ခ်မှ မီးလောင်မှုဖြစ်

**လောက်ကိုင် ဒီဇင်ဘာ ၂၅**

ရှမ်းပြည်နယ် မြောက်ပိုင်း ကိုးကန့်ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ လောက်ကိုင်မြို့ အမှတ်(၂) ရပ်ကွက် လောက်ကိုင်ဈေးအတွင်း ယနေ့နံနက် ၃ နာရီခန့်က လျှပ်စစ်ဝိုင်ယာရှော့ခ်မှတစ်ဆင့် မီးလောင်မှုဖြစ်ပွားကြောင်း သိရသည်။

ထိုမီးလောင်မှုဖြစ်ပွားရာသို့ ခရိုင်မီးသတ်ဦးစီးမှူး ဦးအောင်ဆန်းထွန်းနှင့် တပ်ဖွဲ့ဝင် ၅၀ ခန့်က စုစုပေါင်း မီးသတ်ယာဉ် ၁၁ စီးဖြင့် ငြိမ်းသတ်ခဲ့ရာ နံနက် ၃ နာရီခွဲခန့်တွင် မီးငြိမ်းသတ်နိုင်ခဲ့သည်။ မီးလောင်မှုကြောင့် ဆိုင်ခန်းနှစ်ခန်း မီးလောင်ပျက်စီးခဲ့သည်။

မီးလောင်မှုနှင့်ပတ်သက်၍ လောက်ကိုင်မြို့မရဲစခန်းက အရေးယူထားကြောင်း သိရသည်။

**ဇော်ဇော်အောင် (ပြန်/ဆက်)**

---

## တပ်ကုန်းမြို့၌ လောင်းကစားပြုလုပ်သူများ ဖမ်းဆီးရမိ

**နေပြည်တော် ဒီဇင်ဘာ ၂၅**

နေပြည်တော် တပ်ကုန်းမြို့ ဆရာစံရပ်ကွက် ဆင်းရွှေလီလမ်းနေ သန့်ဇင်ဦး၏ နေအိမ်တွင် လောင်းကစားပြုလုပ်နေကြောင်း သတင်းအရ နေပြည်တော် မှုခင်းအကူဌာနစုမှ ရဲအုပ် နိုင်လင်းဦးနှင့် တပ်ကုန်းမြို့မရဲစခန်းမှ နယ်ထိန်းခေါင်းဆောင် ဒုရဲအုပ်မိုးကျော်ဝေတို့ ပူးပေါင်းအဖွဲ့က ယနေ့နံနက်ပိုင်းတွင် ဝင်ရောက်ရှာဖွေသည်။

ထိုသို့ရှာဖွေစဉ် သန့်ဇင်ဦးအား ၎င်း၏ ဇနီးဖြစ်သူနှင့်အတူ နှစ်လုံး၊ သုံးလုံးထီ လောင်းကစားပြုလုပ်သည့် ဘောက်ချာစာအုပ် ၁၉ အုပ်နှင့် ငွေကျပ်ငါးသိန်းကျော်တို့ သိမ်းဆည်းရမိခဲ့သည်။

ဖြစ်စဉ်နှင့်ပတ်သက်၍ သန့်ဇင်ဦး နှင့်ဇနီးတို့အား တပ်ကုန်းမြို့မရဲစခန်းမှ အရေးယူထားကြောင်း သိရသည်။

**တင်ထွန်းတာ**

---

## သထုံမြို့နယ် မြေနီကုန်းကျေးရွာ၌ ရော်ဘာသိုလှောင်ရုံမီးလောင်

**သထုံ ဒီဇင်ဘာ ၂၅**

သထုံမြို့နယ် မြေနီကုန်းကျေးရွာ ရန်ကုန်-မော်လမြိုင် ကားလမ်းမကြီး အရှေ့ဘက်ခြမ်း မြေနီကုန်း အ.မ.က အနောက်ဘက်ရှိ ရော်ဘာသိုလှောင်ရုံတွင် ယနေ့နံနက်ပိုင်းက မီးလောင်မှုဖြစ်ပွားသည်။

ထိုသို့ဖြစ်ပွားရာ လိပ်အင်းရပ်ကွက် နေထိုင်သူ ဦးနိုင်စိုးက ရော်ဘာသိုလှောင်ရုံတွင် ရော်ဘာပြားမှိုင်းခံထားရာမှ အပူလွန်ကဲပြီး မီးလောင်ခြင်းဖြစ်သည်။

မီးလောင်မှုဖြစ်ရာသို့ ခရိုင်မီးသတ်ဦးစီးမှူး လက်ထောက်ညွှန်ကြားရေးမှူး ဦးအောင်ကြင်ထွန်း ဦးဆောင်သည့် မီးသတ်တပ်ဖွဲ့ဝင် ၅၀ ခန့်နှင့် လူမှုကူညီရေး ပရဟိတအဖွဲ့များ ယာဉ် ၁၇ စီးတို့ဖြင့် ဝိုင်းဝန်းငြိမ်းသတ်ခဲ့ရာ မီးငြိမ်းသွားခဲ့သည်။

မီးလောင်မှုကြောင့် ရော်ဘာမှိုင်းခံရုံတစ်ရုံ၊ လူနေအဆောက်အအုံ သုံးလုံးနှင့် ရော်ဘာပြားပေါင် ၂၀၀၀ ခန့် မီးလောင်ပျက်စီးဆုံးရှုံးကြောင်း သိရသည်။

**နန္ဒကျော်စွာ**

---

## ကလောနှင့် ကျိုင်းတုံ မြို့နယ်တို့တွင် မူးယစ်ဆေးဝါးများ ဖမ်းဆီးရမိ

**နေပြည်တော် ဒီဇင်ဘာ ၂၅**

မူးယစ်ဆေးဝါးတားဆီးနှိမ်နင်းရေးရဲတပ်ဖွဲ့မှ တပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့သည် ယမန်နေ့က ကလောမြို့နယ် ဘော်နင်း ကျေးရွာအနီး အောင်ပန်း-ပင်လောင်းသွားကားလမ်းတွင် ထွန်းရွှေ မောင်းနှင်လာသော ဆိုင်ကယ်ကို ရပ်တန့်ရှာဖွေရာ ဆေးခြောက် ၁၈ ကီလို သိမ်းဆည်းရမိခဲ့ပြီး ကွင်းဆက်အရ ယင်းနေ့ မွန်းလွဲ ၁ နာရီတွင် ကလောမြို့နယ် အင်းပြင်ကျေးရွာအနီး သိန်းဇော်(ခ)တဗျတ်၏တဲသို့ ဝင်ရောက်ရှာဖွေရာ ဆေးခြောက်ကီလို ၂၅၀ တို့ကိုလည်းကောင်း၊ ထို့အတူ ယင်းနေ့ ညနေ ၄ နာရီခွဲတွင် ကျိုင်းတုံမြို့နယ် နောင်ငင်းကျေးရွာနေ စိုင်းခမ်းနွံ၏ နေအိမ်သို့ရှာဖွေရာ စိတ်ကြွရူးသွပ်ဆေးပြား ၁၃၇၀ သိမ်းဆည်းရမိသဖြင့် ၎င်းတို့အား မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသောဆေးဝါးများဆိုင်ရာ ဥပဒေအရ အရေးယူထားကြောင်း သိရသည်။

**ရဲပြန်ကြား**

---

## ရေပူနှင့် မရမ်းချောင်အမြဲတမ်းစစ်ဆေးရေးစခန်းများတွင် တရားမဝင်ကုန်စည်များ တားဆီးထိန်းချုပ်ရေးဆောင်ရွက်လျက်ရှိ

**နေပြည်တော် ဒီဇင်ဘာ ၂၅**

တရားမဝင်ကုန်စည်များ တားဆီးထိန်းချုပ်ရေးအတွက် ရေပူနှင့်မရမ်းချောင်အမြဲတမ်းစစ်ဆေးရေးစခန်းတို့အား ဌာနဆိုင်ရာပူးပေါင်းအဖွဲ့များဖြင့် ၂၀၁၇ ခုနှစ် မတ် ၁ ရက်တွင် စတင်ဖွင့်လှစ် ဆောင်ရွက်ခဲ့ပြီး ၂၀၂၀ ပြည့်နှစ် ဒီဇင်ဘာ ၂၄ ရက်တွင် မန္တလေး-မူဆယ်ပြည်ထောင်စုလမ်းမကြီးတစ်လျှောက် ကုန်သွယ်မှုယာဉ်ပို့ကုန် ၅၇၇ စီး၊ သွင်းကုန်အစီး ၂၉၀ ၊ ရန်ကုန်-မြဝတီ လမ်းမကြီးတစ်လျှောက် ကုန်သွယ်မှုယာဉ် သွင်းကုန် ၁၅၅ စီး ကုန်စည်များ သယ်ယူပို့ဆောင်လျက်ရှိသည်။

**ဖမ်းဆီးခဲ့**

အဆိုပါစစ်ဆေးရေးစခန်းများက တင်သွင်း၊ တင်ပို့သော ကုန်ပစ္စည်းများအား စစ်ဆေးမှုများ ပြုလုပ်ဆောင်ရွက်လျက်ရှိရာ ဒီဇင်ဘာ ၂၄ ရက်တွင် ရေပူအမြဲတမ်းစစ်ဆေးရေးစခန်းမှ တားဆီးမှု နှစ်မှု ခန့်မှန်းတန်ဖိုးငွေကျပ် ၁၄၅ ဒသမ ၅၀၀ သန်းအား ဖမ်းဆီးရမိခဲ့ပြီး ထူးခြားဖမ်းဆီးမှုအနေဖြင့် ယင်းနေ့တွင် ရေပူအမြဲတမ်း စစ်ဆေးရေးစခန်း ပူးပေါင်းစစ်ဆေးရေးအဖွဲ့မှ စစ်ဆေးမှုများ ဆောင်ရွက်စဉ် တရားဝင်စာရွက်စာတမ်း အထောက်အထားတင်ပြနိုင်ခြင်းမရှိသည့် စည်များအတွင်းမှ ဆိုဒီယမ်ဆိုင်ရာနိုက်ဟုဖော်ပြထားသော ၅၀ ကီလိုဂရမ်ခန့်ပါ စည် ၃၈၅ လုံး စုစုပေါင်း အလေးချိန် ၁၉၂၅၀ ကီလိုဂရမ်ခန့် နှင့် ပစ္စည်းသယ်ဆောင်သည့် ယာဉ်တစ်စီး စုစုပေါင်း ခန့်မှန်းတန်ဖိုးငွေကျပ် ၁၄၅ ဒသမ ၅၀၀ သန်း စစ်ဆေးတွေ့ရှိ၍ ဖမ်းဆီးခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

---

## ဒဂုံမြို့သစ်(ဆိပ်ကမ်း)မြို့နယ်တွင် လိမ်လည်ခေါ်ဆောင်၍ ရွှေထည်ပစ္စည်း၊ ငွေနှင့် လက်ကိုင်ဖုန်း လုယူသွားသူများအား အရေးယူ

**ရန်ကုန် ဒီဇင်ဘာ ၂၅**

သာကေတမြို့နယ် (၂/မြောက်)ရပ်ကွက် အမှတ်(၂) နေ မ .....သည် ဒီဇင်ဘာ ၁၉ ရက် မွန်းလွဲပိုင်းက နေအိမ်၌ရှိနေစဉ် ၎င်းနှင့် လူမှုကွန်ရက်တွင် ခင်မင်ရင်းနှီးသူ သက်ပိုင်(ခ)တိမ်ယံက မုန့်စားရန်ချိန်းဆိုသဖြင့် သက်ပိုင်(ခ)တိမ်ယံ မောင်းနှင်လာသောယာဉ်ဖြင့် လိုက်ပါသွားခဲ့ကြောင်း၊ ဒဂုံမြို့သစ်(ဆိပ်ကမ်း) မြို့နယ် (၆၇)ရပ်ကွက် ကမ်းနားလမ်းအရောက် ကားရပ်ပြီး စကားပြောနေစဉ် အမျိုးသားနှစ်ဦး ကားအတွင်းသို့ ဝင်လာပြီး မ..... အား ဓားဖြင့်ထောက်၍ ရွှေထည်ပစ္စည်းငါးမျိုးနှင့် လက်ကိုင်ဖုန်းတစ်လုံး၊ ငွေကျပ်ငါးသိန်း လုယူကာ ၎င်းအမျိုးသားနှစ်ဦးက ကားမောင်းနှင်သွားပြီး မ..... အား ဒဂုံမြို့သစ်(ဆိပ်ကမ်း)မြို့နယ် ရွှေလီလမ်းဘေး၌ ချထားခဲ့သဖြင့် ပြစ်မှုကျူးလွန်သူများအား အရေးယူပေးပါရန် ဒဂုံမြို့သစ်(ဆိပ်ကမ်း)မြို့မရဲစခန်းသို့ အမှုဖွင့်တိုင်တန်းခဲ့သည်။

အမှုအား ရန်ကုန်တိုင်းဒေသကြီး ရဲတပ်ဖွဲ့မှူးရုံး၊ မှုခင်းအကူဌာနစုမှ ရဲအုပ် တင့်လွင်ဦး ဦးစီးအဖွဲ့နှင့် ဒဂုံမြို့သစ်(ဆိပ်ကမ်း)မြို့မရဲစခန်းမှ နယ်ထိန်းအရာရှိ ရဲအုပ် ဇော်မိုးတို့ ပူးပေါင်းအဖွဲ့က စုံစမ်းဆောင်ရွက်ခဲ့ရာ ဒီဇင်ဘာ ၂၂ ရက် ညပိုင်းတွင် ရွှေပေါက်ကံမြို့သစ် (၁၃)ရပ်ကွက် ပြည်လမ်းသစ်နေ ဘိုဘိုနိုင် (၃၃ နှစ်)အား ၎င်း၏နေအိမ်မှ ဖမ်းဆီးရမိသဖြင့် စစ်မေးရာ ဖျာပုံမြို့နယ် ကျုံကြိုက်ကျေးရွာနေ သက်ပိုင်(ခ)တိမ်ယံ(၂၆နှစ်)၊ ရွှေဘ(စုံစမ်းဆဲ)တို့နှင့်အတူ ပူးပေါင်းကျူးလွန်ခဲ့ခြင်းဖြစ်ကြောင်း စစ်ဆေးပေါ်ပေါက်ချက်အရ သက်ပိုင်(ခ)တိမ်ယံ ပါသုံးဦးကို အရေးယူထားကြောင်း သိရသည်။

**ရဲပြန်ကြား**

---

❍ ***ကျောဖုံးမှ***

ယခုဝက်စ်ဟမ်းအသင်းနှင့် ပွဲကိုမဖြစ်မနေ အနိုင်ရရှိရန် လိုအပ်နေသလို ဝက်စ်ဟမ်းအသင်းကလည်း နောက်ဆုံး နှစ်ပွဲဆက် နိုင်ပွဲပျောက်ဆုံးခဲ့သဖြင့် ယခုပွဲကို အနိုင်ရရှိရန် လိုအပ်နေသည်။

ည ၁၁ နာရီတွင် အမှတ်ပေးဇယားကို ဦးဆောင်နေသည့် လီဗာပူးအသင်းနှင့် တန်းဆင်းဇုန်အတွင်း ကျရောက်နေသည့် ဝက်စ်ဘရွန်းအသင်းတို့ လီဗာပူးအိမ်ကွင်း၌ ယှဉ်ပြိုင်ကစားကြမည်ဖြစ်သည်။ လီဗာပူးအသင်းသည် ပရီမီယာလိဂ်ပွဲစဉ် (၁၄)တွင် ခရစ္စတယ်ပဲလေ့စ်အသင်းနှင့် ယှဉ်ပြိုင်ကစားခဲ့ပြီး ခုနစ်ဂိုး-ဂိုးမရှိဖြင့် အနိုင်ရရှိထားသည်။ လီဗာပူးအသင်းသည် ပရီမီယာလိဂ် နောက်ဆုံးငါးပွဲတွင် ရှုံးပွဲကြုံတွေ့ထားခြင်းမရှိသည့်အတွက် ယခုပွဲကိုလည်း အမှတ်ပေးဇယားကို ပြတ်ပြတ်သားသား ဦးဆောင်နိုင်ရန် နည်းပြ ဂျာဂျင်ကလော့ပ်အနေဖြင့် အသင်းကို အကောင်းဆုံး ပြင်ဆင်လာဖွယ်ရှိနေသည်။ ဝက်စ်ဘရွန်းအသင်းက ယခုနှစ်ရာသီတွင် ခြေစွမ်းကျဆင်းနေသည့် အသင်းများထဲမှ တစ်သင်းဖြစ်ပြီး ၁၄ ပွဲတွင် ၇ မှတ်သာရရှိထားသည်။

**စောင့်ကြည့်ရမည်ဖြစ်**

ဝက်စ်ဘရွန်းအသင်းသည် အဆိုပါ ၁၄ ပွဲတွင် ရဂိုးက ၁၀ ဂိုးသာရှိပြီး ပေးဂိုးက ၂၉ ဂိုးအထိရှိနေသည့်အတွက် ခံစစ်အဆိုးဆုံး အသင်းထဲတွင်လည်း တစ်သင်းအပါအဝင် ဖြစ်သည်။ ဝက်စ်ဘရွန်းသည် နောက်ဆုံးကစားခဲ့သည့် ငါးပွဲတွင် ရှက်ဖီးလ်အသင်းကိုသာ တစ်ဂိုး-ဂိုးမရှိဖြင့် အနိုင်ရထားပြီး မန်စီးတီးအသင်းကို သရေကျထားကာ ခရစ္စတယ်ပဲလေ့စ်၊ နယူးကာဆယ်၊ အက်စ်တွန်ဗီလာတို့ကို ရှုံးနိမ့်ထားသည်။ ထို့ကြောင့် အမှတ်ပေးဇယားကို ပြတ်ပြတ်သားသား ဦးဆောင်ရန် ကြိုးပမ်းလာဖွယ်ရှိနေသည့် လီဗာပူးကို ဝက်စ်ဘရွန်းအနေဖြင့် ယခုနှစ်ရာသီ ပရီမီယာလိဂ်၌ ဒုတိယမြောက် နိုင်ပွဲရယူသွားနိုင်မလား သို့တည်းမဟုတ် အရှုံးနှင့်ထပ်မံရင်ဆိုင်သွားရမလား စိတ်ဝင်စားဖွယ် စောင့်ကြည့်ရမည်ဖြစ်သည်။

**ကြိုးပမ်းလာဖွယ်ရှိနေ**

တနင်္လာနေ့နံနက် ၁ နာရီ ၄၅ မိနစ်တွင် ဝုဖ်နှင့် စပါးအသင်းတို့ ဝုဖ်ကွင်း၌ ကစားကြမည်ဖြစ်သည်။ ဝုဖ် အသင်းက ၁၄ ပွဲ ကစားပြီး ရမှတ် ၂၀ ရရှိထားသည်။ စပါးအသင်းက ၁၄ ပွဲတွင် ၂၅ မှတ် ရရှိထားသည်။ ဝုဖ်အသင်းသည် ပွဲစဉ် ၁၄ တွင် ဘန်လေအသင်းကို နှစ်ဂိုး-တစ်ဂိုး ဖြင့် ရှုံးနိမ့်ထားသည့်အတွက် ယခုပွဲကို နိုင်ပွဲရရှိအောင် ပြင်ဆင်လာဖွယ်ရှိနေပြီး စပါးအသင်းက လီဗာပူးအသင်းကို ဖိအားပေးနိုင်ရန်အလို့ငှာ ယခုပွဲကို အနိုင်ရရှိအောင် ကြိုးပမ်းလာဖွယ်ရှိနေသည်။

**အောင်ဇော်**

# ဗြိတိန်နှင့် အီးယူတို့အကြား ဘရက်ဇစ် နှောင်းပိုင်း ကုန်သွယ်ရေးဆွေးနွေးပွဲ သဘောတူညီမှု ရရှိ



ဥရောပကော်မရှင်ဥက္ကဋ္ဌ အာဆူလာ ဗွန်ဒါလီယန် (အလယ်) နှင့် ဘရက်ဇစ်ဆိုင်ရာ ဥရောပသမဂ္ဂ ညှိနှိုင်းရေးမှူး မိုက်ကယ်ဘာနီယာ (ဝဲ) တို့ ဒီဇင်ဘာ၂၄ ရက်က သတင်းစာရှင်းလင်းပွဲ တက်ရောက်စဉ်။

**ဘရပ်ဆဲလ် ဒီဇင်ဘာ ၂၅**

ဘရက်ဇစ်နှောင်းပိုင်း ကုန်သွယ်ရေး ဆွေးနွေးမှုအတွက် သဘောတူညီမှု ရရှိပြီဟု ဗြိတိန်နှင့် ဥရောပသမဂ္ဂ (အီးယူ) ခေါင်းဆောင်များက ပြောကြားခဲ့သည်။

ဒီဇင်ဘာ ၂၄ ရက်တွင် သီးခြားပြုလုပ်သည့် သတင်းစာရှင်းလင်းပွဲတွင် ဗြိတိန်ဝန်ကြီးချုပ် ဘောရစ်ဂျွန်ဆင်နှင့် ဥရောပကော်မရှင် ဥက္ကဋ္ဌ အာဆူလာ ဗွန်ဒါလီယန်တို့က ကြေညာချက် ထုတ်ပြန်ခဲ့ကြသည်။

ပြီးပြည့်စုံသည့် လွတ်လပ်သော ကုန်သွယ်ရေး သဘောတူညီမှုသည် တိုင်းပြည် တစ်ဝန်းရှိ အလုပ်နေရာများကို အကာအကွယ် ပေးနိုင်မည်ဖြစ်ပြီး အီးယူဈေးကွက်တွင် ဗြိတိန်မှ ကုန်ပစ္စည်းများကို အခွန် စည်းကြပ်ခြင်း မရှိဘဲ ရောင်းချခွင့်ရမည်ဟု ဗြိတိန် ဝန်ကြီးချုပ်က ပြောကြားခဲ့သည်။

ရှည်လျားပြီး ကြမ်းတမ်းသော ခရီးစဉ်ဖြစ်သော်လည်း နှစ်ဖက်စလုံးမှ ကောင်းမွန်သည့် သဘောတူညီမှုရရှိခဲ့ကြောင်းနှင့် မျှတပြီး သာတူညီမျှမှုရှိသည့် သဘောတူညီမှုဟု ဥရောပကော်မရှင် ဥက္ကဋ္ဌက ပြောသည်။

နှစ်ကုန်ပိုင်းတွင် ကုန်သွယ်ရေး သဘောတူညီမှုကို အပြီးသတ် ပြုလုပ်ရမည်ဟု ရက်သတ်မှတ်ထားရာ ယင်းသတ်မှတ်ရက်မတိုင်မီ ခုနစ်ရက် အလိုတွင် သဘောတူညီမှုထွက်ပေါ်လာခြင်းဖြစ်သည်။

နှစ်သစ်ကူးနေ့မှ စတင်ကာ ဗြိတိန်နှင့် အီးယူတို့အကြား ကုန်ပစ္စည်းများရောင်းချမှုတွင် အခွန် စည်းကြပ်မှုကို ရှောင်ရှားသွားမည်ဖြစ်သည်။

ဇန်နဝါရီလအတွင်း ဥရောပသမဂ္ဂ အဖွဲ့ကြီးအတွင်းမှ ဗြိတိန်ထွက်ခွာပြီးသည့်နောက်ပိုင်း မတ်လအတွင်းမှ စကာ ကုန်သွယ်ရေးအတွက် စေ့စပ်ညှိနှိုင်းမှုများ ပြုလုပ်ခဲ့သည်။ နောက်ဆုံး ဆွေးနွေးရန် ကျန်ရှိနေသည့် အချက်မှာ ဗြိတိန်ရေပိုင်နက်တွင် ဥရောပသမဂ္ဂနိုင်ငံများ ငါးဖမ်းခွင့်နှင့် သက်ဆိုင်သည့်ကိစ္စပင် ဖြစ်သည်။

**အင်န်အိတ်ချ်ကေ**

# အီရန်နိုင်ငံတွင် ကိုဗစ်-၁၉ ကာကွယ်ဆေး ဝယ်ယူရန် ရန်ပုံငွေချထားပေး

**တီဟီရန် ဒီဇင်ဘာ ၂၅**

အမေရိကန်ဘက်မှ ချမှတ်ထားသော ပိတ်ဆို့မှုများကြောင့် ပေါ်ပေါက်နေသည့် အတားအဆီးများကို ဖယ်ရှားပြီးနောက် ပြည်ပမှ ကာကွယ်ဆေးဝယ်ယူရန်အတွက် ရန်ပုံငွေချထားပေးသည်ဟု အီရန်က ဒီဇင်ဘာ ၂၄ ရက်တွင် ပြောကြားခဲ့သည်။

ထိုစဉ် ကူဝိတ်နိုင်ငံတွင် တစ်နိုင်ငံလုံးအနှံ့ ကိုဗစ်-၁၉ ကာကွယ်ဆေးထိုးပေးမှုများ စတင်နေပြီဖြစ်သည်။ ပြည်ပမှ ကာကွယ်ဆေးတင်သွင်းနိုင်ရေးအတွက် ယူရိုသန်း ၂၀၀ ချထားပေးသည်ဟု အီရန် ဗဟိုဘဏ်အုပ်ချုပ်ရေးမှူး အဗ္ဗဒူနက်ဆက် ဟမ်မက်တီက ပြောသည်။



တီဟီရန်မြို့ဈေးအတွင်း ဈေးဝယ်သူများကို တွေ့ရစဉ်။

ယခုအခါ ကာကွယ်ဆေးဝယ်ယူရေးအတွက် မည်သည့် အနှောင့်အယှက်မှ မရှိတော့ဟု ၎င်းက ပြောကြားခဲ့သည်။ အီရန်နိုင်ငံတွင် ဒီဇင်ဘာ ၂၄ ရက်က ကိုဗစ်-၁၉ နောက်ထပ်ကူးစက်ခံရသူ ၆၁၇၈ ထပ်မံတွေ့ရှိခဲ့ရာ တစ်တိုင်းပြည်လုံးအနှံ့ စုစုပေါင်း ကူးစက်ခံရသူ အရေအတွက်မှာ ၁၁၈၃၁၈၂ ဦး အထိ ရှိလာသည်။

ကိုဗစ်-၁၉ ကြောင့် အီရန်နိုင်ငံတွင် လူ့အသက်ပေါင်း ၅၄၃၀၈ ဆုံးရှုံးခဲ့ရပြီးဖြစ်သည်ဟု အီရန် ကျန်းမာရေးနှင့် ပညာရေးဝန်ကြီးဌာနမှ ပြောရေးဆိုခွင့်ရှိသူ ဆီမာဆာဒတ်လာရီက ပြောသည်။

ပြန်လည် ကျန်းမာလာပြီးနောက် ဆေးရုံမှ ဆင်းသွားသူ ၉၂၄၆၈၅ ဦး ရှိပြီး ၅၃၁၇ ဦးမှာမူ အထူးကြပ်မတ်ကုသဆောင်တွင် ကုသမှု ခံယူဆဲဖြစ်သည်ဟု ၎င်းက ဆက်လက် ပြောကြားခဲ့သည်။

**ဆင်ဟွာ**

# ကူဝိတ်နိုင်ငံတွင် ကိုဗစ်-၁၉ ကာကွယ်ဆေးထိုးပေးမှု စတင်

**ကူဝိတ်စီးတီး ဒီဇင်ဘာ ၂၅**

ကူဝိတ်နိုင်ငံတွင် ဒီဇင်ဘာ ၂၄ ရက်မှ စတင်ကာ အမျိုးသား လှုပ်ရှားမှုအဖြစ် ကိုဗစ်-၁၉ ကာကွယ်ဆေးထိုးပေးမှုကို စတင်ခဲ့သည်ဟု သိရသည်။ ကူဝိတ်နိုင်ငံတွင် ကိုဗစ်-၁၉ ကူးစက်ခံရသူ ၂၄၄ ဦး တိုးလာသည့်အတွက် စုစုပေါင်း ကူးစက်ခံရသူ အရေအတွက်မှာ ၁၄၉၀၁၇ ဦး ရှိပြီး သေဆုံးသူ အရေအတွက်မှာ ၉၂၆ ဦးရှိသည်။

ကိုဗစ်-၁၉ ကူးစက်ပျံ့နှံ့မှုမှ ကာကွယ်နိုင်ရေး ပြည်သူများအနေဖြင့် လူမှုဝေးကွာ အစီအစဉ်များကို ဆက်လက်လိုက်နာရန်၊ ပါးစပ်၊ နှာခေါင်းစည်းဝတ်ဆင်ရန်၊ လက်ဆေးရန်တို့ကို ပြုလုပ်ကြရန် ကူဝိတ် ဝန်ကြီးချုပ် ရှိတ်ခ်ဆာဘတ် ခါလက် အယ်ဟာမတ် အယ်ဆာဘတ်က တိုက်တွန်းပြောကြားခဲ့သည်။

ကာကွယ်ဆေးမထိုးမီ တစ်ရက်အလိုက သက်ကြီးရွယ်အိုများနှင့် ကိုဗစ်-၁၉ ကာကွယ်ရေးအတွက် ရှေ့တန်းမှ လုပ်ကိုင်နေကြသည့် လူများကို ဦးစားပေးသွားမည်ဟု ကူဝိတ် ကျန်းမာရေးဝန်ကြီး ဘတ်ဆယ် အယ်ဆာဘတ်က ပြောသည်။

တူရကီနိုင်ငံတွင်မူ နောက်ထပ် ကူးစက်ခံသူ ၁၈၁၀၂ ဦး တွေ့ရှိခဲ့ပြီး ၎င်းတို့ထဲတွင် လူပေါင်း ၃၂၁၈ ဦးမှာ ရောဂါလက္ခဏာမပြသူများဟု သိရသည်။

စုစုပေါင်းကူးစက်ခံရသူ အရေအတွက်မှာ ၂၁၀၀၇၁၂ ဦး ရှိပြီး သေဆုံးသူ ၁၉၁၁၅ ဦး ရှိသည်ဟု သိရသည်။ အီရတ်နိုင်ငံတွင်လည်း ဒီဇင်ဘာ ၂၄ ရက် နောက်ထပ်ကူးစက်ခံရသူ ၁၁၂၇ ဦး တိုးလာသည့်အတွက် စုစုပေါင်း ကူးစက်ခံရသူ အရေအတွက်မှာ ၅၈၈၈၀၃ ဦး ရှိလာပြီဖြစ်သည်။ သေဆုံးသူ အရေအတွက်မှာမူ ၁၂၇၄၄ ဦး ရှိသည်ဟု သိရသည်။

**ဆင်ဟွာ**


ဖိုက်ဇာကာကွယ်ဆေးကို ကူဝိတ်နိုင်ငံတွင် စတင်ထိုးပေးနေစဉ်။

## အိန္ဒိယနိုင်ငံတွင် ကိုဗစ်-၁၉ ကာကွယ်ဆေး တရားဝင်ထိုးပေးနိုင်ရေးအတွက် ပြင်ဆင်မှုများ အရှိန်အဟုန်မြှင့်လုပ်ဆောင်

**နယူးဒေလီ ဒီဇင်ဘာ ၂၅**

အိန္ဒိယအစိုးရသည် နိုင်ငံတစ်ဝန်း ကိုဗစ်-၁၉ ကာကွယ်ဆေးကို ထိုးပေးနိုင်ရေးအတွက် ပြင်ဆင်မှုများ အရှိန်အဟုန်မြှင့် လုပ်ဆောင်နေပြီး လာမည့်သီတင်းပတ်အတွင်း ပြည်နယ်လေးခုတွင် ပြင်ဆင်မှုများ ပြုလုပ်နေသည်ဟု အာဏာပိုင်များက ဒီဇင်ဘာ ၂၅ ရက်တွင် ပြောသည်။

အဆိုပါ ပြည်နယ်လေးခုမှာ အန်ဒရာပရာဒေ့ရှ်၊ အာသံ၊ ဂူဂျာရက်နှင့် ပန်ဂျပ်ပြည်နယ်တို့ဖြစ်ကြောင်း သိရသည်။ ကာကွယ်ဆေးအတွက် ကြီးကြပ်သူများသည် ကာကွယ်ဆေးထိုးသည့် လုပ်ငန်းစဉ်တွင် အရေးပါသည့်နေရာမှ ပါဝင်လာမည်ဖြစ်သည်။

ပြည်နယ်များတွင် ကာကွယ်ဆေး ထိုးပေးမည့်သူများအတွက် သင်တန်းများလည်း ပေးသွားမည်ဟု ကျန်းမာရေးဝန်ကြီးဌာနက သတင်းထုတ်ပြန်သည်။

ဆေးဘက်ဆိုင်ရာ အရာရှိများအပါအဝင် ကာကွယ်ဆေးထိုးပေးမည့်သူ၊ အအေးခာတ်မပျက်အောင် ကိုင်တွယ်ထိန်းသိမ်းမှုနှင့် ကြီးကြပ်သူများ၊ ဒေတာအချက်အလက် သိမ်းဆည်းသူများ အစရှိသည့်ကျန်းမာရေးဝန်ထမ်းများအတွက် လေ့ကျင့်ပြင်ဆင်မှုများ ပြုလုပ်လျက်ရှိသည်ဟု သိရသည်။

**ဆင်ဟွာ**

## တရုတ်နိုင်ငံ၏ စီးပွားရေးလှုပ်ရှားမှုများ ခန့်မှန်းထားသည်ထက် မြန်မြန်ဆန်ဆန် တိုးတက်ကောင်းမွန်လာ

**ပေကျင်း ဒီဇင်ဘာ ၂၅**

ကမ္ဘာပေါ်တွင် ကိုဗစ်-၁၉ ရောဂါဒဏ်ကို ဦးစွာခံစားခဲ့ရသည့် တရုတ်နိုင်ငံတွင် စီးပွားရေးလှုပ်ရှားမှုအခြေအနေများ ခန့်မှန်းထားသည်ထက် ပိုမိုမြန်ဆန်စွာ ပြန်ကောင်းလာကြောင်း ကမ္ဘာ့ဘဏ်က နောက်ဆုံး ထုတ်ပြန်ခဲ့သည့် အစီရင်ခံစာတွင် ဆိုထားသည်။

**အသိအမှတ်ပြုထား**

အဆိုပါအစီရင်ခံစာတွင် တရုတ်နိုင်ငံ၏ ထိရောက်သည့် ကပ်ရောဂါထိန်းချုပ်ရေး နည်းဗျူဟာ၊ ခိုင်မာသည့် မူဝါဒဆိုင်ရာ အထောက်အပံ့နှင့် စီးပွားရေးဆိုင်ရာ ပြန်လည်ကောင်းမွန်လာမှုကို ကပ်ရောဂါဖိစီးနှိပ်စက်ခံရပြီးနောက် မူလအခြေအနေသို့ ပြန်လည်ရောက်ရှိလာမှုတို့ကို အသိအမှတ်ပြုထားသည်။

**အရှိန်ယူနေ**

တရုတ်နိုင်ငံ၏ ပြည်တွင်းထုတ်ကုန်ပမာဏမှာ ယခုနှစ်တွင် နှစ်ရာခိုင်နှုန်း တိုးတက်လာပြီး လာမည့် ၂၀၂၁ ခုနှစ်တွင် ၇ ဒသမ ၉ ရာခိုင်နှုန်းဖြစ်လာရန် အရှိန်ယူနေကြောင်း အစီရင်ခံစာတွင် ဖော်ပြသည်။

**ခိုင်မာသည့် အခြေအနေ မရောက်ရှိသေး**

သို့ရာတွင် တရုတ်နိုင်ငံအနေဖြင့် လက်ရှိတွင် ကပ်ရောဂါဆိုင်ရာ အခြေအနေပြောင်းလဲနေချိန် ပြင်ပမှ မသေချာ မရေရာမှုများကို ရင်ဆိုင်နေရဆဲပင်ဖြစ်ကြောင်း၊ နိုင်ငံ၏ စီးပွားရေး ပြန်လည်နာလန်ထူလာမှုမှာလည်း စိတ်ချယုံကြည်ရလောက်သော ခိုင်မာသည့် အခြေအနေမရောက်ရှိသေးကြောင်း ကမ္ဘာ့ဘဏ်၏ အစီရင်ခံစာတွင် ဖော်ပြထားသည်။

**ဆင်ဟွာ**

# ပြင်သစ်သမ္မတမက်ခရွန် ကိုဗစ် –၁၉ လက္ခဏာမရှိတော့ကြောင်း သမ္မတရုံး ထုတ်ပြန်ကြေညာ

**ပါရီ ဒီဇင်ဘာ ၂၅**

ပြင်သစ်သမ္မတ အန်မန်နျူရယ်မက်ခရွန်တွင် ကိုဗစ်–၁၉ လက္ခဏာမရှိတော့ကြောင်းနှင့် ၎င်း၏ သီးသန့်ခွဲခြားနေထိုင်မှု ပြီးဆုံးသွားပြီဖြစ်ကြောင်း သမ္မတရုံး၏ ထုတ်ပြန်ကြေညာချက်တွင် ဖော်ပြလိုက်သည်။

သမ္မတရုံးက အဆိုပါ ထုတ်ပြန်ကြေညာချက်ကို ဇန်နဝါရီ ၂၄ ရက်က ထုတ်ပြန်လိုက်ခြင်းဖြစ်သည်။ မက်ခရွန်သည် အစောပိုင်းရောဂါလက္ခဏာများ တွေ့ရှိခဲ့ပြီးနောက် ဒီဇင်ဘာ ၁၇ ရက်က ကိုဗစ်–၁၉ စစ်ဆေးမှုပြုလုပ်ခဲ့ရာ ကိုဗစ်–၁၉ ကူးစက်ခံထားရကြောင်း တွေ့ရှိခဲ့သည်။ နောက်ပိုင်းတွင် မက်ခရွန်သည် ချောင်းဆိုးခြင်းနှင့် မောပန်းခြင်းကို ခံစားခဲ့ရသည်။ သို့သော်လည်း ၎င်းသည် ၎င်း၏ တာဝန်များကို ဆက်လက်ထမ်းဆောင်ခဲ့ပြီး သီးသန့်ခွဲခြားနေထိုင်မှု ပြုလုပ်ခဲ့သည်။

သမ္မတရုံး၏ ထုတ်ပြန်ကြေညာချက်တွင် မက်ခရွန်က တစ်ဦးနှင့်တစ်ဦး ထိတွေ့ဆက်ဆံမှုများကို ကန့်သတ်ရန်နှင့် ပါးစပ်၊ နှာခေါင်းစည်း ဝတ်ဆင်ခြင်းကဲ့သို့သော ကိုဗစ်–၁၉ ကြိုတင်ကာကွယ်မှုများ ဆောင်ရွက်ထားရန် ပြည်သူလူထုကို တိုက်တွန်းလိုက်သည်။

ည ၈ နာရီ ညမထွက်ရအမိန့်ကို ခရစ္စမတ်အကြိုနေ့တွင် ယာယီဖယ်ရှားပေးခဲ့သည်။ ကိုဗစ်–၁၉ မကူးစက်ခင်က မက်ခရွန်သည် အစိုးရအဖွဲ့ အကြီးအကဲများနှင့်သာမက အဆင့်မြင့် အာဏာရပါတီအဖွဲ့ဝင်များနှင့် ပြုလုပ်သော ညစာစားပွဲသို့ တက်ရောက်ခဲ့သည်။

စပိန်ဝန်ကြီးချုပ် ပီထရိုဆန်ချက်ဇ်နှင့် ဥရောပကောင်စီ ဥက္ကဋ္ဌ ချားစ်မိုက်ကယ်တို့သည်လည်း မက်ခရွန်နှင့် ထိတွေ့ခဲ့ပြီးနောက် ၎င်းတို့ကိုယ်တိုင် သီးသန့်ခွဲခြားနေထိုင်ခဲ့ကြောင်း သိရသည်။ **အင်န်အိတ်ချ်ကေ**



ပြင်သစ်သမ္မတ မက်ခရွန်ကို တွေ့ရစဉ်။



မက္ကဆီကိုဆေးရုံတွင် ဒီဇင်ဘာ ၂၄ ရက်က ကျန်းမာရေးဝန်ထမ်းတစ်ဦး ကိုဗစ်–၁၉ ကာကွယ်ဆေးထိုးနှံခံနေသည်ကို တွေ့ရစဉ်။

# ကိုဗစ် –၁၉ ကူးစက်မှုဖြစ်စဉ်များ လျင်မြန်စွာတိုးလာသည့်အပေါ် တောင်အာဖရိက ကျန်းမာရေးအာဏာပိုင်များ သတိပေး

**ကိပ်တောင်း ဒီဇင်ဘာ ၂၅**

တောင်အာဖရိကနိုင်ငံ၌ ကိုဗစ်–၁၉ ဒုတိယအကျော့ ရိုက်ခတ်မှုကို ခံစားနေရသဖြင့် ကိုဗစ်–၁၉ ကူးစက်မှုဖြစ်စဉ်များ လျင်မြန်စွာ တိုးလာသည့်အပေါ် ကျန်းမာရေးအာဏာပိုင်များက သတိပေးထားကြောင်း နိုင်ငံတကာသတင်းတစ်ရပ်တွင် ဒီဇင်ဘာ ၂၅ ရက်က ဖော်ပြလိုက်သည်။

ကိုဗစ်–၁၉ ကူးစက်မှုသည် ဇူလိုင်လက အမြင့်ဆုံးဖြစ်ခဲ့ပြီး နိုဝင်ဘာလနှောင်းပိုင်းတွင် ထပ်မံတိုးလာခဲ့သည်။ ဒီဇင်ဘာ ၂၃ ရက်က ကိုဗစ်–၁၉ ကူးစက်ခံရသူပေါင်း ၁၄၀၀၀ ကျော်လွန်ခဲ့သည်။ ဒေသတွင်း မီဒီယာများက အဆိုပါ ကိုဗစ်–၁၉ ကူးစက်ခံရသည့် ပမာဏသည် ယခုအချိန်အထိ အမြင့်ဆုံးဖြစ်ကြောင်း ဖော်ပြခဲ့သည်။

ကျန်းမာရေးဝန်ကြီး ဇွဲလီမီခေးလ် က ယခုဖြစ်ပေါ်နေသည့် ကိုဗစ်–၁၉ ကူးစက်မှုနှုန်းသည် ကိုဗစ်–၁၉ ပထမအကျော့ ကူးစက်မှုနှုန်းထက် ပိုမြန်ကြောင်း ပြောကြားလိုက်သည်။

ကိုဗစ်–၁၉ ဒုတိယအကျော့ကြောင့် ကိုဗစ်–၁၉ ကူးစက်ခံရသည့် ပမာဏသည် ပထမအကျော့ကြောင့် ကိုဗစ်–၁၉ ကူးစက်ခံရသည့် အမြင့်ဆုံးပမာဏကို လာမည့်ရက် အနည်းငယ်အတွင်း ကျော်လွန်နိုင်ကြောင်း ၎င်းက ဆက်လက်ပြောကြားလိုက်သည်။

တောင်အာဖရိကနိုင်ငံ၌ ယခုအချိန်သည် နွေရာသီအားလပ်ရက်ရာသီဖြစ်နေသလို ခရစ္စမတ်အချိန်အခါ လည်းဖြစ်နေကြောင်း သိရသည်။ မီခေးလ်က နိုင်ငံသားများအနေဖြင့် အားလပ်ရက်ရာသီတွင် ကိုဗစ်–၁၉ ရောဂါကြိုတင် ကာကွယ်မှုများကို ဆောင်ရွက်ထားကြရန် လိုအပ်ကြောင်း ပြောကြားလိုက်သည်။

လွန်ခဲ့သော သီတင်းပတ်က တောင်အာဖရိကကျန်းမာရေးအာဏာပိုင်များသည် နိုင်ငံအတွင်း ဗီဇပြောင်း ကိုဗစ်–၁၉ မျိုးစိတ်သစ်တစ်ခုကို တွေ့ရှိခဲ့ကြသည်။ အဆိုပါမျိုးစိတ်သစ်သည် ကိုဗစ်–၁၉ ကူးစက်မှု ဒုတိယအကျော့ကို ဖြစ်ပွားစေသည်ဟု သံသယဖြစ်လျက်ရှိသည်။

တောင်အာဖရိက၏ ဗီဇပြောင်း ကိုဗစ်–၁၉ မျိုးစိတ်သစ်သည် အင်္ဂလန်နိုင်ငံတွင်တွေ့ရသော သန္ဓေပြောင်း ကိုဗစ်–၁၉ မျိုးစိတ်သစ်နှင့် မတူကြောင်း ကမ္ဘာ့ကျန်းမာရေးအဖွဲ့ကြီးက ပြောကြားလိုက်သည်။

**အင်န်အိတ်ချ်ကေ**

# မက္ကဆီကို၌ ကိုဗစ် –၁၉ ကာကွယ်ဆေးထိုးလှုပ်ရှားမှု စတင်

**မက္ကဆီကို ဒီဇင်ဘာ ၂၅**

မက္ကဆီကိုနိုင်ငံ၌ ဒီဇင်ဘာ ၂၄ ရက်က အမေရိကန်ဆေးကုမ္ပဏီ ဖိုက်ဇာနှင့် ဂျာမန်မိတ်ဖက်ဆေးကုမ္ပဏီ ဘိုင်အိုအင်န်တက်ခ်တို့က ထုတ်လုပ်လိုက်သော ကိုဗစ်–၁၉ ကပ်ရောဂါ ကာကွယ်ဆေးထိုးလှုပ်ရှားမှုများကို စတင်ဆောင်ရွက်ခဲ့ကြောင်း သိရသည်။

ကျန်းမာရေး ဝန်ထမ်းများကို ဦးစားပေးထိုးနှံပေးသည့်အလျောက် ပထမဆုံး ကာကွယ်ဆေးထိုးနှံခံရသူမှာ မက္ကဆီကိုစီးတီးရှိ ရူဘန်လီနာရိုဆေးရုံ၏ အထူးကြပ်မတ်ကုသဆောင်တွင် တာဝန်ထမ်းဆောင်နေသော သူနာပြုခေါင်းဆောင် မာရီယာအီရီနီရာမီရက်ဇ် ဖြစ်သည်။ မက္ကဆီကိုစီးတီးသည် ကိုဗစ်–၁၉ ရိုက်ခတ်မှုကို အဆိုးဆုံးခံစားနေရသည့် မြို့တစ်မြို့ဖြစ်ပြီး ကိုဗစ်–၁၉ အတည်ပြုလူနာ ၃၀၂၁၉၉ ဦးရှိပြီး သေဆုံးသူ ၂၀၄၇၂ ဦးရှိသည်။

ကာကွယ်ဆေး ထိုးနှံပေးသည့် အခမ်းအနားတွင် ဒုတိယကျန်းမာရေးဝန်ကြီး ဟူဂိုလိုပက်ဇ်ဂါတယ်လ်က ကိုဗစ်–၁၉ ကပ်ရောဂါ မပြီးဆုံးသေးသည့်အလျောက် ကာကွယ်ဆေးက ကိုဗစ်–၁၉ ကပ်ရောဂါကို ကောင်းကောင်းခုခံကာကွယ်နိုင်လိမ့်မည်ဖြစ်ကြောင်း မှတ်ချက်ပြုပြောကြားလိုက်သည်။

ဒီဇင်ဘာ ၂၄ ရက်တွင် ကိုဗစ်–၁၉ ကာကွယ်ဆေးထိုးနှံမှုကို စတင်ခဲ့ကြောင်းနှင့် ကူးစက်ရောဂါစီမံခန့်ခွဲမှုအခြေအနေမှာ အနည်းငယ်ပြောင်းလဲလာမည်ဟု မျှော်လင့်ကြောင်း လိုပက်ဇ်က အဆိုပါအခမ်းအနားတွင် ပြောကြားလိုက်သည်။

မက္ကဆီကို သမ္မတ အန်းဒရက်စ်မန်နျူရယ် လိုပက်ဇ်အော်ဘရာဒေါ်စ်၏ သတင်းစာရှင်းလင်းပွဲပြီးနောက် ကျန်းမာရေးဒုတိယဝန်ကြီးက ထိုသို့ ပြောကြားလိုက်ခြင်းဖြစ်သည်။ ဖိုက်ဇာ–ဘိုင်အိုအင်န်တက်ခ် ကာကွယ်ဆေး ၃၀၀၀ ရောက်ရှိပြီး နောက်တစ်နေ့တွင် ကာကွယ်ဆေးထိုးလှုပ်ရှားမှုစတင်ခဲ့ခြင်းဖြစ်သည်။ နောက်ထပ်ကာကွယ်ဆေး ၁ ဒသမ ၄ သန်းသည် ၂၀၂၁ ခုနှစ် ဇန်နဝါရီ ၁ ရက်တွင် ပေးပို့မည်ဟု မျှော်လင့်ရသည်။

မက္ကဆီကိုနိုင်ငံတွင် ဒီဇင်ဘာ ၂၃ ရက် ညအထိ ကိုဗစ်–၁၉ ကူးစက်ဖြစ်ပွားသူ ၁၃၅၀၀၇၉ ဦးရှိပြီး သေဆုံးသူ ၁၂၀၃၁၁ ဦးရှိလာပြီဖြစ်သည်။

**ဆင်ဟွာ**



ဂျိုဟန်နစ္စဘတ်တွင် သူနာပြုတစ်ဦး ကိုဗစ်–၁၉ စစ်ဆေးမှုပြုလုပ်နေသည်ကို တွေ့ရစဉ်။

# အီရတ်နိုင်ငံ၌ ထပ်တိုးကိုဗစ် - ၁၉ လူနာ ၁၁၂၇ ဦးရှိလာမှုနှင့်အတူ စုစုပေါင်း ကိုဗစ် - ၁၉ အတည်ပြုလူနာ ခြောက်သိန်းနီးပါးအထိ ရှိလာ

**ဘဂ္ဂဒက် ဒီဇင်ဘာ ၂၅**

အီရတ်ကျန်းမာရေးဝန်ကြီးက ဒီဇင်ဘာ ၂၄ ရက်တွင် နောက်ထပ် ကိုဗစ်–၁၉ ထပ်မံကူးစက်ဖြစ်ပွားသူ ၁၁၂၇ ဦး ရှိကြောင်း ပြောကြားလိုက်ပြီးနောက် နိုင်ငံအတွင်း စုစုပေါင်းကိုဗစ်–၁၉ ဖြစ်ပွားသူ ၅၈၈၈၀၃ ဦးအထိ ရှိလာခဲ့ကြောင်း သိရသည်။

ဒီဇင်ဘာ ၂၄ ရက်က ကိုဗစ်–၁၉ ကြောင့် နောက်ထပ်သေဆုံးသူ ခုနစ်ဦးရှိကြောင်း ဖော်ပြမှုနှင့်အတူ စုစုပေါင်း သေဆုံးသူ ၁၂၇၄၄ ဦးရှိလာခဲ့ကြောင်း ကျန်းမာရေးဝန်ကြီးဌာန၏ ထုတ်ပြန်ကြေညာချက်အရ သိရသည်။ အလားတူ ကိုဗစ်–၁၉ မှ ပြန်လည်ကောင်းမွန်လာသူ ၁၅၄၉ ဦး ရှိလာပြီးနောက် စုစုပေါင်း ကိုဗစ်–၁၉ ကပ်ရောဂါမှ ပြန်လည်ကောင်းမွန်လာသူ ၅၂၇၃၄ ဦး ရှိလာခဲ့သည်။

ကိုဗစ်–၁၉ စတင်ဖြစ်ပွားသည့် ဖေဖော်ဝါရီလမှစပြီး နိုင်ငံတစ်ဝန်း ကိုဗစ်–၁၉ စစ်ဆေးမှုပေါင်း ၄၂၉၄၈၈၅ ခု ပြုလုပ်ခဲ့ပြီးဖြစ်သည်။ ယင်းအနက် စစ်ဆေးမှု ၃၇၂၃၁ ခုကို ဒီဇင်ဘာ ၂၄ ရက်တစ်ရက်တည်းတွင် ပြုလုပ်ခဲ့သည်။

အီရတ်အာဏာပိုင်များက နိုင်ငံအများစုတွင် တွေ့ရှိခဲ့သည့် ကူးစက်မြန်သန္ဓေပြောင်း ကိုဗစ်–၁၉ ကူးစက်မှုကို ကာကွယ်၊ တားဆီးသည့်အနေဖြင့် ကန့်သတ်ဆောင်ရွက်ချက်အသစ်များကို ချမှတ်လိုက်ပြီးနောက် နှစ်ရက်အကြာတွင် ကိုဗစ်–၁၉ နှင့်ပတ်သက်သည့် ယခုဖော်ပြခဲ့သော နောက်ဆုံးသတင်းအချက်အလက်များကို ကျန်းမာရေးဝန်ကြီးဌာနက ထုတ်ပြန်လိုက်ခြင်းဖြစ်သည်။

အီရတ်အာဏာပိုင်များသည် ဗြိတိန်၊ တောင်အာဖရိက၊ ဩစတြေးလျ၊ ဒိန်းမတ်၊ နယ်သာလန်၊ ဘယ်လ်ဂျီယံ၊ အီရန်၊ ဂျပန်နှင့် အချို့နိုင်ငံများမှ ခရီးသွားလာမှုများကို တားမြစ်ရန် ဆုံးဖြတ်ချက်ချခဲ့သည်။ သက်ဆိုင်ရာအာဏာပိုင်များက အဆိုပါနိုင်ငံများမှ ခရီးသွားများ၏ ပြည်ဝင်ခွင့်များကိုလည်း တားဆီးထားကြောင်း၊ သို့သော်လည်း အီရတ်နိုင်ငံသားများအနေဖြင့် ကိုဗစ်–၁၉ ကင်းစင်ကြောင်း စစ်ဆေးမှုမခံမီ ၁၄ ရက်တာ အသွားအလာကန့်သတ်စောင့်ကြည့်မှု ခံယူရမည်ဖြစ်ကြောင်း ပြောကြားထားသည်။

အရေးပေါ်နှင့် ကုန်သွယ်ရေးမှလွဲ၍ အခြားအခြေအနေများတွင် နယ်စပ်ဖြတ်ကျော်မှုများကိုလည်း တားဆီးထားကြောင်း သိရသည်။ ထို့အပြင် ဒီဇင်ဘာ ၂၄ ရက်မှစကာ သီတင်းပတ်နှစ်ပတ်ကြာ စျေးဝယ်ကုန်တိုက်များ၊ စားသောက်ဆိုင်များနှင့် အများပြည်သူသွားလာ လည်ပတ်သည့်နေရာများကို နံနက် ၆ နာရီ မှ ည ၇ နာရီအထိ ပိတ်ထားမည်ဖြစ်ကြောင်း သိရသည်။ အီရတ်နိုင်ငံတွင် ကိုဗစ်–၁၉ ကပ်ရောဂါကို ထိန်းချုပ်ရန် တင်းကျပ်သည့်ဆောင်ရွက်ချက်များ ချမှတ်လုပ်ဆောင်လျက်ရှိသည်။

**ဆင်ဟွာ**

## နိုင်ငံတကာ သတင်းတိုထွာ

### ဂျပန်လယ်ယာ စိုက်ပျိုးရေး ဝန်ကြီးဟောင်း ငွေကြေးလက်ခံ ရယူခဲ့သည်ဟု ဝန်ခံ

**တိုကျို ဒီဇင်ဘာ ၂၅**

၂၀၁၈ ခုနှစ် အောက်တိုဘာလမှ ၂၀၁၉ ခုနှစ် စက်တင်ဘာလအထိ တာဝန်ထမ်းဆောင်ခဲ့သော ဂျပန်လယ်ယာ စိုက်ပျိုးရေးဝန်ကြီးဟောင်း ယိုရှိကာဝါ တာကာမိုရီသည် ၎င်းတာဝန်ထမ်းဆောင်ခဲ့စဉ် ကာလအတွင်း ကုမ္ပဏီအမှုဆောင်ဟောင်း တစ်ဦးထံက ငွေကြေးလက်ခံရယူခဲ့ကြောင်း ဝန်ခံခဲ့သည်ဟု သတင်းရင်းမြစ်များတွင် ဖော်ပြထားသည်။

လစ်ဘရယ် ဒီမိုကရက်တစ်ပါတီက မစ္စတာ ယိုရှိကာဝါသည် ဟီရိုရှီးမား ခရိုင် ဖူကူယာမာမြို့ရှိ ဥစားကြက်မွေးမြူရေးလုပ်ငန်းတစ်ခု၏ အကြီးအကဲဟောင်းထံက စုစုပေါင်းငွေသား အမေရိကန်ဒေါ်လာ ၄၈၀၀၀ ခန့် လက်ခံခဲ့သည်ဆိုသော စွဲချက်ဖြင့် ရင်ဆိုင်နေရကြောင်း သိရသည်။

အဆိုပါ လုပ်ငန်းရှင်အကြီးအကဲဟောင်းထံမှ ငွေကြေးလက်ခံခဲ့ကြောင်း မစ္စတာ ယိုရှိကာဝါက ယခုလအစောပိုင်းက ဝန်ခံခဲ့ပြီး စုံစမ်းစစ်ဆေးရေးအရာရှိများက တောင်းဆိုလာပါက သတင်းအချက်အလက်များ အားလုံးကို ပေးအပ်သွားမည်ဖြစ်ကြောင်း ၎င်းနှင့် နီးစပ်သူများကို ပြောကြားခဲ့သည်။ ၎င်းသည် လွန်ခဲ့သည့် ဒီဇင်ဘာ ၂၂ ရက်က အောက်လွှတ်တော်အမတ်အဖြစ်မှ နုတ်ထွက်ခဲ့သည်။ **အင်န်အိတ်ချ်ကေ**

### ဂျပန်နိုင်ငံ ကိုဗစ် - ၁၉ ကာကွယ်ဆေးထိုးရေး အစီအစဉ်မူကြမ်း ရေးဆွဲ

**တိုကျို ဒီဇင်ဘာ ၂၅**

ဂျပန်နိုင်ငံ၏ ကိုဗစ်-၁၉ ကာကွယ်ဆေးထိုးရေးအစီအစဉ်တွင် ဦးစားပေးအဆင့်များကို သတ်မှတ်သွားမည့် ကာကွယ်ဆေး ထိုးရေးအစီအစဉ်မူကြမ်းကို ဂျပန်ကျန်းမာရေးဝန်ကြီးဌာန အရာရှိများက ရေးဆွဲခဲ့ကြကြောင်း သိရသည်။

အဆိုပါ ဦးစားပေးအဆင့်သတ်မှတ်သွားမည့် ကာကွယ်ဆေးထိုးရေး အစီအစဉ်မူကြမ်းတွင် နာတာရှည်ရောဂါခံစားနေရသူများ၊ ကင်ဆာ၊ အဝလွန်ခြင်းနှင့် တခြားရောဂါခံစားနေရသူများကို ထည့်သွင်းရန် စီစဉ်ထားကြောင်း သိရသည်။

ဂျပန်ကျန်းမာရေးဝန်ကြီးဌာနက ဖေဖော်ဝါရီလ နှောင်းပိုင်းတွင် ကျန်းမာရေး ဝန်ထမ်းများကို ကာကွယ်ဆေးထိုးမှုစတင်ရန် စီစဉ်နေကြောင်း၊ ယင်းနောက် မတ်လနှောင်းပိုင်း နောက်ဆုံးထားပြီး အသက်အရွယ်ကြီးရင့်သူများကို ကာကွယ်ဆေးထိုးပေးသွားမည်ဖြစ်သည်။ နာတာရှည်၊ နှလုံးနှင့် ကျောက်ကပ် ရောဂါတွေ့သာမက အသက်ရှူလမ်းကြောင်းဆိုင်ရာ ရောဂါများနှင့် ကင်ဆာကဲ့သို့သော ကိုယ်ခံအားဆိုင်ရာ ထိခိုက်မှုဖြစ်စေသည့် ရောဂါများကိုလည်း ဦးစားပေးသွားမည်ဖြစ်သည်။

**အင်န်အိတ်ချ်ကေ**

# ဖြိတိန်ရဲ့ သန္ဓေပြောင်း ကိုရိုနာဗိုင်းရပ်စ်အတွက် အလုပ်ဖြစ်လာတော့မယ့် ဘိုင်အိုအင်န်တက်ခ်နဲ့အတူ ကာကွယ်ဆေးအလားအလာ

## ထွန်းသစ်စ

**ဂျာမန်ဆေးဝါးကုမ္ပဏီက သူ့ရဲ့ကိုရိုနာဗိုင်းရပ်စ်ကာကွယ်ဆေးဟာ အင်္ဂလန်နိုင်ငံရဲ့ သန္ဓေပြောင်း ကိုရိုနာဗိုင်းရပ်စ်မျိုးရိုးဗီဇကွဲအတွက် အလုပ်ဖြစ်မယ်ဆိုတာ ယုံကြည်နေတယ်လို့ ဘိုင်အိုအင်န်တက်ခ်ရဲ့ အမှုဆောင်အရာရှိချုပ်က ပြောကြားလိုက်သော်လည်း နောက်ထပ်လေ့လာမှုများကို ပြည့်စုံစိတ်ချရတဲ့အထိလုပ်ဖို့ လိုသေးပါတယ်ဟု ဆိုပါတယ်။ ဘယ်လိုပဲဖြစ်ဖြစ် ဒါဟာ ကမ္ဘာကြီး အတွက်တော့ သတင်းကောင်းတစ်ခုပါပဲ။ အထူးသဖြင့် အင်္ဂလန်နိုင်ငံအတွက်တော့ တကယ့်သတင်းကောင်းပါပဲ။**

### ကာကွယ်နိုင်ခြေရှိတယ်

အခုလတ်တလောမှာ အင်္ဂလန်နိုင်ငံက လေကြောင်းခရီးစဉ်တွေ၊ ရထားလိုင်း၊ ဘတ်စ်ကား၊ သင်္ဘောနဲ့ လာမယ့်ခရီးစဉ်တွေကို ဂျာမနီနိုင်ငံလိုမျိုး အခြားနိုင်ငံ အတော်များများက ပိတ်ထားလိုက်ပါတယ်။ သန္ဓေပြောင်း ကိုရိုနာဗိုင်းရပ်စ်နဲ့ ပတ်သက်တဲ့ တိကျတဲ့ အချက်အလက်တွေ မသိရသေးသရွေ့ကတော့ ကြိုတင်ကာကွယ်တဲ့အနေနဲ့ အခုလိုမျိုး ပိတ်ထားမှာ ဖြစ်ပါတယ်။

အဲဒီလိုပိတ်ထားလိုက်တဲ့အတွက် အင်္ဂလန်နိုင်ငံရဲ့ စီးပွားရေးအပေါ် အကျိုးသက်ရောက်မှုတွေ အများကြီး ရှိလာမှာဖြစ်ပါတယ်။ အခုတွေ့ရှိထားတဲ့ သန္ဓေပြောင်း ကိုရိုနာဗိုင်းရပ်စ်မျိုးစိတ်ဟာ ယခင် ကိုရိုနာဗိုင်းရပ်စ်ထက် ကြောက်စရာကောင်းပါတယ်။ ပိုပြီးကူးစက်မှုမြန်ပါတယ်။ သို့သော်လည်း ဘိုင်အိုအင်န်တက်ခ်လို ကိုဗစ်- ၁၉ ကာကွယ်ဆေးကတော့ ဒီလိုမျိုးကြောက်စရာကောင်းတဲ့ သန္ဓေပြောင်း ကိုရိုနာဗိုင်းရပ်စ်ကို ကာကွယ်နိုင်ခြေရှိတယ်လို့ ဘိုင်အိုအင်န်တက်ခ်ရဲ့ အမှုဆောင်အရာရှိချုပ် အူးရ်ရှားဟင်းက ပြောထားပါတယ်။

### သိပ္ပံနည်းကျ ယုံကြည်မှုရှိတယ်

ကျွန်တော်တို့ရဲ့ ကာကွယ်ဆေးဟာ အခုတွေ့ရှိထားတဲ့ သန္ဓေပြောင်း ကိုရိုနာဗိုင်းရပ်စ်ကို ပြည့်ပြည့်ဝဝ ကာကွယ်ပေးနိုင်မလားဆိုတာ အခုလတ်တလောမှာ အတိအကျ မသိရသေးဘူးလို့ အူးရ်ရှားဟင်းက ဒီဇင်ဘာ ၂၂ ရက်တွင် ပြောကြားလိုက်ပါတယ်။ သို့သော်လည်း သန္ဓေပြောင်း ကိုရိုနာဗိုင်းရပ်စ်မှာ တွေ့တဲ့ ပရိုတိန်းဟာ အခုဖြစ်ပေါ်နေတဲ့ ကိုရိုနာဗိုင်းရပ်စ်မျိုးဗီဇနဲ့ ၉၉ ရာခိုင်နှုန်း တူနေတယ်။ ဒါကြောင့် ဘိုင်အိုအင်န်တက်ခ်ကတော့ ကာကွယ်ဆေးပေါ်မှာ သိပ္ပံနည်းကျ ယုံကြည်မှုရှိတယ်လို့ အူးရ်ရှားဟင်းက ပြောပါတယ်။

လတ်တလောမှာ ဘိုင်အိုအင်န်တက်ခ်ဟာ နောက်ထပ်လေ့လာမှုတွေကို လုပ်ဆောင်နေပါတယ်။ လာမယ့် သီတင်းပတ်အနည်းငယ်အတွင်းမှာ သေချာပေါက်ကျိန်းသေဖို့ မျှော်လင့်ရပါတယ်။ ကျွန်တော်တို့ရဲ့ ကာကွယ်ဆေးဟာ အလုပ်ဖြစ်မှာပါ။ ဖြစ်နိုင်ခြေလည်း ပိုများပါတယ်လို့ အူးရ်ရှားဟင်းက ပြောလိုက်ပါတယ်။

### ကိုက်ညီမှုရှိအောင် လုပ်ဆောင်

အကယ်၍ လိုအပ်ပါက ဘိုင်အိုအင်န်တက်ခ်က လာမယ့် သီတင်းပတ်ခြောက်ပတ်အတွင်းမှာ သူ့ရဲ့ကာကွယ်ဆေးကို အခုဖြစ်နေတဲ့ သန္ဓေပြောင်း ကိုရိုနာဗိုင်းရပ်စ်အတွက် ကိုက်ညီမှုရှိအောင် လုပ်ဆောင်သွားမှာဖြစ်တယ်လို့ သိရပါတယ်။ ကာကွယ်ဆေးဟာ မက်ဆင်ဂျာ အာရ်အင်န်အေ နည်းပညာပေါ်မှာ အခြေခံထားပါတယ်။

အဓိကအားဖြင့် မက်ဆင်ဂျာနည်းပညာရဲ့ အားသာချက်ကတော့ အခုတွေ့နေတဲ့ သန္ဓေပြောင်း ကိုရိုနာဗိုင်းရပ်စ်မျိုးစိတ်သစ်ရဲ့အသွင်ကို အပြည့်အဝယူနိုင်တဲ့ ကာကွယ်ဆေးကို တိုက်ရိုက် စတင်ဖန်တီးလုပ်ဆောင်နိုင်တာပဲ ဖြစ်ပါတယ်။ ဒါကြောင့် ကာကွယ်ဆေးသစ်တစ်မျိုးကို လာမယ့်သီတင်းပတ်ခြောက်ပတ်အတွင်း ပံ့ပိုးပေးနိုင်လိမ့်မယ်လို့ သူကပြောလိုက်ပါတယ်။ အူးရ်ရှားဟင်းက ဖြိတိန်မှာ တွေ့ရ တဲ့ ကိုရိုနာဗိုင်းရပ်စ် မူကွဲတွေဟာ ပုံမှန်တွေ့နေကျ တစ်ခုထက်မကဘဲ သန္ဓေပြောင်း ကိုရိုနာဗိုင်းရပ်စ်မျိုးစိတ် ကိုးခုလောက် ရှိတယ်လို့ ပြောပါတယ်။

### ၄၅ နိုင်ငံကျော်မှာ သုံးစွဲခွင့်ပြု

အမေရိကန်ဆေးဝါးကုမ္ပဏီ ဖိုက်ဇာနဲ့အတူ ပူးတွဲလုပ်ဆောင်နေတဲ့ ဘိုင်အိုအင်န်တက်ခ်ရဲ့ ကိုဗစ်- ၁၉ ကာကွယ်ဆေးကို စင်ကာပူ၊ ဥရောပသမဂ္ဂ၊ အင်္ဂလန်နဲ့ အမေရိကန်ပြည်ထောင်စုအပါအဝင် နိုင်ငံပေါင်း ၄၅ နိုင်ငံကျော်မှာ သုံးစွဲခွင့်ပြုလိုက်ပြီ ဖြစ်ပါတယ်။

ကာကွယ်ဆေးကို ဒီဇင်ဘာ ၂၁ ရက်က အတည်ပြုပေးလိုက်ပြီးတဲ့နောက်မှာ ဥရောပသမဂ္ဂမှာတော့ ကာကွယ်ဆေးထိုးလှုပ်ရှားဆောင်ရွက်မှုတွေကို အများအပြား အရှိန်မြှင့်တင် လုပ်ဆောင်နေပြီပဲဖြစ်ပါတယ်။ ဒီနှစ်ကုန်မှာ ဥရောပသမဂ္ဂအဖွဲ့ဝင်နိုင်ငံတွေကို ဖိုက်ဇာ-ဘိုင်အိုအင်န်တက်ခ် ကိုဗစ်-၁၉ ကာကွယ်ဆေး ၁၂ ဒသမ ၅ သန်းပေးပို့သွားမှာ ဖြစ်ပါတယ်။

### ကာကွယ်ဆေးလက်ခံရရှိမယ်

ဥရောပသမဂ္ဂအဖွဲ့ဝင်တွေကို ပို့မယ့် ကိုဗစ်- ၁၉ ကာကွယ်ဆေး ၁၀ သန်းကျော်ဟာ ဒီနှစ်ကုန်မှာ အမေရိကန်ပြည်ထောင်စုရရှိမယ့် ကာကွယ်ဆေးပမာဏနဲ့ ညီမျှပါတယ်လို့ ဘိုင်အိုအင်န်တက်ခ်ရဲ့ လုပ်ငန်းအကြီးအကဲ ဆန်မာရက်က ပြောပါတယ်။ သုံးပတ်ခြား ကာကွယ်ဆေး နှစ်ခါထိုးရမှာဆိုတော့ ဥရောပသမဂ္ဂအဖွဲ့ဝင်နိုင်ငံမှာရှိတဲ့ လူပေါင်း ၆ ဒသမ ၂၅ သန်းလောက် လုံလောက်မှာဖြစ်ပါတယ်။

ဂျာမနီနိုင်ငံက ဘိုင်အိုအင်န်တက်ခ် ကာကွယ်ဆေး ထုတ်လုပ်ရာနေရာတွေက ကာကွယ်ဆေးတွေနဲ့ ဘယ်လ်ဂျီယံနိုင်ငံ ပါးရ်မှာရှိတဲ့ ဖိုက်ဇာရဲ့ကာကွယ်ဆေးထုတ်လုပ်ရာနေရာက ကိုဗစ်- ၁၉ ကာကွယ်ဆေးတွေကို လိုချင်နေတဲ့ ဥရောပသမဂ္ဂအဖွဲ့ဝင် ၂၇ နိုင်ငံက အဲဒီကာကွယ်ဆေးတွေကို ဒီဇင်ဘာ ၂၆ ရက်မှာ လက်ခံရရှိမှာဖြစ်ပြီးတော့ ဒီဇင်ဘာ ၂၇ ရက်မှာ ကာကွယ်ဆေး ထိုးနှံမှုတွေကို လုပ်ဆောင်နိုင်မှာဖြစ်တယ်လို့ ဘဏ္ဍာရေး အရာရှိချုပ် ဆာ့ခ်ပေါ့တင်းက ပြောပါတယ်။ ဥရောပသမဂ္ဂနိုင်ငံတွေအားလုံးကို ကာကွယ်ဆေးပို့တဲ့နေရာမှာ မိမိတို့မှာ တင်းကျပ်တဲ့ ပို့ဆောင်မှုအစီအစဉ်တွေရှိတယ်လို့ သူကဆက်ပြောပါတယ်။

### ၁ ဒသမ ၃ ဘီလီယံထုတ်လုပ်သွားမယ်

ဖိုက်ဇာနဲ့ ဘိုင်အိုအင်န်တက်ခ်တို့က လာမယ့် ၂၀၂၁ ခုနှစ်မှာ ကိုဗစ်- ၁၉ ကာကွယ်ဆေး ၁ ဒသမ ၃ ဘီလီယံထုတ်လုပ်သွားနိုင်မယ်လို့ မျှော်လင့်ထားတယ်လို့ သိရပါတယ်။ ကမ္ဘာ့အစိုးရတွေက ကမ္ဘာတစ်ဝန်းမှာ သေဆုံးသူ ၁ ဒသမ ၇ သန်းကျော် ဖြစ်စေခဲ့သလို ကမ္ဘာ့စီးပွားရေးကို ပျက်စီးစေခဲ့တဲ့ ကိုဗစ်- ၁၉ ကပ်ရောဂါကို ထိန်းချုပ်နိုင်ရေး ကြိုးစားဆောင်ရွက်နေချိန်မှာ ဂျာမန်ဘိုင်အိုအင်န်တက်ခ်ကုမ္ပဏီက အမှုဆောင်အရာရှိတွေက ကမ္ဘာ့ကာကွယ်ဆေးလိုအပ်ချက်နဲ့ ပြည့်မီအောင် ကာကွယ်ဆေးကို တိုးတက်ထုတ်လုပ်သွားဖို့ နည်းလမ်းတွေ ရှာဖွေနေတယ်လို့ ပြောပါတယ်။

ဘိုင်အိုအင်န်တက်ခ်ဟာ လာမယ့် ဖေဖော်ဝါရီလမှာ သူ့ရဲ့ ကာကွယ်ဆေး ထုတ်လုပ်တဲ့နေရာသစ်ဖြစ်တဲ့ ဂျာမနီနိုင်ငံ မာဘာ့ချ်က စတင်ထုတ်လုပ်ဖို့ စီစဉ်နေတယ်လို့ ပေါ့တင်းက ပြောပါတယ်။ စက်တင်ဘာလက ဝယ်ယူခဲ့တဲ့ အဲဒီနေရာက တစ်နှစ်ကို ကာကွယ်ဆေး သန်း ၇၅၀ လောက် ထုတ်လုပ်နိုင်မှာ ဖြစ်ပါတယ်။

### အချိန်ယူရဦးမယ်

မိမိတို့တွေဟာ ၂၀၂၁ ခုနှစ်မှာ ကာကွယ်ဆေးကို များနိုင်သမျှ များအောင်ထုတ်လုပ်သွားမယ်။ အဲဒီနောက်ပိုင်းကိုတော့ တိတိကျကျ မဆွေးနွေးရသေးဘူးလို့ ပေါ့တင်းက ပြောပါတယ်။ အင်္ဂလန်နဲ့ အမေရိကန်ပြည်ထောင်စုမှာ ကိုရိုနာဗိုင်းရပ်စ်ကာကွယ်ဆေးကို အရေးပေါ်သုံးစွဲခွင့်ပေးလိုက်ပြီးနောက်မှာ ဥရောပသမဂ္ဂကလည်း အလားတူပဲ အရေးပေါ် သုံးစွဲခွင့်ပြုလိုက်ပါတယ်။ ဒါဟာ ကိုဗစ်- ၁၉ ရောဂါကို ကိုင်တွယ်ထိန်းချုပ်ဖို့ အဓိက အဆင့်ပဲ ဖြစ်ပါတယ်။ လာမယ့်နှစ် ဆောင်းဦးရာသီလောက်မှာ ကမ္ဘာ့လူဦးရေ ၆၀ ရာခိုင်နှုန်းမှ ၈၀ ရာခိုင်နှုန်းအထိ ကာကွယ်ဆေးထိုးပေးနိုင်လိမ့်မယ်လို့ အူးရ်ရှားဟင်းက ပြောကြားလိုက်ပါတယ်။ ထို့အပြင် မော်ဒါနာကဲ့သို့သော ကာကွယ်ဆေးများလည်း ထုတ်လုပ်လာမှာဖြစ်ပါတယ်။ တစ်ကမ္ဘာလုံးအနှံ့ ကာကွယ်ဆေး ထိုးနှံနိုင်ဖို့ အချိန်တော့ယူရဦးမှာ ဖြစ်ပါတယ်။ ။ **ကိုးကား- စီအင်န်အေ**



ဘိုင်အိုအင်န်တက်ခ်ရဲ့ အမှုဆောင်အရာရှိချုပ် အူးရ်ရှားဟင်း။

❖ **ဘိုင်အိုအင်န်တက်ခ်က လာမယ့် သီတင်းပတ်ခြောက်ပတ်အတွင်းမှာ သူ့ရဲ့ကာကွယ်ဆေးကို အခုဖြစ်နေတဲ့ သန္ဓေပြောင်း ကိုရိုနာဗိုင်းရပ်စ်အတွက် ကိုက်ညီမှုရှိအောင် လုပ်ဆောင်သွားမှာဖြစ်**

❖ **ဖြိတိန်မှာတွေ့ရတဲ့ ကိုရိုနာဗိုင်းရပ်စ် မူကွဲတွေဟာ ပုံမှန်တွေ့နေကျ တစ်ခုထက်မကဘဲ သန္ဓေပြောင်း ကိုရိုနာဗိုင်းရပ်စ်မျိုးစိတ် ကိုးခု လောက်ရှိတယ်လို့ ပြောပါတယ်**

# စည်းမျဉ်းစည်းကမ်းကို လိုက်နာဖို့ အရေးကြီး



ပြည်ပလေကြောင်းများ ပျံသန်းဖို့ အဝင်အထွက် သာမန်ပုံစံဘက်ကို ဦးတည်ဖို့ဆိုတာလည်း ကျွန်မတို့စပြီးတော့ စီစဉ်နေပါပြီ။ အစောဆုံးဖြစ်အောင်လို့ လုပ်ပါမယ်။ ဒီလို ပြည်တွင်းရော၊ ပြည်ပရောပေါ့။ လေယာဉ်ပျံသန်းမှုရှိနိုင်ရေး၊ ဆက်သွယ်ရေးကောင်းရေး၊ ပြန်ပြီးတော့ ကူးလူးဆက်ဆံမှု မြန်မြန်ဆန်ဆန်ဆောင်ရွက်နိုင်ရေးဆိုတာလည်း ပြန်ပြီးတော့ ကျွန်မတို့ရဲ့ တိုးတက်ရေး မြန်အောင်လို့ လုပ်တဲ့ဟာပဲ ဖြစ်ပါတယ်။ ဒါကြောင့် စက်ရုံတွေဆိုလည်း စက်ရုံတွေ၊ အလုပ်ရုံတွေလည်း အမြန်ဆုံး ကျွန်မတို့ ပြန်ဖွင့်ပေးမယ်။ Stay At Home မဟုတ်တဲ့ နေရာတွေမှာလည်း ကျန်းမာရေး စည်းမျဉ်းစည်းကမ်းနဲ့ ကိုက်ညီတဲ့ စားသောက်ဆိုင်တွေကို ကျွန်မတို့ ဖွင့်ဖို့၊ ပြန်ပြီးတော့ ခွင့်ပြုမှာဖြစ်ပါတယ်။ ဒါကြောင့် ဒီလိုအကန့်အသတ်တွေကနေပြီးတော့ မြန်မြန်ဆန်ဆန် လွတ်မြောက်စေချင်တယ်ဆိုရင်တော့ စည်းမျဉ်းစည်းကမ်းကို လိုက်နာဖို့ကတော့ အင်မတန်မှ အရေးကြီးပါတယ်။ ဒါကြောင့် ကျွန်မတို့ ပြည်သူတွေ၊ အထူးသဖြင့် ရန်ကုန်က ပြည်သူတွေ သတိထားပြီးတော့ ကိုဗစ်ရောဂါ မပြန့်ပွားရေးအတွက် နိုင်ငံတော်ကို ကူညီကြပါလို့ ကျွန်မအနေနဲ့ မေတ္တာရပ်ခံပါတယ်။ အားလုံးကျန်းမာချမ်းသာကြပါစေ။

(Coronavirus Disease 2019 (COVID–19) ကာကွယ်၊ ထိန်းချုပ်၊ ကုသရေး အမျိုးသားအဆင့် ဗဟိုကော်မတီဥက္ကဋ္ဌ၊ နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည် ၁၁–၁၂–၂၀၂၀ ရက်နေ့တွင် ကိုဗစ်–၁၉ ရောဂါဖြစ်ပွားမှု နောက်ဆုံးအခြေအနေနှင့် စပ်လျဉ်း၍ ပြည်သူများသို့ အစီရင်ခံတင်ပြသည့် မိန့်ခွန်းမှ ကောက်နုတ်ချက်)

# COVID-19 ရောဂါ ဓာတ်ခွဲအတည်ပြုလူနာသစ် ၇၅၈ ဦး တွေ့ရှိ

## COVID–19 ရောဂါ စောင့်ကြပ်ကြည့်ရှုမှုနှင့်ပတ်သက်၍ သတင်းထုတ်ပြန်ခြင်း

(၂၅–၁၂–၂၀၂၀) ရက်နေ့၊ ည (၈:၀၀)နာရီ

(၂၄–၁၂–၂၀၂၀) ရက်နေ့၊ ည (၈:၀၀) နာရီမှ (၂၅–၁၂–၂၀၂၀) ရက်နေ့၊ ည (၈:၀၀) နာရီအတွင်း ဓာတ်ခွဲနမူနာ စုစုပေါင်း (၁၉,၅၄၃) ခုအား စစ်ဆေးပြီးစီးခဲ့ရာ **COVID–19 ရောဂါ ဓာတ်ခွဲအတည်ပြု လူနာသစ် (၇၅၈) ဦး တွေ့ရှိရ**ပါသည်။

ဓာတ်ခွဲခန်းများနှင့် တိုင်းဒေသကြီး/ ပြည်နယ်များတွင် ဓာတ်ခွဲစမ်းသပ်မှုအခြေအနေ
(၂၅–၁၂–၂၀၂၀) ရက်နေ့၊ ည (၈:၀၀) နာရီ

| ဓာတ်ခွဲဌာနအမည် | စစ်ဆေးခဲ့သည့် ဓာတ်ခွဲနမူနာ စုစုပေါင်း | ပိုးတွေ့ လူနာသစ် |
|---|---|---|
| အမျိုးသားကျန်းမာရေးဓာတ်ခွဲမှုဆိုင်ရာဌာန (ရန်ကုန်) | (၁,၄၄၂) ခု | (၈၆) ဦး |
| ဆေးသုတေသနဦးစီးဌာန (ရန်ကုန်) | (၆၁၀) ခု | (၄၄) ဦး |
| ပြည်သူ့ကျန်းမာရေးဓာတ်ခွဲမှုဆိုင်ရာဌာန (မန္တလေး) | (၉၃၀) ခု | (၅၆) ဦး |
| ပြည်သူ့ကျန်းမာရေးဓာတ်ခွဲမှုဆိုင်ရာဌာန (မော်လမြိုင်) | (၁၂၈) ခု | (၃) ဦး |
| ပြည်သူ့ကျန်းမာရေးဓာတ်ခွဲမှုဆိုင်ရာဌာန (တောင်ကြီး) | (၅၃၈) ခု | (၄) ဦး |
| ရန်ကုန်မြို့၊ အမှတ် (၁) တပ်မတော်ဆေးရုံကြီး (ခုတင် ၁၀၀၀) | (၈၃၀) ခု | (၂၁) ဦး |
| နေပြည်တော်၊ အမှတ် (၂) တပ်မတော်ဆေးရုံကြီး (ခုတင် ၁၀၀၀) | (၅၃၆) ခု | (၅၅) ဦး |
| နေပြည်တော်ကောင်စီ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်များတွင် GeneXpert စက်များဖြင့် ဓာတ်ခွဲစမ်းသပ်မှုအခြေအနေ | (၉၄) ခု | (၅) ဦး |
| နေပြည်တော်ကောင်စီ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်များရှိ ဆေးရုံများတွင် COVID–19 Rapid Antigen Diagnostic Test စစ်ဆေးမှုအခြေအနေ | (၅၂၉) ခု | (၉၂) ဦး |
| နေပြည်တော်ကောင်စီ၊ တိုင်းဒေသကြီးနှင့် ပြည်နယ် ပြည်သူ့ကျန်းမာရေးဦးစီးဌာနများတွင် COVID–19 Rapid Antigen Diagnostic Test စစ်ဆေးမှုအခြေအနေ | (၁၃,၉၀၆) ခု | (၃၉၂) ဦး |
| **စုစုပေါင်း** | (၁၉,၅၄၃) ခု | (၇၅၈) ဦး |

- Rapid Antigen Diagnostic Test Kit များဖြင့် ရန်ကုန်တိုင်းဒေသကြီးအတွင်းရှိ ဆေးရုံကြီးများနှင့် မြို့နယ်များတွင် ဆက်လက်စစ်ဆေးလျက်ရှိပြီး အဆိုပါစစ်ဆေးမှုများတွင် အနံ့မရ ရှိသူများလည်း ပါဝင်ပါသည်။
- ဓာတ်ခွဲအတည်ပြုလူနာနှင့် အနီးကပ်ထိတွေ့သူများ၊ အသွားအလာကန့်သတ်ထားရှိသူများ နှင့် စောင့်ကြည့်လူနာများ၏ ဓာတ်ခွဲနမူနာများအား ရယူစစ်ဆေးလျက်ရှိရာတွင် COVID–19 နေ့စဉ် စမ်းသပ်တွေ့ရှိရမှုနှုန်းမှာ အောက်ပါအတိုင်းဖြစ်ပါသည် –

| | ၁၆–၁၂–၂၀ | ၁၇–၁၂–၂၀ | ၁၈–၁၂–၂၀ | ၁၉–၁၂–၂၀ | ၂၀–၁၂–၂၀ | ၂၁–၁၂–၂၀ | ၂၂–၁၂–၂၀ | ၂၃–၁၂–၂၀ | ၂၄–၁၂–၂၀ | ၂၅–၁၂–၂၀ |
|---|---|---|---|---|---|---|---|---|---|---|
| ပိုးတွေ့ရှိမှု ရာခိုင်နှုန်း | ၅.၃ | ၅.၁ | ၄.၆ | ၄.၄ | ၄.၆ | ၄.၀ | ၄.၁ | ၄.၀ | ၄.၃ | ၃.၉ |

**မှတ်ချက်။** COVID–19 စမ်းသပ်တွေ့ရှိရမှုနှုန်းမှာ ဓာတ်ခွဲစစ်ဆေးသည့်အရေအတွက်ပေါ်၌လည်း မူတည်နေပါသည်။ (၁၆–၁၂–၂၀၂၀) ရက်နေ့မှ (၂၅–၁၂–၂၀၂၀) ရက်နေ့အထိ နေ့စဉ်စစ်ဆေးသော ဓာတ်ခွဲနမူနာအရေအတွက်မှာ အနည်းဆုံး (၁၉,၅၄၃) ခုမှ အများဆုံး(၂၄,၅၀၁) ခု အထိဖြစ်ပြီး ပျမ်းမျှအရေအတွက်မှာ (၂၂,၂၅၅)ခု ဖြစ်ပါသည်။

* ပြည်သူလူထုအနေဖြင့် ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာန၏ ညွှန်ကြားချက်များကို ယခုထက် ပိုမိုတိကျစွာ လိုက်နာဆောင်ရွက်ကြမှသာလျှင် ရောဂါဖြစ်ပွားမှုနှုန်း ကျဆင်းလာပါမည်။

မြန်မာနိုင်ငံတွင် COVID–19 လူနာဖြစ်ပွား၊ သေဆုံးမှုအခြေအနေ
(၂၅–၁၂–၂၀၂၀) ရက်နေ့၊ ည (၈:၀၀) နာရီ

| | အသစ် (လွန်ခဲ့သော ၂၄ နာရီအတွင်း) | ယခုအထိ စုစုပေါင်း |
|---|---|---|
| စစ်ဆေးခဲ့သည့် ဓာတ်ခွဲနမူနာ စုစုပေါင်း | (၁၉,၅၄၃) ဦး | (၁,၇၀၃,၂၈၇) ဦး |
| COVID–19 ဓာတ်ခွဲအတည်ပြုလူနာ စုစုပေါင်း | (၇၅၈) ဦး | (၁၂၀,၅၄၆) ဦး |
| ဆေးရုံဆင်းခွင့်ရရှိသူ | (၁,၀၁၃) ဦး | (၁၀၀,၉၄၀) ဦး |
| သေဆုံးလူနာ | (၂၀) ဦး | (၂,၅၅၂) ဦး |

စာမျက်နှာ ၁၆ သို့

# COVID-19 ရောဂါ စောင့်ကြပ်ကြည့်ရှုမှုနှင့် ပတ်သက်၍ သတင်းထုတ်ပြန်ခြင်း

## (၂၅-၁၂-၂၀၂၀) ရက်နေ့၊ ညနေ (၄:၀၀)နာရီ

၁။ (၂၄-၁၂-၂၀၂၀) ရက်နေ့အတွက် ဓာတ်ခွဲအတည်ပြုလူနာ (၉၁၉) ဦး၏ မြို့နယ်အလိုက် တွေ့ရှိရမှုအခြေအနေမှာ အောက်ပါအတိုင်း ဖြစ်ပါသည် -

| စဉ် | တိုင်းဒေသကြီး/ ပြည်နယ်/ ပြည်ထောင်စုနယ်မြေ နေပြည်တော် | မြို့နယ် | အတည်ပြုလူနာ (ဦးရေ) |
|---|---|---|---|
| ၁။ | ရန်ကုန်တိုင်းဒေသကြီး | ဒဂုံမြို့သစ် (တောင်ပိုင်း) | ၃၄ |
| | | မှော်ဘီ | ၂၆ |
| | | လှိုင် | ၂၆ |
| | | မြောက်ဥက္ကလာပ | ၁၉ |
| | | တောင်ဥက္ကလာပ | ၁၇ |
| | | မရမ်းကုန်း | ၁၇ |
| | | ဒဂုံမြို့သစ် (မြောက်ပိုင်း) | ၁၅ |
| | | တိုက်ကြီး | ၁၃ |
| | | အင်းစိန် | ၁၃ |
| | | ရွှေပြည်သာ | ၁၂ |
| | | မင်္ဂလာဒုံ | ၁၂ |
| | | သန်လျင် | ၁၁ |
| | | တာမွေ | ၉ |
| | | ဗဟန်း | ၉ |
| | | ဒဂုံမြို့သစ် (အရှေ့ပိုင်း) | ၉ |
| | | သာကေတ | ၉ |
| | | လှိုင်သာယာ | ၆ |
| | | လမ်းမတော် | ၆ |
| | | သဃ်န်းကျွန်း | ၅ |
| | | လှည်းကူး | ၅ |
| | | ဆိပ်ကြီးခနောင်တို | ၅ |
| | | စမ်းချောင်း | ၄ |
| | | ဒဂုံဆိပ်ကမ်း | ၄ |
| | | သုံးခွ | ၄ |
| | | ကျောက်တန်း | ၄ |
| | | မင်္ဂလာတောင်ညွန့် | ၄ |
| | | ကျောက်တံတား | ၄ |
| | | ထန်းတပင် | ၃ |
| | | ကော့မှူး | ၃ |
| | | လသာ | ၃ |
| | | ကမာရွတ် | ၂ |
| | | ပုဇွန်တောင် | ၂ |
| | | ကြည့်မြင်တိုင် | ၂ |
| | | ရန်ကင်း | ၂ |
| | | ကွမ်းခြံကုန်း | ၁ |
| | | ဒလ | ၁ |
| | | ဒဂုံ | ၁ |
| | | ဗိုလ်တထောင် | ၁ |
| | | ဒေါပုံ | ၁ |
| | | ခရမ်း | ၁ |
| | | ပန်းဘဲတန်း | ၁ |
| | | စုစုပေါင်း | ၃၂၆ |
| ၂။ | မန္တလေးတိုင်းဒေသကြီး | ချမ်းမြသာစည် | ၄၃ |
| | | ချမ်းအေးသာစံ | ၄၂ |
| | | အောင်မြေသာစံ | ၃၁ |
| | | မဟာအောင်မြေ | ၃၀ |
| | | အမရပူရ | ၂၅ |
| | | မြင်းခြံ | ၁၆ |
| | | ပြည်ကြီးတံခွန် | ၁၂ |
| | | ပုသိမ်ကြီး | ၉ |
| | | စဉ့်ကိုင် | ၈ |
| | | တောင်သာ | ၅ |
| | | ပြင်ဦးလွင် | ၃ |
| | | မြစ်သား | ၃ |
| | | ငါန်းဇွန် | ၁ |
| | | ကျောက်ပန်းတောင်း | ၁ |
| | | မတ္တရာ | ၁ |
| | | မိတ္ထီလာ | ၁ |
| | | ညောင်ဦး | ၁ |
| | | မိုးကုတ် | ၁ |
| | | နွားထိုးကြီး | ၁ |
| | | စုစုပေါင်း | ၂၃၄ |
| ၃။ | ပဲခူးတိုင်းဒေသကြီး | ပဲခူး | ၄၀ |
| | | ဒိုက်ဦး | ၉ |
| | | ရွှေတောင် | ၇ |
| | | လက်ပံတန်း | ၇ |
| | | သနပ်ပင် | ၅ |
| | | ကဝ | ၄ |
| | | ဖြူး | ၂ |
| | | ရေတာရှည် | ၂ |
| | | ပြည် | ၁ |
| | | အုတ်တွင်း | ၁ |
| | | ကျောက်တံခါး | ၁ |
| | | တောင်ငူ | ၁ |
| | | ဇီးကုန်း | ၁ |
| | | စုစုပေါင်း | ၈၁ |
| ၄။ | ဧရာဝတီတိုင်းဒေသကြီး | ဟင်္သာတ | ၂၇ |
| | | ပုသိမ် | ၁၁ |
| | | မအူပင် | ၉ |
| | | မော်လမြိုင်ကျွန်း | ၈ |
| | | လပွတ္တာ | ၇ |
| | | ကျိုက်လတ် | ၂ |
| | | ကျောင်းကုန်း | ၂ |
| | | ဘိုကလေး | ၁ |
| | | စုစုပေါင်း | ၆၇ |
| ၅။ | နေပြည်တော် | ဇေယျာသီရိ | ၄၄ |
| | | ပျဉ်းမနား | ၂ |
| | | စုစုပေါင်း | ၄၆ |
| ၆။ | မကွေးတိုင်းဒေသကြီး | တောင်တွင်းကြီး | ၁၆ |
| | | အောင်လံ | ၈ |
| | | မြို့သစ် | ၆ |
| | | မကွေး | ၅ |
| | | မြိုင် | ၂ |
| | | ချောက် | ၁ |
| | | မင်းဘူး | ၁ |
| | | ဆော | ၁ |
| | | ဆိပ်ဖြူ | ၁ |
| | | ရေနံချောင်း | ၁ |
| | | စုစုပေါင်း | ၄၂ |
| ၇။ | ကရင်ပြည်နယ် | မြဝတီ | ၂၅ |
| | | ဘားအံ | ၅ |
| | | သံတောင်ကြီး | ၃ |
| | | စုစုပေါင်း | ၃၃ |
| ၈။ | စစ်ကိုင်းတိုင်းဒေသကြီး | ကလေး | ၅ |
| | | ဆားလင်းကြီး | ၅ |
| | | မုံရွာ | ၄ |
| | | ကောလင်း | ၃ |
| | | မြောင် | ၃ |
| | | ကျွန်းလှ* | ၂ |
| | | အင်းတော် | ၁ |
| | | ကသာ | ၁ |
| | | စစ်ကိုင်း | ၁ |
| | | ရွှေဘို | ၁ |
| | | ထီးချိုင့် | ၁ |
| | | ဝက်လက် | ၁ |
| | | ဝန်းသို | ၁ |
| | | စုစုပေါင်း | ၂၉ |
| ၉။ | မွန်ပြည်နယ် | မော်လမြိုင် | ၁၃ |
| | | ကျိုက်ထို | ၇ |
| | | သထုံ | ၃ |
| | | ရေး | ၂ |
| | | ချောင်းဆုံ | ၁ |
| | | စုစုပေါင်း | ၂၆ |
| ၁၀။ | ရှမ်းပြည်နယ် | မူဆယ် | ၄ |
| | | တောင်ကြီး | ၃ |
| | | ကျိုင်းတုံ | ၁ |
| | | ကျောက်မဲ | ၁ |
| | | လားရှိုး | ၁ |
| | | နမ့်ခမ်း | ၁ |
| | | စုစုပေါင်း | ၁၁ |
| ၁၁။ | တနင်္သာရီတိုင်းဒေသကြီး | မြိတ် | ၉ |
| | | စုစုပေါင်း | ၉ |
| ၁၂။ | ကချင်ပြည်နယ် | မြစ်ကြီးနား | ၆ |
| | | ဖားကန့် | ၁ |
| | | ရွှေကူ | ၁ |
| | | စုစုပေါင်း | ၈ |
| ၁၃။ | ရခိုင်ပြည်နယ် | စစ်တွေ | ၄ |
| | | မောင်တော | ၁ |
| | | သံတွဲ | ၁ |
| | | စုစုပေါင်း | ၆ |
| ၁၄။ | ချင်းပြည်နယ် | တီးတိန် | ၁ |
| | | စုစုပေါင်း | ၁ |
| (၂၄-၁၂-၂၀၂၀) ရက်နေ့အတွက် ဓာတ်ခွဲအတည်ပြုလူနာ စုစုပေါင်း | | | (၉၁၉) ဦး |

* ကျွန်းလှမြို့နယ်မှ (၁)ဦးသည် ပြည်ပမှ ပြန်လည်ရောက်ရှိလာပြီး အသွားအလာကန့်သတ်ထားရှိသူ ဖြစ်ပါသည်။

မှတ်ချက်။ (၂၄-၁၂-၂၀၂၀)ရက်နေ့တွင် စစ်ဆေးတွေ့ရှိခဲ့သော ဓာတ်ခွဲအတည်ပြုလူနာ (၉၁၉)ဦး တွင် အနံ့မရရှိသူ (၁၁၅) ဦး ပါရှိပါသည်။

**ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန**

*စာမျက်နှာ ၁၅ မှ*

- ယနေ့ **သေဆုံးသူ (၂၀) ဦး** မှာ ပြည်သူ့ဆေးရုံများ၊ COVID-19 ရောဂါ ကုသရေးဌာနများနှင့် တပ်မတော် ဆေးရုံများမှဖြစ်ပြီး ၎င်းတို့အနက် ရောဂါအခံရှိသူ (၁၈) ဦး ပါဝင်ပါသည်။
- တိုင်းဒေသကြီး/ ပြည်နယ်များရှိ ဆေးရုံများနှင့် ရန်ကုန်မြို့ရှိ COVID-19 ရောဂါကုသရေးဌာနများ၊ တပ်မတော်ဆေးရုံများမှ ဆေးရုံဆင်းခွင့်ရရှိသူ စုစုပေါင်း (၁,၀၁၃) ဦးတွင်-
  - ပြည်သူ့ဆေးရုံများ - (၅၉၈) ဦး
  - COVID-19 ရောဂါကုသရေးဌာနများ (ရန်ကုန်မြို့) - (၄၁၅) ဦး ပါဝင်ပါသည်။
- ရန်ကုန်တိုင်းဒေသကြီးအတွင်း အသွားအလာကန့်သတ်ထားရှိရာ နေရာများမှ ဓာတ်ခွဲအတည်ပြုလူနာများနှင့် အနီးကပ်ထိတွေ့ခဲ့သူများအနက် Negative အဖြေထွက်ရှိခဲ့ပြီး နေအိမ်များတွင် အသွားအလာကန့်သတ်ထားရှိသူ စုစုပေါင်း (၇၄၆) ဦးတွင်-
  - Hotel Quarantine - (၁၅၃) ဦး
  - Facility Quarantine - (၉၅) ဦး
  - Community Based Facility Quarantine - (၄၆၃) ဦး
  - Anosmia Center - (၃၅) ဦး

  ပါဝင်ပြီး ၎င်းတို့အား နေအိမ်များတွင် အသွားအလာဆက်လက်ကန့်သတ်ထားရှိပါသည်။

**ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာန**

## ညောင်ဦးမြို့တွင် ကိုဗစ်-၁၉ ကာလအတွင်း အိမ်ထောင်စု ၄၀၀ အား ဆန်၊ ဆီ၊ ငါးခြောက်များ လှူဒါန်း

**ညောင်ဦး ဒီဇင်ဘာ ၂၅**

မန္တလေးတိုင်းဒေသကြီး ညောင်ဦးမြို့တွင် ကိုဗစ်-၁၉ ကူးစက်ရောဂါ ကာလအတွင်း အိမ်ထောင်စု ၄၀၀ အား စေတနာရှင် ဦးသက်ဆွေဦး၊ ဒေါ်အေးအေးစိန်မိသားစုက ဆန်၊ ဆီ၊ ဆားတို့ကို ဒီဇင်ဘာ ၂၅ ရက်က လိုက်လံလှူဒါန်းကြောင်း ညောင်ဦးမြို့ ဒေသခံ ဦးအောင်ခိုင်ထံက သိရသည်။

ကိုဗစ်-၁၉ ကူးစက်ရောဂါကာလအတွင်း အိမ်ထောင်စု အများစုကိုယ်စီ အခက်အခဲရှိနေချိန် စေတနာအလှူရှင် လင်းတည်းခိုခန်း၊ လင်းဓာတ်ပုံတိုက်၊ Linn Bagan ခရီးသွားလုပ်ငန်း မိသားစုမှ အိမ်ထောင်စု ၄၀၀ ကို တစ်အိမ်ထောင်လျှင် ဆန်နှစ်ပြည်၊ ဆီငါးဆယ်ကျပ်သား၊ ငါးခြောက်တစ်ထုပ်စီကို လှူဒါန်းပေးခဲ့ကြောင်း သိရသည်။



**မောင်မောင်ထိန်**
**(ကျောက်ပန်းတောင်း)**

# Mask တပ်မယ်၊ Face Shield တပ်မယ်၊ လက်ဆေးမယ်၊ ခပ်ခွာခွာနေမယ်၊ စကားပြောရင် ဝေးဝေးကနေပြောမယ်၊ မျက်နှာချင်းဆိုင် နေထိုင်စားသောက်ခြင်းကို ရှောင်မယ်၊ လူစုလူဝေးပြုလုပ်ခြင်းကို ရှောင်မယ်ဆိုတာတွေနဲ့ နိုင်ငံသားတစ်ယောက်ရဲ့တာဝန်ကို ကျေပွန်စွာထမ်းဆောင်ကြဖို့ လိုအပ်ပါတယ်

**ရန်ကုန်တိုင်းဒေသကြီးအတွင်း ကိုဗစ်–၁၉ ရောဂါ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးအတွက် ဆောင်ရွက်နေမှုများနှင့် စပ်လျဉ်းပြီး ရန်ကုန်တိုင်းဒေသကြီး ကိုဗစ် – ၁၉ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးအတွက် ပေါင်းစပ်ညှိနှိုင်းရေးကော်မတီ ဒုတိယဥက္ကဋ္ဌ (၁)၊ ဆေးတက္ကသိုလ် – ၁ (ရန်ကုန်) ပါမောက္ခချုပ် ပါမောက္ခ ဒေါက်တာဇော်ဝေစိုးနှင့် မြန်မာ့ရုပ်မြင်သံကြားမှ သတင်းအဖွဲ့က ဒီဇင်ဘာ ၂၄ ရက်တွင် ဆက်သွယ်မေးမြန်းထားသည်များကို ပြန်လည်ဖော်ပြလိုက်ပါသည်–**

**ပါမောက္ခ ဒေါက်တာဇော်ဝေစိုး**
**[ပါမောက္ခချုပ်၊ ဆေးတက္ကသိုလ် – ၁ (ရန်ကုန်)]**

ဒီနေ့ ၂၄ – ၁၂ – ၂၀၂၀ ရက်မှာ ရန်ကုန်အနေနဲ့ Positive လူနာအသစ် ၃၆၉ ဦးရှိပါတယ်။ အခု ၄ ရက် / ၅ ရက် အတွင်းမှာ ၄၀၀ အောက်ကို ရောက်လာတာဖြစ်ပါတယ်။ ဒါကြောင့် ဒီနေ့မှာ ကိုဗစ်စင်တာနှစ်ခုကို ကျွန်တော် အရင်ကပြောခဲ့သလို Stand by အနေအထားနဲ့ စတင်ပိတ်သိမ်းလိုက်ပြီ ဖြစ်ပါတယ်။ ရန်ကင်းပညာရေးကောလိပ်နဲ့ ယဉ်ကျေးမှုတက္ကသိုလ် ကိုဗစ်စင်တာတွေကို ယနေ့စတင်ပြီး ရပ်နားထားပါတယ်။

ကျွန်တော်တို့ရဲ့ ကိုဗစ်တိုက်ပွဲက ဆက်လက်ပြီး တိုက်ရဦးမှာ ဖြစ်ပါတယ်။ တကယ်က လျော့လာတာပဲ ဖြစ်ပါတယ်။ ဒါကို နိုင်တာမဟုတ်သေးပါဘူး။ ပွဲသိမ်းဖို့အတွက် ဆက်လက်ပြီး ရှင်းလင်းရေးတွေ ဆောင်ရွက်ဖို့လိုပါတယ်။ Positive ဖြစ်တဲ့သူ တစ်ယောက်မှမကျန်အောင် "သုည" Zero ဖြစ်တဲ့အထိ ဘယ်တော့မှ ခေါင်းထောင်မလာနိုင်အောင် ကာကွယ်ထိန်းသိမ်းစောင့်ကြပ်ကြည့်ရှုပြီး စဉ်ဆက်မပြတ် အရည်အသွေးမြှင့်တင်ရေးတွေ ဆောင်ရွက်ဖို့ လိုအပ်ပါတယ်။

ကျွန်တော်တို့ မီးကုန်ယမ်းကုန်၊ အားကုန်သုံးပြီး ထိုးစစ်ဆင် တိုက်ခိုက်ခဲ့ကြပါတယ်။ အစွမ်းကုန် အဆုံးစွန်အထိ Containment တွေ လုပ်ခဲ့ပါတယ်။ ပြည်သူ့ကျန်းမာရေးဝန်ထမ်းတွေရဲ့ အင်အားတွေ၊ Medical Service က ကုသရေးအင်အားတွေ၊ ပြည်သူလူထုရဲ့ ကူညီမှုတွေ၊ ပရဟိတ စေတနာ့ဝန်ထမ်းတွေ၊ နိုင်ငံတော်အစိုးရ၊ တိုင်းဒေသကြီးအစိုးရအဖွဲ့နဲ့ အလှူရှင်တွေ၊ ငွေကြေးအင်အား၊ လူအင်အား၊ ပစ္စည်းအင်အား၊ စိတ်ဓာတ်အင်အားတွေနဲ့ စုပေါင်းပါဝင်ပြီး အစွမ်းကုန်တိုက်ခိုက်ခဲ့ကြတယ်၊ Containment လုပ်ခဲ့ကြပါတယ်။ ဒါကြောင့် သုံးလအတွင်းမှာ ကျွန်တော်တို့ ယခုအခြေအနေမျိုးကို ရရှိလာတာဖြစ်ပါတယ်။

ဒါကို ဆက်လက်ပြီး အဆုံးစွန်အထိ တိုက်ပွဲဝင်သွားကြရမှာ ဖြစ်ပါတယ်။ လုံးဝလျော့လို့ မဖြစ်ပါဘူး၊ လုံးဝပေါ့လို့ မဖြစ်ပါဘူး။ ကျွန်တော်တို့တွေ ဆက်လက်ပြီး စွန့်လွှတ်ခြင်းတွေ၊ မိသားစုနဲ့ခွဲပြီး အိမ်မပြန်ဘဲ မဆုတ်မနစ်တဲ့ ဇွဲ၊ လုံ့လနဲ့ ဆက်လက်ပြီး ကြိုးပမ်းကြရဦးမှာ ဖြစ်ပါတယ်။ ဆက်လက်ပြီး ကျွန်တော်တို့ Containment လုပ်သွားရမှာ ဖြစ်ပါတယ်။

ကျွန်တော် အရင်တုန်းကပြောတဲ့ Home Isolation ကို ယခုအချိန်၊ ယခုအခြေအနေနဲ့ဆိုရင် လုပ်ဖို့မလိုပါဘူး။ ကျွန်တော်တို့ နိုင်နိုင်နင်းနင်း ရှိပါတယ်။ ဒါကြောင့် Containment ကို ဆက်သွားကြရမှာ ဖြစ်ပါတယ်။ New Normal Living, New Normal Life နေထိုင်မှုဓလေ့အသစ်နဲ့ ပုံမှန်ဘဝမှာနေထိုင်ရင်း တိုးတက်ကြီးပွားရေးအတွက် ဆတက်ထမ်းပိုး အစွမ်းကုန်ကြိုးစားကြရမှာ ဖြစ်ပါတယ်။

### အားစိုက်ဆောင်ရွက်

ရောဂါပိုးရှိတဲ့သူ၊ ရောဂါပိုးရှိနိုင်သူ၊ ရောဂါပိုးသယ်ဆောင်လာနိုင်သူတွေကို ရှာဖွေခြင်း၊ ကာကွယ်ခြင်း၊ ထိန်းသိမ်းခြင်း၊ ကုသခြင်း၊ ဖေးမကူညီစောင့်ရှောက်ခြင်းတွေကို မလျှော့ဘဲ၊ မပေါ့ဘဲ ဆက်လက်ပြီး အသိ၊ သတိနဲ့ ထာဝရစက္ကန့်မလပ်၊ နာရီမလပ် ကျွန်တော်တို့ အားစိုက်ဆောင်ရွက်ကြရဦးမှာ ဖြစ်ပါတယ်။

ဒီရက်ပိုင်း ခရစ္စမတ်နဲ့ New Year ကို ယခင်တုန်းကလို ဆင်နွှဲလို့ မဖြစ်ပါဘူး။ New Normal Christmas နဲ့ New Normal New Year ပဲ ကျွန်တော်တို့ ဖြတ်သန်းရမှာ ဖြစ်ပါတယ်။ ကိုဗစ် – ၁၉ ရဲ့ သတ်မှတ်ချက်တွေနဲ့အညီ ဖြတ်သန်းကြရမှာ ဖြစ်ပါတယ်။ ပိုမိုပြီး ထိန်းသိမ်းခြင်း၊ လိုက်နာခြင်း၊ အချင်းချင်းအသိပေးခြင်း၊ သတိပေးခြင်းတွေနဲ့ ကျော်ဖြတ်ရမှာ ဖြစ်ပါတယ်။

ရန်ကုန်တိုင်းဒေသကြီးဝန်ကြီးချုပ် ပြောကြားခဲ့သလို စည်းကမ်းလိုက်နာခြင်း၊ အစွမ်းကုန် ထိန်းသိမ်းခြင်း၊ သည်းခံခြင်း၊ Stay at Home နေထိုင်ခြင်း၊ လုံးဝကူးစက်မှုမရှိအောင် နေထိုင်ခြင်းတွေနဲ့ တိုင်းပြည်အကျိုးသယ်ပိုးကြရမှာ ဖြစ်ပါတယ်။ တိုင်းပြည်အတွက် နိုင်ငံသားတစ်ယောက်ရဲ့တာဝန်ကို ကျေပွန်အောင် စောင့်ထိန်းလိုက်နာကြရမှာ ဖြစ်ပါတယ်။



ပါမောက္ခ ဒေါက်တာဇော်ဝေစိုး
[ပါမောက္ခချုပ်၊ ဆေးတက္ကသိုလ် – ၁ (ရန်ကုန်)]

Mask တပ်မယ်၊ Face Shield တပ်မယ်၊ လက်ဆေးမယ်၊ ခပ်ခွာခွာနေမယ်၊ စကားပြောရင် ဝေးဝေးကနေပြောမယ်၊ မျက်နှာချင်းဆိုင် နေထိုင်စားသောက်ခြင်းကို ရှောင်မယ်၊ လူစုလူဝေးပြုလုပ်ခြင်းကို ရှောင်မယ်ဆိုတာတွေနဲ့ နိုင်ငံသားတစ်ယောက်ရဲ့တာဝန်ကို ကျေပွန်စွာထမ်းဆောင်ကြဖို့ လိုအပ်ပါတယ်။

### ကြိုတင်ပြင်ဆင် စုဆောင်းထားဖို့လို

New Year နဲ့ ဒီပိတ်ရက်တွေမှာ ဘာလုပ်ကြမလဲ၊ New Year, New Normal, New Living အတွက် ဒီပိတ်ရက်တွေမှာ ကျွန်တော်တို့ ကြိုတင်ပြင်ဆင်ကြရမှာ ဖြစ်ပါတယ်။ Mask တွေ စုဆောင်းထားရပါမယ်။ Mask တွေ ချုပ်ထားရပါမယ်။ နောင်နှစ်အတွက် Mask တွေ ကြိုတင်ပြင်ဆင် စုဆောင်းထားဖို့ လိုအပ်ပါတယ်။

ယခုဆိုရင် ရန်ကုန်တိုင်းဒေသကြီးမှာ တိုင်းဒေသကြီး အစိုးရအဖွဲ့နဲ့ တိုင်းဒေသကြီး ကျန်းမာရေးဦးစီးဌာနက Mask လေးသန်းကျော်ကို ဖြန့်ဝေဖို့ စီစဉ်ဆောင်ရွက်လျက်ရှိပါတယ်။ Face Shield တွေလည်း စုဆောင်းထားဖို့ လိုအပ်ပါတယ်။ မိမိမှာလိုအပ်တဲ့ Face Shield တွေ ပြည့်စုံအောင် စုဆောင်းထားဖို့၊ ပြင်ဆင်ထားဖို့လိုပါတယ်။ မိမိရဲ့ အိမ်၊ ရုံးနဲ့ ပတ်ဝန်းကျင်မှာ လက်ဆေးဖို့ နေရာတွေကို ပိုမိုပြီး စနစ်တကျ စီစဉ်ထားရှိရမှာ ဖြစ်ပါတယ်။ ဒီရက်ပိုင်းအတွင်းမှာ ကြိုတင်ပြင်ဆင် စီစဉ်ထားလို့ရပါတယ်။ လေဝင်လေထွက်ကောင်းတဲ့၊ လေကောင်းလေသန့်ရရှိတဲ့ အခန်းတွေ၊ နေရာတွေ၊ နေရာထိုင်ခင်းတွေဖြစ်အောင် ဒီရက်ပိုင်းမှာ ပြင်ဆင်ကြဖို့ လိုအပ်ပါတယ်။

### အစီအစဉ်တကျ ပြုပြင်ပြောင်းလဲ

ကိုဗစ် – ၁၉ သတ်မှတ်ချက်နဲ့ ကိုက်ညီတဲ့ မိမိရဲ့ အခန်း၊ အိမ်၊ ရုံး၊ ကျောင်း၊ စက်ရုံ၊ အလုပ်ရုံနဲ့ ပတ်ဝန်းကျင်တွေကို ဒီပိတ်ရက်တွေနဲ့ ရက်ပိုင်းတွေမှာ အစီအစဉ်တကျ ပြုပြင်ပြောင်းလဲကြဖို့ လိုအပ်ပါတယ်။ ပြုပြင်ပြောင်းလဲနိုင်အောင် တစ်ဦးကိုတစ်ဦး ကူညီရပါမယ်။ ဖေးမရပါမယ်။ စောင့်ရှောက်ရပါမယ်။ အသိပေးရပါမယ်။ သတိပေးရပါမယ်။ ကြပ်မတ်ရပါမယ်။ နောင်ရေရှည်အတွက် တစ်နိုင်ငံလုံးအတွက် လိုအပ်ရင် ဥပဒေပြုဖို့တောင် လိုအပ်မယ်လို့ ကျွန်တော့်အနေနဲ့ ထင်ပါတယ်။

ဒီနေ့မနက် ကျွန်တော် အိမ်ကနေရုံးကိုလာတဲ့အချိန်မှာ လူတွေကိုကြည့်ပြီး ၁၀၀ ပြည့်အောင် ရေတွက်လာပါတယ်။ ဒီလူ ၁၀၀ ထဲမှာ ၉၇ ဦးက Mask တပ်ထားတာကို တွေ့ရပါတယ်။ တစ်ယောက်က Mask လုံးဝမတပ်ပါဘူး။ နှစ်ယောက်က Mask ကို မေးမှာချိတ်ထားပါတယ်။

ကျွန်တော်ကိုယ်တိုင် Mask လက်ဆောင် ပေးလိုက်ပါတယ်။ Mask မေးချိတ်ထားတာကို ပြင်ဖို့ ကျွန်တော် ပြောလိုက်ပါတယ်။ သူတို့သုံးယောက်ကလည်း ကျေကျေနပ်နပ် လက်ခံပြီး ကျေးဇူးတင်ကြောင်းလည်း ပြောပါတယ်။ အဓိပ္ပာယ်က ကျွန်တော်တို့ ရန်ကုန်ပြည်သူလူထုအနေနဲ့ Mask ကို ၉၇ ရာခိုင်နှုန်းတပ်ပါတယ်။ ကျန်တဲ့ ၃ ရာခိုင်နှုန်းကလည်း Mask တပ်ဖို့အတွက် ကျေကျေနပ်နပ် လက်ခံတယ်လို့ အဓိပ္ပာယ်ရပါတယ်။ ဒါက ကောင်းတဲ့အချက်နဲ့ ကောင်းတဲ့ လက္ခဏာတွေပါ။

ဒါကြောင့် ပြည်သူလူထုကို အခုလိုမျိုး လိုက်နာထိန်းသိမ်းစောင့်ရှောက်ပေးတဲ့အတွက် အထူး ကျေးဇူးတင်ပါတယ်။ ကျန်းမာရေးစောင့်ရှောက်သူတွေရဲ့ကိုယ်စား၊ ပညာသင်မယ့် ကျောင်းသား/ ကျောင်းသူတွေရဲ့ ကိုယ်စား၊ အဘိုးအဘွားတွေရဲ့ ကိုယ်စား၊ ပြည်သူလူထုတစ်ရပ်လုံးရဲ့ ကိုယ်စား အခုလို စည်းကမ်းလိုက်နာပေးတဲ့၊ Mask တပ်ပေးတဲ့ ပြည်သူလူထုတစ်ရပ်လုံးကို အထူးကျေးဇူးတင်ကြောင်း ကျွန်တော့်အနေနဲ့ ဒီနေရာက ပြောကြားလိုပါတယ်။ အားလုံးကို ကျေးဇူးတင်ပါတယ်။

ထက်လျှံ

## ၂၅-၁၂-၂၀၂၀ ရက်၊ ကိုဗစ်-၁၉ ရောဂါဖြစ်ပွားမှု အများဆုံး ၁၀ နိုင်ငံ၏ အခြေအနေ

| စဉ် | နိုင်ငံ | ဓာတ်ခွဲအတည်ပြု လူနာ စုစုပေါင်း | ရောဂါပိုး ကင်းစင်သွားသူ | သေဆုံးသူဦးရေ စုစုပေါင်း |
|---|---|---|---|---|
| ၁။ | အမေရိကန် | ၁၉၁၁၁၃၂၆ | ၁၁၂၁၉၁၂၃ | ၃၃၇၀၆၆ |
| ၂။ | အိန္ဒိယ | ၁၀၁၄၇၄၆၈ | ၉၇၁၇၈၃၄ | ၁၄၇၁၂၈ |
| ၃။ | ဘရာဇီး | ၇၄၂၅၅၉၃ | ၆၄၄၉၈၂၂ | ၁၉၀၀၃၂ |
| ၄။ | ရုရှား | ၂၉၉၂၇၀၆ | ၂၃၉၈၂၅၄ | ၅၃၆၅၉ |
| ၅။ | ပြင်သစ် | ၂၅၂၇၅၀၉ | ၁၈၈၆၃၉ | ၆၂၂၆၈ |
| ၆။ | ဗြိတိန် | ၁၁၈၈၅၈၇ | စိစစ်ဆဲ | ၆၉၆၂၅ |
| ၇။ | တူရကီ | ၂၁၀၀၇၁၂ | ၁၉၃၅၂၉၂ | ၁၉၁၁၅ |
| ၈။ | အီတလီ | ၂၀၀၉၃၁၇ | ၁၃၄၄၇၈၅ | ၇၀၉၀၀ |
| ၉။ | စပိန် | ၁၈၆၉၆၁၀ | စိစစ်ဆဲ | ၄၉၈၂၄ |
| ၁၀။ | ဂျာမနီ | ၁၆၁၄၃၂၆ | ၁၁၈၄၄၀၀ | ၂၉၆၈၁ |

## အာဆီယံနိုင်ငံများမှ COVID-19 ရောဂါ သတင်းထုတ်ပြန်ချက်

၂၅- ၁၂ - ၂၀၂၀

| | COVID–19 ရောဂါ ဓာတ်ခွဲအတည်ပြုလူနာ | ရောဂါပိုး ကင်းစင်သွားသူ | ပိုးတွေ့သေဆုံး လူနာ |
|---|---|---|---|
| အင်ဒိုနီးရှား | ၇၀၀၀၉၇ | ၅၇၀၃၀၄ | ၂၀၈၄၇ |
| ဖိလစ်ပိုင် | ၄၆၇၆၀၁ | ၄၃၀၇၉၁ | ၉၀၆၂ |
| မြန်မာ | ၁၂၀၅၄၆ | ၁၀၀၉၄၀ | ၂၅၅၂ |
| မလေးရှား | ၁၀၁၅၆၅ | ၈၂၅၄၀ | ၄၄၉ |
| စင်ကာပူ | ၅၈၅၀၉ | ၅၈၃၃၂ | ၂၉ |
| ထိုင်း | ၅၉၁၀ | ၄၁၃၀ | ၆၀ |
| ဗီယက်နမ် | ၁၄၃၈ | ၁၃၀၃ | ၃၅ |
| ကမ္ဘောဒီးယား | ၃၆၃ | ၃၅၄ | ၀ |
| ဘရူနိုင်း | ၁၅၂ | ၁၄၉ | ၃ |
| လာအို | ၄၁ | ၃၇ | ၀ |

## မြန်မာနိုင်ငံရေကြောင်းပညာတက္ကသိုလ်မှ ဘွဲ့ရကျောင်းသား ကျောင်းသူများ SOLIZE Engineering Cooperation တွင် တာဝန်ထမ်းဆောင်ရန် ဂျပန်နိုင်ငံသို့ ထွက်ခွာ

**ရန်ကုန် ဒီဇင်ဘာ ၂၅**
မြန်မာနိုင်ငံရေကြောင်းပညာတက္ကသိုလ်မှ ဘွဲ့ရကျောင်းသား ကျောင်းသူ ကိုးဦးသည် ဂျပန်နိုင်ငံ SOLIZE Engineering Cooperation တွင် တာဝန်ထမ်းဆောင်ရန် ဒီဇင်ဘာ ၂၃ ရက်က ဂျပန်နိုင်ငံသို့ ထွက်ခွာသွားကြောင်း သိရသည်။

SOLIZE Engineering Cooperation သည် မြန်မာနိုင်ငံ ရေကြောင်းပညာတက္ကသိုလ်နှင့် ပညာရေး ပူးပေါင်းဆောင်ရွက်ရန် လက်မှတ်ရေးထိုးထားသည့် ကုမ္ပဏီဖြစ်ပြီး ၎င်းတို့၏အစီအစဉ်ဖြင့် မြန်မာနိုင်ငံရေကြောင်း ပညာတက္ကသိုလ်မှ ဘွဲ့ရကျောင်းသား ၃၅ ဦးမှာ လုပ်ငန်းခွင်သို့ ဝင်ရောက်နေပြီဖြစ်ကြောင်း သိရသည်။

ဂျပန်နိုင်ငံ SOLIZE Engineering Cooperation သည် မြန်မာနိုင်ငံ ရေကြောင်းပညာတက္ကသိုလ်ဘွဲ့ရ ကျောင်းသား ကျောင်းသူများအား စက်မှုထုတ်ကုန်လုပ်ငန်းများနှင့် ပတ်သက်၍ ဒီဇိုင်းပုံစံရေးဆွဲပေးနိုင်သည့် နည်းပညာဆိုင်ရာသင်တန်းကို ရန်ကုန်မြို့တွင်းနှင့် မြန်မာနိုင်ငံ ရေကြောင်းပညာတက္ကသိုလ်တို့တွင် ၂၀၁၈ ခုနှစ်မှစ၍ သုံးကြိမ်တိုင် နှစ်စဉ်ဖွင့်လှစ်ပို့ချခဲ့ပြီး ယင်းသင်တန်းတက်ရောက် အောင်မြင်ခဲ့သူများအနက်မှ ၂၀၁၈ ခုနှစ်တွင် ကျောင်းသား ကျောင်းသူ ကိုးဦး၊ ၂၀၁၉ ခုနှစ်တွင် ကျောင်းသား ကျောင်းသူ ၁၇ ဦးတို့အား လုပ်ငန်းခွင်ဝင်ရောက်လုပ်ကိုင်ရန် စေလွှတ်ခဲ့ကြောင်း သိရသည်။

မြန်မာနိုင်ငံရေကြောင်းပညာတက္ကသိုလ်မှ ဘွဲ့ရကျောင်းသား ကျောင်းသူများအား ဂျပန်နိုင်ငံတွင် လုပ်ငန်းခွင်ဝင်ရောက်နိုင်ရေးအတွက် ဂျပန်-မြန်မာ ပူးပေါင်းဆောင်ရွက်ရေးအသင်း (AJMMC) မှ စီစဉ်ဆောင်ရွက်ပေးခဲ့ခြင်းဖြစ်ပြီး အသင်းအနေဖြင့် မြန်မာနိုင်ငံရေကြောင်းပညာတက္ကသိုလ် တည်ထောင်ချိန်မှစ၍ ဂျပန်နိုင်ငံရှိ လုပ်ငန်းအဖွဲ့အစည်းများနှင့် ပညာရေးဆိုင်ရာ ပူးပေါင်းဆောင်ရွက်မှုများဖြစ်သည့် လုပ်ငန်းခွင်လေ့လာရေးခရီးစဉ်များ၊ သုတေသနဆိုင်ရာ လုပ်ငန်းရပ်များ၊ စာတမ်းဖတ်ပွဲများနှင့် သင်တန်းပို့ချမှုများ၌ ကူညီဆောင်ရွက်ပေးလျက်ရှိပြီး မြန်မာနိုင်ငံရေကြောင်းပညာတက္ကသိုလ်မှဘွဲ့ရကျောင်းသား ကျောင်းသူ ၃၀၀ ခန့်အား ဂျပန်နိုင်ငံရှိ လုပ်ငန်းခွင်များတွင် အလုပ်အကိုင်အခွင့်အလမ်းများ ရရှိနိုင်ရေးအတွက် ကူညီဆောင်ရွက်ပေးနိုင်ကြောင်း သိရသည်။

**ထင်ပေါ်ဝင်း(ကမာရွတ်)**




မြန်မာနိုင်ငံရေကြောင်းပညာတက္ကသိုလ်မှ ဘွဲ့ရကျောင်းသား ကျောင်းသူ ကိုးဦး ပြည်ပသို့ မထွက်ခွာမီ လေဆိပ်၌ မှတ်တမ်းတင် ဓာတ်ပုံရိုက်စဉ်။

## မြန်မာ-တရုတ် နယ်စပ်ကုန်သွယ်မှု ပိုမိုမြန်ဆန်စေရေးအတွက် နယ်စပ်ဂိတ်အချို့ကို အချိန်တိုးမြှင့်ဖွင့်နိုင်ရန် ကြိုးပမ်းနေ

**မူဆယ် ဒီဇင်ဘာ ၂၅**
ကိုဗစ်-၁၉ ရောဂါ ဖြစ်ပွားခြင်းကြောင့် နှောင့်နှေးကြန့်ကြာနေသည့် မူဆယ်မြို့ နယ်စပ်ဒေသမှ မြန်မာ-တရုတ် နှစ်နိုင်ငံကြား ကုန်သွယ်မှုများ ပိုမိုမြန်ဆန်လာစေရန် ရည်ရွယ်လျက် နယ်စပ်ကုန်သွယ်ရေးတွင် အဓိက နယ်စပ်ဂိတ်များဖြစ်သော မူဆယ်မြို့ မန့်ဝိန်းဂိတ်နှင့် ကျင်စန်းကျော့ဂိတ်တို့ကို လက်ရှိခွင့်ပြုထားသည့်အချိန်ထက် တိုးမြှင့်ဖွင့်လှစ်သွားနိုင်ရန် ကြိုးပမ်းလျက်ရှိကြောင်း မူဆယ်-နမ့်ခမ်း နယ်စပ်ကုန်သည်ကြီးများအသင်းမှ သိရသည်။

နယ်စပ်ဂိတ်အချို့ကို အချိန်တိုးမြှင့် ဖွင့်လှစ်နိုင်ရေးအတွက် မူဆယ်ခရိုင် စီမံခန့်ခွဲရေးအဖွဲ့ ဥက္ကဋ္ဌ ခရိုင်အုပ်ချုပ်ရေးမှူး ဦးလှိုင်စိုးသန့် ဦးဆောင်သည့် ဌာနဆိုင်ရာများ၊ မူဆယ်မြို့ နယ်စပ်ဒေသ ကုန်သွယ်ရေးအဖွဲ့၊ မူဆယ်-နမ့်ခမ်း နယ်စပ်ကုန်သွယ်ရေးအသင်းမှ တာဝန်ရှိသူများနှင့် တရုတ်နိုင်ငံ တယ်ဟုန်ပြည်နယ်ခွဲ အုပ်ချုပ်ရေးမှူး ဦးဆောင်သည့်အဖွဲ့တို့ ဒီဇင်ဘာ ၁၆ ရက်က နန်းတော်ဂိတ်တွင် အလွတ်သဘော တွေ့ဆုံဆွေးနွေးခဲ့စဉ်က အချိန်တိုးမြှင့်ဖွင့်လှစ်နိုင်ရန် သဘောတူညီခဲ့ကြောင်း၊ မြန်မာနိုင်ငံဘက်မှ တာဝန်ရှိသူများ၏ တောင်းဆိုချက်အရ အချိန်တိုးမြှင့်၍ဖွင့်ခြင်းကို တစ်ပတ်အတွင်း အကောင်အထည်ဖော် ဆောင်ရွက်နိုင်ရန် သဘောတူညီခဲ့ကြသော်လည်း တရုတ်နိုင်ငံဘက်က ပြန်လည်အကြောင်းကြားလာခြင်း မရှိသေးသည့်အတွက် လက်ရှိအချိန်အထိ ဖွင့်လှစ်နိုင်ခြင်းမရှိသေးကြောင်း သိရသည်။

မူဆယ်-နမ့်ခမ်း နယ်စပ်ကုန်သည်ကြီးများအသင်း ဥက္ကဋ္ဌ ဦးစိုင်းနွံက "နှစ်နိုင်ငံအဝင်/အထွက်ဂိတ်(မန့်ဝိန်းဂိတ်)ကို ၂၄ နာရီအထိ အချိန်တိုးမြှင့် ဖွင့်လှစ်မယ်။ ပြီးတော့ ကျင်စန်းကျော့ဂိတ်ကိုလည်း အချိန်တိုးမြှင့်ဖွင့်လှစ်ဖို့ သဘောတူညီထားပါတယ်။ နှစ်နိုင်ငံ သဘောတူညီထားတဲ့အတိုင်း နယ်စပ်ဂိတ်တွေကို အောင်မြင်စွာ အချိန်တိုးမြှင့် ဖွင့်လှစ်နိုင်ရင် လက်ရှိ ကုန်သွယ်မှုထက် နှစ်ဆ ပိုမိုမြန်ဆန်လာမယ်"ဟု ပြောသည်။

လက်ရှိအချိန်တွင် မန့်ဝိန်းဂိတ်ကို မြန်မာစံတော်ချိန် ည ၉ နာရီအထိနှင့် ကျင်စန်းကျော့ဂိတ်ကို ညနေ ၆ နာရီအထိ ဖွင့်လှစ်ထားပြီး နှစ်နိုင်ငံကုန်သွယ်ရေး မြန်ဆန်ရန်အတွက် လိုအပ်လာပါက ဆင်ဖြူဂိတ်နှင့် ပန်ဆိုင်း(ကြူကုတ်)မြို့ ဝမ်တိန်ဂိတ်တို့ကိုလည်း ထပ်မံဖွင့်လှစ်နိုင်ရန် သဘောတူညီမှုရှိထားကြောင်း သိရသည်။

"လက်ရှိမှာတော့ နှစ်နိုင်ငံ သဘောတူညီထားတဲ့ ပန်ဆိုင်း(ကြူကုတ်)မြို့က နှစ်နိုင်ငံအဝင်/အထွက်ဂိတ် ဝမ်တိန်ဂိတ်ကိုတော့ ဖွင့်လှစ်ပေးထားပါတယ်။ နယ်စပ်ဂိတ်တွေကို အချိန်တိုးမြှင့်ဖွင့်လှစ်မယ့်ကိစ္စနဲ့ ပတ်သက်ပြီး မြန်မာနိုင်ငံဘက်က ကုန်သည် ညီနောင်အသင်းတွေအနေနဲ့ ကြိုတင်ပြင်ဆင်မှုတွေကို အဆင်သင့် ဆောင်ရွက်ထားပါပြီ"ဟုလည်း မူဆယ်-နမ့်ခမ်း နယ်စပ်ကုန်သွယ်ရေးအသင်း ဥက္ကဋ္ဌက ဆက်လက်ပြောကြားသည်။

**သန့်ဇင်(မူဆယ်)**

**ခရမ်းလွန်ရောင်ခြည်အန္တရာယ်ကာကွယ်ရေး အိုဇုန်းလွှာကို ထိန်းသိမ်းပေး**

## ကျိုက်မရောမြို့နယ်တွင် ငါးမွေးမြူခြင်းဆိုင်ရာ သင်တန်းဖွင့်

**ကျိုက်မရော ဒီဇင်ဘာ ၂၅**
မော်လမြိုင်ခရိုင် ကျိုက်မရောမြို့နယ် ဘာဘူကုန်းကျေးရွာရှိ ငါးမွေးမြူသူများအား ကောင်းမွန်သော ရေသတ္တဝါမွေးမြူရေး ထုတ်လုပ်မှုကျင့်စဉ်နှင့်အညီ တစ်ရက်တာ သင်တန်းပို့ချခြင်းကို ယနေ့နံနက်က ကျင်းပသည်။

အခမ်းအနားတွင် ခရိုင်ငါးလုပ်ငန်း ဦးစီးမှူး ဦးလှမင်းဇော်က ငါးမွေးမြူခြင်းဆိုင်ရာဥပဒေနှင့် လယ-၃၀ လျှောက်ထားခြင်း ကိစ္စများဆွေးနွေးပြီး ဒုတိယဦးစီးမှူး ဒေါ်စုစုကြည်က ကောင်းမွန်သော ရေသတ္တဝါမွေးမြူရေး ထုတ်လုပ်မှုကျင့်စဉ် လမ်းညွှန်ချက်နှင့် ငါးမွေးမြူမှု နည်းစနစ်များကို ရှင်းလင်းပြောကြားခဲ့ကာ တက်ရောက်လာသူများက ဆွေးနွေးကြသည်။ သင်တန်းသို့ မွေးမြူရေးလုပ်ငန်းရှင် ၁၂ ဦး တက်ရောက်ခဲ့၍ ကောင်းမွန်သော ရေသတ္တဝါမွေးမြူရေး ထုတ်လုပ်မှုကျင့်စဉ်သင်တန်းနှင့် ပတ်သက်သည့် လက်ကမ်းစာစောင်များလည်း ဖြန့်ဝေပေးခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**



## ရန်ကုန်မြို့ ယုဇနပလာဇာကို ဇန်နဝါရီ ၆ ရက်တွင် ပြန်လည်ဖွင့်လှစ်မည်

**ရန်ကုန် ဒီဇင်ဘာ ၂၅**
ကိုဗစ်-၁၉ ကပ်ရောဂါကြောင့် သုံးလကြာ ပိတ်ထားရသည့် ရန်ကုန်မြို့ မင်္ဂလာတောင်ညွန့်မြို့နယ် ယုဇနပလာဇာကို ၂၀၂၁ ခုနှစ် ဇန်နဝါရီ ၆ ရက်တွင် ကျန်းမာရေးစည်းကမ်းနှင့်အညီ ပြန်လည်ဖွင့်လှစ်မည်ဖြစ်ပြီး မင်္ဂလာဈေးကို ဆက်လက်ဖွင့်လှစ်သွားနိုင်ရန် စစ်ဆေးပြင်ဆင်ဆောင်ရွက်နေကြောင်း သိရသည်။

"ယုဇနပလာဇာကတော့ လာမယ့် ဇန်နဝါရီ ၆ ရက်မှာ ဖွင့်မှာပါ၊ မင်္ဂလာဈေးကတော့ မဖွင့်သေးဘူး။ ယုဇနပလာဇာက အခြေအနေကိုစောင့်ကြည့်ပြီးတော့ ကောင်းတယ်။ ဆက်ပြီးတော့ ထိန်းနိုင်တယ်ဆိုရင် မင်္ဂလာဈေးကို ဆက်ဖွင့်မယ်။ လောလောဆယ်ကာလမှာကတော့ မင်္ဂလာဈေးက ဆိုင်ခန်းတွေ ကျန်းမာရေးနဲ့ပတ်သက်တဲ့ အကာအကွယ်လုပ်ဖို့ အဆင်သင့်ဖြစ်ဖို့ ဒီရက်ပိုင်းမှာ ညှိနှိုင်းပြီးတော့ ပြင်ဆင်ဆောင်ရွက်မယ်၊ အဆင်သင့်လုပ်ထားတယ်။ ယုဇနပလာဇာဘက်က အဆင်ပြေတာနဲ့ မင်္ဂလာဈေးဘက်က ဆိုင်ခန်းတွေကို ဆက်ဖွင့်သွားမယ်" ဟု မင်္ဂလာတောင်ညွန့်မြို့နယ် မဲဆန္ဒနယ်အမှတ် (၁) မှ ရန်ကုန်တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် ဦးလှဋ္ဌေးက ပြောသည်။


ဆိုင်ခန်းခများကို ဖြေလျှော့ပေးနိုင်ရန်မှာ မင်္ဂလာဈေးမှဆိုင်ခန်းများအနေဖြင့် တစ်ဆင့်ငှားရမ်းသည့် ဆိုင်ရှင်များကလည်းကောင်း၊ ယုဇနပလာဇာမှ ဆိုင်ခန်းများအနေဖြင့် ယုဇနကုမ္ပဏီနှင့် ဆိုင်ငှားရမ်းသူများ အချင်းချင်း သက်ဆိုင်ကြောင်း၊ မကြာသေးမီက (Yuzana Plaza Private Market) ယုဇနပလာဇာရှိ ဆိုင်ခန်းများကို အဆင့်သင့်ဖြစ်စေရန် ကြည့်ရှုစစ်ဆေးထားကြောင်း သိရသည်။


ယုဇနပလာဇာဈေးကြီး အုပ်ချုပ်မှုတာဝန်ခံ ဦးမင်းမင်းစိုးက ဒီဇင်ဘာ ၂၃ ရက်တွင် ယုဇနပလာဇာရှိ ဆိုင်ခန်းများ ဈေးရောင်း၊ ဈေးဝယ်သူများ ကိုဗစ်-၁၉ ရောဂါ ကာကွယ်ရေး စည်းကမ်းနှင့်အညီ ပြန်လည်ဖွင့်လှစ်နိုင်ရန် ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီဥက္ကဋ္ဌ မြို့တော်ဝန်ထံသို့ တင်ပြထားပြီး ဇန်နဝါရီ ၆ ရက်တွင် ပြန်လည်ဖွင့်လှစ်မည်ဖြစ်ကြောင်း ကြေညာထားသည်။ **သန့်ဇင်ဝင်း**

COVID-19
ကပ်ရောဂါကူးစက်မှုလျှော့ချနိုင်ဖို့ လူထူထပ်သောနေရာများကို ရှောင်ကြဉ်ပါ။



#LETSBEATCOVIDTOGETHER
COVID-19ကပ်ရောဂါကူးစက်မခံရစေဖို့ "လူအစုအဝေး" ကိုရှောင်ရှားဖို့လိုအပ်ပါတယ်။ COVID-19ဗိုင်းရပ်စ်ပိုးက မျိုးဗီဇပြောင်းလဲသွားပြီဖြစ်သလိုရောဂါကူးစက်နိုင်စွမ်းလည်းမြင့်တက်သွားပြီဖြစ်ပါတယ်။ (SourcefromMOHS) ရောဂါကူးစက်ခံရသူတစ်ဦးဟာ နှာချေချောင်းဆိုးလိုက်တိုင်း ဗိုင်းရပ်စ်ပိုး လွှတ်ထုတ်ပါတယ်။ ဒါကြောင့် လူစုလူဝေးရှိတဲ့နေရာတွေမှာ ရောဂါကူးစက်ခံရနိုင်ခြေမြင့်မားပါတယ်။ တတ်နိုင်သမျှ အိမ်ထဲမှာနေပြီး သင်ကိုယ်တိုင်ကိုရော၊ အခြားလူတွေကိုရော COVID-19 ကပ်ရောဂါကူးစက်မှုကနေ ကာကွယ်ပါ။










# (၁၀၅)မိုင်ကုန်သွယ်ရေးဇုန်၌ ကိုဗစ်-၁၉ ရောဂါ ကာကွယ်ရေးလုပ်ငန်းများ ဆောင်ရွက်

**မူဆယ် ဒီဇင်ဘာ ၂၅**

ရှမ်းပြည်နယ်မြောက်ပိုင်း မူဆယ်(၁၀၅) မိုင် ကုန်သွယ်ရေးဇုန်အနီး မိုင်းယုကျေးရွာတွင် ကိုဗစ်-၁၉ ရောဂါ ကြိုတင်ကာကွယ်၊ တားဆီးနိုင်ရေးအတွက် ယမန်နေ့က ကုန်သွယ်ရေးဇုန် ဝန်ထမ်းများ၊ ရဲတပ်ဖွဲ့၊ ကြက်ခြေနီ၊ အေးဂျင့်အဖွဲ့နှင့် ကုန်တင်ကုန်ချအဖွဲ့၊ စသည့်ပူးပေါင်းအဖွဲ့က ကုန်သွယ်ရေးဇုန်အတွင်းရှိ ကုန်တင်ကားဆရာများအား နှာခေါင်းစည်းများ အခမဲ့ဖြန့်ဝေပေးခြင်း၊ ကိုယ်အပူချိန်တိုင်းပေးခြင်း၊ ရေမလို လက်သန့်စင်ဆေးဖြင့် လက်ဆေးပေးခြင်း၊ (၁၀၅) မိုင် ကြက်ခြေနီစေတနာ့လုပ်အားရှင်များက ကိုဗစ်-၁၉ ရောဂါကာကွယ်ရေး တေးသရုပ်ဖော်ကပြပြီး အသိပညာပေးခြင်းများ ဆောင်ရွက်သည်။

ကုန်သွယ်ရေးဇုန်တွင် လုပ်ငန်းလုပ်ကိုင်ဆောင်ရွက်သူများ ယာဉ်မောင်းနှင့်ယာဉ်နောက်လိုက်များ၊ ကုမ္ပဏီကိုယ်စားလှယ်များ၊ ဌာနဆိုင်ရာဝန်ထမ်းများ၊ ကုန်တင်ကုန်ချ အလုပ်သမားများ၊ အေးဂျင့်များ၊ စီးပွားရေးလုပ်ငန်းရှင်များအနေဖြင့် နှာခေါင်းစည်းနှင့် မျက်နှာအကာများ တပ်ဆင်ပြီးမှသာ လုပ်ငန်းဆောင်ရွက်ကြရန်နှင့် တပ်ဆင်ခြင်း မရှိပါက သဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှု ဥပဒေနှင့်အညီ အရေးယူဆောင်ရွက်မည်ဖြစ်ကြောင်း သိရသည်။

**သန့်ဇင်(မူဆယ်)**

**အမြို့မြို့အနယ်နယ်**
**ပျံ့နှံ့သည့် သတင်းစာ**
**မြန်မာ့အလင်း**
**သတင်းစာတွင်**
**ကြော်ငြာပါ**

## ယနေ့ဈေးကွက်ပေါက်ဈေးများ

၂၅- ၁၂ - ၂၀၂၀

**ရွှေ**

| | | | | | | |
|---|---|---|---|---|---|---|
| ရန်ကုန် | ၁၆ ပဲရည် | ရောင်းဈေး | တစ်ကျပ်သား | ကျပ် | ၁၃၂၃၅၀၀ |
| ရန်ကုန် | ၁၆ ပဲရည် | ပြန်ဝယ်ဈေး | တစ်ကျပ်သား | ကျပ် | ၁၃၁၉၅၀၀ |
| ရန်ကုန် | ၁၅ ပဲရည် | | တစ်ကျပ်သား | ကျပ် | ၁၂၄၅၆၀၀ |
| မန္တလေး | ၁၆ ပဲရည် | ရောင်းဈေး | တစ်ကျပ်သား | ကျပ် | ၁၃၂၃၅၀၀ |
| မန္တလေး | ၁၆ ပဲရည် | ပြန်ဝယ်ဈေး | တစ်ကျပ်သား | ကျပ် | ၁၃၁၉၅၀၀ |
| မန္တလေး | ၁၅ ပဲရည် | | တစ်ကျပ်သား | ကျပ် | ၁၂၄၅၆၀၀ |

(အောင်သမာဓိရွှေဆိုင်မှ ရယူပါသည်)

**စက်သုံးဆီ**

| စက်သုံးဆီ | လက်လီဈေး(ရန်ကုန်) | | လက်လီဈေး(မန္တလေး) | |
|---|---|---|---|---|
| ဒီဇယ်(တစ်လီတာ) | ၆၁၀/၆၅၅ | ကျပ် | ၆၅၅/၆၆၅ | ကျပ် |
| ပရီမီယံဒီဇယ်(တစ်လီတာ) | ၆၂၀/၆၇၀ | ကျပ် | ၆၇၀/၆၈၀ | ကျပ် |
| အောက်တိန်း ၉၂ | ၅၈၅/၆၁၅ | ကျပ် | ၆၅၀/၆၅၅ | ကျပ် |
| အောက်တိန်း ၉၅ | ၇၀၀/၇၃၀ | ကျပ် | ၇၇၅/၇၉၀ | ကျပ် |

(Yangon Petrol မှ ရယူပါသည်)

**နိုင်ငံတကာ ငွေကြေးများ**

| | | | |
|---|---|---|---|
| အမေရိကန် | တစ်ဒေါ်လာ | ကျပ် | ၁၃၃၂ . ၉ |
| ဥရောပ | တစ်ယူရို | ကျပ် | ၁၆၂၄ . ၁ |
| စင်ကာပူ | တစ်ဒေါ်လာ | ကျပ် | ၉၉၉ . ၄၀ |
| ဗြိတိန် | တစ်ပေါင်စတာလင် | ကျပ် | ၁၇၈၉ . ၁ |
| ဂျပန် | ၁၀၀ ယန်း | ကျပ် | ၁၂၈၈ . ၅ |
| ဩစတြေးလျ | တစ်ဒေါ်လာ | ကျပ် | ၁၀၀၈ . ၃ |
| တရုတ် | တစ်ယွမ် | ကျပ် | ၂၀၃ . ၈၉ |
| အိန္ဒိယ | တစ်ရူပီး | ကျပ် | ၁၈ . ၀၇၁ |
| ကိုရီးယား | ၁၀၀ ဝမ် | ကျပ် | ၁၂၀ . ၄၅ |
| မလေးရှား | တစ်ရင်းဂစ် | ကျပ် | ၃၂၇ . ၉၄ |
| ထိုင်း | တစ်ဘတ် | ကျပ် | ၄၄ . ၁၈၇ |

(ဗဟိုဘဏ်ပေါက်ဈေးဖြစ်ပါသည်)

**စတော့အိတ်ချိန်းဈေးကွက်**

| ကုမ္ပဏီအမည် | အဖွင့်ဈေး (ကျပ်) | အပိတ်ဈေး (ကျပ်) | ရှယ်ယာစောင်ရေ | ရှယ်ယာတန်ဖိုး (ကျပ်) |
|---|---|---|---|---|
| FMI | ၉၈၀၀ | ၉၈၀၀ | ၂၄၅၀ | ၂၃၉၃၈၄၀၀ |
| MTSH | ၃၇၀၀ | ၃၇၅၀ | ၁၃၅၈ | ၅၀၇၉၅၀၀ |
| MCB | ၈၃၀၀ | ၀ | ၀ | ၀ |
| FPB | ၂၂၅၀၀ | ၂၂၅၀၀ | ၉၃၁ | ၂၀၉၄၇၅၀၀ |
| TMH | ၂၇၅၀ | ၂၇၅၀ | ၁၈၉ | ၅၁၉၇၅၀ |
| EFR | ၃၈၀၀ | ၃၆၅၀ | ၃၃ | ၁၂၁၂၀၀ |

ခင်ရတနာ - စုစည်းသည်

**မြန်မာ့အလင်း**

| | | |
|---|---|---|
| စာတည်းမှူးချုပ် | - | အောင်နိုင်ဦး |
| ခေတ္တစာတည်းမှူး | - | ဝင်းကျော် |
| သတင်းထောက်ချုပ် | - | မြင့်ဆွေ |
| စာတည်းများ | - | ကြည်ဝင်း၊ ခင်ရတနာ၊ သိမ့်သိမ့်မိုး၊ ဇူလိုင်မိုး၊ မြတ်မွန်ထွေး၊ |
| ဘာသာပြန်စာတည်း | - | ခြူးစန္ဒီဌေး၊ ကလျာမိုးမြင့်၊ တင်လင်းအောင် |
| အကြီးတန်းသတင်းထောက်များ | - | ကျော်သူဝင်း၊ စိန်လွင်အောင်၊ ဇင်ဦး၊ တင်မောင်လွင်၊ ဟိန်းထက်ဇော်၊ သန့်ဇင်ဝင်း |
| အငယ်တန်းသတင်းထောက်များ | - | နေဝင်းထွန်း(၂)၊ ဝေသူနွယ်၊ ဇာခြည်အေး၊ မိမိဖြိုး |
| ဓာတ်ပုံသတင်းထောက် | - | တင်စိုး |
| သုတေသန | - | အိအိခင်နှင့် အဖွဲ့ |
| စာပြင် | - | ကျော်ဇင်ဦး၊ အေးအေးမိုးလှိုင်နှင့် အဖွဲ့ |
| စာမျက်နှာဖွဲ့စည်းမှုနှင့် ဒီဇိုင်း | - | ဇော်ဝိုင်းအောင်၊ သန်းထွန်းအောင်နှင့် အဖွဲ့ |
| အီးမေးနှင့် အွန်လိုင်း | - | သီဟအောင်၊ သက်လွင်ဦးနှင့် အဖွဲ့ |
| ထုတ်ဝေခြင်းအမှတ် | - | (၀၁၀၉၃) |
| ပုံနှိပ်ခြင်းအမှတ် | - | (၀၀၈၇၇) |

mmalin.npt@ gmail.com

www.facebook.com/MYANMAALINNNEWS

**နေပြည်တော်-စာတည်းမှူး** ၀၆၇-၃၆၁၄၂၊ **စာတည်းအဖွဲ့** ၀၆၇-၃၆၁၄၅၊ **ဖက်စ်** ၀၆၇-၃၆၁၄၃၊ **ရန်ကုန်ရုံးခွဲ- အမှတ်(၅၃)၊ နတ်မောက်လမ်းသွယ်(၁)၊ ဗိုလ်ချို(၂) ရပ်ကွက်၊ ဗဟန်းမြို့နယ်၊ ရန်ကုန်မြို့၊ စာတိုက်သေတ္တာအမှတ်-၄၀၊ စာတည်းအဖွဲ့** ၀၁-၅၄၄၃၀၉၊ **မန်နေဂျာ** ၀၁-၅၄၄၃၁၄၊ **စီမံ** ၀၁-၅၄၄၃၁၅၊ **ငွေစာရင်း** ၀၁-၅၄၄၃၁၆၊ **ကြော်ငြာ** ၀၁-၅၄၅၈၃၄၊ ၀၁- ၅၅၉၁၁၈၊ **Fax** ၀၁-၅၄၆၂၂၁၊ ၀၆၇-၃၆၁၄၈၊ ဖြန့်ချိရေး ၀၁-၅၄၄၃၁၇၊ **Fax** ၀၁-၈၆၀၄၅၄၆။

MYANMAR Digital News
Presented by NPE



# မြန်မာစာနှင့် ပါဠိ (၁၇)

မောင်ခင်မင် (ဓနုဖြူ)

"အရင်အပတ်က ပြောခဲ့တဲ့ ပုဏ္ဏေးမကြီး အကြောင်း ရှင်မဟာရဋ္ဌသာရ ဖွဲ့ထားပုံတစ်ခု ပြောချင်သေးတယ်။ သူ့ခင်ပွန်း ပုဏ္ဏားကြီးဟာ ဘယ်လိုလင်ယောကျ်ားမျိုးလဲဆိုတာ ပုဏ္ဏေး မကြီးက တမ်းတမ်းတတ ပြောပြပုံလေ"

"ဘယ်လိုဖွဲ့ထားပါသလဲ ဆရာ"

"'မယ့်လင်သူမြတ်၊ ယောကျ်ားထွတ်ကား၊ မည်မှတ်လင်သာ၊ မဟုတ်ရာတည့်၊ လိမ္မာပဲ့ပြင်၊ သင်စပေသည်၊ ဆရာမည်၏' တဲ့"

"သြော်... ဆရာနဲ့တူတဲ့ လင်ယောကျ်ားပေါ့ နော်"

"သူ့ခင်ပွန်းဟာ သူ့ကို အမြဲတမ်းလိမ္မာအောင် သင်ကြားဆုံးမတဲ့အတွက် ဆရာနဲ့တူတဲ့ လင်ယောကျ်ားပါ...တဲ့။ ပြီးတော့ ဆက်ဖွဲ့သေး တယ်။ 'လင်ရည်ကောင်းဘိ၊ ပညာရှိနှင့်၊ ပေါင်းမိ တော်လှ၊ ရွှေနှင့်မြသို့၊ နှမအင်ဖြိုး၊ တင့်စနိုး ရှင့်' ...တဲ့။ ပညာရှိ လင်ယောကျ်ားနဲ့ ပေါင်းဖက်မိ တဲ့အတွက် ရွှေနဲ့ မြလို လိုက်ဖက်ပြီး တစ်သက်လုံး တင့်တင့်တယ်တယ်နေရပါတယ်...တဲ့"

"သိပ်ကောင်းတာပဲနော် ဆရာ"

"ဒီအရေးအဖွဲ့နဲ့ ဆက်စပ်နေတဲ့ စိတ်ဝင်စား စရာအကြောင်းတစ်ခုရှိတယ်။ မင်း... သူလိုလူ ဖတ်ဖူးတယ် မဟုတ်လား"

"ဆရာမကြီး ဂျာနယ်ကျော်မမလေးက သူ့ခင်ပွန်း ဂျာနယ်ကျော်ဦးချစ်မောင်အကြောင်း ရေးထားတာမဟုတ်လား ဆရာ။ ကျွန်တော် ဖတ်ဖူးပါတယ်။ သိပ်သဘောကျပါတယ်"

"အဲဒီ 'သူလိုလူ' စာအုပ်မစခင် ရည်ညွှန်းချက် ကလေးတစ်ခုပါတာရော သတိထားမိသလား။ ဆရာမကြီးက 'မယ့်လင် သူမြတ်' လို့ ခေါင်းစဉ် တပ်ပြီး အခုဆရာပြောခဲ့တဲ့ အဖွဲ့ကလေးကို ရည်ညွှန်းချက်အနေနဲ့ ထည့်ထားတာလေ။ ဆရာမကြီးက သူ့ခင်ပွန်းကို ဘယ်လောက် လေးစား မြတ်နိုးတယ်ဆိုတာ ဒီအဖွဲ့အလေးက အလေးအနက် ဖော်ပြနေတာပေါ့ကွယ်"

"ကြည်နူးစရာကောင်းလိုက်တာဆရာ"

"အေး... အင်းဝခေတ် ၁၃ ရာစုမှာ ရေးဖွဲ့တဲ့ အပြောက်အမွမ်းအဖွဲ့တစ်ခုကို ၂၀ ရာစုမှာ အမွေ ခံပြီးအမြတ်တနိုးကိုးကားတဲ့သာဓကပေါ့ကွယ်"

"မှန်ပါတယ် ဆရာ"

"နောက် အပြောက်အမွမ်းတစ်မျိုးက နောက်ခံအပြောက်အမွမ်းပေါ့။ ဒီနေရာမှာ ပျို့ စာဆိုတွေဖွဲ့လေ့ရှိတဲ့ နောက်ခံအပြောက်အမွမ်း အဖွဲ့တစ်မျိုးအကြောင်း ပြောရအုံးမယ်"

"ပြောပြပါ ဆရာ"

"ဇာတကတွေမှာ ဇာတ်လမ်းစကတည်းက ဒီအဖြစ်အပျက်ဟာ ဗာရာဏသီပြည်၊ သာဝတ္ထိ ပြည်၊ ရာဇဂြိုဟ်ပြည် စသည်ဖြင့်ပေါ့။ အဲဒီ တိုင်းပြည်တစ်ခုခုမှ ဖြစ်ပျက်ခဲ့တဲ့ အဖြစ်အပျက်ပဲ လို့ သိရတယ်လေ"

"ဟုတ်ပါတယ် ဆရာ 'ရှေးလွန်လေပြီးသော အခါ ဗာရာဏသီပြည်၌၊ ဗြဟ္မဒတ်မင်းသည်၊ မင်းပြုသည် ရှိသော်' ဆိုတဲ့ အရေးအသားမျိုးနဲ့ စလေ့ရှိပါတယ်"

" ဟုတ်တယ်၊ ပျို့စာဆိုတွေက အဲဒီတိုင်းပြည် တွေကို ပျို့ထဲမှာ ဖွဲ့တဲ့အခါကျတော့ ဘယ်လိုဖွဲ့ တယ် ထင်သလဲ။ မြို့ရိုး၊ ပြအိုး၊ ကျုံး၊ ပစ္စင်၊ ရင် တား၊ သူရဲခို၊ သူရဲပြေးစတဲ့ မြို့အင်္ဂါရပ်တွေနဲ့ ခမ်းခမ်းနားနား တည်ဆောက်ထားတဲ့ မြို့ကြီး တွေအဖြစ် သရုပ်ဖော်လေ့ရှိကြတယ်။ မူရင်း ဇာတကတွေမှာ မပါဘဲ ပျို့စာဆိုတွေက အပြောက် အမွမ်းဖွဲ့တာတွေပေါ့။ အဲဒီလိုသရုပ်ဖော်ဖို့ ပျို့စာဆိုတွေ ဘယ်လိုစိတ်ကူးရတယ် ထင်သလဲ"

"ဟုတ်ကဲ့။ စာဆိုတွေကိုယ်တိုင်မြင်တွေ့နေ ရတဲ့ မြန်မာမင်းနေပြည်တော်တွေရဲ့ မြင်ကွင်းတွေ ကို ဖွဲ့တာဖြစ်မယ် ထင်ပါတယ်ဆရာ"

"ဟုတ်တာပေါ့၊ မြို့တွေအကြောင်းဖွဲ့ဖို့ စိတ်ကူးရင် စာဆိုတွေက သူတို့နေထိုင်ရာ အင်းဝ တို့၊ တောင်ငူတို့၊ ဟံသာဝတီတို့၊ ရွှေဘိုတို့၊ အမရပူရတို့၊ မန္တလေးတို့ဆိုတဲ့ မြို့တော်တွေရဲ့ အခင်းအကျင်းတွေကိုပဲ ဗာရာဏသီပြည်တို့၊ သာဝတ္ထိပြည်တို့ရဲ့ မြို့သွင်ပြင်တွေအဖြစ် စိတ်ကူး ပြီးဖွဲ့တာပေါ့ကွယ်။ ဒါလဲ စိတ်ဝင်စားစရာကောင်း တဲ့အချက်တစ်ချက်ပဲ"

"ဟုတ်ကဲ့ပါ ဆရာ"

"ပြီးတော့ ရှိသေးတယ်။ သံဝရပျို့မှာဆိုရင် ရှင်မဟာရဋ္ဌသာရဟာ ဗာရာဏသီပြည်ကြီးရဲ့ စည်ကားပုံကို ဖွဲ့ထားတယ်။ ဘာတွေပါသလဲဆိုရင် မြစ်ကမ်းမှာလှေတွေဝင်ထွက်ပြီး စည်ကားနေတာ၊ ရေချတဲ့ ဆင်တွေ၊ မြင်းတွေကြည့်နေတာ၊ မြို့ထဲမှာ

> **"ပျို့စာဆိုတွေဟာ ဇာတကကို အခြေခံပြီးဖွဲ့တာ မှန်ပေမဲ့ ဇာတကထဲကအတိုင်း အတိအကျပြန်ဖွဲ့ တာမဟုတ်ဘဲ ဆရာပြောခဲ့သလို ပိုပြီးအသက်ဝင် ရုပ်လုံးကြွလာအောင်၊ ရသပေါ်လာအောင် စိတ်ကူးဉာဏ်နဲ့ အပြောက်အမွမ်းလို့ခေါ်တဲ့ အဆင်တန်ဆာတွေကို ထည့်သွင်းရေးဖွဲ့တာပေါ့ ကွယ်။ မူလဇာတ်တွေဟာလဲ စာဖတ်သူတွေအတွက် ပိုပြီးစိတ်ဝင်စားစရာ ကောင်းလာတာပေါ့"**

စားဖွယ်သောက်ဖွယ် အစိမ်းအကျက်မျိုးစုံ၊ သစ်သီး သစ်ပွင့်မျိုးစုံ၊ သေရည်တွေပါ တည်ခင်းရောင်းချ နေတာ၊ 'လာလှည့်ပါ၊ ဝယ်လှည့်ပါ'ဆိုတဲ့ အသံတွေ နဲ့ စည်ကားနေတာ၊ ညဘက်မှာလဲ စောင်းသံတွေ တီးမှုတ်ကပြနေတာ၊ တိုင်တက်ကျွမ်းထိုး စတဲ့ ကစားနည်းတွေ ကစားနေကြတာ၊ အရုပ်ကြီး၊ အရုပ်ငယ်တွေ ကပြဖျော်ဖြေတာ စသည်ဖြင့်ပေါ့။ အသေးစိတ် သရုပ်ဖော်ထားတယ်။ မူလဇာတက မှာ အဲဒီအကြောင်းအရာတွေ မပါပါဘူး။ ဒီတော့ ပျို့မှာစာဆိုက အင်းဝနေပြည်တော်မှာ တွေ့ရတဲ့ မြင်ကွင်းတွေကို ထည့်သွင်းရေးဖွဲ့တာဖြစ်မယ်လို့ မှတ်ယူနိုင်တာပေါ့ကွယ်"

"ဟုတ်ကဲ့၊ နားလည်ပါပြီ ဆရာ"

"ဒီတော့ ပျို့စာဆိုတွေဟာ ဇာတကကို အခြေခံပြီး ဖွဲ့တာမှန်ပေမဲ့ ဇာတကထဲကအတိုင်း အတိအကျပြန်ဖွဲ့တာမဟုတ်ဘဲ ဆရာပြောခဲ့သလို ပိုပြီး အသက်ဝင်ရုပ်လုံးကြွလာအောင်၊ ရသပေါ်လာ အောင် စိတ်ကူးဉာဏ်နဲ့ အပြောက်အမွမ်းလို့ခေါ်တဲ့ အဆင်တန်ဆာတွေကို ထည့်သွင်းရေးဖွဲ့တာပေါ့ ကွယ်။ မူလဇာတ်တွေဟာလဲ စာဖတ်သူတွေ အတွက် ပိုပြီးစိတ်ဝင်စားစရာ ကောင်းလာတာ ပေါ့"

"ဟုတ်ကဲ့ပါ"

"ဒီအစဉ်အလာအတိုင်း ပျို့စာဆိုတွေဟာ အင်းဝခေတ်ကနေ ကုန်းဘောင်ခေတ်အထိ ပျို့တွေ အများကြီး ဖွဲ့ခဲ့ကြတာလေ။ စာဆိုတွေရဲ့ အရေး အဖွဲ့ဟာ ဘယ်လောက်အောင်မြင်သလဲဆိုရင် စာဖတ်သူတွေက ပျို့ထဲက ဇာတ်ဆောင်တွေကို ဇာတကတို့၊ ဗုဒ္ဓဝင်တို့ထဲက ဇာတ်ဆောင်တွေလို့ မထင်တော့ဘဲ တစ်ချိန်က မြန်မာပြည်မှာရှိခဲ့တဲ့ မြန်မာလူမျိုးတွေလို့ ထင်တဲ့အထိ ပါပဲကွယ်"

"သြော်..."

"ပညာရှင်တွေလဲ ဒီအချက်ကို ထောက်ပြကြ ပါတယ်။ တခြားမကြည့်နဲ့လေ။ တချို့ဆိုရင် ဂေါတမဘုရားရှင်ကို မြန်မာလူမျိုးလို့ စိတ်ထဲမှာ ထင်နေတဲ့အထိ ရင်းနှီးတာလေ။ အခေါ်တွေကို ကြည့်ပါလား။ သိဒ္ဓတ္ထမင်းသားကို 'မင်းသိဒ္ဓတ်'တဲ့၊ ယသော်ဓရာကို မယ်ယသော်တဲ့၊ မဒ္ဒီဒေဝီကို မယ် မဒ္ဒီတဲ့၊ ဆန္ဒအမတ်ကို မောင်ဆန်တဲ့၊ အားလုံး မြန်မာတွေ ဖြစ်ကုန်ကြတာလေ"

"ဆရာပြောပြမှ သတိထားမိပါတယ် ဆရာ"

"နောက် အပြောက်အမွမ်းတစ်မျိုးကတော့ မူလဇာတကမှာမပါတဲ့ သိမှတ်စရာ ဗဟုသုတတွေ၊ သြဝါဒတွေကို ဖတ်ချင်စဖွယ်ဖြစ်အောင် ထည့်တဲ့ အပြောက်အမွမ်းတွေပဲ။ ပညာနဲ့ပတ်သက်တဲ့ အကြောင်းပါလာရင် စာဆိုက ပညာရဲ့ ဂုဏ်၊ ပညာ သင်ခြင်းရဲ့အကျိုး၊ ပညာမသင်ခြင်းရဲ့အပြစ် ဆိုတာမျိုးတွေကို စာပေကျမ်းဂန် အဆိုအမိန့် တွေရော၊ ကိုယ်တွေ့ဖော်ပြချက်တွေရောထည့် ပြီး ဖွဲ့လေ့ရှိတာပေါ့။ အနီးစပ်ဆုံးပြရရင် အခု ဆယ်တန်းမှာ ပြဋ္ဌာန်းထားတဲ့ 'ဝိဇ္ဇာသိပ္ပလူ့ကိစ္စ' ဆိုတဲ့ ကဗျာဟာ ကိုးခန်းပျို့ထဲမှာ ငယ်စဉ်က ပညာမသင်ခြင်းရဲ့ ဆိုးကျိုးကို ဖွဲ့တဲ့အဖွဲ့ပါပဲ။ မိဘနဲ့ပတ်သက်လာရင်လဲ မိဘကျေးဇူး၊ မိဘ မေတ္တာနဲ့ဆိုင်တဲ့ အကြောင်းတွေကို အကျယ်တဝင့် ဖွဲ့လေ့ရှိကြတယ်။ ဒါတွေကတော့ သုတဘက်ကို အားပြုတဲ့ အပြောက်အမွမ်းအဖွဲ့တွေပဲ"

"ဟုတ်ကဲ့ပါ"

"ထင်ရှားတဲ့ သာဓကကတော့ ကုန်းဘောင် ခေတ်မှာ မုံရွေးဇေတဝန်ဆရာတော် အရှင်'အရိ ယာဝံသအာဒိစ္စရံသီ'ဆိုတဲ့ ရဟန်းစာဆိုတော်ကြီး ရေးဖွဲ့တဲ့ ပျို့တွေပါပဲ။ ကုသပျို့၊ ဥတေနပျို့၊ မဟာသီလဝပျို့စတဲ့ ပျို့တွေအများကြီး ဖွဲ့ထား တယ်။ ဒီစာဆိုက ဗဟုသုတဘက်ကို သိပ်သန် တယ်။ ဒါကြောင့် ပျို့တွေထဲမှာ ဗဟုသုတတွေကို ဝေဝေဆာဆာထည့်ပြီး ဖွဲ့လေ့ရှိတယ်။ ဆိုပါ တော့။ ကုသပျို့မှာ ကုသမင်းက ဆင်ထိန်းယောင် ဆောင်တဲ့အကြောင်းနဲ့ဆက်ပြီး ဆင်နဲ့ပတ်သက် တဲ့ ဗဟုသုတတွေ ဖွဲ့တော့တာပဲ။ ဆင်ရဲ့လက္ခဏာ အကောင်းအဆိုး၊ ဆင်အမျိုးအစား၊ ဆင်ရဲ့အင်္ဂါရပ် တွေ စသည်ဖြင့်ပေါ့။ ခါးအကြောင်းနဲ့ ပတ်သက် လာရင်လဲ ခါးရေး ၃၇ ချင်းစတဲ့ ခါးအကြောင်းတွေ ဖွဲ့တယ်။ မြင်းအကြောင်း၊ ပတ္တမြားအကြောင်း၊ စီးတော်ယာဉ်တွေအကြောင်း စသည်ဖြင့် ပါဝင် လာတဲ့ အကြောင်းအရာအလိုက် ဗဟုသုတတွေ အသေးစိတ်ဖွဲ့တာမို့ ဆရာတော်ရဲ့ပျို့တွေကို ဗဟု သုတစွယ်စုံကျမ်းကြီးတွေအဖြစ် အလေးအမြတ် လေ့လာကြရတယ်။ မူလပါဠိဇာတက အဋ္ဌကထာ တွေမှာမပါဘဲ ပျို့စာဆိုတွေက စိတ်ကူးဉာဏ်နဲ့ သန်ရာသန်ရာရေးဖွဲ့တဲ့ အဖွဲ့တွေပေါ့ကွယ်။ ဒီလောက်ဆိုရင်တော့ ဇာတကအခြေခံတဲ့ ပျို့တွေ အကြောင်းသဘောပေါက်လောက်ပါပြီ"။ ။

## နိုင်ငံတကာအနုပညာ သတင်းပဒေသာ

### မိုက်ကယ်ဂျက်ဆင်ပိုင် ခြံကြီးကို အမေရိကန်ဒေါ်လာ ၂၂ သန်းဖြင့် ရောင်းချ

ပေါ့အဆိုတော် မိုက်ကယ်ဂျက်ဆင်ရဲ့ Neverland လို့ အမည်ပေးထားတဲ့ ဇိမ်ခံ အိမ်ကြီးနဲ့ခြံကို ဘီလျံနာတစ်ဦးအား ရောင်းချလိုက်တယ်လို့ သိရပါတယ်။ မူရင်းခေါ်ထားတဲ့ဈေးအောက် လေးပုံတစ်ပုံအထိလျှော့ပြီး ရောင်းလိုက်တာပါ။ မိုက်ကယ်ဂျက်ဆင်ရဲ့သူငယ်ချင်းဟောင်းတစ်ဦးဖြစ်သူ ရွန်ဘာကယ်က ကယ်လီ ဖိုးနီးယားက ခြံကြီးကို လတ်တလောမှာ ဝယ်ယူလိုက်တာပဲ ဖြစ်တယ်လို့ သူ့ရဲ့ ပြောရေးဆိုခွင့်ရှိသူက ပြောပါတယ်။ အမေရိကန်ဒေါ်လာ ၂၂ သန်းပေးပြီးတော့ ဝယ်ယူခဲ့တာပဲဖြစ်တယ်လို့ ဝေါလ်စထရိဂျာနယ်မှာ ဖော်ပြထားပါတယ်။ ဧကပေါင်း ၂၇၀၀ ကျယ်ဝန်းတဲ့ အဲဒီခြံကြီးကို ၂၀၁၅ ခုနှစ်တုန်းက သန်း ၁၀၀ နဲ့ ဈေးခေါ် ထားခဲ့တာပါ။

မိုက်ကယ်ဂျက်ဆင်ဟာ အဲဒီခြံကြီးကို ၁၉၈၇ ခုနှစ်က ဝယ်ယူခဲ့တာဖြစ်ပြီး သူအောင်မြင်အကျော်ကြားဆုံးအချိန်မှာပဲ အိမ်နဲ့ခြံကို ပြင်ဆင်မှုတွေ ပြုလုပ် ခဲ့ပါတယ်။ အဲဒီနောက် ခြံကိုပြင်ဆင်မှုတွေပြုလုပ်ပြီး ပွဲခင်းကျင်းပဖို့နေရာတွေနဲ့ တိရစ္ဆာန်ရုံတွေ ထည့်သွင်းတည်ဆောက်ခဲ့ပါတယ်။ ၁၉၉၀ ပြည့်နှစ်တွေနဲ့ ၂၀၀၀ ပြည့်နှစ်တွေမှာတော့ မိုက်ကယ်ဂျက်ဆင်ဟာ ကလေးသူငယ်ကို လိင်အလွဲသုံးစားလုပ်တယ်ဆိုတဲ့ စွပ်စွဲချက်နဲ့ အဲဒီခြံကြီးကို စစ်ဆေးမှုတွေ ခဏခဏပြုလုပ်ခဲ့ကြပါတယ်။ အဲဒီလိုစွပ်စွဲမှုတွေကို မိုက်ကယ်ဂျက်ဆင်က ငြင်းဆိုခဲ့ပြီးနောက် ၂၀၀၅ ခုနှစ်နောက်ပိုင်းမှာတော့ အဲဒီခြံကြီးကို မိုက်ကယ် ဂျက်ဆင်လှည့်မကြည့်တော့ပါဘူး။ ဒီလိုနဲ့ ၂၀၀၉ ခုနှစ် ဇွန်လမှာတော့ လော့စ် အိန်ဂျလိစ်မြို့က အခြားနေအိမ်တစ်ခုမှာ မိုက်ကယ်ဂျက်ဆင်သေဆုံးသွားခဲ့ပါ တယ်။ အခုခြံကြီးကို ဝယ်ယူတဲ့ မစ္စတာဘာကယ်ကတော့ ၂၀၂၀ ပြည့်နှစ်မှာ အမေရိကန်ဒေါ်လာ ၁ ဒသမ ၄ ဘီလီယံအထိ ကြွယ်ဝချမ်းသာတယ်လို့ သိရပါ တယ်။

**ဘီဘီစီ**



မိုက်ကယ်ဂျက်ဆင်ပိုင်ဆိုင်ခဲ့သည့် ခြံကြီးကို တွေ့ရစဉ်။

### လက်ထပ်ဖို့ အလျင်မလိုသေးဘူးဟု ဂျနီဖာလိုပက်ဇ်ပြော

အဆိုတော်နဲ့ ရုပ်ရှင်မင်းသမီးတစ်ဦးဖြစ်တဲ့ ဂျနီဖာလိုပက်ဇ်ကတော့ အဲလက်စ် ရိုဒရီဂွက်ဇ်နဲ့ လက်ထပ်ဖို့ အလျင်မလိုသေးဘူးလို့ ရေဒီယိုရှိုးမှာ ပြောကြားခဲ့ ပါတယ်။ ဒီအသက်အရွယ်မှာ ကျွန်မတို့နှစ်ယောက်စလုံးလည်းလက်ထပ်ခဲ့ ဖူးပြီးပြီ။ ဒီကိစ္စဟာ အလျင်စလိုလုပ်ရမယ့်ကိစ္စမဟုတ်ဘူးလို့ ဂျနီဖာ လိုပက်ဇ်က ပြောပါတယ်။ ဂျနီဖာလိုပက်ဇ်နဲ့ အဲလက်စ်တို့ဟာ ၂၀၁၉ မတ်လ အတွင်းမှာ စေ့စပ်ခဲ့ကြပြီး ဇွန်လရောက်ရင် အီတလီနိုင်ငံမှာ လက်ထပ်ကြဖို့ အစောပိုင်း တုန်းက စီစဉ်ခဲ့ကြပါတယ်။ အဲဒီလိုစီစဉ်တုန်းက ကိုဗစ်-၁၉ ရောဂါ ပျံ့နှံ့ခြင်း သိပ်မရှိသေးပါဘူး။

အဲဒီနောက် အီတလီမှာ ကူးစက်မှုတွေ များပြားလာခဲ့ပြီး စီစဉ်ထားသမျှ ဖျက်သိမ်းခဲ့ရပါတယ်။ လက်ထပ်ပွဲ ရွှေ့ဆိုင်းခဲ့ရတဲ့အတွက်လည်း စိတ်ပျက် မိတယ်လို့ ဂျနီဖာလိုပက်ဇ်က ပြောပါတယ်။ အခုအချိန်ဟာ အရာအားလုံး ရပ်နားထားရပြီး စဉ်းစားနေရတဲ့အချိန်ပဲ၊ လက်ထပ်ပွဲဟာ အရေးကြီးပေမယ့် အလျင်လိုဖို့တော့ မလိုဘူးလို့ သူကဆက်ပြောပါတယ်။ ကိုဗစ် –၁၉ ကြောင့် လက်ထပ်ပွဲတွေတင်မကဘဲ အခြားသော ပွဲကြီးတွေလည်း ထိခိုက်ခဲ့ရပါတယ်။

**ယူအက်စ်တူဒေး ဒေါ်ကွန်း**



ဂျနီဖာလိုပက်ဇ်နှင့် အဲလက်စ် ရိုဒရီဂွက်ဇ်။

# ဓာတ်ပုံများကပြောသော နှစ်တစ်ရာခရီး

သန္တာအေး

**အချိန်ကား ၂၀၁၉ ခုနှစ် စက်တင်ဘာ ၆ ရက် စနေနေ့ ဖြစ်ပါသည်။ သာယာလှပသော နံနက်ခင်း၏နေခြည်အောက်တွင် ကျွန်မတို့ အင်းလျားညီအစ်မများ အတွေးကိုယ်စီဖြင့် ရင်ခုန်စိတ်လှုပ်ရှားလို့ နေပါသည်။ အကြောင်းမှာ ကျွန်မတို့ချစ်သော အင်းလျားဆောင်ကြီး၏ ရန်ကုန်တက္ကသိုလ်ရာပြည့်အကြိုအထိမ်းအမှတ် လှုပ်ရှားမှုအနေဖြင့် အင်းလျားဆောင် ဓာတ်ပုံပြပွဲကို ဖွင့်လှစ်ရန် အချိန်အနည်းငယ်သာ လိုတော့၍ ဖြစ်ပါသည်။**



ပြည်ထောင်စုဝန်ကြီး ဒေါက်တာ မျိုးသိမ်းကြီး၊ တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးဖြိုးမင်းသိန်းတို့က အင်းလျားဆောင် ဓာတ်ပုံပြပွဲကို ဖဲကြိုးဖြတ် ဖွင့်လှစ်ပေးစဉ်။

ဓာတ်ပုံပြပွဲကို စက်တင်ဘာလ ၆-၇ နှစ်ရက်ပြသရန် စီစဉ်ထားပါသည်။ ဓာတ်ပုံပြပွဲကို အင်းလျားဆောင်တွင် အဆောင်မှူးအဖြစ် ၁၀ နှစ်တာ တာဝန်ထမ်းဆောင်ခဲ့သူ မမဒေါ်မြမြဝင်း၏ ဦးဆောင်မှုဖြင့် စိတ်တူကိုယ်တူ ကျွန်မတို့ အင်းလျားညီအစ်မများ စုပေါင်းအင်အားနှင့် လုပ်ဆောင်ခဲ့ကြပါသည်။ လုပ်ငန်းစဉ်တစ်လျှောက် ဆွေးနွေးမှုတွေ အကြိမ်ကြိမ် ပြုလုပ်ခဲ့ကြရပါသည်။ စီးပွားရေး၊ လူမှုရေး၊ မိသားစုရေး အစရှိသည့် ရေးပေါင်းများစွာကို ခဏထားပြီး ကျွန်မတို့ချစ်သော အင်းလျားဆောင်ကြီး၊ "အစဉ်အလာကြီးမားသည့်အင်းလျား" ဆိုသော ဂုဏ်ပုဒ်ကို ဆက်လက်ထိန်းသိမ်းနိုင်ဖို့အတွက် ကျွန်မတို့ အင်းလျားညီအစ်မတွေအကုန်လုံး တတ်နိုင်သလောက် ကြိုးစားအားထုတ်ခဲ့ကြပါသည်။ ကျွန်မတို့ တစ်ယောက်နှင့် တစ်ယောက် မေဂျာလည်းမတူ၊ အင်းလျားဆောင်ကို ဝင်သည့်နှစ်၊ ထွက်သည့်နှစ်တွေလည်း မတူကြပါဘူး။ ဒါပေမယ့် တစ်ယောက်နှင့် တစ်ယောက် အမြင်တွေဖလှယ်ရင်း အင်းလျားဆောင် မိခင်ရင်ခွင်မှာ တကယ့်ညီအစ်မတွေလို အင်းလျားဆောင်ကြီးအတွက် အကောင်းဆုံးပေးဆပ်ခဲ့ကြပါသည်။

**အင်းလျားဆောင်ဓာတ်ပုံပြပွဲ**

ယခုလည်း ရန်ကုန်တက္ကသိုလ်ရာပြည့် အကြိုအတွက် အင်းလျားဆောင် ဓာတ်ပုံပြပွဲ လုပ်ကြမယ်ဆိုတော့ စိန်ရတုအချိန်က ဦးစီးဦးဆောင်လုပ်ခဲ့ကြသည့် အစ်မကြီးတွေဆီက အကြံဉာဏ်များ၊ ဓာတ်ပုံများ၊ မှတ်တမ်းမှတ်ရာများ တောင်းခံခဲ့ပါသည်။ တချို့အစ်မကြီးတွေဆိုရင် သက်ရှိထင်ရှား မရှိကြတော့ပါ။ သက်ရှိထင်ရှားရှိကြသည့် အစ်မကြီးတွေကလည်း စိန်ရတုတုန်းက အားကြိုးမာန်တက် လုပ်ဆောင်ခဲ့ကြပေမယ့် ယခုအချိန်မှာ အသက် ၈၀ ကျော် ၉၀ ကျော်အရွယ်တွေ၊ ဇရာတွေက စကားပြောပါပြီ။ ကျွန်မတို့ကို လူအားမတတ်နိုင်ပေမယ့် ငွေအားနှင့် ကူညီပံ့ပိုးခဲ့ကြပါသည်။ သိပ်ချစ်စရာကောင်းသော အစ်မကြီးတွေပါ။ ကျွန်မတို့ သက်လတ်ပိုင်းအရွယ်များကလည်း လူအားတတ်နိုင်လျှင် လူအား၊ လူအားမတတ်နိုင်ပါက ငွေအား အစရှိသဖြင့် ဝိုင်းဝန်းကူညီ အားဖြည့်ခဲ့ကြပါသည်။ ထိုသို့ ပူးပေါင်းဆောင်ရွက်မှုကြောင့် ကျွန်မတို့ချစ်သည့် အင်းလျားဆောင်ကြီး၏ ဓာတ်ပုံပြပွဲကို ဒီနေ့(၆-၉-၂၀၁၉ )ရက်နေ့တွင် ဖွင့်လှစ်နိုင်တော့မှာ ဖြစ်ပါသည်။ ရင်ခုန်လှုပ်ရှားမှုများစွာနှင့် နံနက်စောစော အိပ်ရာကထ၊ စက်တင်ဘာလ မိုးနှောင်းကာလဆိုသော်လည်း မနေ့ကအထိ မိုးရွာနေဆဲမို့ မိုးလေကင်းလွတ်ပြီး အားလုံးအဆင်ပြေချောမွေ့အောင် ဘုရားမှာ ဆုတောင်းနေမိသည်။ ပညာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာမျိုးသိမ်းကြီး၊ ရန်ကုန်တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးဖြိုးမင်းသိန်း၊ ရန်ကုန်တိုင်းဒေသကြီး စည်ပင်သာယာရေးဝန်ကြီး ရန်ကုန်မြို့တော်ဝန် ဦးမောင်မောင်စိုးနှင့် တာဝန်ရှိသူများ အခမ်းအနားတက်ရောက်ပါမည်အကြောင်း အကြောင်းကြားထားသည့်အတွက် ကျွန်မတို့ အင်းလျားညီအစ်မများ တာဝန်ကိုယ်စီဖြင့် ရင်ခုန်စိတ်လှုပ်ရှားလို့နေရပါသည်။

ဟုတ်ပါသည်၊ ကျွန်မတို့ အင်းလျားညီအစ်မများအားလုံး ရင်ခုန်စိတ်လှုပ်ရှားရပါသည်။ ရန်ကုန်တက္ကသိုလ် ရာပြည့်ဖြစ်သည့်အတွက် ကျွန်မတို့ ဖော်ထုတ်ရမည့် ဓာတ်ပုံပြပွဲသည် အနှစ်တစ်ရာနီးပါး လွှမ်းခြုံနိုင်မည့် အင်းလျားဆောင်ကြီးနှင့် အင်းလျားဆောင်သူဟောင်းများ၏ ကျရာကဏ္ဍအသီးသီးတွင် ဦးဆောင်ဦးရွက်ပြုခဲ့ပုံ၊ စွမ်းဆောင်နိုင်ခဲ့ပုံသမိုင်းများကို ဖော်ထုတ်ပြသရမည် ဖြစ်ပါသည်။ ရန်ကုန်တက္ကသိုလ်နှင့်အတူ မရှေးမနှောင်းပေါ်ပေါက်လာသည့် အင်းလျားဆောင်ကြီးသည်လည်း တက္ကသိုလ်ရာပြည့်နှင့်အတူ သက်တမ်းနှစ်တစ်ရာပြည့်ရန် ၁၁နှစ်သာ လိုပါတော့သည်။အင်းလျားဆောင်ကြီးက မွေးထုတ်ပေးလိုက်သည့် အင်းလျားသမီးပျိုများ၏ ဂုဏ်သတင်းမှာလည်း ခေတ်အဆက်ဆက်တွင် မွှေးပျံ့သင်းကြိုင်လျက်ရှိပါသည်။ စစ်ကြိုခေတ်၊ စစ်ပြီးခေတ်၊ စိန်ရတုခေတ် မတိုင်မီနှင့် စိန်ရတုနှောင်းပိုင်းကာလမှ ယနေ့အထိ ဘက်ပေါင်းစုံမှ စဉ်းစားကာ ကြိုးစားဖော်ထုတ်ခဲ့ကြပါသည်။ ဤသို့ ဖော်ထုတ်ရာမှာလည်း ခေတ်နှင့်အညီ မျက်ခြည်မပြတ်အောင် ဓာတ်ပုံပြပွဲကို လာရောက်ကြည့်ရှုသူတွေကိုလည်း သုတ၊ ရသ ခံစားမှုအမြင်မရိုးရအောင် "နှလုံးသားထဲက ပုဂံ"ဓာတ်ပုံပြပွဲ၏ Event Desinger ဆရာကျောင်း(ခ) ဆရာကိုမျိုးဆွေသန်း၏ အကူအညီဖြင့် စုဆောင်းရရှိသည့် ဓာတ်ပုံ ၂၀၀၀ နီးပါးကို Photo Stand များနှင့်တစ်ဖုံ၊ (8"x4") light box များနှင့်တစ်ဖုံ အစရှိသဖြင့် အမြင်မရိုးအောင် သာမန်ဓာတ်ပုံပြပွဲမှ ကွဲထွက်အောင် ဆန်းသစ်စွာ ပြသထားရှိပါသည်။



အင်းလျားဆောင်ဓာတ်ပုံပြပွဲတွင် ခင်းကျင်းပြသထားသည့် ဓာတ်ပုံများကို တွေ့ရစဉ်။

ရန်ကုန်တက္ကသိုလ် ရာပြည့်အထိမ်းအမှတ် အင်းလျားဆောင်ဓာတ်ပုံပြပွဲကို အောက်ပါရည်ရွယ်ချက်များနှင့် ကျင်းပနိုင်ရန် စီစဉ်ထားရှိပါသည်-

(၁) မြန်မာနိုင်ငံ၏ ပညာရေးသမိုင်း၊ မြန်မာ့ယဉ်ကျေးမှုသမိုင်းကို ပြန်လည်ဖော်ညွှန်းလျက် ယနေ့ခေတ် မျိုးဆက်သစ်၊ အင်းလျားဆောင်သူများ လေးစား စံပြုအတုယူစေရန်၊

(၂) မြန်မာ့နိုင်ငံရေးသမိုင်း၊ ရန်ကုန်တက္ကသိုလ်သမိုင်းတွင် အင်းလျားဆောင်သူများ၏ ကဏ္ဍစုံတွင် တစ်ထောင့်တစ်နေရာမှာ ပါဝင်လှုပ်ရှားခဲ့ပုံများကို သိရှိနားလည်စေရန်၊

(၃) အစဉ်အလာကြီးမားခဲ့သော အင်းလျားဆောင် မျိုးဆက်ဟောင်းကျောင်းသူများ၏ အခြေခံကောင်းများကို မျိုးဆက်သစ်များအား လက်ဆင့်ကမ်းလွှဲပြောင်းစေပြီး ဆက်လက်ထိန်းသိမ်းကြစေရန်၊

(၄) ခရီးတစ်ထောက် နားခိုခဲ့ကြသည့် အစဉ်အလာကြီးမားသည့် အင်းလျားဆောင်၏ပုံရိပ်ကို ယနေ့မျိုးဆက်သစ် အဆောင်သူများ သိရှိနားလည်ပြီး နိုင်ငံ့တာဝန်ကို ဆတက်ထမ်းပိုးဆောင်ရွက်လာကြစေရန်၊

စသည်ဖြင့် ကောင်းမွန်သော ရည်ရွယ်ချက်များချမှတ်ကာ ကဏ္ဍကြီး (၈)ခု ခွဲ၍ ဖော်ထုတ်ပြသထားရှိပါသည်။

**ကဏ္ဍကြီး(၈)ခုမှာ-**

(၁) စစ်ကြိုခေတ်၊ စစ်ပြီးခေတ်ကာလ မှတ်တမ်းဓာတ်ပုံများ၊

(၂) နယ်ပယ်အသီးသီးတွင် ထူးချွန်ထင်ရှားကြသော အင်းလျားဆောင်သူများ၊
-စစ်ကြိုခေတ်၊ စစ်ပြီးခေတ်ကာလ နယ်ပယ်အသီးသီးတွင် ထူးချွန်ကြသော အင်းလျားဆောင်သူများ၊
-ယနေ့မျက်မှောက် ခေတ်ကာလ နယ်ပယ်အသီးသီးတွင် ထူးချွန်ထင်ရှားကြသော အင်းလျားဆောင်သူများ၊

(၃) ခေတ်အဆက်ဆက် အင်းလျားဆောင်သူများ၏ ဝတ်စားဆင်ယင်ပုံ၊ လှမျိုးစုံကဏ္ဍ
-စစ်ကြိုခေတ်၊ စစ်ပြီးခေတ်ကာလ အင်းလျားဆောင်သူများ၏ ဝတ်စားဆင်ယင်ပုံ
-ယနေ့ မျက်မှောက်ခေတ်ကာလ အင်းလျားဆောင်သူများ၏ ဝတ်စားဆင်ယင်ပုံ၊

(၄) ခေတ်အဆက်ဆက် တာဝန်ထမ်းဆောင်ခဲ့ကြသော အင်းလျားအဆောင်မှူးနှင့် အဆောင်နည်းပြများ၊

(၅) စိန်ရတုမတိုင်မီ အင်းလျားဆောင်သူများ၏ လှုပ်ရှားမှုမှတ်တမ်းဓာတ်ပုံများ၊

(၆) (၇၅)နှစ်မြောက် စိန်ရတုအထိမ်းအမှတ် အင်းလျားဆောင်သူများ၏ လှုပ်ရှားမှုဓာတ်ပုံများ၊

(၇) ရာပြည့်အကြို အင်းလျားဆောင်သူများ၏ လှုပ်ရှားမှုဓာတ်ပုံများ၊

(၈) မျိုးဆက်သစ် အင်းလျားဆောင်သူများ၏ လှုပ်ရှားမှုမှတ်တမ်းဓာတ်ပုံများ၊

စသည်ဖြင့် စုဆောင်းရရှိသည့် ဓာတ်ပုံများအပေါ်တွင် အခြေခံလျက် ချမှတ်ထားသော ရည်ရွယ်ချက်များနှင့်အညီ ကျွန်မတို့အင်းလျားညီအစ်မများ ကြိုးစားထားကြပါသည်။ နှစ်တစ်ရာလွှမ်းခြုံသည့် ဓာတ်ပုံပြပွဲဖြစ်သည့်အတွက် အင်းလျားဆောင်သူဟောင်း ဟသ်ာတရှင်နှောင်း ရေးသားသည့် "ခက်မညီဖြာ"အဖြည့်ခံရတု (၁၉၉၅) ကိုလည်း ပြပွဲရသ ပိုမိုပေါ်လွင်စေရန်နှင့် ပြပွဲရည်ရွယ်ချက်များ၊ ခွဲထားသည့် ကဏ္ဍများနှင့် အတူ Pamphlet များထဲတွင် ထည့်သွင်း ဖော်ပြကာ ဝေငှထားရှိပါသည်။

ရန်ကုန်တက္ကသိုလ် ရာပြည့်အကြို လှုပ်ရှားမှုကော်မတီ၏ အကူအညီဖြင့် အင်းလျားဆောင်ဓာတ်ပုံပြပွဲ ကျင်းမည့်အကြောင်းကို ရန်ကုန်တက္ကသိုလ်အတွင်း ဗီနိုင်းများနှင့် ကြော်ငြာကပ်၍လည်းကောင်း၊ ရာပြည့် Facebook Page မှတစ်ဆင့်လည်းကောင်း၊ ရန်ကုန်တက္ကသိုလ်အင်းလျားဆောင်သူဟောင်းများ Facebook Page မှလည်းကောင်း၊ ပတ္တမြား FM ရေဒီယိုမှ တစ်ဆင့်လည်း ကြေညာထားသည်ဖြစ်ရာ ကျွန်မတို့အင်းလျား၏ သတင်းစကားကို လူအများအပြားထံ ပါးနိုင်လိမ့်မည်ဟု ကျွန်မတို့အင်းလျားညီအစ်မများ မျှော်လင့်ထားကြပါသည်။ *စာမျက်နှာ ၂၃ သို့*

**"အင်းလျားညီအစ်မများ စုပေါင်းအားနှင့် အစပြုခဲ့သည့် ရန်ကုန်တက္ကသိုလ်၏ နှစ်တစ်ရာခရီး အင်းလျားဆောင် ဓာတ်ပုံပြပွဲကို အောင်မြင်စွာ ဖွင့်လှစ်နိုင်ခဲ့ပြီ။ တက်ရောက်ကြသော ဧည့်သည်တော်များ၏ ရင်ထဲတွင်လည်း ရသစုံသည့် ဟင်းတစ်ခွက်ကို စားလိုက်ရသကဲ့သို့ ခံစားနေရမည်မှာ မလွဲပင်ဖြစ်"**

# ရာပြည့်တက္ကသိုလ်နှင့် ဘဝတစ်ကွေ့ အမှတ်တရများ

သီတာငွေး

**တက္ကသိုလ်ရိပ်သာလမ်းဘက်ခြမ်း ရန်ကုန်တက္ကသိုလ် ဂိတ်ပေါက်ဝမှ ဝင်လိုက်သည်နှင့် အဓိပတိလမ်း၏ လမ်းဘေးဝဲယာတစ်ဖက်တစ်ချက်ရှိ အုံ့အုံ့ဆိုင်းဆိုင်း စိမ်းစိမ်းစိုစို သစ်ပင်ကြီးများနှင့် မျက်စိတဆုံးတွေ့မြင်နေရသော အဓိပတိလမ်းအဆုံးတွင် ဘွဲ့နှင်းသဘင်ခန်းမကြီးက တင့်တင့်တယ်တယ် ခံ့ခံ့ညားညား တည်ရှိနေသည်။ ၂၀၂၀ ပြည့်နှစ် ဒီဇင်ဘာလ (၁) ရက်နေ့က နှစ် (၁၀၀) သက်တမ်းပြည့်ခဲ့သော ရန်ကုန်တက္ကသိုလ်ကို စာရေးသူမည်သည့်အရွယ်က စတင်သိရှိခဲ့ပါလိမ့်ဟု မိမိဘာသာ ပြန်လည်စဉ်းစားကြောမိသည်။**



### စာရေးသူ၏ ကိုယ်ရေးအကျဉ်း

- အမည်ရင်း ဒေါ်သီတာငွေး
- ပညာအရည်အချင်း B.A.(English), ဘွဲ့လွန်ကွန်ပျူတာဒီပလိုမာ၊ Global MBA (University of Thai Chamber of Commerce)
- အလုပ်အကိုင် စာတည်း၊ ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန၊ ပြန်ကြားရေးဝန်ကြီးဌာန။

**လေးတန်းကျောင်းသူနှင့် တက္ကသိုလ်စိန်ရတု**

စာရေးသူအတွက် ရန်ကုန်တက္ကသိုလ်နယ်မြေကို ပထမဦးဆုံးခြေချဖူးခြင်းမှာ လေးတန်း ကျောင်းသူဘဝ ၁၉၉၅ ခုနှစ်၊ ဒီဇင်ဘာလ၏ ရက်စွဲတစ်ခုတွင် ဖြစ်သည်။ ထိုစဉ်က ရန်ကုန်တက္ကသိုလ်တွင် ပြောင်းရွှေ့တာဝန်ကျသည့် အစ်မဝမ်းကွဲကို လိုက်ပို့သော ဖေဖေ့အစ်မကို တွေ့ဆုံရန်အတွက် သားအမိ သားအဖ သုံးယောက်သား တက္ကသိုလ်ထဲသို့ သွားရောက်ခဲ့ခြင်းဖြစ်သည်။ မူလတန်း ကျောင်းသူလေးတစ်ဦးအတွက် တက္ကသိုလ်မြေဆိုသည်မှာ အထူးအဆန်း တစ်ခုပင်ဖြစ်သည်။ တိုက်တိုက်ဆိုင်ဆိုင် ရန်ကုန်တက္ကသိုလ် စိန်ရတုအခမ်းအနား ကျင်းပနေသည့်အချိန်လည်းဖြစ်ရာ အဓိပတိဂိတ်ပေါက်နှင့် တက္ကသိုလ်ရိပ်သာလမ်းခြားလျက် တက္ကသိုလ်ကားရပ်နားကွင်းနေရာတွင် ခင်းကျင်းပြသထားသည့် စိန်ရတုသဘင်အထိမ်းအမှတ် ပြခန်းများကိုလည်း တွေ့ခဲ့ရသည်။ ဌာနအလိုက်ပြခန်းများတွင် ထင်ရှားကျော်ကြားသူတို့၏ ပုံများပြသထားသည်ကို ပြန်လည်သတိရမိသည်။ အသွားခရီးမှာပင် ညနေစောင်းနေပြီဖြစ်ရာ အပြန် လိုင်းကားမရှိမှာစိုး၍ အမြန်ပြန်ခဲ့ရသဖြင့် ပြခန်းများကို သေသေချာချာလေ့လာနိုင်ခြင်း မရှိခဲ့သည်ကို မှတ်မိနေသည်။

**အမှတ်တရ ဘွဲ့နှင်းသဘင်**

၂၀၀၁ ခုနှစ် ဆယ်တန်း (တက္ကသိုလ်ဝင်တန်း) အောင်မြင်ပြီး နောက်ပိုင်းတွင် တက္ကသိုလ်တည်ရှိရာ လှည်းတန်းပတ်ဝန်းကျင်တွင် အင်္ဂလိပ်စာသင်တန်းတက်ရင်း အကြိမ်ကြိမ်ရောက်ရှိခဲ့သော်လည်း ရန်ကုန်တက္ကသိုလ်သို့ ခြေဦးမလှည့်ဖြစ်ခဲ့တော့။ တက္ကသိုလ်တက်ချိန်တွင် အလုပ်လုပ်ရင်း ကျောင်းတက်နိုင်မည့် ရန်ကုန်အဝေးသင်တက္ကသိုလ်ကို ရွေးချယ်တက်ဖြစ်ခဲ့သည်။ အဝေးသင်တက္ကသိုလ်ဌာနခွဲရှိရာ ဒဂုံတက္ကသိုလ်တွင်သာ Assignment များ တင်ခြင်း၊ အနီးကပ်သင်တန်းများ တက်ခြင်းတို့ ပြုလုပ်ခဲ့ရရာ ရန်ကုန်တက္ကသိုလ်ကို မေ့မေ့ပျောက်ပျောက်ပင် ရှိခဲ့သည်။ ၂၀၀၅ ခုနှစ် တက္ကသိုလ်ဘွဲ့ယူရသည့် အချိန်တွင်တော့ ရန်ကုန်တက္ကသိုလ်ကို ပြန်လည်ခြေချဖြစ်ခဲ့သည်။ ဘွဲ့နှင်းသဘင်ခန်းမတွင် ဘွဲ့ယူရပုံများ၊ မိသားစုနှင့်အတူ ဘွဲ့နှင်းသဘင်ရှေ့၊ အဓိပတိလမ်းမပေါ်နှင့် ရန်ကုန်တက္ကသိုလ်အဝင် မုခ်ဦးတွင် အမှတ်တရ ဓာတ်ပုံရိုက်ပုံများ၊ အဝေးသင်တက္ကသိုလ် အတူတူတက်ခဲ့သည့် သူငယ်ချင်းများနှင့် အမှတ်တရ ဓာတ်ပုံရိုက်ပုံများကို မှတ်မိနေသည်။

**ရန်ကုန်တက္ကသိုလ် ရင်ငွေ့ခိုလှုံရ**

၂၀၀၈ ခုနှစ် အောက်တိုဘာလတွင် အစိုးရဝန်ထမ်းအဖြစ် စတင်တာဝန်ထမ်းဆောင်ခဲ့ပြီး နောက်ပိုင်းတွင် ပြောင်းလဲလာသည့် ခေတ်၏ လိုအပ်ချက်အရ တက္ကသိုလ်ဘွဲ့တစ်ခုအပြင် ဘွဲ့လွန်သင်တန်းတက်ရန် တွေးမိလာခဲ့သည်။ ၂၀၀၉ ခုနှစ် မေလထုတ် သတင်းစာများတွင် နိုင်ငံ့ဝန်ထမ်းများအတွက် ရန်ကုန်တက္ကသိုလ် လူ့စွမ်းအားအရင်းအမြစ်ဌာနက ဖွင့်လှစ်မည့် ဘွဲ့လွန်ကွန်ပျူတာဒီပလိုမာ (Post Graduated Diploma in Computer Science) သင်တန်း ခေါ်စာပါလာရာ စာရေးသူ စိတ်ဝင်စားသည့်ဘာသာရပ်ဖြစ်၍ တက်ရောက်ခွင့်ပြုပါရန် ဌာနခွင့်ပြုချက်ဖြင့် ဌာနတူ သူငယ်ချင်းတစ်ယောက်နှင့်အတူ လျှောက်ဖြစ်ခဲ့သည်။ သင်တန်းတက်ရောက်ခွင့်ရရန် ရေးဖြေနှင့် လူတွေ့ဖြေဆိုကြရသည်။



ဘွဲ့နှင်းသဘင်ခန်းမရှေ့၌ စာရေးသူနှင့် သူငယ်ချင်းများ အမှတ်တရ ဓာတ်ပုံရိုက်စဉ်။

သို့နှင့်ပင် ၂၀၀၉ ခုနှစ် ဇွန်လမှစတင်၍ ရန်ကုန်တက္ကသိုလ်၊ ကွန်ပျူတာသိပ္ပံဌာနတည်ရှိရာ University Laboratory Building (ULB) တွင် တက်ရောက်ခွင့်ရခဲ့ကြသည်။ သင်တန်းကြေးကို ဌာနက ထောက်ပံ့ပေးသည်။ အတန်းချိန်မှာ တနင်္လာနေ့မှ သောကြာနေ့အထိ နံနက် (၇) နာရီမှ (၉) နာရီအထိ စနေနေ့တွင် နံနက် (၈) နာရီမှ မွန်းတည့် (၁၂) နာရီအထိ တက်ရသည်။ သင်တန်းချိန် မနက် (၇) နာရီကို မီရန်အတွက် စာရေးသူနေထိုင်ရာ မြောက်ဒဂုံမှ အဓိပတိ (အဝါရောင်) ပြည်လမ်းကားကို စီးကာ မာလာမှတ်တိုင် ဂျပ်ဆင်ပေါက်မှဝင်၍ စစ်ကိုင်းလမ်းကို ပြေးပြေးလွှားလွှား သွားခဲ့ရသည့် ရက်များက အများစုဖြစ်သည်။ တစ်ခါတစ်ရံ ရန်ကင်း (၁၂) လုံးတန်းမှ လှည်းတန်းသွားသည့် ဒတ်ဆန်းကားစီးပြီး သထုံလမ်းမှတ်တိုင်တွင် ဆင်းကာ ပုဂံလမ်းမှ တစ်ဆင့်လည်း ဝင်ခဲ့ဖူးသည်။

ဂျပ်ဆင်ဂိတ်ပေါက်၊ ပုဂံလမ်းဂိတ်ပေါက်များ ပိတ်ထားချိန်နှင့် ကြုံ၍ အဓိပတိလမ်းမှ ဝင်ရပြီဆိုလျှင်တော့ ထိုနေ့အဖို့ အတန်းချိန်နောက်ကျတော့သည်။ ULB အဆောက်အအုံသို့ ဝင်ရာလမ်းများတွင် အဓိပတိလမ်းမှ ဝင်ခြင်းသည် အချိန်အကြာဆုံးဖြစ်ကြောင်း စာရေးသူတို့ သူငယ်ချင်းများက တညီတညွတ်တည်း ယူဆခဲ့ကြသည်။ အတန်းချိန်စောပြီးသည့်နေ့များတွင် သိပ္ပံကင်န်တင်း၌ ထမင်းသုပ်၊ ပသျှူးထမင်းကြော် စသည်တို့ စားချိန်ရသည်။ ပုံမှန်အတန်းချိန်အတိုင်း ပြီးသည့်နေ့များတွင်မူ အတန်းဆင်းသည်နှင့် အင်းစိန်လမ်းမပေါ်ရှိ လှည်းတန်းကားမှတ်တိုင်သို့ သုတ်ခြေတင်ကာ ဗိုလ်တထောင်ရှိ ရုံးသို့ အနီးစပ်ဆုံးရောက်မည့် (၁၂၄) လိုင်းကားဖြင့် အမြန်ပြေးရတော့သည်။ စနေနေ့တွင် သင်တန်းချိန်ရှိ၍ အလှည့်ကျဂျူတီစောင့်ခြင်းမှ ကင်းလွတ်ခွင့်ရခဲ့ပြီး ကျောင်းချိန်နေ့တစ်ဝက်ပြီးပါက ရုံးသို့ နေ့တစ်ဝက် သွားခဲ့ရသည်များမှာ အမှတ်တရ ဖြစ်သည်။

**နာဂစ်အလွန် တက္ကသိုလ်နယ်မြေ**

ရန်ကုန်တက္ကသိုလ်ရင်ခွင်ဝယ် ပညာရည်နို့ သောက်စို့ခွင့်ရတော့မည်ဟု သိလိုက်ရချိန်တွင် ဆိုညည်းခဲ့ဖူးသည့် တက္ကသိုလ်၏ အလှအပများကို သီညွှန်းဖွဲ့ဆိုထားသည့် သီချင်းများအနက် မှတ်မှတ်ရရ ရှိခဲ့သော **"စိန်ပန်းနဲ့ ကံ့ကော်ပွင့်တွေ ... ခင်းတဲ့လမ်းမှာ... လျှောက်ခဲ့ဖူးပါသည်"** ဆိုသောစာသားသည် ၂၀၀၈ ခုနှစ် မေလ နာဂစ်မုန်တိုင်းဒဏ်ကို ခါးစည်းခံခဲ့ရပြီးခါစ အချိန်မှ ရန်ကုန်တက္ကသိုလ်သို့ ခြေချခွင့်ရခဲ့သော စာရေးသူတို့အတွက် လားလားမှ မသက်ဆိုင်ခဲ့ပေ။

ကံ့ကော်တောဟု တင်စားခဲ့ရသည့် တက္ကသိုလ်မြကျွန်းသာသည် မုန်တိုင်းဒဏ်ကြောင့် ကျိုးပဲ့ပျက်စီးခဲ့ရသော ကံ့ကော်ပင်၊ စိန်ပန်းပင်၊ ရေတမာပင်များ၏ ကိုင်းကျိုးကိုင်းပြတ်များကို မဖြစ်မနေရှင်းလင်းခဲ့ရသဖြင့် ယခုကဲ့သို့ မြက်ခင်းစိမ်းများ ရှိမနေသလိုလမ်းဘေးပလက်ဖောင်းများသည်လည်း ကျိုးသည့် နေရာကျိုး၊ ပဲ့သည့် နေရာပဲ့နှင့် နေပူကျဲတဲတွင် အဓိပတိလမ်းမပေါ် လျှောက်ခဲ့ရသည်သာဖြစ်သည်။ ဂျပ်ဆင်ရှေ့တွင်လည်း ထိုနည်းနှင်နှင်ပင် ယနေ့မြင်တွေ့နေရသော မြက်ခင်းစိမ်းစိမ်း နေရာတွင် အညိုရောင် မြက်ခြောက်ကွင်းပြင်သာရှိသည်။ အရာရာကို ပြန်လည်ပြင်ဆင်နေရသည့် ပြုပြင်မွမ်းမံနေရသည့် ကာလဖြစ်သည်။

**သင်တန်းကာလ အမှတ်တရများ**

သင်တန်းကာလ အမှတ်တရတစ်ခုမှာ ရန်ကုန်တက္ကသိုလ် မေဂျာပေါင်းစုံ ဘောလုံးပြိုင်ပွဲ ဖြစ်သည်။ သထုံလမ်းရှိ တက္ကသိုလ်ဘောလုံးကွင်းတွင် ကျင်းပခဲ့သော ကွန်ပျူတာပညာဌာနနှင့် ဥပဒေပညာဌာနတို့၏ အမျိုးသမီးဘောလုံးပြိုင်ပွဲ၊ တတိယနေရာလုပွဲကို ကျောင်းသားကျောင်းသူများ အဖွဲ့လိုက် အင်တိုက်အားတိုက် သွားရောက်အားပေးခဲ့ကြခြင်း ဖြစ်သည်။ ဘောလုံးပွဲအပြီးတွင် လက်ဖဝါးများနီရဲနာလာပြီး အသံဝင်ကြသည်အထိ စာရေးသူတို့ မိန်းကလေးအဖွဲ့က အားပေးခဲ့ကြသကဲ့သို့ယောကျ်ားလေးအဖွဲ့ကလည်း အိုးစည်ဗုံမောင်းများ တီးကာ အားပါးတရ အားပေးခဲ့ကြသည်မှာ ပျော်ရွှင်စရာ အမှတ်တရပင် ဖြစ်သည်။

First Semester တွင် ကွန်ပျူတာသိပ္ပံအတွက် စာတွေ့သင်ခန်းစာများ၊ လက် တွေ့အသုံးချ ကွန်ပျူတာဘာသာရပ်များ၊ Virtual Basic Software အသုံးပြု၍ Program ရေးဆွဲနည်းများ စသည်တို့ကို စာတွေ့လက်တွေ့သင်ကြားခဲ့ကြရသည်။ First Semester ပြီးဆုံးချိန်တွင် အရည်အချင်းစစ် စာမေးပွဲဖြေကြရသည်။ ပထမ စာမေးပွဲကျသူများက Supply Exam ပြန်လည်ဖြေဆိုကြရသည်။

Second Semester အစ နွေဦးပေါက်ကာလတွင် ကံ့ကော်မြေဝယ် ကံ့ကော်တစ်ပွင့်မျှ မတွေ့ရလေခြင်းဟု စာရေးသူတို့ သူငယ်ချင်းတစ်စု မချင့်မရဲဖြစ်ခဲ့ကြရသည်။ စစ်ကိုင်းလမ်းတစ်လျှောက်ရှိ အကိုင်းအခက်များခုတ်ကာ ကတုံးတုံးခံထားရသော ကံ့ကော်ပင်ကြီးများကို ကျောင်းတက်ကျောင်းဆင်းချိန်တိုင်း မမောနိုင် မပန်းနိုင် မော့မော့ကြည့်ရသည်မှာ အလုပ်တစ်ခုပင်။ ကံကောင်းထောက်မစွာဖြင့် အတက်အညွှန့်သစ်များ ပြန်ထွက်လာသည့် ကံ့ကော်ပင်ကြီး၏ ထိပ်ဆုံးကိုင်းဖျားရှိ ကံ့ကော်ဖူးငုံလေးများ၊ ကံ့ကော်ပွင့်လေးများကို ရှားရှားပါးပါး တွေ့ခွင့်ရတော့မှ ကျေနပ်ကြရတော့သည်။ Second Semester တွင် Group Project လက်တွေ့ပြုလုပ်ကြရသည်။ Second Semester ၏ နောက်ဆုံးနေ့တွင် Group Project အတွက် အဖွဲ့လိုက် တင်ပြဆန်းစစ်ခံကြရသည်။ ဆန်းစစ်မှုများအားလုံး ပြီးစီးချိန်တွင် အာစရိယပူဇော်ပွဲကို ဆက်လက်ကျင်းပကြပြီး ပါမောက္ခဆရာမကြီး ဒေါ်နွဲ့နွဲ့ဝင်း အပါအဝင် ဆရာ ဆရာမများအားလုံးကို ကန်တော့ကြပြီး ကျောင်းသား ကျောင်းသူများကို ဒံပေါက်ဖြင့် ဧည့်ခံသည်။ ထိုနေ့က ရုံးမှ ခွင့်ယူထားရသည်ဖြစ်ရာ ဆရာကန်တော့ပွဲအပြီးတွင် စာရေးသူတို့ သူငယ်ချင်းတစ်ဖွဲ့လုံး ကိုယ့်အတွက်ရသည့် ဒံပေါက်ဘူးများ ကိုယ်စီယူကာ စိတ်အပန်း ဖြေသည့်အနေဖြင့် စိမ်းလန်းစိုပြည်ဥယျာဉ်ထဲသို့ သွားစားရင်း Group Project အတွက် ပင်ပန်းခဲ့ကြသမျှကို ဖြေလျှော့ကြသည်။

Final Project ကို တစ်ဦးချင်းအနေဖြင့် ပြုလုပ်ကြရသည်ဖြစ်ရာ First Semester နှင့် Second Semester များထက် ပိုမိုအားစိုက်ကြရသည်။ စီနီယာ ကျောင်းသားဟောင်းများ၏ Project များကို လေ့လာဖတ်ရှုကြပြီး

စာမျက်နှာ ၂၃ သို့

**"၁၉၂၀ ပြည့်နှစ် ဒီဇင်ဘာလ (၁) ရက်နေ့က စတင်ခဲ့သည့် ရန်ကုန်တက္ကသိုလ်သည် သမိုင်းတန်ဖိုးကြီးမားသည့် မြန်မာ့ပညာရေးအတွက် အခြေခံအုတ်မြစ်ကို ချပေးနိုင်ခဲ့သည်။ မြန်မာနိုင်ငံရေး သမိုင်းဖြစ်စဉ်များကို ထိန်းသိမ်းမြှုပ်နှံထားရာ နေရာတစ်ခုအဖြစ်လည်း ခေတ်အဆက်ဆက်မှ ယနေ့တိုင် တန်ဖိုးထား အလေးအမြတ်ပြုနေကြရဆဲပင်ဖြစ်"**




အင်းလျားညီအစ်မများ စုပေါင်းအင်အားဖြင့် ဓာတ်ပုံပြပွဲကို ကျင်းပနိုင်သော အဓိပ္ပာယ်ဖော်ဆောင်သည့် လက်ဖဝါးပုံ ရောင်စုံစက္ကူလေးများနှင့် သရုပ်ဖော်ထားမှုကို တွေ့ရစဉ်။

## စာရေးသူ၏ ကိုယ်ရေးအကျဉ်း



- အမည်ရင်း ဒေါ်သန္တာအေး ဖြစ်ပါသည်။
- ၁၉၇၆ ခုနှစ် အောက်တိုဘာလ ၁၆ ရက်နေ့တွင် မော်လမြိုင်မြို့တွင် အဖ ဦးဘတင့်၊ အမိ ဒေါ်ရင်တီ တို့က မွေးဖွားသည့် မွေးချင်းလေးဦးအနက် အကြီးဆုံးသမီး ဖြစ်ပါသည်။
- ၁၉၉၃ တွင် မော်လမြိုင်မြို့ အမှတ်(၉) အခြေခံပညာ အထက်တန်းကျောင်းမှ ဆယ်တန်း အောင်မြင်ခဲ့သည်။
- ၁၉၉၅ မေလတွင် ရန်ကုန် ကွန်ပျူတာ တက္ကသိုလ်သို့ တက်ရောက်ခွင့် ရရှိခဲ့သည်။
- ရန်ကုန်တက္ကသိုလ်၏ စိန်ရတုအကြိုနှင့် စိန်ရတုကာလ ကျင်းပချိန်များတွင် အင်းလျားဆောင် မျိုးဆက်သစ် ကျောင်းသူအနေဖြင့် အင်းလျားဆောင် ကျောင်းသူဟောင်းများနှင့် တွဲဖက်ကာ စိန်ရတုကာလ လှုပ်ရှားမှုများတွင် တက်ကြွစွာပါဝင်ခဲ့သည်။
- စိန်ရတုအကြိုကာလ အင်းလျားဆောင် ညစာစားပွဲတွင် အင်းလျားဆောင် ကျောင်းသူဟောင်းများက ပေးအပ်သည့် အင်းလျားကေရီဘွဲ့ကို ရရှိခဲ့သည်။
- ရန်ကုန် ကွန်ပျူတာတက္ကသိုလ်မှ ပေးအပ်သည့် B.C.Sc & M.C.Sc ဘွဲ့များကို ရရှိပြီး သရုပ်ပြရာထူးဖြင့် ရန်ကုန်ကွန်ပျူတာ တက္ကသိုလ်၊ မန္တလေးကွန်ပျူတာ တက္ကသိုလ်၊ မြစ်ကြီးနားကွန်ပျူတာ ကောလိပ်တို့နှင့် မြန်မာနိုင်ငံ အမျိုးသမီးရေးရာ အဖွဲ့ချုပ်၏ Website တည်ထောင်ခြင်း လုပ်ငန်းစဉ်များတွင် စုစုပေါင်းရှစ်နှစ် တာဝန်ထမ်းဆောင်ခဲ့သည်။
- မြန်မာနိုင်ငံ အမျိုးသမီးရေးရာ အဖွဲ့ချုပ်မှ ထုတ်ဝေသည့်မေမြန်မာ ဂျာနယ်တွင် ဆောင်းပါးများ ရေးသားခဲ့သည်။

*စာမျက်နှာ ၂၁ မှ*

**ခက်မညီဖြာကဏ္ဍ**

ဓာတ်ပုံများ၏ ကဏ္ဍကြီး(၈) ခုအပြင် "ခက်မညီဖြာ" ကဏ္ဍကိုလည်း ထည့်သွင်းထားပါသည်။ ဤကဏ္ဍတွင် ကျွန်မတို့ မျိုးဆက်ဟောင်းများကို ကိုယ်စားပြုသည့် သစ်ပင်တစ်ပင်၊ မျိုးဆက်သစ်များကို ကိုယ်စားပြုသည့်သစ်ပင်တစ်ပင် သစ်ပင်နှစ်ပင် ထားရှိပါသည်။ အင်းလျားညီအစ်မများ စုပေါင်းအင်အားဖြင့် အင်းလျားဓာတ်ပုံပြပွဲကို ကျင်းပနိုင်သော အဓိပ္ပာယ်ဖော်ဆောင်သည့် အနေဖြင့် အင်းလျားညီအစ်မများကိုယ်စား လက်ဖဝါးပုံ ရောင်စုံစက္ကူလေးများကို စီစဉ်ထားရှိပါသည်။ ပြပွဲလာရောက်သူများ အနေဖြင့် ရောင်စုံလက်ဖဝါးလေးများပေါ်တွင် မိမိတို့အမှတ်တရရှိခဲ့သည့် အဆောင်အတွေ့အကြုံများ၊ အမှတ်တရများ၊ ရင်တွင်းဖြစ်များကို ရေးသား၍ သက်ဆိုင်ရာ သစ်ပင်များတွင် Pin လေးများဖြင့် ကပ်နိုင်ရန် စီစဉ်ထားရှိပါသည်။ ထို့အပြင် ရင်ထဲမှ လျှံကျလာသော တက္ကသိုလ်ကျောင်းသူဘဝ အလွမ်းများ၊ အမှတ်တရများကို သီချင်းများနှင့် ဖော်ပြနိုင်ရန်အတွက် အဆောင်အလွမ်းပြေသီချင်းများ သီဆိုနိုင်ရန် အပျော်တမ်းတီးဝိုင်းငယ်လေးများကိုလည်း စီစဉ်ထားရှိပါသည်။ အင်းလျားဆောင်သူဟောင်း ဟသ်ာတ ရှင်နှောင်းရေးသားသည့် "ခက်မညီဖြာ" အဖြည့်ခံရတုကိုလည်း ဝေငှထားသည်ဖြစ်ရာ ပြပွဲလာရောက် ကြည့်ရှုသူများအနေဖြင့် အဆောင်အမှတ်တရ ခံစားချက်များကို ရေးသားရင်း၊ အဆောင်အလွမ်းပြေသီချင်းများကို သီဆိုရင်း၊ နားထောင်ရင်း မရောက်တာကြာပြီဖြစ်သည့် အဆောင်၏ အရိပ်အာဝါသကို ခိုလှုံရင်း လွန်ခဲ့သော တက္ကသိုလ်ကျောင်းသူဘဝ၊ အဆောင်သူဘဝ၊ ငယ်ဘဝများကို ခဏတာပိုင်ဆိုင်နိုင်အောင် စီစဉ်ထားရှိပါသည်။

ထို့အပြင် အခမ်းအနားသို့ တက်ရောက်လာသော ဧည့်သည်တော်များနှင့် အဆောင်သူများကလည်း ဓာတ်ပုံပြပွဲနှင့် ပတ်သက်သည့် အမှတ်တရစာစုများ ချန်ထားပေးနိုင်ရန် Memory Book ကိုလည်း စီစဉ်ထားရှိပါသည်။ ဓာတ်ပုံပြပွဲတွင် ပြသထားသော ဓာတ်ပုံများ၏ သမိုင်းကိုရှင်းပြနိုင်ရန် ကျွန်မတို့အမာခံ အင်းလျားညီအစ်မများ အလှည့်ကျတာဝန်ယူရန် စီစဉ်ထားရှိပါသည်။ အဆောင်အမှတ်တရ လက်ဆောင်များအပြင် အင်းလျားဆောင်ပုံပါ မတ်ခွက်များ၊ အိတ်များရောင်းချနိုင်ရန်နှင့် အလှူငွေများ လှူဒါန်းနိုင်ရန် အလှူခံကောင်တာ၊ အရောင်းကောင်တာများလည်း စီစဉ်ထားရှိပါသည်။

ဖိတ်ကြားထားသော ဧည့်သည်တော်များလည်း တဖွဲဖွဲ ရောက်ရှိလို့လာပါသည်။ အခမ်းအနားတွင် ဖဲကြိုးနှင့် ဗန်းကိုင်မည့် အင်းလျားဆောင် မျိုးဆက်သစ်အလှပဂေး ကျောင်းသူလေးများကလည်း အဆောင်တွင် ဖူးပွင့်လျက်ရှိသည့် ပန်းကလေးများနှင့် အလှချင်းပြိုင်လို့ နေပါသည်။ အခမ်းအနား ဖွင့်လှစ်ပေးမည့်ပုဂ္ဂိုလ်များ ဖြစ်ကြသော ၁၉၃၇ ခုနှစ် မယ်တက္ကသိုလ်ဘွဲ့ရ အသက် ၉၁ နှစ်အရွယ်ရှိ အန်တီဒေါ်မေစီခ(ခ) ဒေါ်ခင်စန်းရီ၊ ပညာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာမျိုးသိမ်းကြီးနှင့် ရန်ကုန်တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးဖြိုးမင်းသိန်းတို့ကလည်း ဖဲကြိုးဖြတ်ရန် အသင့်နေရာယူပြီး ဖြစ်နေကြပါပြီ။ မကြာမီ လက်ရှိအဆောင်မှူး ဒေါက်တာဇီဝင်းဇော်က အဖွင့်မိန့်ခွန်း ပြောကြားပြီးနောက် အခမ်းအနားမှူး မမဒေါက်တာ ရွှေစင်ဘုန်းနိုင်က ဓာတ်ပုံပြပွဲအခမ်းအနားကို ဖဲကြိုးဖြတ် ဖွင့်လှစ်ပေးနိုင်ရန် ပန်ကြားကာ သက်ဆိုင်ရာ ပုဂ္ဂိုလ်ကြီးများက ဖဲကြိုးဖြတ် ဖွင့်လှစ်ပေးခဲ့ကြပါသည်။ တစ်ချိန်တည်းမှာပင် အသင့်နေရာယူလျက်ရှိကြသည့် မျိုးဆက်ဟောင်းနှင့် မျိုးဆက်သစ် ကျောင်းသူလေးများကလည်း အင်းလျားဆောင်သီချင်းကို သံပြိုင်ဆိုကြသည်ဖြစ်ရာ သီချင်းသံများ၊ လက်ခုပ်သံများ၊ အင်းလျားဆောင်တစ်ခွင်ဝေစည်လို့ နေပါတော့သည်။ ပြပွဲတက်ရောက်လာသော ဧည့်သည်တော်ကြီးများ၊ ရန်ကုန်တက္ကသိုလ်ရာပြည့်အကြို လှုပ်ရှားမှုကော်မတီမှ ရန်ကုန်တက္ကသိုလ်ပါမောက္ခချုပ် ဒေါက်တာဦးဖိုးကောင်း၊ ဒုတိယပါမောက္ခချုပ်နှင့်တကွ ဌာနဆိုင်ရာအကြီးအကဲများ၊ အင်းလျားဆောင် ကျောင်းသူဟောင်းကြီးများ၊ သတင်းမီဒီယာနှင့် ဖိတ်ကြားထားသော ဧည့်သည်တော်များက ပြပွဲတက်ရောက်လာသူ မျိုးဆက်ဟောင်း၊ မျိုးဆက်သစ်ကျောင်းသူများနှင့်အတူ မှတ်တမ်းဓာတ်ပုံများ ရိုက်ကူးမှတ်တမ်းတင်နိုင်ခဲ့ပါသည်။ ဧည့်သည်တော်များကို ရန်ကုန်တက္ကသိုလ် အမှတ်တရ ကွဲကော်ပန်း ရင်ထိုးများ ထိုးပေးခြင်း၊ Sandwich၊ ကော်ဖီများနှင့် ဧည့်ခံခြင်းစသဖြင့် အသီးသီးတာဝန်ယူ ဧည့်ခံခဲ့ကြပါသည်။ ပြပွဲစီစဉ်သူ ကျွန်မတို့ အင်းလျားညီအစ်မများ၏ ပီတိအဟုန်မှာလည်း ပြော၍မကုန်နိုင်အောင် ဖြစ်နေပါတော့သည်။

ကျွန်မတို့ အင်းလျားညီအစ်မများ စုပေါင်းအားနှင့် အစပြုခဲ့သည့် ရန်ကုန်တက္ကသိုလ်၏နှစ်တစ်ရာခရီးအင်းလျားဆောင် ဓာတ်ပုံပြပွဲကို အောင်မြင်စွာ ဖွင့်လှစ်နိုင်ခဲ့ပြီ။ တက်ရောက်ကြသော ဧည့်သည်တော်များ၏ ရင်ထဲတွင်လည်း ရသစုံသည့် ဟင်းတစ်ခွက်ကို စားလိုက်ရသကဲ့သို့ ခံစားနေရမည်မှာ မလွဲပင် ဖြစ်ပါသည်။ ကျွန်မ၏ ရင်ထဲတွင်လည်း လွန်ခဲ့တဲ့ ၂၅ နှစ် စိန်ရတုသဘင် ကျင်းပစဉ်ကာလ၊ ပထမနှစ်ကွန်ပျူတာတက္ကသိုလ် ကျောင်းသူ၊ မျိုးဆက်သစ်ကျောင်းသူဘဝက ကျောင်းသူဟောင်းများနှင့်အတူ သီဆိုခဲ့ဖူးသည့် အင်းလျားဆောင်၏ မျိုးဆက်သစ် သီချင်းတစ်ပိုင်းတစ်စ ရင်ထဲသို့ ရောက်ရှိလာပါတော့သည်။

"မမ...မမ...မမတို့က ရှေ့က သွားခဲ့သလို...
ညီမလေးတို့ မျိုးဆက်သစ်တွေ...
တိမ်မသွားပါ...ဘယ်ကိုညာကို
ယိမ်းမသွားပါ...ဘယ်ကို...ညာကို
အင်းလျား အစဉ်အလာအတိုင်း
ပညာရေး၊ လူမှုရေး၊ နိုင်ငံတော်အရေး၊
ရှေ့တန်းကနေမှာပါ"

ဂီတစာဆိုဦးကျော့မှူး စပ်ဆိုသည့် စိန်ရတုခေတ်က သီချင်းအတိုင်းပင် ယခု ရာပြည့်ပွဲတွင်လည်း ကျွန်မတို့ လက်ဆင့်ကမ်းနိုင်ခဲ့ကြပါပြီ။ နောင်လာမည့်နှစ်များတွင်လည်း မျိုးဆက်သစ်ကျောင်းသူလေးများက ကျွန်မတို့ကဲ့သို့ပင် လက်ဆင့်ကမ်းအမွေကို ထိန်းသိမ်းနိုင်ကြစေရန်နှင့် အမိအင်းလျားဆောင်၏ ဂုဏ်သတင်းကို ဆက်လက်ထိန်းသိမ်းနိုင်ကြစေရန် ရည်ရွယ်တင်ပြလိုက်ရပါတော့သည်။

၁၉၉၅- ၉၆ ပညာသင်နှစ် အင်းလျားဆောင်သူဖြစ်ခဲ့ရသည်ကို ဂုဏ်ယူလျက်။ ။

---

*စာမျက်နှာ ၂၂ မှ*

Group Project မှရရှိသည့် အတွေ့အကြုံများကို အခြေခံ၍ တစ်ဦးချင်းစီအတွက် Project များကို ရေးဆွဲကြသည်။ ရေးဆွဲပြီးသည့် Project များကို Supervisor ဆရာမများ၏ လမ်းညွှန်မှုကို ခံယူ၍ မိမိတို့၏ Final Project ကို အမှားအယွင်း အနည်းဆုံးဖြစ်အောင် ရေးဆွဲတင်ပြနိုင်ရေး ကြိုးစားကြရသည်။ Project တင်ပြရမည့် Dead line နီးလာသည်နှင့်အမျှ ကျောင်းသား ကျောင်းသူများက အပြီးသတ်ရေးဆွဲနိုင်ရေး အစွမ်းကုန်ကြိုးစားကြရသလို Supervisor ဆရာ ဆရာမများကလည်း နေ့မနား ညမနား ပြန်လည်ဆန်းစစ်ပေးကြသည်။ ထိုအချိန်က ကွန်ပျူတာဈေးနှုန်းများမှာ အလွန်မြင့်မားသည့် အချိန်ဖြစ်ရာ ကွန်ပျူတာအပိုင်မရှိသည့် ကျောင်းသား ကျောင်းသူများမှာ အများစုဖြစ်သည်။ အချို့ကျောင်းသား ကျောင်းသူများက မိမိတို့၏ ရုံးဌာနများရှိ ကွန်ပျူတာများဖြင့် ရုံးချိန်ပြင်ပတွင် Project ရေးဆွဲကြသည်။ အချို့ကျောင်းသား ကျောင်းသူများကမူ ပြင်ပကွန်ပျူတာဆိုင်များမှ ကွန်ပျူတာများကို လပေးစနစ်ဖြင့် ငှားရမ်းအသုံးပြုကာ Project ရေးဆွဲကြရသည်။ စာရေးသူသည်လည်း အစိုးရဝန်ထမ်းမလုပ်မီက အလုပ်လုပ်ခဲ့ဖူးသော ကွန်ပျူတာဆိုင်မှ ကွန်ပျူတာတစ်လုံးကို တစ်လလျှင် ကျပ် ၂၅၀၀၀ ဖြင့် လေးလခန့် ငှားရမ်းကာ Project ရေးဆွဲခဲ့ရသည်။ ထိုအချိန်က ဒုတိယဦးစီးမှူးတစ်ဦး၏ လစာမှာ ကျပ် ၃၄၀၀၀ သာရသည့် အချိန်ဖြစ်၍ ချွေတာနိုင်သမျှ ချွေတာပြီး သုံးခဲ့ရသည့်အချိန်ဖြစ်သည်။

Final Project ဖြေဆိုပြီးစီးချိန်တွင် လူပင်ပန်း၊ စိတ်ပင်ပန်းခဲ့သမျှ အားပြန်ဖြည့်ရသည်။ မည်မျှပင် စိတ်ရောလူရော ပင်ပန်းရသည်ဖြစ်ပါစေ အောင်စာရင်းများ ထွက်လာချိန်တွင် ပင်ပန်းခဲ့သမျှ အမောပြေကြရသည်။ ၂၀၁၁ ခုနှစ် ဇန်နဝါရီလ ၈ ရက်နေ့ ဘွဲ့နှင်းသဘင်တွင် ဘွဲ့လွန်ကွန်ပျူတာဒီပလိုမာကို ရယူခွင့်ရရှိခဲ့သည်။ ဘွဲ့နှင်းသဘင်တွင် စာရေးသူတို့ ဒီပလိုမာဘွဲ့များသာမက မဟာဘွဲ့ရရှိသူများ၊ ဒေါက်တာဘွဲ့ရရှိသူများကိုပါ ဘွဲ့အပ်နှင်းသည်ဖြစ်ရာ မဟာဘွဲ့၊ ဒေါက်တာဘွဲ့ရယူကြသူများကို အားကျအတုယူစိတ်များပေါ်ပေါက်စေရန် နှိုးဆော်ပေးနိုင်ခဲ့ပါသည်။

**ဝန်ထမ်းဘဝနှင့် ရန်ကုန်တက္ကသိုလ် အမှတ်တရ**

ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေး ဝန်ထမ်းဘဝတွင် လုပ်ငန်းတာဝန်ဖြင့် ရန်ကုန်တက္ကသိုလ်သို့ အကြိမ်ကြိမ် ရောက်ရှိခဲ့သည်။ ၂၀၁၇ ခုနှစ် နိုဝင်ဘာလ ၅ ရက်နေ့တွင် ရန်ကုန်တက္ကသိုလ် Recreation Centre တွင် ပြန်ကြားရေးဝန်ကြီးဌာနနှင့် ပညာရေးဝန်ကြီးဌာနတို့ ပူးပေါင်းစီစဉ်ကျင်းပခဲ့သည့် "လူငယ်နှင့် လူမှုမီဒီယာ"၊ "လူငယ်နှင့် အလုပ်အကိုင်အခွင့်အလမ်း" ခေါင်းစဉ်ဖြင့် ကျင်းပပြုလုပ်ခဲ့သည့် "Public Talk" ဟောပြောပွဲတွင် တစ်ဖက်တစ်လမ်းမှ တာဝန်ထမ်းဆောင်ခွင့်ရခဲ့သည်။ အလားတူပင် ၂၀၁၇ ခုနှစ် ဒီဇင်ဘာလ ၁ ရက်နေ့မှ ၃ ရက်နေ့အထိ ရန်ကုန်တက္ကသိုလ်တွင် ကျင်းပခဲ့သည့် "လူငယ်ဘက်စုံဖွံ့ဖြိုးရေးပွဲတော်" တွင်လည်း တာဝန်ထမ်းဆောင်ခွင့်ရခဲ့ပြန်သည်။ ထိုပွဲတော်သည် တက္ကသိုလ်တွင် ကျင်းပသည့်ပွဲများအနက် အစည်ကားဆုံးနှင့် လူအများစိတ်ဝင်စားမှု အခံရဆုံး ပွဲတော်တစ်ခုလည်း ဖြစ်ခဲ့သည်။ အဆိုပါ ပွဲတော်တွင် ရန်ကုန်မြို့ရှိ တက္ကသိုလ်အသီးသီးမှ ပြခန်းများ၊ ရန်ကုန်တက္ကသိုလ်ရှိ ဘာသာရပ်ဌာနအသီးသီးမှ ပြခန်းများ၊ အစိုးရဌာနဆိုင်ရာ အသီးသီးမှ ပြခန်းများ၊ ဖျော်ဖြေရေးအစီအစဉ်များ၊ ဟောပြောပွဲများ၊ ဉာဏ်စမ်းပဟေဠိပြိုင်ပွဲများ စသည်ဖြင့် စည်ကားသိုက်မြိုက်စွာ ကျင်းပနိုင်ခဲ့သည်။

ထို့မျှမက ၂၀၁၈ ခုနှစ် ဩဂုတ်လ ၂၈ ရက်နေ့တွင် ရန်ကုန်တက္ကသိုလ်ဘွဲ့နှင်းသဘင်ခန်းမ၌ ကျင်းပခဲ့သည့် "နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ်နှင့် ရန်ကုန်မြို့ရှိ တက္ကသိုလ်များမှ ကျောင်းသား ကျောင်းသူများ၏ ရသစာပေစကားဝိုင်း" တွင်လည်း တစ်ဖက်တစ်လမ်းမှ ပါဝင်ထမ်းဆောင်ခွင့်ရခဲ့ပြန်သည်။ ထိုသို့သော အခမ်းအနားများသာမက ရန်ကုန်တက္ကသိုလ် နှစ် (၁၀၀) ပြည့် အထိမ်းအမှတ် "ရာပြည့်တက္ကသိုလ် မြကျွန်းညို" ရောင်စုံဓာတ်ပုံ၊ ပန်းချီ၊ ဆောင်းပါး၊ ကဗျာ၊ ဝတ္ထုတို၊ ကာတွန်းပြိုင်ပွဲများအတွက်လည်း တစ်ဖက်တစ်လမ်းမှ တာဝန်ထမ်းဆောင်ခွင့်ရရှိခဲ့သည်။ ထို့အပြင် ဌာနလုပ်ငန်းများအတွက် လိုအပ်လျှင် လိုအပ်သလို ရန်ကုန်တက္ကသိုလ်စာကြည့်တိုက်နှင့် တက္ကသိုလ်များ ဗဟိုစာကြည့်တိုက်တို့မှ ဆရာ ဆရာမများ၏ အကူအညီဖြင့် လိုအပ်သည့် စာအုပ်စာစောင်များ ငှားရမ်းခြင်းများကို ဆောင်ရွက်ခွင့်လည်း ရရှိခဲ့ပါသည်။


၁၉၂၀ ပြည့်နှစ် ဒီဇင်ဘာလ (၁) ရက်နေ့က စတင်ခဲ့သည့် ရန်ကုန်တက္ကသိုလ်သည် သမိုင်းတန်ဖိုးကြီးမားသည့် မြန်မာ့ပညာရေးအတွက် အခြေခံအုတ်မြစ်ကို ချပေးနိုင်ခဲ့သည်။ မြန်မာ့နိုင်ငံရေး သမိုင်းဖြစ်စဉ်များကို ထိန်းသိမ်းမြှုပ်နှံထားရာ နေရာတစ်ခုအဖြစ်လည်း ခေတ်အဆက်ဆက်မှ ယနေ့တိုင် တန်ဖိုးထား အလေးအမြတ် ပြုနေကြရဆဲပင်ဖြစ်သည်။ ထို့အပြင် နိုင်ငံ့ခေါင်းဆောင် လူကျော်လူမော်များ၊ အားကစား၊ စာပေ၊ ဂီတ၊ အနုပညာရှင်များကို မွေးထုတ်ပေးနိုင်ခဲ့ပါသည်။ ထိုသို့သော သမိုင်းအစဉ်အလာကြီးမားသည့် ရန်ကုန်တက္ကသိုလ်ကြီးသည် ရာပြည့်သဘင်မှသည် နောင်နှစ်ပေါင်းရာထောင်ချီ၍ အဓွန့်ရှည်တည်တံ့ပါစေကြောင်း ဆုမွန်ကောင်းတောင်း ဂုဏ်ပြုရေးသားလိုက်ရပါသည်။ ။

# ကိုဗစ်-၁၉ ကြောင့် ယခုနှစ် မြန်မာ-တရုတ် နှစ်နိုင်ငံကြား နယ်စပ်ကုန်သွယ်မှု ယခင်နှစ်ထက် သုံးပုံတစ်ပုံခန့် ကျဆင်း

**မူဆယ် ဒီဇင်ဘာ ၂၅**
ကိုဗစ်-၁၉ ရောဂါဖြစ်ပွားမှု အခြေအနေကြောင့် မြန်မာ-တရုတ် နှစ်နိုင်ငံကြား မူဆယ် နယ်စပ် ဒေသ၌ ကုန်သွယ်မှုပမာဏသည် ယခု ၂၀၁၉-၂၀၂၀ ဘဏ္ဍာနှစ်အတွင်း ယခင်နှစ်များထက် သုံးပုံတစ်ပုံခန့် ကျဆင်းသွားခဲ့ကြောင်းနှင့် ယခင် ကိုဗစ်-၁၉ ရောဂါ မဖြစ်ပွားမီကာလက နှစ်နိုင်ငံအကြား ကုန်သွယ်မှု ပမာဏမှာ တစ်ရက်လျှင် အမေရိကန်ဒေါ်လာ ၁၅ သန်းဖိုး ခန့်ရှိခဲ့ရာမှ ကိုဗစ်-၁၉ ရောဂါ စတင် ဖြစ်ပွားသည့်အချိန်မှစ၍ လက်ရှိအချိန်အထိ နေ့စဉ် အမေရိကန်ဒေါ်လာ ၁၀ သန်းဖိုးခန့်သာ ရှိနေကြောင်း သိရသည်။

ကိုဗစ်-၁၉ ရောဂါ ဖြစ်ပွားနေမှုကြောင့် မြန်မာ ပို့ကုန်ယာဉ်များကို တရုတ်နိုင်ငံဘက်မှ စိစစ်မှုနှင့် တင်းကျပ်မှုများ ပြုလုပ်လျက်ရှိပြီး နယ်စပ် အဝင်အထွက်ဂိတ်များတွင် တရုတ်ဘက်မှယာဉ်မောင်းများနှင့် အချိန်းအပြောင်း ပြုလုပ်ရခြင်း၊ ကျန်းမာရေးစစ်ဆေးခံရခြင်း၊ ကုန်တင်ယာဉ်များကို ပိုးသတ်ဆေးဖျန်းခြင်း စသည်တို့ကြောင့် ကုန်တင်ယာဉ်တစ်စီးလျှင် အနည်းဆုံး ငါးမိနစ်မှ ၁၀ မိနစ်ဝန်းကျင်ခန့် အချိန် ပိုကြာသွားသည့်အတွက် ကုန်တင်ယာဉ်များမှာ မူဆယ်နယ်စပ်(၁၀၅)မိုင် ကုန်သွယ်ရေးဇုန် နယ်မြေအတွင်း အစီးရေ ထောင်နှင့်ချီပြီး အချိန်ကြာမြင့်စွာ စောင့်ဆိုင်းနေရခြင်းများ ကြုံတွေ့နေကြရကာ ကုန်သွယ်မှုတွင်လည်း နှောင့်နှေးမှုများဖြစ်ပြီး ကုန်သွယ်မှုပမာဏ ကျဆင်းလာရခြင်းဖြစ်ကြောင်း သိရသည်။

ကိုဗစ်-၁၉ ရောဂါ ကာလအတွင်း မြန်မာ-တရုတ် နှစ်နိုင်ငံကြား ကုန်စည်စီးဆင်းမှုများ မရပ်တန့်စေဘဲ ပုံမှန်ကုန်သွယ်မှု ပြုလုပ်နိုင်ရန် အတွက် နှစ်နိုင်ငံမှ တာဝန်ရှိသူများက ဒေသ အဆင့်၊ နှစ်နိုင်ငံ ကုန်သွယ်ရေးကဏ္ဍအဆင့် နှင့် သံရုံးများမှတစ်ဆင့် အကြိမ်ကြိမ် ညှိနှိုင်း ဆောင်ရွက်မှုများ ပြုလုပ်နေခြင်းကြောင့်သာ ကုန်စည်စီးဆင်းမှုများ လုံးဝရပ်တန့်မသွားခြင်း ဖြစ်ကြောင်း၊ နှစ်နိုင်ငံကြား ကုန်သွယ်မှုပမာဏ တိုးတက်လာရန်အတွက် အကောင်းဆုံးအဖြေ တစ်ခု ရရှိအောင် ဒေသခံ အုပ်ချုပ်ရေးမှူးများ၊ OSS အဖွဲ့များ၊ ဒေသခံ ကုန်စည်ဒိုင်အဖွဲ့များ ပူးပေါင်း၍ တရုတ်နိုင်ငံဘက်မှ တာဝန်ရှိသူ များနှင့် ဆွေးနွေးအဖြေရှာမှုများကိုလည်း ဆောင်ရွက်လျက်ရှိကြောင်း မူဆယ်(၁၀၅)မိုင် ကုန်သွယ်ရေးဇုန်တာဝန်ခံ ညွှန်ကြားရေးမှူး ဦးမင်းအောင်အေးက ပြောသည်။


(၁၀၅)မိုင် ကုန်သွယ်ရေးဇုန် အဝင်ဂိတ်နှင့် ဇုန်အတွင်း ရပ်တန့်စောင့်ဆိုင်းနေသော ကုန်တင်ယာဉ်ကြီးများ

မူဆယ်မြို့ရှိ (၁၀၅)မိုင် ကုန်သွယ်ရေးဇုန် အတွင်းသို့ ကိုဗစ်ဖြစ်ပြီးနောက်ပိုင်း မြန်မာ ဘက်မှ ပို့ကုန်များအဖြစ် ဆန်၊ ဆန်ကွဲ၊ ဝါဂွမ်း၊ ကြက်သွန်နီ၊ ချဉ်ပေါင်ဖာလာနှင့် ပဲအမျိုးမျိုးကို အများဆုံး တင်ပို့နိုင်ခဲ့ပြီး တရုတ်နိုင်ငံဘက်မှ သွင်းကုန်များအဖြစ် အိမ်ဆောက်ပစ္စည်းများ၊ ဆိုင်ကယ်များ၊ ယာဉ်ယန္တရားနှင့် စက်ပစ္စည်း အမျိုးမျိုး၊ ကုန်စုံ၊ အထည်အလိပ်၊ လူသုံးကုန် ပစ္စည်းအမျိုးမျိုး၊ ပန်းသီး၊ လိမ္မော်သီး စသည့် ကုန်ပစ္စည်းများ အများဆုံးတင်သွင်းခဲ့ကြောင်း သိရသည်။

မူဆယ်(၁၀၅)မိုင် ကုန်သွယ်ရေးဇုန်အတွင်း သို့ ဒီဇင်ဘာ ၂၁ ရက်က ကုန်တင်ယာဉ် ဝင်ရောက်မှုအနေဖြင့် ပို့ကုန်ယာဉ်ကြီး ၅၁၆ စီး၊ ယာဉ်ငယ် နှစ်စီးနှင့် ဒေသသုံးယာဉ် ၁၈ စီး စုစုပေါင်း ၅၃၆ စီး၊ ငှက်ပျောကား လေးစီး၊ ဖရဲကား ၁၂၄ စီး၊ သဲကား ၁၅ စီး ဝင်ရောက်ခဲ့ပြီး သွင်းကုန်ယာဉ်ကြီး ၂၈၄ စီး၊ ယာဉ်ငယ် တစ်စီး နှင့် ဒေသသုံးယာဉ် နှစ်စီး စုစုပေါင်း ၂၈၇ စီး ဝင်ရောက်ခဲ့ကြောင်း သိရသည်။

**သန့်ဇင်(မူဆယ်)**

## သန်လျင်မြို့နယ်အတွင်းမှ အခြေခံလူတန်းစား အိမ်ထောင်စုများအား စားသောက်ကုန်များလှူဒါန်း

**သန်လျင် ဒီဇင်ဘာ ၂၅**
သန်လျင်မြို့နယ်အတွင်းရှိ ကျေးရွာများမှ သက်ကြီးရွယ်အို အိမ်ထောင်စုများနှင့် အခြေခံလူတန်းစား အိမ်ထောင်စုများ စုစုပေါင်း အိမ်ထောင်စု ၁၀၀ သို့ အခြေခံ စားသောက်ကုန်များကို We Love Yangon အဖွဲ့နှင့် We Love ThanLyin အဖွဲ့တို့ ပူးပေါင်း၍ ဒီဇင်ဘာ ၂၃ ရက်က အိမ်တိုင်ရာရောက် ထောက်ပံ့ပေးခဲ့သည်။

လက်ယက်စမ်းကျေးရွာ၊ နတ်စင်ကုန်းကျေးရွာ၊ ကညင်ကျေးရွာတို့မှ အိမ်ထောင်စုများနှင့် အခြားကျေးရွာများမှ အလှူခံလာသူ အိမ်ထောင်စုများ၊ မီးဘေးသင့် အိမ်ထောင်စုများအား တစ်အိမ်ထောင်လျှင် ဆန် ခြောက်ပြည်၊ ဆီ ၅၀ သား၊ ငါးသေတ္တာ ၁၀ ဘူးနှင့် ခေါက်ဆွဲခြောက် အထုပ် ၃၀ စီကို ပရဟိတ အဖွဲ့ဝင်များနှင့် တာဝန်ရှိသူများက ထောက်ပံ့ပေးအပ်ခဲ့ခြင်းဖြစ်သည်။

**သန်းဝင်း(သန်လျင်)**



## ခရစ္စမတ်နှင့် နှစ်သစ်ကူး ပိတ်ရက်များတွင် ပြင်ဦးလွင်မြို့သို့ လာရောက်လည်ပတ်မည့်သူများအား တားမြစ်မည်

**ပြင်ဦးလွင် ဒီဇင်ဘာ ၂၅**
ခရစ္စမတ်ပွဲတော်နှင့် နိုင်ငံတကာ နှစ်သစ်ကူး ကာလရှည် ရုံးပိတ်ရက်များအတွင်း ပြင်ဦးလွင် မြို့သို့ လာရောက်လည်ပတ်မည့်သူများအား ကိုဗစ်-၁၉ ကာကွယ်ရေးအတွက် တားမြစ်သွားရန် စီစဉ် လျက်ရှိကြောင်း ခရိုင် ပြည်သူ့ကျန်းမာရေး ဦးစီး ဌာနရုံးမှ သိရသည်။

"ခရစ္စမတ်ပိတ်ရက် ဒီဇင်ဘာ ၂၅၊ ၂၆၊ ၂၇ နဲ့ နှစ်သစ်ကူးရုံးပိတ်ရက် ဒီဇင်ဘာ ၃၁ ရက်ကနေ ၂၀၂၁ ဇန်နဝါရီလ ၄ ရက်အထိ အဲဒီရက်တွေမှာ ပြင်ဦးလွင်စစ်ဆေးရေးဂိတ်ကိုလည်း ပိုမိုတင်းကျပ်စွာ စစ်ဆေးသွားမှာဖြစ်ပါတယ်"ဟု ခရိုင်ပြည်သူ့ ကျန်းမာရေးဦးစီးဌာနမှူး ဒေါက်တာသန်းဝင်းက ပြောကြားသည်။

ထို့အပြင် မြို့ရှောင်လမ်းနှင့် ထင်ရှူးတော စသည့် နေရာများ၊ မြို့တွင်းမှ လူစည်ကားရာ လည်ပတ်နိုင်သည့် နေရာများတွင်လည်း မြို့နယ် အထွေထွေအုပ်ချုပ်ရေးမှူး၏ ဦးဆောင်မှုဖြင့် ရပ်ကွက်/ကျေးရွာ အုပ်ချုပ်ရေးမှူးများနှင့် ခရိုင် ပြည်သူ့ကျန်းမာရေးဦးစီးဌာနမှ ဝန်ထမ်းများ၊ အခြား ဌာနဆိုင်ရာများ ပူးပေါင်းကာ အဖွဲ့ လေးဖွဲ့ခွဲ၍ စစ်ဆေးမှုများ လိုက်လံဆောင်ရွက်သွားမည်ဖြစ်ပြီး ၂၃ မိုင်ဂိတ်၌ စစ်ဆေးမှုများ ဆောင်ရွက်ရာတွင် လည်း ကျန်းမာရေးထောက်ခံစာ မပါရှိဘဲ အလည် အပတ် လာရောက်သူများအား ဝင်ရောက်ခွင့်ပြု မည်မဟုတ်ကြောင်း သိရသည်။

**မြတ်ဆုမွန်**

## ရေနီမြို့၌ ကိုဗစ်-၁၉ ရောဂါပိုးရှိသူနှစ်ဦး တွေ့ရ၍ မြို့နယ်အဆင့် အရေးပေါ်တုံ့ပြန်နိုင်ရေး ဆွေးနွေး

**ရေတာရှည် ဒီဇင်ဘာ ၂၅**
ပဲခူးတိုင်းဒေသကြီး ရေတာရှည်မြို့နယ် ရေနီမြို့ရှိ အထည်ချုပ်စက်ရုံမှ အမျိုးသမီးတစ်ဦးနှင့် ယာယီဈေးမှ အမျိုးသားတစ်ဦးတို့တွင် ကိုဗစ်-၁၉ ရောဂါပိုး တွေ့ရှိရပြီးနောက် ရောဂါကာကွယ်ရေး ဆောင်ရွက်ရန်အတွက် မြို့နယ်အဆင့် ကိုဗစ်-၁၉ ရောဂါ ကာကွယ်ထိန်းချုပ်ရေး ကော်မတီ၏ အစည်းအဝေးကို ဒီဇင်ဘာ ၂၄ ရက်က ရေတာရှည်မြို့နယ် အထွေထွေအုပ်ချုပ်ရေးမှူးရုံး အစည်း အဝေးခန်းမ၌ ပြုလုပ်ခဲ့သည်။

အစည်းအဝေးတွင် မြို့နယ်အုပ်ချုပ်ရေးမှူး ဦးမင်းနိုင်အောင်က အထည်ချုပ် စက်ရုံနှင့် ယာယီဈေးတို့ကို ခေတ္တပိတ်ရန်/မပိတ်ရန်နှင့် ပတ်သက်၍ ကော်မတီ ဝင်များအနေဖြင့် ဆွေးနွေးညှိနှိုင်းကြရန် အမှာစကားပြောကြားပြီး မြို့နယ် ဆရာဝန်ကြီး ဒေါက်တာ နန္ဒာညီဆွေနှင့် တိုင်းဒေသကြီး လွှတ်တော်ကိုယ်စားလှယ် တို့က ဝိုင်းဝန်းဆွေးနွေးခဲ့ကြသည်။ ထို့နောက် တောင်ငူမြို့ လူမှုဖူလုံရေးရုံးမှ ဦးစီးအရာရှိ ဒေါ်တင်မိုးနွယ်က အလုပ်သမားခံစားခွင့် အကျိုးဝင်သော လုပ်ငန်း များအကြောင်း၊ တောင်ငူမြို့ အလုပ်ရုံနှင့် အလုပ်သမားဥပဒေ စစ်ဆေးရေးဦးစီး ဌာနမှ လက်ထောက်ညွှန်ကြားရေးမှူး ဦးဝင်းမင်းသူက စက်ရုံ၊ အလုပ်ရုံများမှ အလုပ်သမားများ၏ အကျိုးခံစားခွင့်များ စသည်တို့ကို ဆွေးနွေးခဲ့သည်။

ဆွေးနွေးပွဲတွင် ရောဂါပိုးတွေ့ရှိသူ နှစ်ဦးနှင့် ထိတွေ့သူများအား ကန့်သတ် စောင့်ကြည့်စခန်းများတွင် ထားရှိ၍ ရောဂါစစ်ဆေးမှုများ ဆက်လက်ဆောင်ရွက် သွားမည်ဖြစ်ပြီး နောက်ထပ် ပိုးတွေ့လူနာသစ် ထပ်မံတွေ့ရှိသည်အထိ အထည် ချုပ်စက်ရုံနှင့် ယာယီဈေးကို ပိတ်ပင်ခြင်းမပြုဘဲ ကိုဗစ်-၁၉ ရောဂါ ထိန်းချုပ် ကာကွယ်ရေး စည်းကမ်းများနှင့်အညီ ခွင့်ပြုသွားမည်ဖြစ်ကြောင်း ဆုံးဖြတ်ခဲ့ ကြသည်။

**ကိုလွင်(ဆွာ)**

## အပန်းလည်းပြေ ဗဟုသုတလည်းရသည့် သာကေတ မိကျောင်းမွေးမြူရေးစခန်း



**ရန်ကုန် ဒီဇင်ဘာ ၂၅**
သာကေတမြို့နယ် စက်မှုလက်မှုရပ်ကွက် မြခွာညိုလမ်းရှိ သာကေတ မိကျောင်းမွေးမြူ ရေးစခန်းကို ၁၉၉၇ နိုဝင်ဘာ ၆ ရက်မှစ၍ အပန်းဖြေစခန်းအဖြစ် ဖွင့်လှစ်ခဲ့ပြီး အများ ပြည်သူနှင့် နိုင်ငံခြားခရီးသွားတို့အား ဝင်ရောက်လေ့လာကြည့်ရှုခွင့် ပြုထားသလို ရုံးပိတ်ရက်နှင့် အခါကြီးရက်ကြီးများတွင် မိကျောင်းများနှင့်အတူ ပြကွက်ခုနစ်မျိုးကို ပြသလျက်ရှိကြောင်း၊ ယခုကိုဗစ်-၁၉ ကာလ တွင်မူ ဝင်ရောက်ကြည့်ရှုလေ့လာခွင့် ပိတ်ထား ကြောင်း သိရသည်။

မြန်မာနိုင်ငံတွင် နက္ကခေါ် အင်းမိကျောင်း (Crocodylus palustris)၊ သံသုမာ/ငမိုးရိပ်ခေါ် ရေငန်မိကျောင်း(Crocodylus porosus)၊ ကဏ္ဍိလ မိကျောင်း(Garvialis gangeticus)နှင့် ထိုင်း မိကျောင်း(Crocodylus siamensis) စသော မျိုးစိတ်တို့ကို တွေ့ရှိရသည့်အနက် ဧက ၄၀ ကျယ်သော ငမိုးရိပ်ချောင်းအနီးရှိ သာကေတ မိကျောင်းမွေးမြူရေးစခန်းတွင် တစ်ပေ အရွယ်မှ ၁၀ ပေအထက် အရွယ်စုံ မိကျောင်း ကောင်ရေ ၅၅၀ ကျော် မွေးမြူထားကာ ကမ္ဘာပေါ်တွင် ရှားပါးစပြုနေပြီဖြစ်သော သံသုမာ/ငမိုးရိပ်ခေါ် ရေငန်မိကျောင်း တစ်မျိုး တည်းကိုသာ ထိန်းသိမ်းမွေးမြူထားကြောင်း သိရသည်။

သာကေတ မိကျောင်းမွေးမြူရေး အပန်း ဖြေစခန်းတွင် ပြသသည့် ပြကွက်ခုနစ်မျိုး အနက် အများပြည်သူ စိတ်ဝင်စားကြသည့် ပြကွက်များမှာ မိကျောင်းပါးစပ်အတွင်း ပိုက်ဆံထည့်ပြီး ထိုပိုက်ဆံကို ပြသသူက ပါးစပ်ဖြင့် ကိုက်၍ ထုတ်ယူပြသသော ပြကွက်၊ မိကျောင်းခေါင်းကို ထိပြသော ပြကွက်၊ ပါးစပ်ဟနေသော မိကျောင်းပါးစပ်အတွင်း လက်ကို ဖြတ်သန်းပြသော ပြကွက်များ ဖြစ်သည်။

ရေငန်မိကျောင်းများသည် ကုန်းမြေပေါ် တွင် သွားလာနိုင်ပြီး ရေထဲတွင်လည်း အချိန် ကြာမြင့်စွာ ငုပ်လျှိုးနိုင်၍ သက်တမ်းမှာ နှစ် ၇၀ မှ ၁၀၀ ခန့်အထိ နေထိုင်နိုင်သည်။ အထီး သည် အမထက် အရွယ်အစား ပိုကြီးပြီး ၁၀ ပေရှည်သော အမထက် သုံးပေခန့် ပိုရှည်လေ့ ရှိသည်။ ဖေဖော်ဝါရီလတွင် စတင်မိတ်လိုက် တတ်ပြီး ဧပြီလတွင် စတင်ဥချကာ တစ်ကောင် လျှင် ဥလုံးရေ ၂၀ မှ ၇၀ အထိ ဥချ၍ ရက် ၉၀ အကြာတွင် ရှစ်လက်မအရွယ်ရှိ အကောင် ပေါက်များ ပေါက်ဖွားပြီး တစ်နှစ် အကြာတွင် တစ်ပေခန့် ကြီးထွားလေ့ ရှိသည်။

သာကေတ မိကျောင်းမွေးမြူရေးစခန်းသို့ နိုင်ငံခြားသားများနှင့် ပြည်သူများ လာရောက် လေ့လာမှုရှိသဖြင့် အများပြည်သူ စိတ်ဝင် စားသော နေရာတစ်ခုအဖြစ် ဝင်ငွေ ပိုမိုရရှိ လာစေရန်အတွက် အပန်းဖြေစခန်း သန့်ရှင်း သာယာရေး ဆောင်ရွက်ခြင်း၊ ကလေးကစား ကွင်း ထားရှိပေးခြင်း၊ အပန်းဖြေ ပန်းခြံနှင့် စားသောက်ဆိုင်တန်းတို့ကို စနစ်ကျစွာ ဖွင့် လှစ်ပေးခြင်းတို့ ပြုလုပ်ပေးနိုင်ပါက ဧည့်သည် များအား ပိုမိုဆွဲဆောင်နိုင်လျက် ဝင်ငွေတိုးမြင့် ရရှိနိုင်မည်ဟု သာကေတမိကျောင်းမွေးမြူ ရေးစခန်းသို့ သွားရောက်လေ့လာဖူးသူ ဦးသန်းစိုးက ပြောသည်။

သာကေတမိကျောင်းမွေးမြူရေးစခန်းကို လာမည့်နှစ်ဆန်းတွင် ပြန်လည်ဖွင့်လှစ်ပြသ နိုင်ရေးအတွက် ရန်ကုန်တိုင်းဒေသကြီး အစိုးရ အဖွဲ့သို့ တင်ပြထားကြောင်း စခန်းတာဝန်ခံ (ဒုတိယညွှန်ကြားရေးမှူး) ဒေါက်တာ မျိုးမင်းလှိုင်က ပြောကြားသည်။

**သစ္စာ**

# ချေးငွေသတင်းအချက်အလက်ဌာနတစ်ခုရဲ့ အခန်းကဏ္ဍ

creditbureau.com.mm

## မြန်မာနိုင်ငံမှာ ချေးငွေသတင်းအချက်အလက်ဌာန တစ်ခုရှိဖို့ ဘာကြောင့် အရေးကြီးတာလဲ?

ပြည်တွင်းမှာ ပထမဦးဆုံးနဲ့ တစ်ခုတည်းသော ချေးငွေသတင်းအချက်အလက်ဌာနဖြစ်တဲ့ မြန်မာချေးငွေသတင်းအချက်အလက်ဌာန (Myanmar Credit Bureau) ကို မြန်မာနိုင်ငံတော်ဗဟိုဘဏ်ရဲ့ ဦးဆောင်လမ်းညွှန်မှုနဲ့အတူ စတင် တည်ထောင်ခဲ့ပါတယ်။ မြန်မာချေးငွေသတင်းအချက်အလက်ဌာနမှာ ခေတ်မီ ချေးငွေသတင်းအချက်အလက် အစီရင်ခံခြင်းစနစ်တစ်ခု တပ်ဆင်ထားရှိခဲ့ပြီး ငွေရေးကြေးရေးနဲ့ ဘဏ်လုပ်ငန်း နယ်ပယ်အသီးသီးအတွက် ဘက်စုံ၊ ကဏ္ဍစုံကနေပံ့ပိုးပေးနေပါတယ်။ မြန်မာချေးငွေသတင်းအချက်အလက်ဌာနအနေနဲ့ အဓိက ပံ့ပိုးပေးနေတဲ့ အခန်းကဏ္ဍတွေအကြောင်းတစေ့တစောင်းကို အခုလို ဖော်ပြလိုက်ပါတယ်။

## ချေးငွေဆိုင်ရာ ဆုံးဖြတ်ချက်တွေကို ပိုမို မြန်ဆန်၊ တိကျစေဖို့ ကူညီပေးနိုင်

ချေးငွေသတင်းအချက်အလက်ဌာန တစ်ခုမှာ ချေးငွေထုတ်ပေးထားတဲ့ အဖွဲ့အစည်းတွေဆီကရတဲ့ ငွေချေးသူတွေရဲ့ အချက်လက်တွေကိုစုစည်းပြီး ထိန်းသိမ်းထားပါတယ်။ ဒီအချက်အလက်တွေထဲမှာ ငွေချေးသူရဲ့ ကိုယ်ရေးအချက်အလက်နဲ့ ဆက်သွယ်နိုင်မယ့် အချက်အလက်တွေ၊ ချေးငွေရယူထားတဲ့ စာရင်းအမှတ်တွေနဲ့ ပြန်လည် ပေးဆပ်မှု မှတ်တမ်းရာဇဝင် အပါအဝင် ချေးငွေအတွက် အာမခံအပေါင် ပစ္စည်းစာရင်းတွေ ပါပါတယ်။

ဒီအချက်အလက်တွေနဲ့အတူ ဌာနကနေ တစ်ဦးချင်း (ဒါမှမဟုတ်) စီးပွားရေးလုပ်ငန်းတွေရဲ့ ချေးငွေသတင်းအချက်အလက် အစီရင်ခံစာ ထုတ်ပေးနိုင်တာကြောင့် ငွေကြေးအဖွဲ့အစည်းတွေအနေနဲ့ ချေးငွေဆိုင်ရာဆုံးဖြတ်ချက်တွေကို မြန်မြန်ဆန်ဆန်၊ တိတိကျကျ ချမှတ်နိုင်အောင်ကူညီပေးနိုင်ပါတယ်။ ဒါ့ကြောင့် ချေးငွေသတင်းအချက်အလက်ဌာနဆိုတာ ချေးငွေပြန်ဆပ်နိုင်ခြေ ရှိ၊ မရှိ ဆန်းစစ်မှုပြုရာမှာ လိုအပ်တဲ့ အချက်အလက်တွေကို ရရှိနိုင်ရုံသာမကမသမာမှုတွေကနေ ကာကွယ်နိုင်ပြီး ပိုမို လုံခြုံစိတ်ချရတဲ့ချေးငွေလုပ်ငန်း ဈေးကွက်တွေ ပေါ်ပေါက်လာအောင်လည်း ပံ့ပိုးပေးနိုင်ပါတယ်။

## ငွေရေးကြေးရေး ဝန်ဆောင်မှုတွေ ပိုမိုရယူလာနိုင်

ချေးငွေသတင်းအချက်အလက်ဌာနတစ်ခုကနေ တိကျသေချာတဲ့ ချေးငွေဆိုင်ရာသတင်းအချက်အလက်တွေ မျှဝေပေးတဲ့အတွက်ဘဏ်တွေအနေနဲ့ ချေးငွေထုတ်ပေးရာမှာ ဆုံးရှုံးနိုင်ခြေတွေကို ပိုပြီးထိထိရောက်ရောက် ကိုင်တွယ်ဖြေရှင်းနိုင်ပြီး ချေးငွေဆိုင်ရာ အမှားအယွင်းတွေကို လျှော့ချနိုင်မှာပဲဖြစ်ပါတယ်။ ဒါ့ကြောင့် ဘဏ်တွေဘက်ကကြည့်မယ်ဆိုရင် ဆုံးရှုံးမှုများလျော့ကျလာတဲ့အပြင်နောက်ထပ် လူပုဂ္ဂိုလ်တစ်ဦးချင်းကိုဖြစ်စေ၊ ကုမ္ပဏီတွေကိုဖြစ်စေ ငွေရေးကြေးရေး ဝန်ဆောင်မှုများကို ပေးသွားနိုင်ပါတယ်။

ဒါ့အပြင် မြန်မာချေးငွေသတင်းအချက်အလက်ဌာနကနေ ချေးငွေမှတ်တမ်း ရာဇဝင်နောက်ခံကို စစ်ဆေးပြီးသေသေချာချာ အချက်အလက်ပံ့ပိုးပေးထားတဲ့ အတွက်ငွေချေးသူတွေကလည်း ချေးငွေထုတ်ပေးနေတဲ့အဖွဲ့အစည်းတွေဆီကပိုပြီး မြန်ဆန်တဲ့ ဝန်ဆောင်မှုတွေကို အပြိုင်အဆိုင် ပေးဖို့ကြိုးပမ်းလာကြတာတွေ့ရမှာပါ။

ဘဏ်နဲ့ ငွေရေးကြေးရေးအဖွဲ့အစည်းတွေကဆုံးရှုံးနိုင်ခြေပေါ်အခြေခံပြီး အတိုးနှုန်းများသတ်မှတ်တဲ့စနစ်ကို ကျင့်သုံးလာခဲ့မယ်ဆိုရင် ချေးငွေမှတ်တမ်းကောင်းတဲ့ လူပုဂ္ဂိုလ်တစ်ဦးချင်းကိုဖြစ်စေ၊ ကုမ္ပဏီတွေကိုဖြစ်စေသက်သာတဲ့ ချေးငွေနှုန်းထားများနဲ့ ချေးငွေဝန်ဆောင်မှုတွေကို ရယူနိုင်မှာဖြစ်ပါတယ်။

## အားလုံးပါဝင်နိုင်တဲ့ ငွေရေးကြေးရေးကဏ္ဍ ပေါ်ပေါက်လာဖို့ မြှင့်တင်ပေးနိုင်

ချေးငွေသတင်းအချက်အလက်ဌာနတွေဆိုတာ ပြည်သူတွေအကြား အားလုံးပါဝင်နိုင်တဲ့ ငွေရေးကြေးရေးကဏ္ဍ ပေါ်ပေါက်လာဖို့မြှင့်တင်ပေးရာမှာနဲ့ ချေးငှားမှုဆိုင်ရာ အလေ့အထကောင်းတွေကျင့်သုံးလာအောင် အားပေးတိုက်တွန်းရာမှာ အရေးကြီးတဲ့ အခန်းကဏ္ဍတစ်ခုကနေ ပါဝင်နေပါတယ်။ ငွေရေးကြေးရေးဆိုင်ရာ ကတိကဝတ်တွေအတွက်တာဝန်သိတဲ့ ငွေချေးသူတွေမှာ ချေးငွေမှတ်တမ်းရာဇဝင်ကောင်းတစ်ခု ရှိထားမှာဖြစ်လို့ နောက်ထပ်ချေးငွေအသစ်တွေကို မြန်မြန်ဆန်ဆန် ရယူနိုင်မှာဖြစ်ပါတယ်။

## စီးပွားရေးကဏ္ဍ ဖွံ့ဖြိုးတိုးတက်စေဖို့ အထောက်အကူပြုနိုင်

ချေးငွေသတင်းအချက်အလက်ဌာနတွေဆိုတာ ချေးငွေမှတ်တမ်းတွေကိုပဲ ထုတ်ပေးနေတာ မဟုတ်ပါဘူး။စီးပွားရေးကဏ္ဍ ဖွံ့ဖြိုးတိုးတက်စေဖို့ ဖြေရှင်းဆောင်ရွက်ချက် အမျိုးမျိုးကိုလည်း အထောက်အပံ့ပေးနိုင်ပါတယ်။ ဒီထဲမှာလုပ်ငန်းနယ်ပယ်နဲ့ အချက်အလက်တွေအပေါ် မူတည်ပြီး စိစစ်သုံးသပ်ချက်တွေကို အဖွဲ့ဝင်တွေအတွက် ထုတ်ပေးနိုင်တဲ့အတွက် ပိုကောင်းတဲ့ ချေးငွေဆိုင်ရာ နည်းဗျူဟာတွေ ချမှတ်နိုင်မှာပါ။ ဌာနကနေပေးတဲ့ အကြံပြုချက်တွေကနေ ချေးငွေဝန်ဆောင်မှုထုတ်ကုန်သစ်တွေ ဖန်တီးနိုင်ပါတယ်။ အသေးစားနဲ့ အလတ်စား စီးပွားရေးလုပ်ငန်းတွေကို ကူညီပံ့ပိုးနိုင်မယ့်နည်းလမ်းတွေကိုလည်း ရှာဖွေအကဲဖြတ်သတ်မှတ်ပေးနိုင်ပါတယ်။

မြန်မာနိုင်ငံမှာ ရင်းနှီးမြှုပ်နှံလိုတဲ့ နိုင်ငံတကာအဖွဲ့အစည်းတွေအတွက် ပြည်တွင်းမှာရှိတဲ့ မိတ်ဖက်ကောင်းတွေကိုရှာဖွေရာမှာ များစွာအထောက်အကူ ဖြစ်စေနိုင်တာကြောင့် နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုတွေလည်း ပိုမိုတိုးတက်လာနိုင်ပါတယ်။

MMCB
MYANMAR CREDIT BUREAU LTD

MMCB အကြောင်း၊ သူရဲ့ ဝန်ဆောင်မှုနဲ့ အဖွဲ့ဝင်တွေအကြောင်း အသေးစိတ်သိရှိလိုတယ်ဆိုရင် https://creditbureau.com.mm/ မှာ ဝင်ရောက်ကြည့်ရှုလေ့လာနိုင်ပါတယ်။ MMCB ကို ဆက်သွယ်လိုတယ် ဆိုရင်တော့ ဖုန်း - ၀၉ ၆၆၇ ၀၀၀ ၀၈၀ (ဒါမှမဟုတ်) အီးမေးလ် - info@creditbureau.com.mm ကနေတစ်ဆင့် ဆက်သွယ်နိုင်ပါတယ်။

---

၁၉၃၃ခုနှစ် – သမားတော်ကြီး ဦးဘရှိန်စတင်တည်ထောင်သည်

TMR 002348(1016)
ကြော်ငြာခွင့်ပြုချက်အမှတ်
တဆဝက(တနယ်ဖင်း)၁၄၅/၀၁၇

နေမကောင်းလျှင်

# ရွှေမန်းတောင်

အမှတ်တံဆိပ်

## ချေးထုတ်ငန်းဆေးကိုသုံးဆောင်ပါ

အအေးမိ၊ ကိုယ်လက်ကိုက်ခဲခြင်း၊ တုပ်ကွေးဖျား၊ အဖျားရောဂါ၊
အနာဝင်ခြင်း နှင့်ချွေးငုတ်ခြင်းများအတွက် မြန်မာ့ဆေးစွမ်းကောင်း

ရွှေမန်းတောင်တိုင်းရင်းဆေးဝါးဖြန့်ချိရေး - အမှတ်(၁၀၂)၊၃၈လမ်း၊ရန်ကုန်မြို့၊ ဖုန်း - (၀၁)၃၇၆၈၀၈၊ ၅၄၉၀၄၂(Res:)၊၀၉ - ၈၅၉၈၄၅၃

---

## အထွေထွေကိုယ်စားလှယ်လွှဲစာအား ပြန်လည်ရုပ်သိမ်းကြောင်း အများသိစေရန် ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ လှိုင်မြို့နယ်၊ (၇)ရပ်ကွက်၊ ကျောင်းကုန်း (၃) လမ်း၊ အမှတ် (၇၉၈) တွင် ကန်ထရိုက်တိုက်သစ် ဆောက်လုပ်ရန်အတွက် လုပ်ငန်း၏ သဘောသဘာဝလိုအပ်ချက်အရ ကန်ထရိုက်တာဖြစ်သူ ဦးဘထွန်း (၁၂/သကတ(နိုင်)၁၂၆၆၅၂) ထံသို့ လွှဲအပ်ပေးထားသော မှတ်ပုံတင်အထွေထွေကိုယ်စားလှယ်လွှဲစာအမှတ် (၁၇၇၃၃) (၂၀-၉-၂၀၁၃) အား လုပ်ငန်းပြီးစီးသွားပြီဖြစ်ပါသဖြင့် ပြန်လည် ပယ်ဖျက်ရုပ်သိမ်းပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

ဒေါ်စန်းမြင့်
၁၂/လမန(နိုင်)၀၅၄၅၉၁

---

## ပိုင်ရှင်ကိုယ်တိုင်ရောင်းမည်

မော်ဘီတိုးဂိတ်အနီး၊ ကိုးလုံးကွင်း၊ ကျောင်းနီး၊ ဈေးနီး၊ ခြံမြေ၊ မီးရှိ
(40'x60') = ၇၅သိန်း၊ (20'x60') = ၃၈သိန်း
ph: 09-799716395,09-450302310

---

## ကန့်ကွက်နိုင်ပါကြောင်း

ရန်ကုန်တိုင်းဒေသကြီး၊ ရန်ကုန်တောင်ပိုင်းခရိုင်၊ တွံတေးမြို့နယ်၊ ရန်ကုန်မြို့သစ်စီမံကိန်းပြန်လည်နေရာချထားသည့် အုပ်စု (RA-3)၊ အကွက်အမှတ် (တ–၀၂)၊ မြေကွက်အမှတ် (၀၄၁၁)၊ နှင့်(၀၄၁၂) တစ်ကွက်လျှင် အကျယ်အဝန်း (၄၀ပေ× ၆၀ပေ)စီရှိ ဒေါ်မြင့်မြင့်ဝင်း (၁၂/တတန(နိုင်)၁၆၃၆၀၅) အမည်ပေါက် ပါမစ်မြေကွက်(၂)ကွက်နှင့် ယင်းမြေကွက် (၂)ကွက်ပေါ်ရှိ အကျိုးခံစားခွင့် အရပ်ရပ်အားလုံးတို့ကို ရောင်းချပိုင်ခွင့်ရှိသူ အမည်ပေါက်ပိုင်ရှင် ဒေါ်မြင့်မြင့်ဝင်း (၁၂/တတန (နိုင်)၁၆၃၆၀၅) ထံမှ ကျွန်ုပ်တို့၏ မိတ်ဆွေက ဝယ်ယူရန်အတွက် စရန်ငွေပေးချေထားပြီးဖြစ်ပါသည်။ အရောင်းအဝယ်အား ကန့်ကွက်လိုပါက ကျွန်ုပ်တို့ထံသို့ စာရွက်စာတမ်းအထောက်အထား မူရင်းများဖြင့် ယနေ့မှစ၍ (၇) ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ပါသည်။ ထိုရက်ကျော်လွန် ပါက အရောင်းအဝယ်ကိစ္စကို ဥပဒေနှင့်အညီဆက်လက် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ

| | |
|---|---|
| ဦးခင်မောင်ဦး | ဦးထိန်လင်းသန်း |
| LL.B, D.B.L, D.I.L., | LL.B, D.B.L, D.I.L, D.M.L, |
| တရားလွှတ်တော်ရှေ့နေ(စဉ်–၈၈၅၂) | တရားလွှတ်တော်ရှေ့နေ(စဉ်–၈၈၈၂) |
| Hein Htet San Law Firm | ၀၉၅၅၀၆၁၄၆၊ ၀၉၅၅၀၄၂၆၅ |

အမှတ်(၁၅)၊ ပထမထပ်၊ သံသုမာလမ်း(ရတနာလမ်းဆုံ)၊ (၁၄) ရပ်ကွက်၊ တောင်ဥက္ကလာပမြို့နယ်။

---

## အများသိရှိစေနိုင်ရန်ကြေငြာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ သယ်န်းကျွန်းမြို့နယ်၊ (က)ရပ်ကွက်၊ ဇေယျာသုခလမ်း၊ အမှတ်(၁၅၅)နေ ဒေါ်ဝင်းဝင်းမာ(၁၂/ဒဂစ(နိုင်)၀၁၄၃၅၆) ကိုင်ဆောင်သူ၏ လွှဲအပ်ချက်နှင့်အညီ အောက်ပါ အတိုင်း ကြေငြာအပ်ပါသည်။

ကျွန်ုပ်၏မိတ်ဆွေသည် ရန်ကုန်တိုင်းဒေသကြီး၊ သယ်န်းကျွန်းမြို့နယ်၊ (က)ရပ်ကွက်၊ သရဖီ လမ်း၊ အမှတ်(၃/ခ)ခြေရင်းဘက်ခြမ်းရှိပထမထပ်နှင့် ဒုတိယထပ်တိုက်ခန်းတို့ကို တရားဝင်ပိုင်ဆိုင် ရောင်းချ ခွင့်ရှိသူ ကန်ထရိုက်တာ ဦးနိုင်ဦးလွင် (၁၂/သဃက(နိုင်)၀၇၂၆၃၀)ထံမှ အဆိုပါတိုက်ခန်း (၂)ခန်း၏ တန်ဖိုးကို အပြေအကျေပေးချေခဲ့ပြီး တရားဝင်ဝယ်ယူပိုင်ဆိုင် လက်ရောက်ရရှိခဲ့ပြီး ဖြစ်ကြောင်းနှင့် အကျိုးခံစားခွင့် အရပ်ရပ်တို့ကို စီမံခန့်ခွဲပိုင်ခွင့်ရှိကြောင်း အများသိစေရန် ကြေငြာ အပ်ပါသည်။

ဒေါ်ဝင်းဝင်းမာ၏ လွှဲအပ်ညွှန်ကြားချက်အရ

| | |
|---|---|
| ဦးသန်းထိုက်အောင် (LL.B) | ဒေါ်ခင်စန္ဒာနွယ် (LL.B) |
| တရားလွှတ်တော်ရှေ့နေ(စဉ်. ၁၆၁၆၃) | တရားလွှတ်တော်ရှေ့နေ(စဉ်. ၁၁၀၈၄) |

ရုံးခန်း၊ အမှတ်-၁၆၊ ပထမထပ်၊၁၆၄လမ်း၊ တာမွေမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။
Ph.09 403159599,09 420087844

---

## အများသိစေရန်ကြေငြာခြင်း

ရန်ကုန်မြို့၊ ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ်၊ (၁၂)-ရပ်ကွက်၊ ဆဒ္ဒံဒူးဝါးလမ်း၊ မြေတိုင်းရပ်ကွက်အမှတ်- (၁၂)၊ မြေကွက်အမှတ်- (၇၈၇နှင့်၇၈၈)(ဒေါ်အုန်းမြင့်နှင့် ဦးသက်နိုင်အမည်ပေါက် ပါမစ်မြေကွက်များ)အား ဝယ်ယူရန် ကျွန်ုပ်၏ မိတ်ဆွေဖြစ်သူမှ စရံငွေပေးချေထားပြီးဖြစ်ပါသည်။ သို့ဖြစ်ပါ၍ ကန့်ကွက်လိုသူများသည် ခိုင်လုံသောအထောက်အထား စာရွက်စာတမ်းများဖြင့် (၇)ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ပါသည်။ ကန့်ကွက်သူမရှိပါက အရောင်းအဝယ်ပြီးဆုံးအောင် ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အသိပေးကြေငြာအပ်ပါသည်။

| | |
|---|---|
| ရုံး/အိမ် (နံနက်(၉)နာရီမှ ညနေ(၅)နာရီအတွင်း) | လွှဲအပ်ညွှန်ကြားချက်အရ |
| အမှတ် (၂)၊ ရဲရန်နိုင်လမ်း၊ (၃၆)ရပ်ကွက်၊ | ဦးတင်ထူးလှိုင် (ဥပဒေဘွဲ့) |
| ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်။ | အယ်လ်အယ်လ်ဘီ၊အထက်တန်းရှေ့နေ |
| ဖုန်း- (၀၉)- ၇၈- ၀၆၇- ၃၀၆၇ | စဉ်- ၂၄၂၉၂ |

---

## ဖောင်းကြွနံပါတ်ပြားပျောက် လျှောက်ထားခြင်း

ယာဉ်အမှတ် 9I/2888 ၏ ဖောင်းကြွနံပါတ်ပြားပျောက်ဆုံး၍ ထုတ်ပေးပါရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

ကညန၊ ကနဦးယာဉ်မှတ်ပုံတင်ဌာန
(ထောက်ကြန့်)

---

## ကန့်ကွက်နိုင်ပါကြောင်း

ရန်ကုန်တိုင်းဒေသကြီး၊ တောင်ဥက္ကလာပ မြို့နယ်၊ (၁၂)ရပ်ကွက်၊ မင်္ဂလာလမ်း၊ အမှတ် ၇၆၇၊ ဦးခင်ထွန်း အမည်ပေါက် အကျယ်အဝန်း (၄၀ ပေX ၆၀ပေ)အနက်မှခေါင်းရင်းခြမ်း (၂၀ပေX ၆၀ပေ)ရှိနှစ်(၆၀)မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ တစ်ထပ်ခွဲတိုက်ခံ ရေ၊ မီးစုံအပါအဝင် အကျိုးခံစားခွင့် အရပ်ရပ်အားလုံးတို့ကို လက်ဝယ်ရှိ ပိုင်ဆိုင်ရောင်းချခွင့်ရှိသူ ဒေါ်ချိုချိုဦး ၁၁/ကဖန(နိုင်)၀၀၁၄၂၆ ထံမှ ကျွန်ုပ်ဒေါ်အေးအေးကြိုင် ၁၂/ပဇတ(နိုင်)၀၂၅၁၀၇ က ဝယ်ယူမည်ဖြစ်ပါ၍ တန်ဖိုးငွေ၏တစ်စိတ်တစ်ဒေသပေးချေထားပြီးဖြစ်ပါသည်။ ဖော်ပြပါ မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ အကျိုးခံစားခွင့် အရပ်ရပ်အားလုံးတို့နှင့် ပတ်သက်၍ အကျိုးသက်ဆိုင်ခံစားခွင့်ရှိသည်ဆိုပါက စာရွက်စာတမ်းမူရင်းများနှင့်အတူ ဤကြော်ငြာပါသည့်ရက်မှစ၍ ၁၄ ရက်အတွင်း လာရောက်ကန့်ကွက်ပါရန်နှင့် သတ်မှတ်ရက်ကျော်လွန်ပါက အရောင်းအဝယ်ကိစ္စပြီးမြောက်သည်အထိ ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်မည်ဖြစ်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။

ဒေါ်အေးအေးကြိုင်
၁၂/ပဇတ(နိုင်)၀၂၅၁၀၇
ဖုန်း- ၀၉- ၂၅၀၁၄၁၁၁၈၊ ၀၉- ၅၁၁၂၀၉၄

---

## ကန့်ကွက်နိုင်ကြောင်းကြေညာခြင်း

ရန်ကုန်မြို့၊ ရွှေပြည်သာမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် (၅၆၁/ကရင်ချောင်းကွင်း)၊ မြေကွက်အမှတ် (၆၉/၂၁)၏တစ်စိတ်တစ်ဒေသ၊ အမည်ပေါက်-ဦးနေဝင်း၏လယ်မြေ ဧရိယာ(၉.၀၀)ကေအား တရားဝင်ရောင်းချပိုင်ခွင့်ရှိသူဟု ဝန်ခံကတိပြုသူ ဦးစိုးထွေး(၁၂/ရပသ(နိုင်)၀၈၈၇၆၂) ထံမှ ကျွန်ုပ်တို့၏မိတ်ဆွေက အပြီးအပိုင်ဝယ်ယူရန်အတွက် စရန်ငွေတစ်စိတ်တစ်ဒေသကိုပေးချေခဲ့ပြီးဖြစ်ပါသည်။ ယင်းမြေကွက်နှင့်ပတ်သက်၍ ကန့်ကွက် လိုသူများရှိပါက ဤကြော်ငြာပါသည့်ရက်မှ (၇)ရက်အတွင်း ကျွန်ုပ်တို့ထံသို့ ခိုင်လုံသောစာချုပ်စာတမ်းများဖြင့် လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်ခြင်းမရှိပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် အသိပေးကြေညာအပ်ပါသည်။ လွှဲအပ်ညွှန်ကြားချက်အရ

| | |
|---|---|
| ဦးမျိုးသန့် (ခ) ဦးမောင်ကြီး | ဒေါ်တင်မိုးနိုင် |
| LL.B(စဉ် - ၁၀၅၇၇) | LL.B(စဉ် - ၄၂၁၆၉) |
| တရားလွှတ်တော်ရှေ့နေ | အထက်တန်းရှေ့နေ |

အမှတ်(၁၂၁၂/ခ)၊ တိုးချဲ့(၂)လမ်း၊ ၂/မြောက်ရပ်ကွက်၊ သာကေတမြို့နယ်။
ဖုန်း - ၀၉-၇၉၇၁၆၃၈၆၅၊ ၀၉-၇၉၅၃၈၆၄၄၇

---

## အများသိစေရန် ကြေညာချက်

အင်းစိန်မြို့နယ်၊ စက်မှုဇုန်(အပိုင်း–၃)၊ မင်းကြီးမဟာမင်းခေါင်လမ်းနှင့်မြတောင်ဝန်ကြီးဦးမှိုလမ်းထောင့်၊ မြေတိုင်းရပ်ကွက်အမှတ်(၆၄စက်မှုဇုန်)၊ မြေကွက်အမှတ်(၇၁၊၇၂A၊၇၂B ၏တစ်စိတ်တစ်ဒေသ)တွင် (၁+၃)ထပ် Steel (အထည်ချုပ်စက်ရုံ+ရုံးခန်း) အဆောက်အဦ ဆောက်လုပ်ခွင့်ပြုပါရန် နှစ်(၆၀) မြေငှားဂရန် အမည်ပေါက်ထံမှ မှတ်ပုံတင်အရောင်းအဝယ်စာချုပ်ဖြင့် ဝယ်ယူထားသူများဖြစ်သော ဦးကျော်ဝင်း၊ ဦးကျော်ခင်တို့မှ တစ်ဆင့်မြေကွက်အမှတ်(၇၂B၏တစ်စိတ်တစ်ဒေသ) အား အရပ်ကတိ အရောင်းအဝယ်စာချုပ်ဖြင့် ဝယ်ယူထားသူ ဦးကျော်ဇော(၉/မနမ(နိုင်)၀၉၄၂၆၅)မှ တင်ပြလျှောက်ထားလာသဖြင့် ကန့်ကွက်ရန်ရှိပါက ခိုင်လုံသော အထောက်အထားများဖြင့် ဤကြေညာချက်ပါရှိသည့်နေ့မှစ၍ ရက်ပေါင်း(၁၅)ရက်အတွင်း လျှောက်ထားကန့်ကွက်နိုင်ကြောင်းနှင့် သတ်မှတ်ရက်အတွင်း ကန့်ကွက်မှုမရှိပါကလုပ်ထုံးလုပ်နည်းနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်းအသိပေးကြေညာအပ်ပါသည်။

အဆောက်အဦဆိုင်ရာလုပ်ငန်းတာဝန်ခံအဖွဲ့
ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ

---

# မီးသတိပြုပါ

## လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာန
## လျှပ်စစ်ဓာတ်အား ထုတ်လုပ်ရေးလုပ်ငန်း
## အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ ၂၀၂၀-၂၀၂၁ ဘဏ္ဍာရေးနှစ်၊ လျှပ်စစ်နှင့် စွမ်းအင်ဝန်ကြီးဌာန၊ လျှပ်စစ်ဓာတ်အား ထုတ်လုပ်ရေးလုပ်ငန်း၊ ပြည့်ဖြိုးမြစွမ်းအင်နှင့် ရေအားစက်ရုံများဌာန လက်အောက်ရှိ ဓာတ်အားပေးစက်ရုံများအတွက် (မြန်မာကျပ်ငွေ)ဖြင့် အောက်ဖော်ပြပါ ပစ္စည်းများ ဝယ်ယူရန် (DDP At Site) ဖြင့် အိတ်ဖွင့်တင်ဒါခေါ်ယူလိုပါသည်-

| | | |
|---|---|---|
| (က) | Tender No.49 EPGE/2020-2021 | ပေါင်းလောင်း၊ ရဲရွာ၊ ရဲနွယ်နှင့်ခပေါင်း ဓာတ်အားပေး စက်ရုံများ အတွက်၊ Oil Coller များ၊ Air Coller, Heat Exchanger , High Air Compressor, Open/Close Loop Pump with Motor, Combine Guide Bearing Oil Circulation Pump with Motor များ၊ Gate Valve, Electric Semi Ball Valve များနှင့် Bufferfly Valve များ အပါအဝင် စက်မှုပိုင်းဆိုင်ရာအရန် ပစ္စည်းများ ဝယ်ယူခြင်း။ (16 Items) |

၂။ ပစ္စည်းများ၏ နည်းပညာ စံချိန်စံညွှန်းအဆိုပြုလွှာ(Technical Proposal) နှင့် ဈေးနှုန်း အဆိုပြုလွှာ(Financial Proposal) တို့အား သီးခြားစီချိပ်ပိတ်၍ တင်ဒါပိတ်ရက်၏၁၄:၀၀နာရီနောက်ဆုံးထား၍(လူကိုယ်တိုင်)လာရောက်တင်သွင်းရမည်။

၃။ **တင်ဒါပိတ်ရက်နှင့် အချိန်** - ၂၈-၁-၂၀၂၁ရက် (၁၄:၀၀)နာရီ

၄။ **တင်ဒါလက်ခံမည့်နေရာ** - လျှပ်စစ်ဓာတ်အားထုတ်လုပ်ရေးလုပ်ငန်း မော်တော်ယာဉ်ဌာန

၅။ တင်ဒါပုံစံအား ၂၈-၁၂-၂၀၂၀ရက်မှစတင်၍ ရုံးချိန်အတွင်း လာရောက်စုံစမ်း ဝယ်ယူနိုင်ပြီး တင်ဒါကြော်ငြာအား ဝန်ကြီးဌာန ဝက်ဆိုဒ် (www.moee.gov.mm) တွင်လည်း ကြေညာထားမည်ဖြစ်ပါသည်။

**တင်ဒါလက်ခံရေးနှင့် စိစစ်ရေးကော်မတီ**
ဖုန်း- ၀၆၇-၈၁၀၄၂၇၈၊ ၈၁၀၄၂၇၉

## ကန့်ကွက်နိုင်ပါကြောင်း

ရန်ကုန်မြို့၊ ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ်၊ (၁၀၇)ရပ်ကွက်၊ ဥက္ကာလမ်း၊ အမှတ် ၄၃၄/က ဟု ခေါ်တွင်သော အလျား ၂၀ပေ၊ အနံ ၆၀ပေ၊ စတုရန်းပေ ၁၂၀၀ အကျယ်ရှိ ပါမစ်မြေအမျိုးအစား မြေကွက်အား အမည်ပေါက် ပိုင်ဆိုင်သူ ဦးကိုကိုလေး(ဘ) ဦးကိုကိုကြီး ၁၂/သဃက(နိုင်)၀၂၆၆၄၇ ထံမှတစ်ဆင့် အဆက်ဆက်စာချုပ်ဖြင့် ဝယ်ယူပိုင်ဆိုင်လျက်ရှိသူ ယခုလက်ရှိပိုင်ရှင် ဦးကျော်ဆွေ(ဘ)ဦးအေးမောင် ၁၂/ဒဂဆ (နိုင်)၀၀၁၄၈၈ထံမှ အပြီးအပိုင် ဝယ်ယူရန်အတွက် ကျွန်ုပ်၏မိတ်ဆွေမှ စရန်ငွေ တစ်စိတ်တစ်ဒေသ ပေးချေပြီးဖြစ်ပါသည်။

ထိုကဲ့သို့ပေးချေပြီးဖြစ်ပါ၍ မြေကွက်အရောင်းအဝယ်နှင့်ပတ်သက်ပြီး ကန့်ကွက်လိုသူများရှိပါက ပိုင်ဆိုင်မှု ခိုင်လုံသော အထောက်အထားမူရင်းနှင့်တကွ ကျွန်ုပ်ထံသို့ ဤကြော်ငြာပါသည့်ရက်မှစ၍ ခုနစ်ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ပါသည်။

အကယ်၍ ထိုရက်ကျော်လွန်သည့်တိုင် လာရောက်ကန့်ကွက်ခြင်းမရှိပါက ဤမြေကွက်အရောင်းအဝယ်အား ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။ **လွှဲအပ်ညွှန်ကြားချက်အရ-**

**ဒေါ်မေဝင်းမောင်(LL.B)**
**တရားလွှတ်တော်ရှေ့နေ(စဉ်- ၁၃၀၅၃)**
**အိမ်- ၂၉၉/ခ၊ ငုဝါမြိုင်လမ်း၊ (၁၀၇) ရပ်ကွက်၊**
**ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ်၊ရန်ကုန်မြို့**
**ရုံး- အမှတ် ၁၀/၁၂၊ ၃၅လမ်းအောက်၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့**
**ဖုန်း- ၀၉- ၄၂၁၀၉၉၅၆၃၊ ၀၉- ၇၉၃၇၇၃၀၄၁**

## ၃-၁၂-၂၀၂၀ရက် (ကြာသပတေးနေ့) ထုတ် မြန်မာ့အလင်းသတင်းစာ စာမျက်နှာ ၂၆တွင် ပါရှိသော ဒေါ်ရှုဘီနာဘီဘီ ၉/ ပဥလ(နိုင်)၀၁၄၆၇၃ ၏လွှဲအပ်ညွှန်ကြားချက်အရ အထက်တန်းရှေ့နေ ဦးကောင်းထက်(စဉ်- ၄၆၈၃၄) ၏ ကြေညာချက်အပေါ် အများသိစေရန်ပြန်လည်ရှင်းလင်းတုံ့ပြန်ကြေညာချက်

ပြင်ဦးလွင်မြို့၊ ရပ်ကွက်ကြီး(၁၂)၊ မန္တလေး-လားရှိုးလမ်း၊ အမှတ်(BB-24) နေ ဒေါ်ဝင်းနန္ဒာဦး ၁၂/မဂဒ(နိုင်)၁၂၆၇၀၈၏ လွှဲအပ်ညွှန်ကြားချက်အရ အောက်ပါအတိုင်း ပြန်လည်ရှင်းလင်း တုံ့ပြန်ကြေညာအပ်ပါသည်။

မန္တလေးတိုင်းဒေသကြီး၊ ပြင်ဦးလွင်မြို့နယ်၊ ရပ်ကွက်ကြီး(၁၂)၊ ရေချမ်းအိုး ကျေးရွာအုပ်စု၊ ကွင်းအမှတ်(၆၈၁/ဂ) ကွင်းအမည်-ရေချမ်းအိုးအရှေ့ကွင်း၊ ဦးပိုင်အမှတ် (၂၆၈)၊ ဧရိယာ (၄)ဧက အကျယ်အဝန်းရှိ မြေနှင့် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးကို တရားဝင် လုပ်ပိုင်ခွင့်ရရှိထားသူ ဦးမောင်ကို(ခ)ဦးအူစမန်ထံမှ ၁၀-၈-၂၀၂၀ရက်တွင် ကျွန်ုပ်မိတ်ဆွေက အပြီးအပိုင် လွှဲပြောင်းရယူခဲ့ကြောင်း၊ ၂၂-၈-၂၀၂၀ရက်ထုတ် မြန်မာ့အလင်းသတင်းစာတွင်လည်း အများသိစေရန် ကြေညာချက်ကို လူသိရှင်ကြား တရားဝင်ကြေညာထားပြီးဖြစ်ကြောင်း၊ ထို့နောက် ကျွန်ုပ်မိတ်ဆွေ၏အမည်ဖြင့် ဥပဒေနှင့်အညီ လုပ်ဆောင်ဖွယ်ရာကိစ္စအဝဝအား သက်ဆိုင်ရာရုံးဌာနများတွင် ဆောင်ရွက်လျက်ရှိကြောင်း၊ ယခုအခါ လူကြီးမင်းသည် ကျွန်ုပ်မိတ်ဆွေနှင့် သိရှိပတ်သက်ခြင်းမရှိသလို ရန်ငြိုးရန်စ တစ်စုံတစ်ရာမရှိပါဘဲလျက် ကျွန်ုပ်မိတ်ဆွေ လွှဲပြောင်းရယူပိုင်ဆိုင်ထားပြီး ဦးမောင်ကို (ခ)ဦးအူစမန်နှင့်လည်း သက်ဆိုင်ခြင်းမရှိတော့သည့် ယင်းမြေကွက်နှင့်ပတ်သက်၍ ၃-၁၂-၂၀၂၀ရက် မြန်မာ့အလင်းစာတွင် ဦးမောင်ကို(ခ)ဦးအွတ်စမန်းနှင့် အများသိစေရန် အသိပေးကြေညာခြင်းဆိုသည့် ကြေညာချက်အား ထည့်သွင်းခဲ့ကြောင်း သိရှိရပါသည်။ လူကြီးမင်းအနေဖြင့် သဘောရိုးရှိမည်ဆိုပါက ထိုမြေကွက်နှင့် ပတ်သက်၍ လွှဲပြောင်းခြင်းမပြုမီအချိန်ကပင် ပိုင်ဆိုင်မှုအထောက်အထားမူရင်းများဖြင့်ကန့်ကွက်တင်ပြထားနိုင်သည့် အချိန်ကာလရှိပါလျက် ကျွန်ုပ်မိတ်ဆွေ လွှဲပြောင်းရယူထားပြီးလုပ်ဆောင်ဖွယ်ရာကိစ္စများ ဆက်လက်ဆောင်ရွက်နေသည့်အချိန်တွင်မှ ထိုမြေကွက်နှင့်ပတ်သက်၍ သတင်းစာကြေညာခြင်းသည် လူကြီးမင်း၏ အမျိုးတော်စပ်သူ ဦးမောင်ကို(ခ) ဦးအူစမန်၏ အကျိုးစီးပွားကို ထိခိုက်ခြင်းမဟုတ်ဘဲ ကျွန်ုပ်မိတ်ဆွေ၏ပိုင်ဆိုင်မှုကို ထိပါး၍ ကျွန်ုပ်မိတ်ဆွေ၏ အကျိုးစီးပွားကိုသာထိခိုက်စေလိုသည့် စိတ်ဆန္ဒဖြင့် ပြုလုပ်ခြင်းသာဖြစ်ကြောင်း ပေါ်လွင်ထင်ရှားနေပါသည်။

သို့ဖြစ်ပါ၍ ကျွန်ုပ်မိတ်ဆွေနှင့် သိရှိပတ်သက်ခြင်းအလျဉ်းမရှိဘဲ ကျွန်ုပ်မိတ်ဆွေ၏ အကျိုးစီးပွားအား ထိခိုက်နစ်နာအောင် ပြုမူဆောင်ရွက်ခဲ့သူ လူကြီးမင်းနှင့် အထက်တန်းရှေ့နေ ဦးကောင်းထက်တို့အနေဖြင့် မိမိတို့၏လုပ်ရပ်များနှင့်စပ်လျဉ်း၍ ကျွန်ုပ်မိတ်ဆွေအား လူသိရှင်ကြားတရားဝင်တောင်းပန်၍ ၃-၁၂-၂၀၂၀ရက် (ကြာသပတေးနေ့)ထုတ် မြန်မာ့အလင်းသတင်းစာပါ ကြေညာချက်အား ဤပြန်လည်ရှင်းလင်းတုံ့ပြန်ကြေညာချက်ပါရှိသည့်ရက်မှ ငါးရက်အတွင်း တရားဝင်ပြန်လည် ရုပ်သိမ်းပေးပါရန်နှင့် အကယ်၍ လိုက်နာရန်ပျက်ကွက်ပါက လူကြီးမင်းအပေါ် ကျွန်ုပ်မိတ်ဆွေကတည်ဆဲဥပဒေတစ်ရပ်ရပ်အရ အမှုဖွင့်လှစ်တရားစွဲဆို ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်းနှင့် ထို့အပြင်ကျွန်ုပ်မိတ်ဆွေတွင် ပေါ်ပေါက်ခဲ့သည့် နာမည်ဂုဏ်သိက္ခာကျဆင်း၍ ကိုယ်/စိတ်ဆင်းရဲဖြစ်ကာ အကျိုးစီးပွားထိခိုက်နစ်နာမှုများအတွက်လည်း တရားတထုံးထပ်မံ စွဲဆိုသွားမည်ဖြစ်ပါကြောင်း အများသိစေရန် ပြန်လည်ရှင်းလင်းတုံ့ပြန်ကြေညာအပ်ပါသည်။

| | |
|---|---|
| **လွှဲအပ်သူ-** | **လွှဲအပ်ချက်အရ-** |
| **ဒေါ်ဝင်းနန္ဒာဦး** | **ဒေါ်ဇင်မာလွင်(LL.B)** |
| **၁၂/မဂဒ(နိုင်)၁၂၆၇၀၈** | **တရားလွှတ်တော်ရှေ့နေ** |
| **အမှတ်(BB-24)၊ မန္တလေး-လားရှိုးလမ်း** | **(စဉ်- ၁၅၃၀၇)(၁၀-၁-၂၀၁၉)** |
| **ရပ်ကွက်ကြီး(၁၂)၊ ပြင်ဦးလွင်မြို့** | **အခန်း အမှတ် F/11၊ အား/ကာ တိုက်တန်း အမက(၁) ကျောင်းလမ်း၊ ရ.က.က(၂)၊ ပြင်ဦးလွင်မြို့** |
| | **၀၉- ၂၅၆၀၁၉၆၉၀၊ ၀၉- ၇၈၆၀၁၈၀၉၆** |

## ပညာရေးဝန်ကြီးဌာန
## အခြေခံပညာဦးစီးဌာန
## အိတ်ဖွင့်တင်ဒါ (Open Tender)ခေါ်ယူခြင်း

၁။ ပညာရေးဝန်ကြီးဌာန၊ အခြေခံပညာဦးစီးဌာန၏ အခြေခံပညာကျောင်းများအတွက် သင်ကြားမှုအထောက်အကူပြု အခြေခံဗဟုသုတအက ဗီဒီယို (DVD) အခွေများအား ခရိုင်ပညာရေးမှူးရုံးများသို့အရောက် ပေးပို့ရန်ရှိပါသဖြင့် နိုင်ငံသားပိုင် လုပ်ငန်း မှတ်ပုံတင်ရှိသော ပုဂ္ဂလိကလုပ်ငန်းရှင်များအား အိတ်ဖွင့်တင်ဒါ တင်သွင်းနိုင်ရန် ဖိတ်ခေါ်အပ်ပါသည်။

၂။ အိတ်ဖွင့်တင်ဒါပေးသွင်းရမည့်ပုံစံများကို ရုံးအမှတ် ၁၃၊ ပညာရေးဝန်ကြီးဌာန၊ အခြေခံပညာဦးစီးဌာန၊ နေပြည်တော်တွင် ၂၀၂၀ပြည့်နှစ် ဒီဇင်ဘာ ၂၈ရက်မှစ၍ လာရောက်စုံစမ်းဝယ်ယူနိုင်ပြီး ၂၀၂၁ခုနှစ် ဇန်နဝါရီ ၇ရက် ၁၃:၀၀နာရီတွင် Zoom Meeting ဖြင့် ရှင်းလင်းပွဲပြုလုပ်သွားမည်ဖြစ်ပါသည်။

၃။ အိတ်ဖွင့်တင်ဒါများကို ၂၀၂၁ခုနှစ် ဇန်နဝါရီ ၂၆ရက် ၁၁:၀၀နာရီ နောက်ဆုံးထား၍ ရုံးအမှတ် ၁၃၊ ပညာရေးဝန်ကြီးဌာန အခြေခံပညာဦးစီးဌာန နေပြည်တော်တွင် လူကိုယ်တိုင်လာရောက်တင်သွင်းရမည်ဖြစ်ပါသည်။ ၂၀၂၁ခုနှစ် ဇန်နဝါရီ ၂၆ရက် ၁၃:၀၀နာရီတွင် အိတ်ဖွင့်တင်ဒါများအား ဖွင့်ဖောက်မှတ်တမ်းတင် ဆောင်ရွက်သွားမည်ဖြစ်ပါသည်။

၄။ အိတ်ဖွင့်တင်ဒါပုံစံ၊ စည်းကမ်းချက်များနှင့် အသေးစိတ်အချက်အလက်များ သိရှိလိုပါက ရုံးချိန်အတွင်း ဖုန်း-၀၆၇-၄၀၇၈၁၇ နှင့် e-mail ဖြင့် dbecurriculum@gmail.com. သို့ ဆက်သွယ်စုံစမ်းမေးမြန်းနိုင်ပါသည်။

**တင်ဒါလက်ခံရေးနှင့်စိစစ်ရေးကော်မတီ**
**အခြေခံပညာဦးစီးဌာန၊ နေပြည်တော်**

## ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန
## မြန်မာ့ဆိပ်ကမ်းအာဏာပိုင်
## (အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း)

၁။ ၂၀၂၀- ၂၀၂၁ ဘဏ္ဍာရေးနှစ်တွင် မြန်မာ့ဆိပ်ကမ်းအာဏာပိုင်တွင် အသုံးပြုရန် လိုအပ်သော (၂၀၂၁ ခုနှစ် ဖေဖော်ဝါရီလအတွက်) ဒီဇယ်ဆီ(High Speed Diesel)၊ ပရီမီယံဒီဇယ်ဆီ(Premium High Speed Diesel)၊ ဓာတ်ဆီ(Octane- 92) နှင့် Marine Paint(8)Items တို့ကို မြန်မာကျပ်ငွေဖြင့် ဝယ်ယူလိုပါသဖြင့် အိတ်ဖွင့်တင်ဒါများအား ၂၈-၁-၂၀၂၁ ရက် ၁၃:၀၀နာရီ နောက်ဆုံးထားတင်သွင်းရန် ဖိတ်ခေါ် အပ်ပါသည်။

၂။ တင်ဒါပုံစံနှင့် စည်းကမ်းချက်များကို မြန်မာ့ဆိပ်ကမ်းအာဏာပိုင်၊ ဗဟိုပစ္စည်းထိန်းဌာန၊ ကမ်းနားလမ်း (ဗိုလ်တထောင်ဘုရားအနောက်ဘက်၊ ကွန်ကရစ်လမ်း၊ Toll Gate အနီး)၊ ဗိုလ်တထောင်မြို့နယ်တွင် ၂၈-၁၂-၂၀၂၀ရက်မှစ၍ ၂၆-၁-၂၀၂၁ ရက်အထိ ရုံးချိန်အတွင်း ဆက်သွယ်ဝယ်ယူနိုင်ပါကြောင်းနှင့် အသေးစိတ် သိရှိလိုပါက ဖုန်း- ၀၁- ၈၆၁၀၂၃၀ နှင့် ၀၁- ၈၆၁၀၂၃၂ တို့သို့ ဆက်သွယ်စုံစမ်းနိုင်ပါသည်။

**တင်ဒါလက်ခံရေးနှင့် စိစစ်ရေးကော်မတီ**

## ကန့်ကွက်နိုင်ကြောင်းကြော်ငြာခြင်း

လှိုင်ကော်မြို့၊ မင်္ဂလာရပ်ကွက်၊ ဒေါနလမ်း၊ မ/၁၄၅ ဦးပိုင်အမှတ်(၁၂၂)၊ မြေကွက်အမှတ်(၂၃၄) ဧရိယာ (၀.၀၇၃)ဧကရှိ မြေကွက်သည် ဦးအောင်ဝင်း(ဘ) ဦးကျော်စိန် ၂/လကန(နိုင်)၀၁၈၉၃၉ ကိုင်ဆောင်သူ ပိုင်ဆိုင်ခဲ့ပြီး ဦးအောင်ဝင်းထံမှ ၂၄-၁၁-၂၀၂၀ရက်နေ့တွင် ဦးဝင်းကျော်က ဝယ်ယူခဲ့ပါသည်။ အဆိုပါမြေကွက်အား ဦးဝင်းကျော်အမည်ဖြင့် မြေငှားဂရန်လွှောင်ထားမည်ဖြစ်ပြီး ဤမြေကွက်နှင့် ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက ကြော်ငြာသည့်ရက်မှစ၍ ၁၅ရက်အတွင်း ခိုင်လုံသောစာချုပ်စာတမ်း အထောက်အထားများဖြင့် ကန့်ကွက်နိုင်ကြောင်း ကြေညာလိုက်သည်။

**ဦးဝင်းကျော်**
**ဖုန်း-၀၉၇၉၀၁၈၅၁၈၂**

## စိတ်ပါဝင်စားသူများဆက်သွယ်နိုင်ပါသည်

Di Di Myint Moh Trading Co., Ltd. အနေဖြင့် ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန၊ ရေကြောင်း ပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာနထံမှ ဆောင်ရွက်ခွင့်ရရှိထားသည့် ရန်ကုန်တိုင်းဒေသကြီး၊ သုံးခွမြို့နယ် အရှေ့တောင်ဘက် ရေမိုင်၇မိုင်ခန့်၌ သောင်တင်နေသော MV.Sam Retulangi PV-1600 သင်္ဘောပျက်အား အကျိုးတူ ဖျက်ထုတ်ရှင်းလင်းရန် စိတ်ပါဝင်စားသူများ ဆက်သွယ်နိုင်ပါသည်။

**ဖုန်း-၀၉၄၂၄၂၉၃၃၃၆**

## ကန့်ကွက်နိုင်ကြောင်း ကြော်ငြာ

ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် ၄၂/တိုးချဲ့၊ မြေကွက်အမှတ် ၂၃၈၊ မြေကွက်တည်နေရာအမှတ် ၂၃၈၊ ဇော်ဂျီလမ်း၊ ၄၂/တိုးချဲ့ရပ်ကွက်၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ် (ဒေါ်တင်အေးအောင်) အမည်ပေါက် ပါမစ်မြေအား မြေချပါမစ်အမည်ပေါက် ဒေါ်တင်အေးအောင်၏သား ဦးဖြိုးဝေအောင်၁၂/ကတတ(နိုင်) ၀၂၆၃၈၉ ထံမှ အရောင်းအဝယ်အရပ်ကတိစာချုပ်ဖြင့် ဝယ်ယူသူ ဒေါ်ငယ်ငယ်အောင် ၅/ခဥန (နိုင်)၀၈၈၅၅၉ မှ (က) ဒေါ်တင်အေးအောင် ၁၂/ကတတ(နိုင်)၀၀၇၉၅၁၊ AH-၁၂၁၃၅၁ အမည်ပေါက် မြေချပါမစ်မူရင်း (ခ)အရောင်းအဝယ်ကတိစာချုပ် (ဂ)ဒေါ်တင်အေးအောင်နှင့် ဦးသိန်းဝေတို့သည် ဦးဖြိုးဝေအောင်၏မွေးမိဘများဖြစ်ကြပြီး ၎င်း၏မိခင်နှင့် ဖခင်တို့သည် မိမိငယ်စဉ်ကတည်းက ဖခင်ဖြစ်သူသည် ဦးဖြိုးဝေအောင်နှင့် အတူနေထိုင်ခြင်းမရှိကြောင်းနှင့် မိခင်ဖြစ်သူနှင့် ယနေ့ထိတိုင်အဆက်အသွယ်မရှိသည့်ပြင် ကွာရှင်းပြတ်စဲသည်မှာ မှန်ကန်ကြောင်း ပန်းတနော်မြို့နယ် ရုံးတောကျေးရွာအုပ်ချုပ်ရေးမှူး၏ထောက်ခံချက် (ဃ)ဒေါ်တင်အေးအောင်သည် ၁-၉-၁၉၉၃ရက်တွင် ကွယ်လွန်ကြောင်း၊ ပန်းတနော်မြို့နယ် ရုံးတောကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူး ထောက်ခံချက်နှင့် ပန်းတနော်မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၏ထပ်ဆင့်ထောက်ခံချက်၊ (င)ဦးဖြိုးဝေအောင်၏မိခင်ဖြစ်သူ ပါမစ်အမည်ပေါက် ဒေါ်တင်အေးအောင်သည် ၁-၉-၁၉၉၃ရက်တွင် ကွယ်လွန်ကြောင်း၊ ကွယ်လွန်သူ ဒေါ်တင်အေးအောင်၏ခင်ပွန်း ဦးသိန်းဝေသည်လည်း မိခင်ဖြစ်သူနှင့်ကွာရှင်းပြတ်စဲပြီး ဦးဖြိုးဝေအောင် ငယ်စဉ်ကတည်းကပင် ဦးဖြိုးဝေအောင်တို့နှင့်အတူ နေထိုင်ခဲ့ခြင်းမရှိကြောင်း၊ ပါမစ်မူရင်းအား ထုတ်ယူရရှိသည့်အချိန်တွင် မိခင်ဖြစ်သူ ကွယ်လွန်သွား၍ သား ဦးဖြိုးဝေအောင် တစ်ဦးတည်းသာလျှင် အမွေဆက်ခံရန် ကျန်ရှိခဲ့ကြောင်းနှင့် ၎င်းမှလွဲ၍ အခြား အမွေဆက်ခံပိုင်ဆိုင်ရန် သားသမီးတစ်ဦးတစ်ယောက်မျှ မကျန်ရှိကြောင်းနှင့် ၎င်းမြေကွက်အား ဒေါ်ငယ်ငယ်အောင်အား ရောင်းချသည်မှာ မှန်ကန်ကြောင်း ဦးဖြိုးဝေအောင်၏ ၅-၄-၂၀၁၉ရက်စွဲပါ ကျမ်းကျိန်လွှာတို့တင်ပြ၍ ဒေါ်ငယ်ငယ်အောင်မှ ဂရန်သစ်လျှောက်ထားလာခြင်းအား တရားဝင်ခိုင်လုံသောအထောက်အထားများဖြင့် ဤကြော်ငြာပါသည့်ရက်မှစ၍ ခုနစ်ရက်အတွင်း ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်မှုမရှိပါက လုပ်ထုံးလုပ်နည်းအတိုင်း ဆက်လက်ဆောင်ရွက်ပေးမည်ဖြစ်ပါကြောင်း အသိပေး ကြေညာအပ်ပါသည်။

**ဌာနမှူး(ဒုတိယညွှန်ကြားရေးမှူးချုပ်)**
**မြို့ပြစီမံကိန်းလုပ်ငန်းတာဝန်ခံအဖွဲ့**
**ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ**

## ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ
## ပညာရေးဝန်ကြီးဌာန
## အခြေခံပညာဦးစီးဌာန
## နေပြည်တော်
## အိတ်ဖွင့်တင်ဒါ (Open Tender) ခေါ်ယူခြင်း

၁။ ၂၀၂၀-၂၀၂၁ ဘဏ္ဍာရေးနှစ်ပညာရေးဝန်ကြီးဌာန၊ အခြေခံပညာဦးစီးဌာနရှိ အခြေခံပညာကျောင်းပေါင်း(၁၀၀၀)အတွက် Small Scale and Project Based အခြေခံပညာသင်ရိုးသစ်သင်ထောက်ကူပစ္စည်းများ ထောက်ပံ့နိုင်ရန်အတွက် ဝယ်ယူရန်ရှိပါသဖြင့် မြန်မာနိုင်ငံသားလုပ်ငန်းရှင်ကုမ္ပဏီများအား အိတ်ဖွင့်တင်ဒါ (Open Tender) စနစ်ဖြင့် တင်သွင်းရန် ဖိတ်ခေါ်အပ်ပါသည်။

| | | |
|---|---|---|
| ၂။ | **အိတ်ဖွင့်တင်ဒါပုံစံ စတင်ရောင်းချမည့်ရက်** | - ၆-၁-၂၀၂၁ရက် (ဗုဒ္ဓဟူးနေ့) |
| | **အိတ်ဖွင့်တင်ဒါပိတ်မည့်ရက်** | - ၂၆-၁၁-၂၀၂၁ရက်(အင်္ဂါနေ့) |
| | **အိတ်ဖွင့်တင်ဒါ တင်သွင်းရမည့်နေရာ** | - ဘဏ္ဍာဌာနခွဲ၊ အခြေခံပညာဦးစီးဌာန၊ ရုံးအမှတ်(၁၃)၊ နေပြည်တော် |

၃။ အိတ်ဖွင့်တင်ဒါတင်သွင်းရန် အသေးစိတ်အချက်အလက်များ သိရှိလိုပါက အောက်ဖော်ပြပါ ဌာနတွင် လူကိုယ်တိုင်ဖြစ်စေ၊ ဖုန်းဖြင့်ဖြစ်စေ ရုံးချိန်အတွင်း ဆက်သွယ်မေးမြန်းစုံစမ်းနိုင်ပါသည်။ **အိတ်ဖွင့်တင်ဒါခေါ်ယူရေးကော်မတီ**

**အခြေခံပညာဦးစီးဌာန၊ ရုံးအမှတ်(၁၃)၊ နေပြည်တော်**
**ဖုန်း- ၀၆၇-၃၄၀၇၈၁၁၊**
**ဖုန်း-၀၆၇-၃၄၀၇၆၉၄**

## မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ
## စက်ရုံနှင့် မော်တော်ယာဉ်ဌာန
## အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီတွင် အသုံးပြုရန်အတွက် ၂၀၂၀-၂၀၂၁ဘဏ္ဍာနှစ်တွင် Aquaramine (မော်ဆယ်စက်)(၁)စီးအား အိတ်ဖွင့်တင်ဒါစနစ်ဖြင့် ဆောင်ရွက်သွားမည်ဖြစ်ပါသည်။

၂။ အဆိုပါ Aquaramine (မော်ဆယ်စက်)(၁)စီးအား ၂၃-၁၂-၂၀၂၀မှ ၂၅-၁၂-၂၀၂၀ရက်အထိ စက်ရုံနှင့်မော်တော်ယာဉ်ဌာနမှ ကြော်ငြာခဲ့သည့် ယာဉ်၊ စက်၊ ယန္တရား အိတ်ဖွင့်တင်ဒါ မူလ (၅)မျိုးနှင့်အတူ ထပ်မံဖြည့်စွက် (၁)မျိုး စုစုပေါင်း (၆)မျိုး ဆောင်ရွက်သွားမည်ဖြစ်ပါသည်။

၃။ သို့ဖြစ်၍ ၂၀၂၀- ၂၀၂၁ ဘဏ္ဍာနှစ်တွင် Aquaramine (မော်ဆယ်စက်)(၁)စီးအား လျှောက်လွှာတစ်စောင်လျှင် ၁၀၀၀၀/-နှုန်းဖြင့် စက်ရုံနှင့် မော်တော်ယာဉ်ဌာနတွင် ရောင်းချသွားမည်ဖြစ်ကြောင်း အသိပေးကြေညာအပ်ပါသည်။

**ဌာနမှူး၊**
**စက်ရုံနှင့် မော်တော်ယာဉ်ဌာန**

## ကန့်ကွက်နိုင်ပါကြောင်း

ရန်ကုန်တိုင်းဒေသကြီး၊ တောင်ဥက္ကလာပမြို့နယ်၊ (၁၂)ရပ်ကွက်၊ မင်္ဂလာလမ်း၊ အမှတ် (၇၂၅/ခ)ဟုခေါ်တွင်သော အလျားပေ၂၀xအနံပေ ၆၀ ရှိ နှစ် ၆၀ မြေငှားဂရန်မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ အဆောက်အအုံအား မူလအမည်ပေါက် ဦးတင်ဟုတ် (S/OKA-၁၂၀၈၅)ထံမှ အရောင်းအဝယ်စာချုပ်စာတမ်းအဆက်စပ်ဖြင့် ဝယ်ယူပိုင်ဆိုင်ထားသူ ဒေါ်သိန်းသန်း ၁၄/ဖပန(နိုင်)၀၄၆၇၉၃ထံမှ ကျွန်မ ဒေါ်ခင်ဇာကျော် ၁၂/ဒဂမ(နိုင်)၀၀၈၇၄၂က အပြီးအပိုင်ဝယ်ယူရန်အတွက် စရန်ငွေတစ်စိတ်တစ်ဒေသကို ပေးချေထားပြီးဖြစ်ပါသည်။ ဖော်ပြပါကိစ္စနှင့်စပ်လျဉ်း၍ ကန့်ကွက်လိုသူများရှိပါက တိကျခိုင်လုံသော တရားဝင်စာချုပ်စာတမ်းများနှင့်တကွ ယခုကြော်ငြာပါသည့်ရက်မှစ၍ ၁၄ရက်အတွင်း ကန့်ကွက်နိုင်ပါကြောင်းနှင့် ယင်းနေ့ကျော်လွန်ပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ပြီးပြတ်အောင်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ကြေညာအပ်ပါသည်။

**ဒေါ်ခင်ဇာကျော်**
**၁၂/ဒဂမ(နိုင်)၀၀၈၇၄၂၊**
**ဖုန်း-၀၉-၄၅၇၇၄၉၄၉၆၂၊ ၀၉-၇၈၀၅၃၀၃၁၁၊ ၀၉-၉၆၄၅၃၀၃၁၁**

## ကန့်ကွက်နိုင်ပါကြောင်း အများသိစေရန်ကြေညာခြင်း

နေပြည်တော်၊ ဒက္ခိဏသီရိမြို့နယ်၊ မိုးဝေ (၁၇)လမ်း၊ မြေကွက်အမှတ် (၃၁၂၇၆) ဟုခေါ်တွင်သော အလျား ၈၀ပေx အနံ၈၀ပေ အကျယ်အဝန်းရှိ မြေကွက်သည် နေပြည်တော်စည်ပင်သာယာရေးကော်မတီ၊ မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန၏ မြို့ပြမြေစာရင်းတွင် ဦးကျော်ရင် ၁/ မကန(နိုင်) ၀၃၅၅၇၂ ဟု အမည်ပေါက်သော မြေကွက်နှင့် အကျိုးခံစားခွင့်အရပ်ရပ်ကို လက်ရှိဖြစ်သူ ဦးလှိုင်မင်းဆွေ ၁၂/လသန (နိုင်)၀၁၁၃၉၉ထံမှ အပြီးအပိုင်ဝယ်ယူရန် ကျွန်ုပ်၏မိတ်ဆွေက လက်ခံသဘောတူညီပြီးဖြစ်ပါ၍ အဆိုပါမြေကွက်နှင့် ပတ်သက်ပြီး ပိုင်ရေးပိုင်ခွင့် အကျိုးသက်ဆိုင်ခွင့်ရှိသူ မည်သူမဆို အရောင်းအဝယ်အား ကန့်ကွက်လိုပါက ဤကြော်ငြာပါသည့်ရက်မှစ၍ ၁၄ရက်အတွင်း ကျွန်ုပ်ထံ ခိုင်လုံသော အထောက်အထား စာရွက်စာတမ်းမူရင်းများနှင့်အတူ လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်ကျော်လွန်ပါက အရောင်းအဝယ်အား ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။ **လွှဲအပ်ချက်အရ-**

| | |
|---|---|
| **ဦးစိုးတင့်** | **ဦးထွန်းထွန်းငြိမ်း** |
| **တရားလွှတ်တော်ရှေ့နေ** | **တရားလွှတ်တော်ရှေ့နေ** |
| **(စီးပွားရေးဥပဒေနှင့် နိုင်ငံတကာဥပဒေဒီပလိုမာဘွဲ့)** | **(စဉ်-၁၂၄၃၆)** |

**၁၀/၁၂၊ ပထမထပ်၊ ၃၅လမ်း၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့**
**ဖုန်း- ၀၉- ၅၁၇၄၀၂၂**

## ကန့်ကွက်နိုင်ပါကြောင်း

ရန်ကုန်မြို့၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက် အမှတ်(၃၇)၊ မြေကွက် အမှတ် ၃၂၈၊ မြေအမျိုးအစား ပါမစ်မြေ၊ အကျယ်(၄၀'x၆၀') အနက်မှ တရားဝင် မခွဲမစိတ်ရသေးသောမြေ၏ (ခေါင်းရင်းဘက်ခြမ်း)၊ အကျယ် (၂၀'x၆၀') မြေနှင့် ယင်းမြေပေါ်ရှိ အမှတ် ၃၂၈၊ မဟာသီရိလမ်း၊ (၃၇) ရပ်ကွက်၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ ရန်ကုန်မြို့ဟုခေါ်တွင်သော မြေနှင့် အကျိုးခံစားခွင့် အရပ်ရပ်တို့သည် မြို့မြေစာရင်းတွင် ဦးကျော်မောင် AB-၀၅၉၇၉၁ အမည်ဖြင့် ချထားပေးခြင်းခံရပြီး ၎င်း၏ဇနီးကွယ်လွန်သဖြင့် တရားဝင် အမွေဆက်ခံခွင့်ရှိသူ သားသမီးများဖြစ်ကြသည့် ဒေါ်သန်းသန်းအေး ၁၂/ဥကမ(နိုင်)၀၈၆၇၀၂၊ ဦးဝင်းလှ ၁၂/ဥကမ (နိုင်) ၀၈၉၂၉၄ နှင့် ဒေါ်စန်းစန်းရီ ၁၂/ဥကမ(နိုင်)၀၈၆၇၀၃တို့မှ မိမိတို့ဆက်ခံပိုင်ဆိုင်၍ လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိကြောင်း ဝန်ခံကတိပြု ပြောဆိုသဖြင့် ကျွန်ုပ်တို့မိတ်ဆွေက ဝယ်ယူရန် စရန်ငွေတစ်စိတ်တစ်ဒေသပေးချေထားပြီးဖြစ်ပါ၍ အကျိုးသက်ဆိုင်ခွင့်ရှိသူ မည်သူမဆို ခိုင်လုံသော စာရွက်စာတမ်း အထောက်အထားများနှင့်တကွ ကျွန်ုပ်တို့ထံသို့ ခုနစ်ရက်အတွင်း ကန့်ကွက်အရေးဆိုနိုင်ပါသည်။ ကန့်ကွက်ခြင်းမရှိပါက ဥပဒေနှင့်အညီ အရောင်းအဝယ် ဆက်လက်ပြုလုပ်သွားမည် ဖြစ်ကြောင်း သိစေအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**

| | |
|---|---|
| **ဦးအေးမင်းဇော်** | **ဦးကျော်မင်းနိုင်** |
| **အထက်တန်းရှေ့နေ(စဉ်-၄၈၉၃၉)** | **အထက်တန်းရှေ့နေ(စဉ်-၄၈၈၈၀)** |

**အမှတ် ၄၆၊ ပထမထပ်(ဝဲ)၊ မဟာဗန္ဓုလပန်းခြံလမ်း၊**
**ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့**

## ကန့်ကွက်နိုင်ပါကြောင်း

လားရှိုးမြို့၊ ရပ်ကွက်(၅)၊ အကွက်အမှတ် (မန်အိုင်အရှေ့တိုးချဲ့)၊ ဦးပိုင်အမှတ် (၉၇)၊ ဧရိယာ ဝဒသမ၀၈၂ ဧကရှိမြေကွက်အား အမှတ်(၅၀၇)၊ ခြေမြန်တပ်ရင်း၊ လားရှိုးမြို့၏ ၁၅-၃-၁၉၉၆ ရက်စွဲပါ စာအမှတ် ၅၀၇/၆၈/ဦး ၃ဖြင့် တကဝင်းလှိုင် အမည်ဖြင့်ချထားပေးခဲ့ပြီး တကဝင်းလှိုင်မှ ၁၉-၁၂-၂၀၁၉ရက်တွင် နှစ်ဦးသဘောတူ အိမ်ခြံမြေ အရောင်းအဝယ်စာချုပ်ဖြင့် ဦးဖုန်ယိုးဖူ ၁၃/လရန(နိုင်) ၀၇၆၁၆၅ထံ ရောင်းချပြီး ဖြစ်ပါသဖြင့် ဦးဖုန်ယိုးဖူမှ မြေငှားဂရန် အသစ်လျှောက်ထားလာမှုအပေါ် ကန့်ကွက်လိုပါက ရက်ပေါင်း (၃၀)အတွင်း အထောက်အထား ခိုင်လုံစွာဖြင့် ခရိုင်အထွေထွေအုပ်ချုပ်ရေး ဦးစီးဌာနသို့ လာရောက်ကန့်ကွက်နိုင်ပါကြောင်း ကြေညာအပ်ပါသည်။

**ခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန**
**လားရှိုးမြို့**

## အများသိစေရန်ကြေညာခြင်း

ပဲခူးခရိုင်၊ ညောင်လေးပင်မြို့နယ်၊ ညောင်လေးပင်မြို့၊ မြို့မ (၂) ရပ်ကွက်၊ ကွင်းအမှတ်(၂၀၀) သံမဏိစားကျက်ကွင်း၊ မြေကွက်အမှတ် (၇၈၄)၊ မြေဧရိယာဝဒသမ ၀၅၅ ဧကခန့်ရှိသော မြေကို ဒေါ်တင်ဝါဝါသိန်း အမည်ဖြင့် မြေငှားဂရန်အသစ် လျှောက်ထားလာပါသည်။

ထိုသို့လျှောက်ထားလာပါ၍ အထက်ပါမြေကွက်အား ကန့်ကွက်လိုသူများ ရှိပါက ဤကြော်ငြာပါသည့်ရက်မှစ၍ ၁၅ရက်အတွင်း အထောက်အထား ခိုင်လုံစွာဖြင့် ညောင်လေးပင်မြို့နယ် အထွေထွေအုပ်ချုပ်ရေး ဦးစီးဌာနသို့ လာရောက်ကန့်ကွက် နိုင်ပါကြောင်းနှင့် သတ်မှတ်ရက်ကျော်လွန်မှ တင်သွင်းသည့် ကန့်ကွက်လွှာများကို လက်ခံစဉ်းစားမည် မဟုတ်ကြောင်း အများသိစေရန် ကြေညာ အပ်ပါသည်။

**မြို့နယ် အထွေထွေအုပ်ချုပ်ရေး**
**ဦးစီးဌာန**
**ညောင်လေးပင်မြို့**

## အများသိစေရန်ကြေညာခြင်း

ပဲခူးခရိုင်၊ ညောင်လေးပင်မြို့နယ်၊ ပြွန်တန်ဆာမြို့၊ မြို့မ(၂)ရပ်ကွက်၊ မြေကွက်အမှတ် (ရပ်-၆) ဥတ္တိုရပ်၊ ဦးပိုင် အမှတ် (၄၀ဃ)၊မြေကွက်အမှတ် (1/၂၂၉-၂၃၀)၊ မြေဧရိယာ ဝဒသမ ၀၃၅၃ ဧကခန့်ရှိသော မြေကို ဒေါ်ကေသီလွင် အမည်ဖြင့် အမည်ပြောင်း သက်တမ်းတိုး မြေငှားဂရန် လျှောက်ထား လာပါသည်။

ထိုသို့လျှောက်ထားလာပါ၍ အထက်ပါ မြေကွက်အား ကန့်ကွက်လိုသူများ ရှိပါက ဤကြော်ငြာပါသည့်ရက်မှစ၍ ၁၅ရက်အတွင်း အထောက်အထား ခိုင်လုံစွာဖြင့် ညောင်လေးပင်မြို့နယ် အထွေထွေအုပ်ချုပ်ရေး ဦးစီးဌာနသို့ လာရောက် ကန့်ကွက်နိုင်ပါကြောင်း သတ်မှတ်ရက် ကျော်လွန်မှတင်သွင်းသည့် ကန့်ကွက်လွှာများကို လက်ခံစဉ်းစားမည် မဟုတ်ကြောင်း အများသိစေရန် ကြေညာ အပ်ပါသည်။

**မြို့နယ်အထွေထွေအုပ်ချုပ်ရေး**
**ဦးစီးဌာန၊ ညောင်လေးပင်မြို့**

## ကန့်ကွက်နိုင်ကြောင်း
## အများသိစေရန်အသိပေးကြေညာခြင်း

မြစ်ကြီးနားမြို့၊ ယုဇနရပ်ကွက်၊ ကွင်းအမှတ်(၁၆က/၅)၊ ဦးပိုင်အမှတ် (၅၆)၊ မြေဧရိယာ ဝဒသမ၀၇၇ ဧကရှိ မြေကွက်အား ဒေါ်တင်နွဲ့နှင့် ခင်မြင့်တို့ (၂)ဦး အမည်ဖြင့် ၃၀-၆-၂၀၂၀ရက် မြေငှားဂရန် သက်တမ်းရရှိခဲ့ပြီး ၂၇-၄-၂၀၀၇ရက်တွင် ဒေါ်တင်နွဲ့နှင့် ဒေါ်ခင်မြင့်တို့(၂)ဦးထံမှ ဒေါ်ဘောက်ဆန့်က နှစ်ဦးသဘောတူ အရောင်းအဝယ်ကတိစာချုပ်ဖြင့် ဝယ်ယူပိုင်ဆိုင်ခဲ့ကြပြီး ဒေါ်ဘောက်ဆန့် ၁/မကန(နိုင်) ၁၅၂၉၆၀အမည်ဖြင့် မြေငှားဂရန် အမည်ပြောင်း၊ အသစ်ရရှိရေးအတွက် ၃၀-၆-၂၀၂၀ရက်စွဲပါ ကျမ်းကျိန်လွှာ အမှတ် (၇၁၂/၂၀၂၀)ကို ၂-၇-၂၀၂၀ရက်စွဲပါ ကျမ်းကျိန်လွှာ မှတ်ပုံတင်အမှတ် (၃၁၁/၂၀၂၀)အဖြစ် မှတ်ပုံတင်ပြုဆိုတင်ပြလျက် လျှောက်ထားလာခြင်းနှင့် ပတ်သက်၍ ကျိုးကြောင်းဖော်ပြချက် ခိုင်လုံစွာဖြင့် ကန့်ကွက်တင်ပြနိုင်သူ မည်သူမဆို ယခုလျှောက်ထားခြင်းအား ဆောင်ရွက်မပေးသင့်ကြောင်း ယခုကြော်ငြာပါသည့်ရက်မှစ၍ (၁၅) ရက်အတွင်း ကန့်ကွက်နိုင်ကြောင်းနှင့် ကန့်ကွက်မှုမရှိပါက လျှောက်ထားသူအား လုပ်ထုံးလုပ်နည်း ညွှန်ကြားချက်များနှင့်အညီ မြေငှားဂရန် အမည်ပြောင်း အသစ်ထုတ်ပေးရေးကို ဆက်လက်ဆောင်ရွက်သွားမည် ဖြစ်ပါကြောင်း အများပြည်သူသိစေရန် ကြေညာအပ်ပါသည်။

**မြို့နယ်အုပ်ချုပ်ရေးမှူး၊**
**မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊**
**မြစ်ကြီးနားမြို့**

## တောင်ပိုင်းခရိုင်၊ တွံတေးမြို့နယ်ရှိ လယ်မြေများနှင့်ပတ်သက်၍ အများပြည်သူသိရှိရန် သတိပေးတားမြစ်ကြေညာခြင်း

ကျွန်ုပ်အမှုသည်ဖြစ်ကြသော ရန်ကုန်မြို့၊ ကျောက်တံတားမြို့နယ်၊ ၃၅ လမ်း၊ အမှတ် ၂၄၂နေ ဦးလှဝင်း ၇/ပခန(ပြု)၀၀၀၀၁၈၏ လွှဲအပ်ညွှန်ကြားချက်အရ အောက်ပါအတိုင်း အများပြည်သူသိရှိရန် သတိပေးတားမြစ်ကြေညာအပ်ပါသည်။

တွံတေးမြို့နယ်၊ ပဒါန်ကျေးရွာအုပ်စု၊ ကွင်းအမှတ် ၁၅၃(ဘုရားငူ)၊ ဦးပိုင်အမှတ် ၃၇/၁၊ လယ်မြေဧရိယာ (၃.၄၈)ဧကကို ကျွန်ုပ်အား လွှဲအပ်ညွှန်ကြားသူ ဦးလှဝင်းက တရားဝင်ဝယ်ယူလက်ရှိပိုင်ဆိုင်ထားပြီး အသုံးပြုနိုင်ရန် တရားဥပဒေအရ လိုအပ်သည်များကို လုပ်ကိုင်ဆောင်ရွက်လျက်ရှိစဉ် ဦးလှဝင်း၏ အကျိုးစီးပွားကို ထိခိုက်နစ်နာဆုံးရှုံးစေရန် **"မှတ်ချက်။ ။ ကျွန်တော် ပိုင်ဆိုင်သော မြေကွက်သည် ကားလမ်းမကြီးဘေးတွင် တည်ရှိသောကြောင့် ၂၀% ပြန်လည်ပေးအပ်သွားသည့်အခါ၌လည်း ကျွန်တော့်အား လမ်းမကြီးဘေးတွင်ရှိသော မြေကွက်အားဦးစားပေး၍ ပြန်လည်ပေးစေချင်ကြောင်း တင်ပြအပ်ပါသည်"** ဆိုသော **"သဘောတူဝန်ခံကတိပြုချက်"** ကို ဦးလှဝင်း၏လက်ရေး၊ လက်မှတ်တု၊ လက်ဗွေအတုဖြင့် ပြုလုပ်ထားမှုကို စုံစမ်းသိရှိရသဖြင့် တွံတေးမြို့နယ်၊ ခလောက်ချိုက်ရဲစခန်းတွင် ၁၁-၁၂-၂၀၂၀ ရက်၌ (ပ) ၃၁၃/၂၀၂၀ ဖြင့် အမှုတိုင်ကြားထားရာ ရဲစခန်းမှ ရာဇသတ်ကြီးပုဒ်မ-၄၂၀/၄၆၈ ဖြင့် လက်ခံပြီး စုံစမ်းစစ်ဆေးလျက်ရှိပါသည်။

ထို့ကြောင့် အထက်ရည်ညွှန်းချက်ပါ လယ်မြေကွက်နှင့်ပတ်သက်၍ ကျွန်ုပ်တို့အား လွှဲအပ်ညွှန်ကြားသူ ဦးလှဝင်းမှ မည်သူတစ်ဦးတစ်ယောက်ကိုမျှ လွှဲပြောင်းရောင်းချ၊ ငှားရမ်း၊ ပေးကမ်း၊ ပေါင်နှံ၊ စွန့်လွှတ်၊ လှူဒါန်းထားခြင်း၊ တရားဥပဒေနှင့်အညီ သိမ်းဆည်းခံရခြင်းသော်လည်းကောင်း မရှိသလို ကိုယ်စားလှယ်အဖြစ်လည်း ဆောင်ရွက်ခွင့်ပေးမထားပါသဖြင့် ရောင်းမှား-ဝယ်မှားဖြင့် ငွေကြေးဆုံးရှုံးမှုအပါအဝင် တရားတဘောင်ရင်ဆိုင်ရမှုမဖြစ်စေရန်ရှေးရှုလျက် ဦးလှဝင်းကိုယ်တိုင် သက်ဆိုင်သူရှေ့မှောက် လက်မှတ်ရေးထိုးသဘောတူညီမှုမရှိဘဲ မပြုလုပ်ကြပါရန် အများပြည်သူသိရှိစေရန် သတိပေးတားမြစ်ကြေညာအပ်ပါသည်။

**ဦးလှဝင်း၏လွှဲအပ်ညွှန်ကြားချက်အရ-**

**HYGIENIC LEGAL CLINIC LAW FIRM**

**(၂၀၁၈ ခုနှစ်၊ ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ-၃၈၉ နှင့်အညီ နှစ်စဉ် ဝင်ငွေခွန်ထမ်းဆောင်သော LAW FIRM)**

**ဦးလှဝင်း (အမှုလွှဲအပ်ညွှန်ကြားသူ)**

**ရှောဘတ်စန်းအောင်**
**တရားလွှတ်တော်ရှေ့နေ-၂၄၆၉**
**(၁၈-၁၁-၁၉၈၃)**

| | | |
|---|---|---|
| | **ဒေါ်အေးအေးသက်(ကျောင်းကုန်း)**<br>**တရားလွှတ်တော်ရှေ့နေ-၈၂၂၀**<br>**(၁၀-၅-၂၀၁၂)** | **ဒေါ်အေးအေးဝင်း(ပုသိမ်)**<br>**တရားလွှတ်တော်ရှေ့နေ-၈၈၃၄**<br>**(၂၈-၂-၂၀၁၃)** |
| **ဒေါ်မေနှင်းဦး(မိတ္ထီလာ)**<br>**တရားလွှတ်တော်ရှေ့နေ-၁၀၇၆၁**<br>**(၅-၅-၂၀၁၆)** | **ဒေါ်သဇင်အေး(သန်လျင်)**<br>**တရားလွှတ်တော်ရှေ့နေ-၁၂၂၇၈**<br>**(၁၄-၃-၂၀၁၇)** | **ဦးမျိုးမင်းဇော်(မန္တလေး)**<br>**တရားလွှတ်တော်ရှေ့နေ-၁၂၉၄၄**<br>**(၁၃-၇-၂၀၁၇)** |
| **ဒေါ်သန်းသန်းစိုး(မန္တလေး)**<br>**တရားလွှတ်တော်ရှေ့နေ-၁၃၂၆၅**<br>**(၃၁-၈-၂၀၁၇)** | **ဦးကျော်လတ်စိုး**<br>**တရားလွှတ်တော်ရှေ့နေ-၁၆၂၇၇**<br>**(၅-၁၂-၂၀၁၉)** | **ဦးသိန်းငွေအောင်**<br>**အထက်တန်းရှေ့နေ-၃၅၉၄၉**<br>**(၃၁-၁၂-၂၀၁၀)** |
| **ဒေါ်အေးအေးမျိုး(ကြံခင်း)**<br>**အထက်တန်းရှေ့နေ-၄၀၉၀၇**<br>**(၇-၁၂-၂၀၁၂)** | **ဦးရန်နိုင်လင်း(တောင်ကုတ်)**<br>**အထက်တန်းရှေ့နေ-၄၈၅၅၆**<br>**(၃၁-၁-၂၀၁၇)** | **ဦးညီညီလွင်**<br>**အထက်တန်းရှေ့နေ-၅၀၉၃၂**<br>**(၃၀-၄-၂၀၁၉)** |
| **ဒေါ်ခင်ခင်နွယ်(ကျောက်ဖြူ)**<br>**အထက်တန်းရှေ့နေ-၅၁၆၇၆**<br>**(၃၀-၁၀-၂၀၁၉)** | **ဦးခိုင်ဇင်ထူး**<br>**အထက်တန်းရှေ့နေ-၅၃၂၆၉**<br>**(၂၇-၇-၂၀၂၀)** | |

**ရုံးအမှတ် ၁၇၃၊ ပထမထပ်၊ သိမ်ဖြူလမ်း၊ ကန်/တောင်ရပ်ကွက်၊ မင်္ဂလာတောင်ညွန့်မြို့နယ်၊ ဖုန်း-၀၁-၃၉၄၃၂၄**

## ကန့်ကွက်နိုင်ကြောင်းကြော်ငြာစာ

အောက်ပါပုဂ္ဂိုလ်များသည် ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲရေးဌာနသို့ ယှဉ်တွဲဖော်ပြပါ အကြောင်းအရာအတိုင်း လျှောက်ထားလာပါသည်။ သို့ပါ၍ ကန့်ကွက်လိုသူများရှိပါက ဤသတင်းစာတွင် ကြော်ငြာပါသည့်ရက်မှစ၍ တစ်ပတ်အတွင်း ဤဌာနသို့ သက်ဆိုင်ရာစာရွက်စာတမ်း အထောက်အထားများနှင့် လာရောက်ကန့်ကွက်နိုင်ကြောင်း ကြေညာအပ်ပါသည်။

| စဉ် | လျှောက်ထားသူ | | | လျှောက်ထားသည့် | | | | လျှောက်ထားသည့် |
|---|---|---|---|---|---|---|---|---|
| | အမည် | မှတ်ပုံတင် | လိပ်စာ | မြို့နယ် | မြေတိုင်း | မြေကွက် | မြေအမည်ပေါက် | အကြောင်းအရာ |
| | ဦးမိုးနီ | ၁၂/ဗဟန (နိုင်) ၀၀၈၉၁၄ | အမှတ် ၇၄၇ အောင်ချမ်းသာလမ်း၊ ၂၈ရပ်ကွက်၊ ဒဂုံမြောက် | ဒဂုံမြောက် | ၂၈ | ၇၄၇ | ဦးချန်ထွန်းအောင် | ဂရန်သစ် |

ဌာနမှူး
မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန

**ပြင်ဆင်ဖတ်ရှုပါရန်**
၉-၁၂-၂၀၂၀ ရက်နေ့ မြန်မာ့အလင်းသတင်းစာ၏စာမျက်နှာကြော်ငြာ(၃၀)ကန့်ကွက်နိုင်ကြောင်းကြော်ငြာ၊ဒဂုံတောင်မြို့နယ်၊GPဒေါ်မြမြအေး၏ပိုင်ဆိုင်+အရောင်းမြေပုံကူးတွင် ကျမ်းကျိန်လွှာအမှတ် (၂/၁၂၂၁)၁၈-၂-၂၀၁၉ဟုအမှန်ဖတ်ရှုပါရန်။

**မီး သတိပြု**

## သမီးအဖြစ်မှအမွေပြတ်စွန့်လွှတ်ခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ လှည်းကူးမြို့၊ အောင်မင်္ဂလာရပ်ကွက်၊ အောင်မင်္ဂလာ (၂)လမ်းနေ (ဘ)ဦးသက်ထွန်း ၇/တငန(နိုင်)၀၉၆၂၀၂၊ (မိ)ဒေါ်အေးအေးစန်း ၁၂/လကန(နိုင်)၀၄၅၅၇၀၏ သမီးဖြစ်သူ မဖြူဖြူအိထွန်း ၁၂/လကန(နိုင်)၂၃၃၉၂၁သည် မိဘများခွင့်မလွှတ်နိုင်သည့် အပြုအမူကို ပြုမူပြီး နေအိမ်မှဆင်းသွားပါသဖြင့် တရားဝင်သမီးအဖြစ်မှ အမွေပြတ်စွန့်လွှတ်ပါကြောင်း ကြေညာအပ်ပါသည်။

**ဦးသက်ထွန်း-ဒေါ်အေးအေးစန်း**

## ဒီကရီကိုအတည်ပြုရန် အမိန့်မထုတ်သင့်ကြောင်း ထုချေစေရန် အကြောင်းကြားစာ

**(တရားမကျင့်ထုံး ကိုဒ့်ဥပဒေအမိန့်-၂၁၊ နည်းဥပဒေ -၂၂)**
**တောင်ကြီးမြို့နယ်တရားရုံးတော်၌**
**၂၀၂၀ ပြည့်နှစ် တရားမကြီးမှုအမှတ် - ၄ နှင့် ဆက်သွယ်သည့်**
**၂၀၂၀ ပြည့်နှစ် တရားမဇာရီမှုအမှတ် - ၆၀**

ဒေါ်ရွှေချည် **နှင့်** ဦးအောင်သောင်း
**တရားနိုင်** **တရားရှုံး**

အမှတ် ၁၄၆၊ သီတာလမ်း၊ ညောင်ရွှေဟော်ကုန်းရပ်ကွက်၊ တောင်ကြီးမြို့နယ်နေ ဦးအောင်သောင်း (ယခုနေရပ်လိပ်စာမသိ) သိစေရမည်။

၂၀၂၀ပြည့်နှစ်တရားမကြီးမှုအမှတ်၄တွင်ကျရှိသည့်ဒီကရီကိုအတည်ပြုလုပ်ရန် ဤရုံးတော်တွင် တရားနိုင် ဒေါ်ရွှေချည်က လျှောက်ထားသည်ဖြစ်၍ မည်သည့်အကြောင်းကြောင့် အတည်ပြုလုပ်စေရန် အမိန့်ကိုမထုတ်သင့်ကြောင်း အကြောင်းတစ်ခုခုရှိလျှင်ပြ၍ချေဆိုရန် သင်ကိုယ်တိုင်ဖြစ်စေ၊ ရုံးတော်အခွင့်အမိန့်ရရှေ့နေဖြစ်စေ၊ အကြောင်းပြချေဆိုနိုင်သူ အခွင့်ရကိုယ်စားလှယ်ဖြင့်ဖြစ်စေ ၂၀၂၁ ခုနှစ်၊ ဇန်နဝါရီ ၁၂ရက် (၁၃၈၂ ခုနှစ် နတ်တော်လကွယ်နေ့) မွန်းမတည့်မီ ၁၀:၀၀နာရီတွင် ဤရုံးတော်ရှေ့ လာရောက်ရမည်။

၂၀၂၀ ပြည့်နှစ်၊ ဒီဇင်ဘာ ၂၂ ရက်တွင် ဤရုံးတော်တံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ် လက်မှတ်ရေးထိုး ထုတ်ပေးလိုက်သည်။

**(မြတ်နိုးပွင့်)**
**တွဲဖက်မြို့နယ်တရားသူကြီး**
**တောင်ကြီးမြို့နယ်တရားရုံး**

## ဒီကရီကိုအတည်ပြုရန် အမိန့်မထုတ်သင့်ကြောင်း ထုချေစေရန် အကြောင်းကြားစာ

**(တရားမကျင့်ထုံးဥပဒေအမိန့်-၂၁၊ နည်းဥပဒေ -၂၂)**
**တောင်ကြီးမြို့နယ်တရားရုံးတော်၌**
**၂၀၂၀ ပြည့်နှစ် တရားမကြီးမှုအမှတ် - ၁၁ နှင့် ဆက်သွယ်သည့်**
**၂၀၂၀ ပြည့်နှစ် တရားမဇာရီမှုအမှတ် - ၆၅**

ဦးကိုကိုလေး **နှင့်** ၁။ ဦးတင်အောင်
၂။ ဦးထွန်းမြင့်
**ဒီကရီအနိုင်ရသူ** **တရားရှုံးများ**

ကယားပြည်နယ်၊ လွိုင်ကော်မြို့နယ်၊ စည်ပင်သာယာရေးရုံးနေ တရားရှုံးများဖြစ်သည့် ဦးတင်အောင်၊ ဦးထွန်းမြင့် (ယခုနေရပ်လိပ်စာမသိသူ) သိစေရမည်။

တောင်ကြီးမြို့နယ်တရားရုံး၏ ၂၀၂၀ ပြည့်နှစ် တရားမကြီးမှုအမှတ် ၁၁ တွင် ကျရှိသည့်ဒီကရီကိုအတည်ပြုလုပ်ရန် ဤရုံးတော်တွင် တရားနိုင် ဦးကိုကိုလေးက လျှောက်ထားသည်ဖြစ်၍ မည်သည့်အကြောင်းကြောင့် အတည်ပြုလုပ်စေရန် အမိန့်ကို မထုတ်သင့်ကြောင်း အကြောင်းတစ်ခုခုရှိလျှင်ချေဆိုရန် သင်ကိုယ်တိုင်ဖြစ်စေ၊ ရှေ့နေ (သို့မဟုတ်) အခွင့်ရကိုယ်စားလှယ်ဖြင့်ဖြစ်စေ၊ ၂၀၂၁ ခုနှစ်၊ ဇန်နဝါရီ ၁၄ ရက် (၁၃၈၂ ခုနှစ် ပြာသိုလဆန်း ၂ ရက်) မွန်းမတည့်မီ ၁၀:၀၀နာရီတွင် ဤရုံးတော်ရှေ့လာရောက် ရမည်။

၂၀၂၀ ပြည့်နှစ်၊ ဒီဇင်ဘာ ၂၃ ရက်တွင် ဤရုံးတော်တံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ် လက်မှတ်ရေးထိုး ထုတ်ပေးလိုက်သည်။

**(ခိုင်ခိုင်မိုး)**
**တွဲဖက်မြို့နယ်တရားသူကြီး(၁)**
**တောင်ကြီးမြို့နယ်တရားရုံး**

## အများသိစေရန်

ဦးကရင်(ခ)ဦးမာမွက်ကရင် (ဘ)ဦးအလီ ၇/မလန(နိုင်)၀၆၁၁၁၉၊ ၂၂x၂၃ လမ်းကြား၊ ၈၉လမ်း၊ သီရိမာလာအနောက်ရပ်ကွက်၊ အောင်မြေသာစံမြို့နယ်တွင် နေထိုင်သူ၏ လွှဲအပ်ညွှန်ကြားချက်အရ ကြေညာအပ်ပါသည်။

ဦးကရင်(ခ)ဦးမာမွက်ကရင်၏ဇနီးဖြစ်သူ ဒေါ်ဝင်းဝင်းအေး(ဘ)ဦးအုန်းလှိုင် ၉/မလန(နိုင်)၀၃၉၇၆၃သည် ၂-၁၂-၂၀၂၀ ရက် (ဗုဒ္ဓဟူးနေ့)က အိမ်မှဆင်းသွားပြီး ယနေ့အချိန်ထိ အဆက်အသွယ်မရရှိပါ၍ ခင်ပွန်းဖြစ်သူအနေဖြင့် စိတ်ပူပန်နေရပါ၍ တွေ့ရှိသူ မိတ်ဆွေများအနေဖြင့် အောက်ပါဖုန်းနံပါတ်များသို့ အကြောင်းကြားပေးပါရန် မေတ္တာရပ်ခံပါသည်။

**ဦးကရင်(ခ)ဦးမာမွက်ကရင်**
**ဖုန်း-၀၉-၂၀၅၄၀၂၆၊**
**၀၉-၄၃၁၃၇၅၁၉**

**လွှဲအပ်ညွှန်ကြားချက်အရ-**
**ဦးဇော်လွင်ဦး LL.B**
**တရားလွှတ်တော်ရှေ့နေ(စဉ်-၉၆၅၅)**
**လမ်း(၉၀x၉၁)၊ (၃၀x၃၁) လမ်းကြား**
**အကွက် ၂၆၀၊ ပေါက်ပေါက်တန်းရပ်၊**
**ချမ်းအေးသာစံမြို့နယ်၊ မန္တလေးမြို့၊**
**ဖုန်း-၀၉-၄၂၅၀၀၇၇၉၇**

## ကန့်ကွက်နိုင်ပါကြောင်းအများသိစေရန်ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ တောင်ဥက္ကလာပမြို့နယ်၊ (၁၄/၂)ရပ်ကွက်၊ ကျန်စစ်သားလမ်းသွယ်၊ အမှတ် ၇၀၊ ပထမထပ်အပေါ်ရှိ မှန်ခန်းတိုက်ခန်းနှင့် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို ရောင်းချပိုင်ခွင့်ရကြောင်းဖြင့် ပြောဆိုဝန်ခံသူ ဦးဟန်စိုး ၁၂/ဥကတ(နိုင်)၁၀၂၇၉၃ထံမှ ကျွန်ုပ်၏မိတ်ဆွေ ဒေါ်ကြည်ကြည်ဆွေ ၁၁/ရဗန(နိုင်)၀၇၁၉၅၄က အပြီးအပိုင်ဝယ်ယူရန်အတွက် စရန်ငွေပေးချေထားပြီးဖြစ်ပါသည်။ သို့ဖြစ်ရာ အရောင်းအဝယ်အား ကန့်ကွက်လိုပါက ကျွန်ုပ်ထံသို့ စာရွက်စာတမ်း အထောက်အထားမူရင်းများဖြင့် ယနေ့မှစ၍ ခုနစ်ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ပါသည်။ ကန့်ကွက်မည့်သူများမရှိပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ညွှန်ကြားချက်အရ-**
**ဒေါ်ဖြူဖြူလွင် LL.B, တရားလွှတ်တော်ရှေ့နေ(စဉ်-၁၄၂၀၈)**
**အမှတ် (၂၆၃/က) တပင်ရွှေထီးလမ်း၊ ကြီးပွားရေးရပ်ကွက်၊ သုဝဏ္ဏ၊**
**သင်္ဃန်းကျွန်းမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး၊ ဖုန်း-၀၉-၂၆၀၈၃၈၇၂၇**

## ကန့်ကွက်နိုင်ပါကြောင်း

ရန်ကုန်တိုင်းဒေသကြီး၊ လှိုင်မြို့နယ်၊ အေးရိပ်မွန်အိမ်ရာ၊ တိုက်(၂)၊ ဒုတိယထပ်၊ အခန်း ၂၀၂၊ အကျယ်အဝန်း အလျား ၂၅ ပေxအနံ ၃၅ပေရှိ တိုက်ခန်းနှင့် ယင်းတိုက်ခန်းတွင် တပ်ဆင်ထားသော ရေမော်တာ၊ လျှပ်စစ်မီးအပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို တရားဝင်ပိုင်ဆိုင်ပြီး ရောင်းချပိုင်ခွင့်ရှိသူ ဦးရောဘတ်နီရ်ကျဲအို ၈/ဂဂန(နိုင်)၀၀၆၁၄၂ထံမှ ကျွန်ုပ်မိတ်ဆွေ ဦးမန်ပုမ် ၁၂/ဒဂတ(နိုင်)၀၁၈၇၅၆က အပြီးအပိုင်ဝယ်ယူ လက်ရောက်ရရှိထားပြီးဖြစ်ရာ အခြားမည်သူမဆို ကန့်ကွက်လိုပါက ဤကြော်ငြာစာပါသည့်ရက်မှစ၍ ခုနစ်ရက်အတွင်း မူရင်းစာရွက်စာတမ်း အထောက်အထားအစုံအလင်ဖြင့် လာရောက်ကန့်ကွက်နိုင်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**
**ဦးမျိုးမြင့်၊ တရားလွှတ်တော်ရှေ့နေ**
**ထွန်းသစ္စာအိမ်ခြံမြေအကျိုးဆောင်လုပ်ငန်း၊ အမှတ် ၅၃ C၊ တောင်သူကုန်းရပ်ကွက်၊**
**အင်းစိန်မြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး၊ ဖုန်း-၀၉-၄၃၀၈၀၉၉၁**

### အထက(၁)တွံတေး ကျောင်းသား/ကျောင်းသူဟောင်းများ၏
## အာစရိယပူဇော်ပွဲ

(၂၄-၁-၂၀၂၀) တနင်္ဂနွေနေ့တွင် အဝေးရောက်ကျင်းပမည့် (၂၉)ကြိမ်မြောက် အာစရိယပူဇော်ပွဲကို လက်ရှိဖြစ်ပေါ်နေသော ကျန်းမာရေးဆိုင်ရာ ကန့်သတ်ချက်များကြောင့် နေအိမ်အရောက်စနစ်ဖြင့်လည်းကောင်း Online စနစ်ဖြင့်လည်းကောင်း ဆရာကြီး/ဆရာမကြီးများထံ ပေးပို့လှူဒါန်းပူဇော်ပါမည်။ အလှူငွေများထည့်ဝင်လိုပါက အောက်ပါပုဂ္ဂိုလ်များထံနှင့် KBZ A/C No.21430121400425201, CB Bank A/C No.0157600100002477 သို့လည်းကောင်း ဆက်သွယ်ထည့်ဝင်လှူဒါန်းနိုင်ပါသည်။

| | | |
|---|---|---|
| ၁။ | ဒေါ်သင်းသင်း | ဖုန်း-၀၉-၄၅၂၉၆၇၅၄၇ |
| ၂။ | ဒေါက်တာအုန်းကြွယ် | ဖုန်း-၀၉-၅၀၄၇၆၁၁ |
| ၃။ | ဒေါက်တာသိန်းဇော်မြင့် | ဖုန်း-၀၉-၅၁၆၇၈၄၈ |
| ၄။ | ဦးမင်းနိုင် | ဖုန်း-၀၉-၄၂၀၀၂၅၀၅၈ |
| ၅။ | ဒေါ်ခင်နွဲ့မူ | ဖုန်း-၀၉-၇၈၈၂၂၈၈၉ |
| ၆။ | ဒေါ်အေးအေးမော် | ဖုန်း-၀၉-၇၉၉၂၉၀၆၃၀ |
| ၇။ | ဦးတင်ဝင်း | ဖုန်း-၀၉-၉၇၁၄၂၉၄၆၄ |
| ၈။ | ဦးသောင်းရွှေ | ဖုန်း-၀၉-၅၂၀၀၅၃၁ |
| ၉။ | ဦးကြည်လွင်ဦး | ဖုန်း-၀၉-၄၅၀၀၁၈၈၄၄ |
| ၁၀။ | ဒေါ်နုနုရီ | ဖုန်း-၀၉-၄၃၀၆၃၆၁၈ |
| ၁၁။ | ဦးအာကာထက် | ဖုန်း-၀၉-၅၅၀၅၈၂၈ |
| ၁၂။ | ဦးဝဏ္ဏကို | ဖုန်း-၀၉-၄၂၀၀၂၄၈၃၆ |

## ကန့်ကွက်နိုင်ကြောင်းအများသိစေရန်

ရန်ကုန်မြို့၊ တောင်ဥက္ကလာပမြို့နယ်၊ (၅)ရပ်ကွက်၊ သရေခေတ္တရာလမ်း၊ မြေကွက်အမှတ် ၉၅၈(ခ)၊ (၆)ထပ်တိုက်၏ (ဆဋ္ဌမ)လွှာ (အပေါ်ဆုံးထပ်)၊ အကျယ် ပေ(၁၈'x၅၃') ရှိ တိုက်ခန်း၏ အကျိုးခံစားခွင့်အားလုံးကို အပိုင်ရောင်းချသူ ဦးကောင်း ၈/ဆပဝ(နိုင်)၀၁၉၀၈၄၏သား ဦးဝင်းသူရ ၈/ဆပဝ(နိုင်)၀၅၂၈၇၉မှ တစ်ဦးတည်းလက်ဝယ်ထားပိုင်ဆိုင်ထားရှိကြောင်း မြွက်ဟကြေညာလျက်ရောင်းချရာ ကျွန်ုပ်၏မိတ်ဆွေက ဝယ်ယူရန်သဘောတူ၍ စရန်ငွေတစ်စိတ်တစ်ပိုင်းကို ပေးချေထားပြီး ဖြစ်ပါသည်။

သို့ပါ၍ တိုက်ခန်းပိုင်ဆိုင်မှုနှင့်ပတ်သက်၍ အရောင်းအဝယ်ကို ကန့်ကွက်လိုပါက တိကျခိုင်လုံသောစာရွက်စာတမ်းမူရင်းများဖြင့် ကျွန်ုပ်ထံသို့ ဤကြော်ငြာပါသည့်ရက်မှစ၍ ခုနစ်ရက်အတွင်း ကန့်ကွက်နိုင်ပြီး ကန့်ကွက်မည့်သူမရှိပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်မည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဒေါ်ဝင်းအိဖြိုးကို၏ လွှဲအပ်ညွှန်ကြားချက်အရ-**
**ဒေါ်မြတ်မွန်ခိုင် LL.B, LL.M**
**တရားလွှတ်တော်ရှေ့နေ (စဉ်-၁၂၃၆၃)(၄-၄-၂၀၁၇)**
**အမှတ် ၄၂၁၊ ကာယသုခ(၂)လမ်း၊ အင်းစိန်မြို့နယ်၊ ဖုန်း-၀၉-၉၈၅၀၀၃၃၃၉**

## ကန့်ကွက်နိုင်ပါကြောင်း အများသိစေရန်ကြေညာချက်

ရန်ကုန်တိုင်းဒေသကြီး၊ ကျောက်တံတားမြို့နယ်၊ ဆိပ်ကမ်းသာလမ်း၊ (၇)ရပ်ကွက်၊ အမှတ် ၂၅၁၊ အခန်း ၇၊ ၄ လွှာ(ဝဲ)၏ အကျယ်အဝန်း (၂၅ပေx၆၀ပေ)အကျယ်ရှိ တိုက်ခန်းကို ကျွန်ုပ်၏အမှုသည်ဖြစ်သူ ဒေါ်ယုယုမြင့်သန်း ၁၂/သလန(နိုင်)၀၈၃၆၄၄မှ ဦးသန်းငွေ(ဘ) ဦးအောင်လင်း ၁၂/ပဘတ(နိုင်)၀၁၂၂၁၆ ထံမှ အပြီးအပိုင်ဝယ်ယူရန် အရောင်းတန်ဖိုး၏ ငွေအချို့ကို စရန်ငွေအဖြစ် ၂၀၂၀ ပြည့်နှစ် ဒီဇင်ဘာ ၂၂ ရက်တွင် ပေးချေပြီးဖြစ်ရာ အဆိုပါတိုက်ခန်းအပေါ်တွင် ပိုင်ရေးဆိုင်ခွင့်ရှိသူ မည်သူမဆို အရောင်းအဝယ်ကို ကန့်ကွက်လိုပါက ဤကြေညာပါသည့်ရက်မှစ၍ ၁၄ ရက်အတွင်း ခိုင်လုံသောအထောက်အထားမူရင်း စာရွက်စာတမ်းများနှင့်တကွ ကျွန်ုပ်ထံသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါကြောင်းနှင့် သတ်မှတ်ရက်ကျော်လွန်၍ ကန့်ကွက်မည့်သူ မရှိပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ပြီးဆုံးသည်အထိ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန်ကြေညာအပ် ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**
**ဒေါ်နှင်းဝေဖြိုး LL.B, DBL, DML, DIPL**
**တရားလွှတ်တော်ရှေ့နေ(စဉ်-၁၆၈၀၁)**
**အမှတ် ၆၀၊ (၄)လွှာ၊ ရွှေတိဂုံဘုရားလမ်း၊ ဒဂုံမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး၊**
**ဖုန်း-၀၉-၅၀၁၁၆၁၂၈**

## အများသိစေရန် အသိပေးကြေညာခြင်း

ရန်ကုန်မြို့၊ သာကေတမြို့နယ်၊ (၈)ရပ်ကွက်၊ နဝရတ်လမ်း၊ အမှတ် ၁၇ ဟုခေါ်တွင်သော မြေကွက်ပေါ်တွင် ဆောက်လုပ်ထားသည့် (၈ ၁/၂) ထပ်တိုက် အဆောက်အဦတွင် (A)တွင် လက်ယာဘက်အခြမ်း မြေညီထပ်(ထပ်ခိုးတစ်ဝက်ပါ)၊ ၂လွှာ(ပထမထပ်)၊ ၃လွှာ(ဒုတိယထပ်)၊ ၄ လွှာ(တတိယထပ်)၊ ၅လွှာ(စတုတ္ထထပ်)၊ ၆ လွှာ(ပဉ္စမထပ်)၊ ၇လွှာ(ဆဋ္ဌမထပ်)နှင့် ၈လွှာ(သတ္တမထပ်) ကွန်ဒိုတိုက်ခန်းများကို ရောင်းချပိုင်ခွင့်ရှိသည်ဟု ဝန်ခံကတိပြုသော အရိပ်လှလှဆောက်လုပ်ရေး ကန်ထရိုက်တာ ဦးအောင်ကျော်ဝင်း ၁၂/ကတတ(နိုင်)၀၀၀၅၁၅ ထံမှ ကျွန်ုပ်၏မိတ်ဆွေက ၂၀၁၇ ခုနှစ်ကတည်းက ဝယ်ယူလက်ဝယ်ထားပြီး သော့ခတ်ထားသည့် တိုက်ခန်းများဖြစ်ပါသည်။ မြေပိုင်ရှင်သာမက၊ ရပ်ကွက်အုပ်ချုပ်ရေးမှူးရုံးကလည်း သိရှိပါသည်။ အဆိုပါ ကွန်ဒိုတိုက်ခန်းမြေညီထပ်(ထပ်ခိုးတစ်ဝက်ပါ)၊ ၂လွှာ(ပထမထပ်)၊ ၃ လွှာ(ဒုတိယထပ်) ကွန်ဒိုတိုက်ခန်းများတွင် ဝင်ရောက်နေထိုင်၊ လက်ဝယ်ထားသူများနှင့် ကန်ထရိုက်တာကို ရန်ကုန်အရှေ့ပိုင်းခရိုင်တရားရုံးတွင် တရားမကြီးမှုအမှတ်-၅၀၁/၂၀၂၀၊ ၅၀၂/၂၀၂၀ နှင့် ၅၀၃/၂၀၂၀ တို့၌ တိုက်ခန်းဥပစာလက်ရောက်ပြန်လည်ရလိုမှုဖြင့် စွဲဆိုထားပါသည်။ သို့ပါ၍ အဆိုပါတိုက်ခန်းဥပစာများကို လွှဲပြောင်း၊ ရောင်းချခြင်း၊ ဝယ်ယူခြင်း၊ ပေါင်နှံခြင်း၊ ဝင်ရောက်နေထိုင်ခြင်း၊ ပစ္စည်းထားသိုခြင်း အပါအဝင် မည်သည့်ဆောင်ရွက်မှုမှ မပြုလုပ်ပါရန် အများသိစေရန် အသိပေးကြေညာလိုက်ပါသည်။


**လွှဲအပ်ညွှန်ကြားချက်အရ-**

| | |
|---|---|
| **ဒေါ်မြမြသန်း B.A(Law), LL.B**<br>**တရားလွှတ်တော်ရှေ့နေ**<br>**(စဉ်-၂၄၉၅/၁၉၈၃)** | **ဒေါ်ယဉ်ယဉ်အေး B.A(Law), LL.B, LL.M**<br>**တရားလွှတ်တော်ရှေ့နေ**<br>**(စဉ်-၇၅၆၇/၂၀၀၈)** |

**အမှတ် ၁၆(က)၊ မေခလမ်း၊ (၇)ရပ်ကွက်၊ မရမ်းကုန်းမြို့နယ်၊ ရန်ကုန်မြို့၊**
**ဖုန်း-၀၉-၇၉၂၂၂၇၆၂၁၊ ၀၉-၇၃၀၆၅၄၆၅**

ဒီဇင်ဘာ ၂၅ ရက် (ခရစ္စမတ်နေ့)ညတွင် ရန်ကုန်မြို့ ဗိုလ်ချုပ်အောင်ဆန်းလမ်းနှင့် ဗိုလ်အောင်ကျော်လမ်းထောင့်ရှိ စိန့်မေရီကာသီဒြယ် ဘုရားကျောင်းတွင် ရောင်စုံမီးများဖြင့် အလှဆင် ထွန်းညှိထားမှုကို တွေ့ရစဉ်။

ဓာတ်ပုံ-ဇော်မင်းလတ်



# မြန်မာအမျိုးသားလေကြောင်းလိုင်းက ခရီးသည်များအား ကျန်းမာရေးဆိုင်ရာ စံသတ်မှတ်ချက်များနှင့်အညီ ဝန်ဆောင်မှုပေးလျက်ရှိ



ပြည်တွင်းခရီးသွားများကို ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်၌ တွေ့ရစဉ်။

ရန်ကုန် ဒီဇင်ဘာ ၂၅

မြန်မာအမျိုးသားလေကြောင်းလိုင်းတွင် တာဝန်ထမ်းဆောင်နေသည့် မြေပြင်ဝန်ဆောင်မှု ဝန်ထမ်းများ၊ လေဆိပ်၌ တာဝန်ထမ်းဆောင်နေသည့် ဝန်ထမ်းများ၊ လေယာဉ်မှူးများနှင့် လေယာဉ်မောင်မယ်များသည် ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနက ချမှတ်ထားသော ကျန်းမာရေးဆိုင်ရာ စံသတ်မှတ်ချက်များနှင့်အညီ ခရီးစဉ်များတွင်လိုက်ပါသည့် ခရီးသည်များအား ခရီးစဉ်တစ်လျှောက် ဝန်ဆောင်မှုများ ပေးအပ်လျက်ရှိကြောင်း မြန်မာအမျိုးသားလေကြောင်းလိုင်းမှ သိရသည်။

ပြည်တွင်းခရီးစဉ်များတွင် တာဝန်ထမ်းဆောင်နေသည့် လေယာဉ်မှူးများနှင့် လေယာဉ်မောင်မယ်များကို

*စာမျက်နှာ ၃ ကော်လံ ၁* ■

# ခရီးသွားများအား ဆွဲဆောင်နိုင်ရန် ဦးပိန်တံတားနှင့် တောင်သမန်အင်းအနီးရှိ စက္ကူပန်းနန်းတော် အပန်းဖြေဥယျာဉ်ကို ပြင်ဆင်ဆောင်ရွက်လျက်ရှိ

မန္တလေး ဒီဇင်ဘာ ၂၅

ကိုဗစ်-၁၉ အလွန်ကာလတွင် ခရီးသွားများအား ဆွဲဆောင်နိုင်ရန်ရည်ရွယ်၍ မန္တလေးမြို့ ဦးပိန်တံတားနှင့် တောင်သမန်အင်းအရှေ့တောင်ဘက်ရှိ ရွာသစ်ကျေးရွာအနီးတွင် စက္ကူပန်းနန်းတော်အပန်းဖြေဥယျာဉ် **(အောက်ပုံ)** ကို စက္ကူပန်းပင်ပေါင်း တစ်သိန်းကျော်ဖြင့် ပြင်ဆင်ဆောင်ရွက်လျက်ရှိကြောင်း အဆိုပါ ပန်းနန်းတော်ဥယျာဉ် မန်နေဂျာ ဦးစိုးဝင်းအောင်က ပြောကြားသည်။

အဆိုပါ ပန်းဥယျာဉ်ကို ၂၀၂၀ ပြည့်နှစ် သင်္ကြန်ကာလအမီဖွင့်လှစ်ရန် လျာထားခဲ့သော်လည်း မတ်လအတွင်း ဖြစ်ပွားခဲ့သော ကိုဗစ်-၁၉ ရောဂါဖြစ်ပွားမှုကြောင့် ဖွင့်လှစ်ချိန်နောက်ကျခဲ့ပြီး ပန်းဥယျာဉ်ကို ဦးပိန်တံတားနှင့်

*စာမျက်နှာ ၉ ကော်လံ ၁* ❇



## ကွမ်းလုံမြို့နယ်တွင် ငွေကျပ်သိန်း ၃၂၀၀ တန်ဖိုးရှိ ဘိန်းညိုမှုန့်များ၊ ခဲယမ်းများ ဖမ်းဆီးရမိ

စာ - ၁၁

## ကူဝိတ်နိုင်ငံတွင် ကိုဗစ် - ၁၉ ကာကွယ်ဆေးထိုးပေးမှုစတင်

စာ - ၁၂

## ဗြိတိန်ရဲ့ သန္ဓေပြောင်း ကိုရိုနာဗိုင်းရပ်စ်အတွက် အလုပ်ဖြစ်လာတော့မယ့် ဘိုင်အိုအင်န်တက်ခ်နဲ့အတူ ကာကွယ်ဆေးအလားအလာ

စာ - ၁၄

# ပုံမှန်ခြေစွမ်းပျောက်ဆုံးနေသည့် တန်းဆင်းဇုန်အတွင်းက ဝက်စ်ဘရွန်းကို လီဗာပူး အနိုင်ယူသွားနိုင်မလား

ပရီမီယာလိဂ်အမှတ်ပေးဇယားကို ဦးဆောင်နေသည့် လီဗာပူးအသင်းအပါအဝင် ပရီမီယာလိဂ် ပွဲစဉ် (၁၅) မှ ပွဲစဉ်လေးပွဲကို ဒီဇင်ဘာ ၂၇ ရက် (တနင်္ဂနွေနေ့) တွင် ဆက်လက်ယှဉ်ပြိုင်ကစားကြမည်ဖြစ်သည်။ ယနေ့ညတွင် ယှဉ်ပြိုင်ကစားမည့်ပွဲစဉ်များမှာ လိဒ်စ်နှင့် ဘန်လေ၊ ဝက်စ်ဟမ်းနှင့် ဘရိုက်တန်၊ လီဗာပူးနှင့် ဝက်စ်ဘရွန်း၊ ဝုဖ်နှင့် စပါးအသင်းတို့ဖြစ်သည်။

ည ၆ နာရီခွဲတွင် လိဒ်စ်အသင်းနှင့် ဘန်လေအသင်းတို့ လိဒ်စ်ကွင်း၌ ယှဉ်ပြိုင်ကစားမည်ဖြစ်သည်။ လိဒ်စ်အသင်းသည် ပရီမီယာလိဂ် ၁၄ ပွဲ ကစားပြီးချိန်တွင် ရမှတ် ၁၇ မှတ် ရရှိထားပြီး ဘန်လေအသင်းက ၁၃ ပွဲကစားကာ ၁၃ မှတ်သာ ရရှိထားသေးသည်။ လိဒ်စ်အသင်းသည် နောက်ဆုံးကစားခဲ့သည့် နယူးကာဆယ်အသင်းနှင့် ပွဲစဉ်တွင် ငါးဂိုး-နှစ်ဂိုးဖြင့် အနိုင်ရရှိခဲ့သော်လည်း မန်ယူအသင်းနှင့်ပွဲစဉ်တွင် ခြောက်ဂိုး-နှစ်ဂိုးဖြင့် ရှုံးနိမ့်ထားသည်။ ဘန်လေအသင်းက နောက်ဆုံးကစားခဲ့သည့် ဝုဖ်အသင်းနှင့်ပွဲစဉ်တွင် နှစ်ဂိုး-တစ်ဂိုးဖြင့် အနိုင်ရရှိထားသည်။ တန်းဆင်းဇုန်အတွင်း ကျရောက်နေသည့် အသင်းများနှင့် ရမှတ်ကွာဟမှုကျဉ်းမြောင်းနေခြင်းကြောင့် ယခုပွဲစဉ်တွင် ဘန်လေအသင်း၏ ရှုန်းအားမည်မျှအထိသက်ရောက်မှုရှိမလဲ စောင့်ကြည့်ရမည်ဖြစ်သည်။

ည ၈ နာရီ ၄၅ မိနစ်တွင် ဝက်စ်ဟမ်းနှင့် ဘရိုက်တန်အသင်းတို့ ဝက်စ်ဟမ်းကွင်း၌ ယှဉ်ပြိုင်ကြမည်ဖြစ်သည်။ ဝက်စ်ဟမ်းအသင်းက ၁၄ ပွဲကစားပြီး ၂၁ မှတ်ရရှိကာ ဘရိုက်တန်အသင်းက ၁၄ ပွဲ ကစားပြီး ၁၂ မှတ်သာ ရရှိထားသည်။

ထို့ကြောင့် ဘရိုက်တန်အသင်းသည် နောက်ဆုံးငါးပွဲဆက် နိုင်ပွဲပျောက်ဆုံးနေသည့်အတွက်ကြောင့်သော် လည်းကောင်း၊ တန်းဆင်းဇုန်အန္တရာယ်က လွတ်မြောက်ရန်အတွက်သော် လည်းကောင်း

*စာမျက်နှာ ၁၁ ကော်လံ ၁* ❍